
www.burmeseclassic.com



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၅၉/၂၀၀၂ (၆)

မျက်နှာဖုံး - ၈/၂၀၀၃ (၁)

❒

**ပုံနှိပ်ခြင်း**

ဒုတိယအကြိမ် - ၂၀၀၃ခုနှစ်၊ ဖေဖော်ဝါရီလ

အုပ်ရေ -၅၀၀

❒

**မျက်နှာဖုံးပုံနှိပ်သူ**

ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက်

၉၈/ခ၊ ၁၁လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။

❒

**အတွင်းပုံနှိပ်သူ**

ဦးစွန့်ကော်ယူ၊ မာကျူရီပုံနှိပ်တိုက်၊

၄၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❒

**ထုတ်ဝေသူ**

ဦးညွန့်ဋ္ဌေး၊ စိန်ပန်းမြိုင်စာပေ

၂၃-အေ၊ ဦးကောင်းလမ်း၊

ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

❒

**မျက်နှာဖုံးပန်းချီ**

စောမင်းဝေ

❒

**တန်ဖိုး**

၅၇၅ ကျပ်


www.burmeseclassic.com

www.burmeseclassic.com

[၁]

BURMESE CLASSIC

မိန်းမတို့သည် ကောက်ကျစ်စဉ်းလဲသော သဘောရှိကြကုန်၏။ မိန်းမတို့သည် လျှပ်ပေါ်လော်လီခြင်း၌ မရောင့်ရဲနိုင်ကုန်။ မိန်းမတို့သည် သစ္စာတည်ကြည်ခြင်းမရှိ။ မိန်းမတို့သည် ဆိတ်ကွယ်ရာအရပ်တွင် ဖောက်ပြားတတ်ကြ၏။ အစရှိသဖြင့် ဇာတ်နိပါတ်ရာဇဝင်များတွင် မိန်းမတို့၏ မကောင်းသော အခြင်းအရာတို့ကိုသာလျှင် ပိုမိုများပြားစွာဖေါ်ပြထားလျက်၊ စိတ်မခိုင်သော ယောကျ်ားများအား မိန်းမတို့ကိုရှောင်ရှားရန် ကောင်းစွာ သတိပေးထားလျက်ရှိကြပေသည်။

ထိုသို့သတိပေးသော ပညာရှိတို့၏ စကားကို လုံးဝမနာယူဂရုမထားခဲ့မိသည့်အတွက် ဖေတင်မှာ ကွတ္တိယထောင်ချောက်တွင် နှစ်ကြိမ်မြောက် လည်ပင်းအညှစ်ခံခဲ့ရလေသည်။ ထိုကဲ့သို့ ကျောချသည့်အခါကျမှ ခါးပြမှန်းသိရှိရကာ "ကွတ္တိယာ၊ မိန်းမတို့သည်၊ နဒီမြစ်ကဲ့သို့ ဝတ်၊ ကောက်ကွေ့ လှ၏တကား"ဟု အကြိမ်ကြိမ် ဥဒါန်းကျူးရင့်မိပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



မှိုမှိုသည် မိန်းမတည်းဟူသော သတ္တဝါတစ်မျိုး၏ နှိပ်စက်ခြင်းသာမကဘဲ နဖူးစာတည်းဟူသော စုတ်ပုံနံ့ချာသည့် ကံကြမ္မာပါ စစ်ကူ၍တိုက်ခိုက်နေသည့်ဒဏ်ကို ကြာရှည်စွာ ခံနိုင်ဖွယ်ရာမရှိတော့ပြီဟု နှလုံးပြုလျက်၊ ထိုဘေးအန္တရာယ်တို့မှ ကင်းလွတ်ရာ ကင်းလွတ်ကြောင်းအတွက် ဗိုကေ တစ်လုံး အဆုံးမခံနိုင်သေးသည့်အားလျော်စွာ လူသူကင်းဝေးရာ အရပ်ဒေသအဖြစ်ဖြင့် ကျိုက္ခမီမြို့မှ များစွာမကွာဝေးလှသော ပင်လယ်ကမ်းခြေရှိ ရွာကလေးတစ်ခုအနီးတွင် တစ်ကိုယ်တည်း လာရောက်နေထိုင်ကာ မိမိသည် မိန်းမမုန်းတီးသူ တစ်ယောက်ဖြစ်သည်ဟူ၍ ကြေညာသတင်းလွှင့်ထားလေ၏။

BURMESE CLASSIC

ဖေတင်နေထိုင်သည့် အိမ်ကလေးမှာ ဥယျာဉ်ခြံမြေနှင့်တကွ သပ်သပ်ရပ်ရပ် သီးသီးခြားခြားဆောက်လုပ်ထားရာ အနီးအနားတွင် လူနေအိမ်ခြေကင်းရှင်းလျက် လက်ဝဲလက်ယာနှစ်ဖက်စလုံးတွင် ရှည်လျားကျယ်ပြန့်သော သဲငွေသောင်ယံကြီးများသာရှိလေသည်။ ရှေ့တည့်တည့်သို့ကြည့်လိုက်ပါမူကား မည်သည့်နေရာတွင် ဆုံးသည်ဟူ၍မသိရသော ပင်လယ်ရေပြင်ကြီးကိုသာတွေ့ရပြီးလျှင် ရုံဖန်ရုံခါ ခပ်လှမ်းလှမ်းဆီမှ သွားလာသော ကတ္တူလှေကြီးများနှင့်အဝေးမှသင်္ဘောမီးခိုးကိုသာလျှင် မြင်ရ၍ ဒီရေကျသွားသည့်အချိန်အခါ၌မူ ရေသူမကျောက်ဆောင်ခေါ် သောင်ခုံနှင့်ဆက်စပ်နေသည့် သောင်ကမူကလေးကိုမြင်ရပေ၏။ ထိုကျောက်ဆောင်ကလေးမှာ အပေါ်ကိုယ်တစ်ပိုင်းသည် အဝတ်အစားမပါဘဲ ဆံပင်ဖားလျားချထားသော မိန်းမ၏ကိုယ်ဖြစ်၍ အောက်ပိုင်းတစ်ပိုင်းမှာငါးနှင့်တူသော ရေသူတို့ကျက်စားပျော်ပါးရာ ဖြစ်သည်ဟူ၍ ထိုအနီးအပါးတစ်ဝိုက်တွင် လူအများပြောဆိုနေကြသော ထင်ရှားသည့်ကျောက်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကလေးပင် ဖြစ်ပေ၏။ သို့ရာတွင် မည်သူမျှကိုယ်တိုင်မြင်ရသည် ဟူ၍ ပြောနိုင်သူမရှိဖြစ်လေ၏။

ဤသို့လူသူကင်းဝေးသည့်နေရာတွင် ဖေတင်သည် မိမိ၏ခံစားခဲ့ရသော အချစ်၏ဒဏ်ရာ-ဒဏ်ချက်တို့ကို မေ့ပျောက်အောင်လာရောက်ကုစား၍နေကာ စာအုပ်များနှင့်သာ အချိန်ဖြုန်းလျက် နံနက်ပိုင်း ညနေပိုင်းတို့တွင် လမ်းလျှောက်ခြင်း၊ ရေကူးခြင်းဖြင့် မိမိ၏ကျန်းမာမှုကို ပြုစုအားပေးလေ့ရှိသည်။

ထိုသို့လျှင် မိန်းမကို အမုန်းကြီးမုန်း၍ စာအုပ်ကိုသာအဖော်ပြုပြီးနေထိုင်လာခဲ့ရာ တစ်နေ့တွင်အိမ်ရှေ့၌ ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်၍စာဖတ်နေရာက ရေသူမကျောက်ဆောင်ဆီသို့ လှမ်းမျှော်၍ကြည့်မိပြီးလျှင် ဒေါသထွက်သောအမူအရာဖြင့် စာအုပ်ကိုကိုင်ပေါက်လွှင့်ပစ်လိုက်ကာ "မိန်းမ မိန်းမ ဒီနေရာထိအောင်လိုက်ပြီးလာတုန်းပဲလား"ဟု ပါးစပ်ကရေရွတ်လိုက်မိလေ၏။

ထို့နောက်မှ ဖေတင်သည် စာအုပ်ကို ကောက်ယူကာ ပြန်လည်ဆက်လက်၍ ဖတ်လေ၏။ သို့ရာတွင် ဖေတင်မှာ စာထဲတွင် စိတ်မဝင်စားတော့ချေ။ ရေသူမကျောက်ဆောင် အနီးအနားတွင် မိမိမြင်လိုက်ရသည့် မိန်းမသဏ္ဌာန်ကိုသာလျှင် အာရုံစိုက်မိ၍နေလေရာ စာအုပ်ကိုချထားလိုက်ပြီးနောက် အိမ်ဝင်းတံခါးအထိ လျှောက်သွားကာ တံခါးတန်းပေါ် လက်နှစ်ဖက်စလုံး ဆန့်ထောက်၍အောက်တန်းကို ခြေနှင့်ကန်ထားရင်း ကျောက်ဆောင်ဆီသို့ စူးစိုက်ကြည့်နေမိလေ၏။

ထိုကဲ့သို့ ကြည့်ရာတွင် ထိုအရပ်၌နေထိုင်သူတို့ ပြောဆိုကြသည့်စကားကို သတိရမိသဖြင့် မိမိမြင်ရသည့်အရာမှာ ထိုသူတို့ပြော

www.burmeseclassic.com

www.burmeseclassic.com



ဆိုကြသည့် ရေသူမဆိုသည့်အရာ ဖြစ်ပေလိမ့်မည်။ ရေသူမဆိုလျှင် အမပင် ဖြစ်စေခါမူ လူသားစင်စစ်ထက်ကား တော်သေး၏။ မိမိအား မည်သို့မှ နှိပ်စက်ရန် တတ်နိုင်လိမ့်မည်မဟုတ်ဟု ယူဆကာ စိတ်သက်သာရာရသွားလေ၏။

သို့ရာတွင် ကြည့်ရင်းကြည့်ရင်းက မိမိမြင်နေရသောသဏ္ဌာန်မှာ ပြေးလွှားကူးခတ်နေသည်ကို တွေ့ရလေရာ ထိုလှုပ်ရှားခြင်းမှာ လူတစ်ပိုင်း ငါးတစ်ပိုင်း သတ္တဝါ၏ လှုပ်ရှားခြင်းမျိုးမဟုတ်နိုင်၊ လူပကတိ တစ်ဦးတစ်ယောက်၏ လှုပ်ရှားခြင်းမျိုးသာလျှင် ဖြစ်နိုင်ပေလိမ့်မည်ဟု သဘောပေါက်လာသဖြင့် အိမ်ထဲသို့ပြန်၍ပြေးကာ မှန်ဘီလူးကိုယူ၍လာပြီး သေချာစွာကြည့်ပြန်လေ၏။

ထိုသို့ကြည့်မိသည့်အခါမှ အကာယ်ပင်လူမိန်းမသားတစ်ယောက်ဖြစ်သည်ကိုသေချာ၍ သွားလေ၏။ အသက်အရွယ်နှင့်တကွ အလုံးအထည် အချိတ်အဆက်တို့မှာလည်း သာမန်စိတ်ခိုင်မာသော ယောကျာ်းတစ်ယောက်ကို ညွတ်တိမ်းဖောက်ပြန်စေနိုင်သော သတ္တိရှိသည်ကို သိရလေ၏။

သို့အားဖြင့် ဖေတင်မှာ မျက်လုံးပြူး၍သွားကာ ရှုတ်တရက်ပြေးပေါက်ကို ရှာရန်လိုသကဲ့သို့ ဟိုဟိုဒီဒီကြည့်ရှုမိလျက် အကြံရခက်၍နေလေတော့၏။

ထိုအချိန်တွင် ဒီရေလှိုင်းများ တဖြည်းဖြည်းတိုးတက်လျက်ရှိ၍ ကျောက်ဆောင်ကို လွှမ်းမိုးမည် ပြုလုပ်နေကြသကဲ့သို့ ရှိလေ၏။ ထိုမိန်းမပျိုသည် ကမ်းစပ်ဆီသို့ လှမ်းမျှော်၍ကြည့်ကာ ဤမျှကွာဝေးစွာ ကူးခတ်၍မလာနိုင် ကူးလည်းမကူးတတ်သည့်သဘောဖြစ်၍ ကျောက်ဆောင်ပေါ်

www.burmeseclassic.com



သို့တက်သွားပြီးလျှင် ကယ်ဆယ်သူပေါ်လာလို ပေါ်လာငြားဖြင့် ပြာပြာသလဲကြည့်ရှုရှာဖွေလေ၏။ ထိုသို့ကြည့်ရှုရာတွင် ကမ်းစပ်တစ်လျှောက်တွင် တစ်ယောက်တလေ လျှောက်လာသူ မည်သူ့ကိုမျှ မမြင်ရဘဲ ဖေတင်၏ အိမ်ဘက်ဆီသို့ကြည့်၍ လူရိပ်ကို တွေ့မြင်ရသဖြင့် ဝမ်းသာအားရစွာ လက်ပြ၍ခေါ်လေ၏။

"သွား သွား၊ ခေါ်မနေနဲ့၊ ကိုယ့်ဟာကိုယ်ဖြစ်တာ သေပစေ၊ မင်းတို့မိန်းမတွေ ဒီကျောက်ဆောင်မှာ တစ်နေ့တစ်ယောက်လာပြီးသေကြရင် သာပြီးကောင်းသေးတယ်" ဟု ဖေတင်သည် မိမိသာလျှင် ကြားနိုင်သည့် လေသံဖြင့် တစ်ကိုယ်တည်းပြောလိုက်မိလေ၏၊ ထိုသို့ပြောလိုက်မိသော်လည်း မိမိရှေ့တွင် လူတစ်ယောက်အသက် တကယ်ပင် သေဆုံးသွားမည်ကိုလည်း မကြည့်လို၊ မသိလိုဘဲရှိပေ၏။ မိမိကိုယ်တိုင်လည်း သွားရောက် ကယ်ဆယ်ခြင်း မပြုလိုချေ၊ သို့ဖြစ်၍ ဆယ်မိနစ်ခန့်အတော အတွင်း၌ ထိုမိန်းမပျိုမှာဘာမျှမဖြစ်နိုင်၊ ထိုအချိန်အတွင်း တခြားသူတစ်ဦးတစ်ယောက် ပေါ်လာတန်ကောင်းရဲ့ဟု နှလုံးပိုက်ကာ မိမိစာအုပ်နှင့် ပက်လက်ကုလားထိုင်ရှိရာသို့ ပြန်လာခဲ့လေ၏၊

ဖေတင်သည် ပက်လက်ကုလားထိုင်အနီးသို့ အရောက်တွင် တစ်ချက်ပြန်၍လှည့်ကြည့်ရာ မိမိအားလက်ယပ်ပြ၍ နေသေးသည်ကို တွေ့ရသဖြင့် ခေတ္တမျှတွေဝေနေပြီးမှ ဟင်းချကာ သက်ပြင်းမှုတ်ထုတ်လိုက်ပြီးနောက် ကုလားထိုင်တွင်ထိုင်ကာ စာအုပ်ကိုကောက်ယူဖတ်ရှုပြန်လေ၏။ သို့ရာတွင် စာဖတ်ရသည်မှာ စောစောကကဲ့သို့ အရသာမတွေ့အာရုံစိုက်၍မရ၊ စာတစ်မျက်နှာတည်းကိုပင် အကြိမ်ကြိမ်ဖတ်၍နေမိတော့၏၊

www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတုမှာ မလှုပ်ချင် မရှားချင်အောင် ပူပြင်းသည့်အချိန် အခါဖြစ်လေရာ ဖေတင်မှာစာထဲတွင် စိတ်မဝင်စားသည့်အလျောက် အိပ်ချင်ငိုက်မျဉ်း၍လာရာက စိမ်းလဲ့သောလှိုင်းတံပိုးများကို ဖွေးခနဲ ဖွေးခနဲ လှိုင်းခေါင်းဖြူများ ဖြာလွင့်သွားအောင် တိုက်ခိုက်လျက်ရှိသည့် ပင်လယ်လေ၏ ယပ်ခပ်ချော့သိပ်ပေးခြင်းဖြင့် တမှေးမှေးအိပ်ပျော်သွားလေ၏။

ပင်လယ်လေသည် တဖြည်းဖြည်းအရှိန်ရ၍လာကာ ညိုမှိုင်းသောတိမ်သားများကို သယ်ဆောင်၍ လာလေတော့၏။ စင်ရော်ငှက်ကလေးများမှာ ကမ်းစပ်ဆီသို့ အပြေးအလွှား ပျံသန်းပျော်မြူးဟစ်အော်၍ လာကြလေ၏။ ရာသီဥတုမှာပူ၍နေရာက ချက်ချင်းပင်အေးမြ၍လာကာ လေသည်လည်း တဖြည်းဖြည်းပြင်းထန်လာပြီး ပွင့်နေသော အိမ်ရှေ့ဘက်ရှိ ပြတင်းပေါက်တံခါးတစ်ချပ်ကို ဂျိုင်းခနဲမြည်သော အသံဖြင့်ပိတ်ပေးလိုက်လေ၏။

ဖေတင်သည် အိပ်ပျော်သွားရာက တံခါးပိတ်သံကြောင့် ရုတ်တရက်လန့်နိုးကာ ရာသီဥတု မှုန်မှိုင်းပြောင်းလဲသွားသည်ကို တွေ့ရသောကြောင့် နေ့လားညလားဟု မျက်စိကိုပွတ်သပ်ပြီး ဟိုဟိုဒီဒီ ကြည့်လိုက်မိ၏။ ထိုသို့ကြည့်ရာတွင် ရေသူမကျောက်ဆောင်ဆီသို့ မျက်စိရောက်သွားကာ ကျောက်ဆောင်ပေါ်ရှိ မိန်းမပျိုကိုမြင်ရပြန်မှ မိမိခေတ္တအိပ်ပျော်သွားသည်ကို သတိရလေ၏။

ကျောက်ဆောင်မှာ အထက်ပိုင်းသာပေါ်နေတော့လျက် ထိုအပေါ်တွင် မိန်းမပျိုသည်ရပ်၍နေပြီး မကူးတတ် ကူးတတ်နှင့်ပင် ဖြေးခတ်ရလျှင် အသက်ချမ်းသာခွင့် ရပေမည်လားဟု ချီတုံချတုံ ဖြစ်နေသည်ကို မြင်ရလေ၏။ ထိုမိန်းမပျို၏ အားငယ်ကြောက်ရွံ့စွာ ခေါ်၍နေသံကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



သဲ့သဲ့ကြားရ၏။ ဖေတင်မှာ ထိုမိန်းမပျို၏အသက်ကို မသေစေလိုသော်လည်း မိမိကဲ့သို့မိန်းမမုန်းသူတစ်ယောက်က ကယ်ဆယ်ရမည့်အလုပ်မဟုတ်သကဲ့သို့အောက်မေ့မိကာ ပါးစပ်မှတစ်စုံတစ်ရာ ရေရွတ်လိုက်မိလေ၏။

အခြားကယ်ဆယ်မည့်သူကို ကြည့်၍ကားမမြင်ရချေ။ သို့ဖြစ်သည့်အလျောက် ဖေတင်သည် အိမ်ထဲသို့ပြေးသွားပြီးမကြာမီ ရေကူးအဝတ်အစားနှင့် ပြန်၍ထွက်လာကာ ဝင်းတံခါးကို ခြေနှင့်ကန်ဖွင့်ပြီးကမ်းစပ်သို့ ခပ်မှန်မှန် လျှောက်ပြေးသွားလေတော့၏။

"မြန်မြန်လာပါရှင့်။ နှေးနေရင် ရေနစ်သေရပါလိမ့်မယ်"ဟု သနားစဖွယ် အသံကလေးသည် ဖေတင်၏နားထဲသို့ ပြေးဝင်၍လာလေ၏။

"သေသွားရင်လည်းအပင်ပန်းသက်သာတာပဲ။ ကျုပ် သံလွင်မြစ်မှာ ရေကူးနေတဲ့ ချန်ပီယံ မဟုတ်ဘူး" ဟု ဖေတင်သည် ရက်ရက်စက်စက်အော်၍ပြောရင်း ရေထဲသို့ဆင်းသွားကာ အနည်းငယ်ရေနက်ရာသို့ရောက်မှ ကူးခတ်၍သွားလေ၏။ ဒီရေမှာ အရှိန်အတော် ပင်ကြီးလေရာ ဖေတင်မှာ ကျောက်ဆောင်သို့ရောက်အောင် ခက်ခဲစွာကူးခတ်ရလေ၏။

ထိုသို့ကူးခတ်၍ ရောက်သွားသောအခါ မိန်းမပျို၏ မလုံ့တလုံရှိသောအဝတ်အစားမှာ ရေထိထားသဖြင့် အသားနှင့် ထိကပ်၍နေသည်ကို မြင်လေရာ ဖေတင်မှာ မျက်နှာချင်းဆိုင်၍ မကြည့်ရဲဘဲ မျက်နှာလွှဲ၍ ငုတ်တုတ်ထိုင်နေလေတော့၏။

"အနားရောက်မှဘာယ့်နှယ်ထိုင်နေတာလဲရှင့်။ ကျမကိုမမြင်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မြင်လို့ထိုင်နေတာပေါ့။ ကျုပ်မကြည့်ရဲဘူး"

"အိုရှင်၊ ကျွန်မကမှ မရှက်နိုင်ဘဲ၊ ရှင်က"

"အမိ မရှက်နိုင်တာ အရေးမကြီးဘူး။ ကျုပ်စိတ်ကိုမနိုင်လို့"

မိန်းမပျိုသည် ဇဝန၏စကားကို ကြားရ၍ အံ့အားသင့်လျက်ရှိသွားပြီးမှ "ရှင်၊ ဘယ်လိုလူစားလဲရှင့်၊ ပြောတာကလည်း"ဟု ဆိုလိုက်လေ၏။

"အမိခေါ်နေတာ ကျုပ်ကိုစစ်ဆေးမေးမြန်းစရာရှိလို့ ခေါ်တာလား။ ဒီလိုဆိုရင်လည်း အိမ်ကိုလာပြီးမေးပါ။ ကျုပ်ပြန်ပြီးကူးသွားတော့မယ်"

မိန်းမပျိုသည် စိုးရိမ်စွာဖြင့် "ဒီမှာ. . နေပါဦးရှင့်"ဟု တားလိုက်လေ၏။

"ဘာလဲ၊ ကျုပ်ကိုလူပျိုလား၊ လူအိုလား မေးချင်သေးလို့လား၊ မဖြေတတ်ဘူး"

"လူတစ်ဖက်သားကိုလည်း ညာညာတာတာ ပြောဦးရှင့်"

"နှစ်ထပ်ဆလံသပါရစေ၊ ဒီလိုညာတာမှုနဲ့ ကျုပ်ခံရတာနှစ်ခါရှိပြီ"

မိန်းမပျိုသည် အပြော ခက်ခဲသူတစ်ယောက်နှင့် တွေ့နေရပြီဟု စိတ်အိုက်စွာဖြင့် ဇဝနအား စိုက်၍ကြည့်နေပြီးမှ

"ရှင်ဟာ စိတ်ထားသဘောထား မြင့်မြတ်ပြီး ယောကျာ်းပီသတဲ့လူတစ်ယောက်ဖြစ်လိမ့်မယ်လို့ ကျမထင်မိတယ်" ဟုဆိုရာ၊ ဇဝနက "ဥစ္စာပေါ ရုပ်ချော အလိမ္မာအိမ်ပါ အမေနဲ့တည့်လိမ့်မယ်လို့ကော မထင်မိ ဘူးလား"ဟု ပြောလိုက်ရာ မိန်းမပျိုမှာ ဆက်လက်၍စကားမပြောတတ်

www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ဖြစ်သွားလေတော့၏။

ထိုနောက်မှ "ရှင်ဒီလိုဘဲကြည့်နေတော့မှာလား"ဟုမေးလိုက်လေ၏။

"ကျုပ်ကြည့်မနေဘူး။ မျက်နှာလွှဲနေတယ်ဆိုတာ ဘုရားသိတယ်"

"ခက်တော့တာပဲ။ ဒီလိုနဲ့ ဘယ့်နှယ့်လုပ်ရပါ့မလဲ"

"ကျုပ်နဲ့တော့ဖြင့် ဘယ်လိုမှမလုပ်ချင်ပါနဲ့။ ဒါတစ်ခုတော့ တောင်းပန်ပါရစေ၊ ကျုပ်တာဝန်ရှိသလောက် ခင်ဗျားကိုကမ်းပေါ်ရောက်အောင်အထိ ပို့ဖို့ကလွဲပြီး နာမည်ပျက်မခံနိုင်ဘူး"

"ဟိုက် . . ခက်ပြန်ပြီ။ ကျွန်မအဝတ်အစားတွေ ကမ်းပေါ်မှာမရှိတော့ဘူး။ ရေထဲပါကုန်ပြီ။ကုန်းပေါ်ရောက်ရင် ဘယ့်နှယ့်လုပ်ရပါ့မလဲ"။

"ဒီကိစ္စ ကျုပ်နဲ့မဆိုင်ဘူး။ ကုန်းပေါ်ရောက်ရင် ကျုပ်တာဝန်ဆုံးတာပဲ၊ လိုက်မယ်ဆိုရင် မြန်မြန်လိုက်ခဲ့။ ဒီမှာပဲနေချင်သပဆိုရင်လည်း . . ကျုပ်လှည့်ပြန်ရုံရှိတော့တာပဲ"

"ဒီလိုတော့လည်း မနေရစ်ဘူး။ ဒီအဝတ်အစားနဲ့ပဲ လိုက်ရလိမ့်မယ်"

"ကဲ ဒါဖြင့် ဆင်းခဲ့ပေတော့"

မိန်းမပျိုသည် တုန်တုန်ရီရီဖြင့် ကျောက်ဆောင်ပေါ်မှ ဆင်း၍လာရာ ရေသည် ဒူးမှပေါင်၊ ပေါင်မှခါး၊ ခါးမှရင်သို့ ရောက်လာပြီးနောက် ရေထဲသို့ ယက်ကန် ယက်ကန်နှင့် ကျ၍သွားလေ၏။ ထိုသို့ဖြစ်နေသည့် အခါမှ ဖေတင်သည် ရေထဲသို့ မြုပ်မသွားရအောင် လှမ်း၍ဆွဲထုတ်ရာ

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုသည် ကြောက်အားလန့်အားနှင့် ဖေတင်၏လည်ပင်းကို အတင်းဖမ်း၍ဖက်လိုက်လေ၏။

ဖေတင်သည် မိမိ၏လည်ပင်းတွင် ပွေ့ဖက်ထားသော မိန်းမပျို၏ လက်များကို လျှင်မြန်စွာ ဖယ်ရှားပစ်လိုက်ပြီးလျှင် "ဒါမျိုးမရဘူး။ တဆိတ်သည်းခံပါ။ ကုန်းပိုးပြီးခေါ်မှ ကမ်းပေါ်လိုက်မယ်ဆိုတာမျိုးလုပ်နေရင် မခေါ်နိုင်ဘူး"ဟု ဆိုပြီးနောက်မှ "ကိုယ့်ဘာသာကိုယ် ရေကူးလိုက်ခဲ့ပါ။ မကူးတတ်လို့နစ်သွားရင် ကျုပ်ဘေးကတွဲပြီး ကူညီပေးမယ်"ဟု ဆိုလိုက်လေ၏။

မိန်းမပျိုမှာ ဖေတင်အားလွှတ်လိုက်ပြီးလျှင် တတ်သမျှမှတ်သမျှနှင့် ကူးခတ်၍လာခဲ့လေတော့ရာ ကျောက်ဆောင်နှင့် ကမ်းနှင့်တစ်ဝက်သို့ရောက်သောအခါတွင် မကူးနိုင်တော့ဘဲရှိသည့်အတွက် ဖေတင်က ဖေးမတွဲယူ၍ ခေါ်ခဲ့ရလေ၏။ သို့ရာတွင် ဖေတင်သည် ခြေထောက်သည့်နေရာအထိသာတွဲ၍လာခဲ့ရာ ကမ်းနှင့်နီးလာသောအ ခါ မိန်းမပျိုမှာ ကုန်းပေါ်သို့ရောက်အောင် ရေထဲတွင်ဒယီးဒယိုင်လျှောက် ၍ လာခဲ့ရရှာလေ၏။

ထိုအချိန်တွင် ဒေါသကြီးမားပြင်းထန်လှသော မိုးသားတို့သည် အလိပ်လိပ်တက်၍လာလေ၏။ လေသည်လည်း ပိုမိုပြင်းထန်လာလျက် သောင်စပ်မှသဲများဖြင့် ၎င်းတို့နှစ်ဦး၏မျက်နှာကို ကျုံး၍ပက်သကဲ့သို့ ရှိလေတော့သည်။

မိန်းမပျိုသည် ကုန်းပေါ်သို့ရောက်သည့်အခါတွင် ခြေကုန်လက်ပန်းဖြစ်လျက် ကမ်းစပ်တွင် ရှေ့သို့ထိုးစိုက်၍ ခြေဆင်းလျက် လဲကာ "ခက်တော့တာပဲ မိုးကလည်းရွာလာပြီ။ ဘယ်နှယ်လုပ်ရပါ့မလဲမသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ညည်းညူမိရှာလေ၏။ မိန်းမပျို၏ အမူအရာနှင့်တကွပြောဆိုသည့် အသံမှာ တကယ်ပင် ကူညီအားကိုးရာမဲ့နေသည်ကို ပြသလျက်ရှိလေ၏။ သို့ရာတွင် ဖေတင်သည် မိမိ၏စိတ်ကို ပို၍တင်းမာခိုင်မြဲစေရန် အားပြုထားလိုက်လေ၏။ ဖေတင်မှာ ထိုကဲ့သို့သောအမူအရာတို့ကို အကြိမ်ပေါင်းများစွာတွေ့ကြုံရပြီးဖြစ်လေရာ မိန်းမဆိုလျှင်တစ်စားတည်းပင် ဖြစ်သည်ဟု နှလုံးပြုထားလေတော့၏။

"ဘယ်ကလာသလဲ။ လာတဲ့ဆီပြန်ပေါ့။ ကျုပ်ဝတ္တရားတော့ ကုန်ပြီ"

"ကျွန်မလာတဲ့နေရာနဲ့ဆိုရင် ခြောက်မိုင်လောက်ဝေးတယ်။ မိုးရွာကြီးမှာ အခုလိုအဝတ်အစားနဲ့ ပြန်လို့မဖြစ်နိုင်ဘူး"

"ဒါဖြင့်ရင်လည်း ထိုင်နေဦး မိုးတိတ်တော့ပြန်တာပေါ့"

"မိုးတိတ်သွားရင်လည်းပဲ အခုလိုနဲ့တော့ မပြန်နိုင်ဘူး။ ကျွန်မအဝတ်အစားရတဲ့အထိ တစ်နေရာရာမှာခိုကပ်နေရမှ ဖြစ်လိမ့်မယ်"ဟုပြောရင်း မိန်းမပျိုသည် ကမ်းပေါ်သို့လှမ်းမျှော်ကြည့်ကာ "ဒီအိမ်ဟာ ရှင်နေတဲ့အိမ်ပဲ မဟုတ်လား"ဟု မေးလိုက်လေ၏။

"ကျုပ်အိမ်ပိုင်မဟုတ်ဘူး။ ခဏလာပြီးနေတာ"

"ဘာပဲဖြစ်ဖြစ်လေ ရှင်နေတာပဲဆိုရင်"

"ဟိုး ဟိုး ဒီစကားဒီတင်ပဲရပ်ပါ။ ကျုပ် ဒီအိမ်ထဲကိုမဆိုနဲ့ အိမ်ပေါက်ဝကိုတောင် ဘယ်မိန်းမမှလာပြီး မရပ်စေရဘူးလို့ စိတ်ပိုင်းဖြတ်ပြီးသားပါ"

မိန်းမပျိုသည် ဖေတင်၏မျက်နှာကို တွေဝေ၍စိုက်ကြည့်နေပြီးမှ မိမိသည် ယခုအတိုင်းပြောဆိုနေ၍ ပြီးနိုင်တော့မည်မဟုတ်။ အရှုံးတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပြီး တစ်စုံတစ်ရာကို ဇွတ်လုပ်မှသာဖြစ်တော့မည်ဟူသော အကြံဖြင့် မျက်နှာထားရုတ်တရက် ပြောင်းလဲလိုက်လေ၏။

"ဒီလိုဆိုရင် သာပြီးနေရာကျတာပေါ့။ ရှင့်မှာ မိန်းမမရှိတဲ့အတွက် ကျွန်မလိုက်လာတာကို ကန့်ကွက်မယ့်လူ မရှိဘူးပေါ့"

"ဒါပေမယ့် ကျုပ်ကကန့်ကွက်ရလိမ့်မယ်။ ကျုပ်က မိန်းမကို အင်မတန်မုန်းတဲ့လူတစ်ယောက်ဖြစ်တယ်ဆိုတာ ပြောခဲ့ပြီမဟုတ်လား"

"ရှင် မိန်းမမုန်းတယ်ဆိုတာသိရတာ ကျွန်မအတွက်စိတ်ချရတာပေါ့။ ချစ်တတ်တယ်လို့သာဆိုရင် ကျွန်မလိုက်ဖို့မလိုက်ဖို့ကို စဉ်းစားရလိမ့်မယ်"

"မဖြစ်ဘူး-မဖြစ်ဘူး။ မင်းကလည်းမိန်းမ။ ပြီးတော့လည်းအပျို။ ကျုပ်ကလည်းလူပျို။ တစ်အိမ်တည်းနေလို့ မတော်ဘူး"

"ယောက်ျားပျိုနေတဲ့အိမ်ထဲ မိန်းမပျိုလာပြီးနေတယ်ဆိုတာ ခြင်္သေ့လှောင်အိမ်ထဲ ဝင်ရတာနဲ့အတူတူဖြစ်ပေမယ့် ရှင်ဟာသက်သတ်လွတ်စားတဲ့ ခြင်္သေ့အစားမျိုးဖြစ်နေတဲ့အတွက် ကျွန်မအဖို့ အရေးမကြီးဘူး"

"ကျုပ်ပြောတာ ကျုပ်နာမည်ပျက်မခံနိုင်တာကို ပြောနေတာ"

"ဒါတော့ ရှင်နဲ့ကျွန်မနဲ့ပဲ သိကြတာပဲ။ ဒီနေရာကိုလည်း ဘယ်သူမှလာကြမယ် မဟုတ်ပါဘူး။ တခြားလူမြင်မသွားရင် ပြီးတာပဲ။

ဖေတင်သည် တွေဝေ၍နေလေ၏။ မိုးမှာလည်း သည်းသည်းမဲမဲရွာသွန်း၍နေလေတော့ရာ မိမိ၏အခက်အခဲကို ပြေလည်စေနိုင်သည့် အခြားနည်းလမ်းမရှိတော့သည်ကို သိရှိရလေတော့၏။

"ကိုင်း-ဒါဖြင့် လိုက်ခဲ့ပေတော့။ ဒါပေမဲ့ မိုးတိတ်တဲ့အထိသာ

www.burmeseclassic.com

www.burmeseclassic.com



လက်ခံနိုင်မယ်"ဟုဆိုကာ ဖေတင်သည် ဒေါ်သဖြစ်စွာဖြင့်ထွက်၍လာခဲ့လေ၏။

မိန်းမပျိုသည် ဖေတင်၏နောက်မှလိုက်လာရင်း ဖေတင်အား လှမ်း၍ခေါ်လိုက်လေ၏။

"နေပါဦးရှင့်၊ ကျွန်မကိုပွေ့ပြီးခေါ်ပါ"

ဖေတင်သည် ဒေါ်သဖြစ်စွာဖြင့်လှည့်ကြည့်ပြီးလျှင် "မင်းကိုပွေ့ပြီးခေါ်ရအောင် မင်းကိုယ်မင်းဝတ္ထုထဲကဇာတ်လိုက်မင်းသမီး မှတ်နေလား။ ဒါတကယ်ဖြစ်နေတာ။ ကိုယ့်ခြေနဲ့ကိုယ်လိုက်ခဲ့"ဟု ပြန်ပြောလိုက်လေ၏။ ထို့နောက် ဖေတင်သည် ဒေါ်နှင့်မောနှင့် ဆက်လက်၍လျှောက်သွားကာ တံခါးကို ခြေနှင့်ကန်ဖွင့်ပြီးနောက် အိမ်ရှေ့ရှိ မိုးရေစွဲနေသော ပက်လက်ကုလားထိုင်ကိုခေါက်သိမ်း၍ အိမ်ထဲသို့ဆွဲဝင်သွားလေ၏။

မိန်းမပျိုသည် ခြေကိုအနိုင်နိုင်သယ်ယူလျက် ဖေတင်၏နောက်မှ ထက်ကြပ်မကွာလိုက်လာပြီးလျှင် အိမ်ထဲသို့ဝင်ခဲ့လေ၏။ ဤတွင် မည်သည့်မိန်းမမျှမဝင်ရဟု တားမြစ်ထားသောအိမ်ကြီးမှာ ရှေးဦးစွာစည်းပေါက်၍ သွားလေတော့သတည်း။

အိမ်ထဲသို့ရောက်သောအခါ မိန်းမပျိုသည် ခိုက်ခိုက်တုန်လျက်ရှိကာ မိမိ၏တစ်ကိုယ်လုံးမှ ယိုစီး၍ကျလျက်ရှိသောရေကြောင့် တစ်အိမ်လုံးမစွဲစေရန် တစ်နေရာတွင် မလှုပ်မရှားရပ်တန့်နေပြီးလျှင် "ကျွန်မ အေးလို့သေရတော့မယ်။ ကျွန်မကို အဝတ်လဲစရာ တစ်ခုခုရှိရင်ပေးပါ"ဟု တောင်းလေ၏။

"ပေးစရာမရှိဘူး။ ဒါ လူပျိုနေတဲ့အိမ်။ ကုမ္ပဏီအထည်ဆိုင် မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ထွေးလို့ ပတ်လို့ရနိုင်ရှဲ့ အဝတ်တစ်ခုခုရရင် တော်ပါပြီရှင်"

"ကျုပ်ဝတ်တဲ့အဝတ်တွေပဲရှိတယ်။ ဒါတွေ ပေးလိုက်မှဖြင့် သနကုန်လိမ့်မယ်၊ ကျုပ် ပြန်ပြီးဝတ်ရမှာ မဟုတ်ဘူး။ တစ်ခုတော့ရှိတယ်၊ ရေချိုးခန်းထဲက မျက်နှာသုတ်ပဝါ. . . အဲဒါကိုပဲ ကိုယ်မှာပတ်ထား"

"မျက်နှာသုတ်ပဝါနဲ့ တစ်ကိုယ်လုံး လုံပါ့မလားရှင့်"

ဖေတင်သည် အနည်းငယ်စဉ်းစားနေပြီးမှ "တစ်ပိုင်းတော့ လုံမှာပဲ၊ အောက်ပိုင်းနဲ့အပေါ်ပိုင်းလုံစေချင်တဲ့အပိုင်းကို ပတ်ထားတာပေါ့. . . ဒါပေမဲ့ အပြင်တော့ထွက်မလာနဲ့။ ရေချိုးခန်းထဲမှာပဲနေ"ဟု ပြောလိုက်လေ၏။

"ဒီလိုဆိုရင် ဘယ်တော့မှ ကျွန်မရေချိုးခန်းထဲက ထွက်ရတော့မှာလဲ"

"အဲဒါတော့မပြောတတ်ဘူး"

မိန်းမပျိုသည် တုန်သည်ထက်တုန်လာကာ "ရှင်. . . ကျွန်မကို အဝတ်တစ်ခုခုပေးမှ ဖြစ်လိမ့်မယ်။ ရှင်နောက်ထပ်မဝတ်တော့ဘူးလို့ ထားတဲ့ ရှပ်အင်္ကျီတစ်ထည်ထည်ကို ပေးပါ"ဟု တောင်းလေ၏၊

"ရှပ်အင်္ကျီရရင် တော်ပြီလား"

"ဖြစ်နိုင်ပါ့မလားရှင့် ။ လုံချည်လည်းပေးဦးမှပေါ့"

ဖေတင်သည် အတန်ကြာ ခေါင်းကိုကုတ်၍နေပြီးမှ "ကိုင်း ဒါတွေပဲပေးမယ်၊ နောက်ထပ်တောင်းလို့တော့ မရဘူး၊ အဲဒါဝတ်ပြီး မီးဖိုချောင်ထဲမှာ နေပေတော့"ဟုဆိုကာ ရှပ်အင်္ကျီတစ်ထည်နှင့်ပိုးဘောင်းဘီအပွတစ်ထည်ကိုယူလာပြီး ပစ်၍ပေးလိုက်လေ၏၊

"ကဲ နောက်ဖေးသွားပြီးလဲပေတော့၊ နောက်ပြီး ဘာသံမှလဲ

www.burmeseclassic.com

www.burmeseclassic.com



မကြားရစေနဲ့၊ ကျုပ်စိတ်ထဲမှာ ဒီအိမ်မှာ မင်းမရှိဘူးဆိုတဲ့အမှတ်နဲ့ နေရလိမ့်မယ်"

"ကျွန်မလည်း ရှင်မရှိဘူးအမှတ်နဲ့ ဒီအဝတ်အစားမျိုးဝတ်နေရမှာပဲ"ဟုဆိုကာ မိန်းမပျိုသည် ဖေတင်ပစ်ပေးလိုက်သော အဝတ်အစားများကို ကောက်ယူကာ နောက်ဖေးသို့ဝင်၍သွားလေ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

[၂]

ဖေတင်သည် ရေစိုနေသော မိမိ၏အဝတ်အစားများကို ချွတ်၍ တစ်ကိုယ်လုံးကို မျက်နှာသုတ်ပဝါနှင့် ပွတ်တိုက်ပြီးနောက် နွေးနွေးထွေးထွေးရှိစေရန် ဆွယ်တာအင်္ကျီနှင့် ဘောင်းဘီတိုကိုဝတ်ပြီးလျှင် ဆေးတံကို သောက်လျက် အိမ်ရှေ့ခန်းသို့ ထွက်လာခဲ့လေ၏။ ထိုသို့ထွက်လာပြီးနောက် ကုလားထိုင်တစ်လုံးတွင်ထိုင်ရင်း လက်ငင်းကြုံတွေ့နေရသော အခြေအနေကိုစဉ်းစားကာ လွန်စွာခက်ခဲသိမ်မွေ့လှသော ဤပြဿနာကို အပြတ် မိမိမပြုလုပ်နိုင်ခဲ့ခြင်းအတွက် များစွာစိတ်ရှုပ်နေမိလေ၏။ အကယ်၍သာလျှင် မိမိသည် မိန်းမကိုလုံးဝမုန်းတီးမည်ဟူသော ဝါဒအတိုင်း ရှေ့ရေးနောင်ရေး တွေးတောငဲ့ညှာခြင်းမရှိ၊ သနားကြင်နာစိတ်မဖက်ဘဲ ရက်စက်စွာ မိန်းမပျိုအားမောင်းနှင်ပစ်နိုင်ခဲ့လျှင် မိမိသည် ထိုအရေးအတွက် စိတ်ရှုပ်ရတော့မည် မဟုတ်တော့ဘဲ ဘာမျှပင်မတွေ့ကြုံရ မဖြစ်ပျက်ခဲ့ရသလို စိတ်အနှောင့်အယှက်ရှိမည် မဟုတ်ဟုတွေးမိ

www.burmeseclassic.com



လေ၏၊ သို့ရာတွင် မိမိ၏စိတ်သည် ထိုအခြေအနေ မျိုးသို့ရောက်အောင် မတင်းမာနိုင်ခဲ့ချေ။ သို့အားဖြင့် မိမိသည် မိမိစက်ဆုတ်သော ဣတ္ထိယ ဂိုဏ်းဝင်အပျိုစင်တစ်ဦးကို အိမ်ထဲသို့ အဝင်ခံခဲ့မိရုံမကဘဲ ပြန်၍ထွက် အောင် နှင်ထုတ်ရန်ပင် ခက်ခဲနေသည်ကို တွေ့ရလေ၏။

ထိုကဲ့သို့ လက်ခံလိုက်ရာတွင် မည်သူမည်ဝါဖြစ်သည်ဟူ၍ပင် အမျိုးအမည်မသိ၊ မည်သည့်အရပ်ဒေသက လာသည်ကိုပင် မသိရှိဘဲ လက်ခံလိုက်မိရာ မိမိ၏အမှားသည် လွန်စွာကြီးမားသော အမှားတစ် ခုဖြစ်နေသည်ကို တွေးမိလေ၏။ အကယ်၍ ထိုမိန်းမပျို၏ အမည် နှင့်တကွ နေရပ်ကိုသိစေခါမူ မိမိနှင်ထုတ်လိုက်၍ သွားရမည်ဆိုလျှင် သူသည် လူသူနှင့်အနီးဆုံးဖြစ်သောနေရာသို့ အနည်းဆုံးဖမိုင်ခန့်သွား မှရောက်ရှိနိုင်မည့်ပြင် ယခုအချိန်သွားရမည်ဆိုသော် သည်းထန်စွာရွာ သွန်းနေသော မိုးထဲလေထဲ၌သွားရမည်ကို စဉ်းစားမိလေ၏။ ဤသို့သော ခရီးမျိုးကိုမူ မိမိလည်းမသွားလို၊ ထိုမိန်းမပျိုလည်း သွားလိုမည်မဟုတ်။ သို့ဖြစ်ရကား မည်သည့်နည်းနှင့် ထိုမိန်းမပျိုအား မိမိ၏အိမ်တွင်းမှ ရှင်းလင်းသွားစေရန် ပြုလုပ်နိုင်ပါမည်နည်းဟု အတွေးရ အကြံရခက် လျက် ရှိလေတော့၏။

ထိုသို့တွေးတောစဉ်းစားနေခိုက်တွင် အခန်းတွင်းသို့ ရေနံဆီမီး မွှေးသောအနံ့များ ဝင်ရောက်၍လာလေ၏။ ဖေတင်သည် ထိုအနံ့ကိုရ၍ အသံကိုနားစိုက်နေလေ၏။ သို့ရာတွင် မီးဖိုချောင်ဆီမှ ဘာသံမျှမကြား ရဘဲရှိရကား ထိုသို့ငြိမ်သက်စွာရှိခြင်းအားဖြင့် ဖေတင်၏စိတ်ကို ပိုမို လှုပ်ရှားခြင်း ဖြစ်စေပြန်လေ၏။ ၎င်း၏စိတ်တွင် မိန်းမပျိုသည် ဒေးချမ်း ခြင်းကိုကာကွယ်ရန် မီးဖို၍နေရာက မီးဖိုချောင်ထဲတွင် မိန်းမေမေ့မြော

www.burmeseclassic.com



ပြီး သေသွားလျှင်လည်း ကောင်းပေလိမ့်မည်ဟု နှလုံးပြုစရာရှိပေ၏၊ အတယ်၍ မသေသေးပါမူ ၎င်းနှင့် ကိစ္စပြီးပြတ်သွားအောင် ပြုလုပ်မှ တော်လိမ့်မည်ဟု အောက်မေ့ကာ မီးဖိုချောင်ဆီသို့ ထွက်လာခဲ့လေ၏။

ဖေတင်သည် တံခါးကိုဆွဲဖွင့်၍ အခန်းထဲသို့ ကြည့်လိုက်ပြီးမှ မျက်နှာပျက်လျက်"အို"ဟုအသံထွက်၍သွားကာ ဆတ်ခနဲတံခါးကိုပြန် ပိတ်လိုက်မိလေ၏၊အကြောင်းမူကား မိန်းမပျိုမှာ ဘောင်းဘီကိုဝတ်ရလျှင် ကောင်းမည်လား၊ မဝတ်ဘဲထားပြီး မိမိထဘီခြောက်သည့်အထိ စောင့်ရ လျှင်ကောင်းမည်လားဟု ဝေခွဲမရနိုင်သေးဘဲရှိပြီး ဖေတင်ဝင်လာသည် အချိန်တွင် ရှပ်အင်္ကျီနှင့်သာရှိနေသေးရာ တံခါးဖွင့်လိုက်သည်ကိုတွေ့ရ သည်နှင့်တစ်ပြိုင်နက် ကိုယ်ကိုကုန်း၍ ရှပ်အင်္ကျီအောက်စကိုဆွဲ၍ ဒူးကိုဖုံး အုပ်ကာကိုးရိုးကားရားဖြစ်နေပုံကို မြင်လိုက်ရသောကြောင့် ဖြစ်လေ သည်။

ခေတ္တမျှကြာခါမှ "ဝင်ခဲ့တော့" ဟု အခန်းတွင်းက ပြောလိုက် သည့်အသံကို ကြားရ၍ ဖေတင် တံခါးကိုတွန်းဖွင့်လိုက်ရာ မိန်းမပျို အား ရှပ်အင်္ကျီဘောင်းဘီပွနှင့် ဝတ်ထားသည်ကို တွေ့ရ၏။ ရေစိုနေသော ၎င်း၏အဝတ်ကိုလည်း မီးဖိုတွင်လှန်းထားသည်ကို မြင်ရလေ၏။

"ကျွန်မ. . . ဒီလိုဝတ်ထားတော့ စတန့်မင်းသမီးနဲ့ မတူဘူး လား"

"ကျုပ်. . . မင်းရဲ့အဝတ်အစားကို အကဲခတ်ရအောင်လာတာ မဟုတ်ဘူး"

"နို့. . ဘာလုပ်လာတာလဲ။ ကျွန်မကို ဒီမှာရှိနေတယ်လို့ မသိ သလို စိတ်ထဲမှာအောက်မေ့ထားမယ်ဆိုတာ အစီအစဉ်ပျက်ကုန်သွားပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လာတာ စကားပြောဖို့လာတာပဲ။ ရှေ့ဆက်ပြီး ဘာလုပ်ကြရမယ်ဆိုတာ သိချင်လို့လာတာ"

"ကျွန်မလည်း ဒီအကြောင်းကို သိချင်နေတာပဲ"

"မင်း ဘယ်အရပ်က လာတာလဲ"

"ကျွန်မ မော်လမြိုင်ကလာတာပဲ၊ ကျိုက္ခမီကမ်းခြေမှာ လေညှင်းခံထွက်လာတာ"

"ကောင်းပြီ၊ မင်းနာမည်ကကော"

"ထိပ်တင်ဆွေတဲ့၊ ရှင် ဘယ်လိုခေါ်ချင်သလဲ"

"ဘယ်လိုမှမခေါ်ချင်ဘူး၊ ကျိုက္ခမီကိုပဲပြန်စေချင်တာပဲ"

"အခုအတိုင်း ပြန်ရမှာလား"

"အခုတိုင်းမပြန်လို့. . . တခြားနည်းရှိသေးသလား"

"တစ်နည်းတော့ရှိတယ်၊ ကျွန်မတည်းတဲ့ ဘန်ဂလိုမှာ ကျွန်မအဝတ်အစားတွေ ရှင်သွားယူပေးရင် ပြန်လို့ဖြစ်မယ်"

"မင်းပြောတဲ့နေရာလည်း ကျုပ်မသိဘူး၊ သိလည်းမသိချင်ဘူး၊ ဒါလောက်ရှည်ဝေးတဲ့ ခရီးကိုလည်း ကျုပ်မသွားချင်ဘူး"

"ဒါဖြစ်ရင်လည်း ဒီကိစ္စဟာ အရှင်းသားပဲ"

"ဘယ်လိုရှင်းတာလဲ"

"ကျွန်မ ဒီမှာပဲနေဖို့ရှိတာပေါ့၊ တခြားဘာလုပ်စရာရှိ သေးသလဲ"

"မင်းက မရှိဘူးထင်ပေမဲ့ ကျုပ်မှာရှိနေတယ်၊ ကျုပ်အိမ်မှာ မိန်းမလက်မခံနိုင်ဘူး၊ မင်းကို နှင်ထုတ်ရလိမ့်မယ်"

ထိပ်တင်ဆွေသည် ဖေတင်၏မျက်နှာကို စိုက်ကြည့်လျက်ပြုံးရွှင်

www.burmeseclassic.com

www.burmeseclassic.com



စွာရယ်မောကာ "ရှင်တကယ်ပဲ နှင်ထုတ်နိုင်တဲ့သတ္တိရှိရဲ့လား"ဟု မေးလေ၏။

"မင်းမနေနိုင်အောင် တစ်နည်းနည်းနဲ့လုပ်ရမှာပေါ့"

"ပြောစမ်းပါဦး။ ဘယ်လိုလုပ်မလဲလို့"

ဖေတင်သည် တံခါးဘောင်ကိုမှီကာ ဆေးတံကို မီးခိုးတလူလူထသည့်တိုင်အောင် ဖွာရှိုက်စဉ်းစားနေလေ၏။ ထိုသို့စဉ်းစားရာတွင် မိန်းမပျိုသည် တစ်နည်းနည်းနှင့် တွယ်ကပ်နေမည့် အစားထဲကဖြစ်ကာ ကုတ်နှင့်ကော်၍ထုတ်စေခါမူ ရမည်မဟုတ်။ သို့ဖြစ်လျှင် အကြမ်းနှင့်မစမီ အနုကစ၍လုပ်ရန်လိုသည့်ပြင် အစဉ်သဖြင့်လည်း မျက်နှာချင်းဆိုင်၍မနေစေရန် သရေခေတ္တရာရာဇဝင်တွင် ဗေဒါရီအား ရသေ့က ရေခပ်ခိုင်းသည့်အလုပ်ကို စဉ်းစားမိလေ၏။ထိုအလုပ်မှာ မီးဖိုချောင်အလုပ်ကို စဉ်းစားမိသည့်အလျောက် မီးဖိုချောင်အလုပ်ကို လုပ်ခိုင်းရန် စိတ်ပိုင်းဖြတ်လိုက်မိလေ၏။

"မင်းကိုကြည့်ရတာ မင်းတစ်သက်မှာ အသုံးကျတဲ့ အလုပ်ဆိုလို့ ဘာတစ်ခုမှ လုပ်ခဲ့ရတဲ့လက္ခဏာမရှိဘူး။ မင်းကို အလုပ်ပေးရလိမ့်မယ်"

"အို. . . ကျွန်မကလည်း သိပ်လုပ်ချင်နေတာပဲ"

"ဒီမီးဖိုချောင်ထဲမှာ ဆေးကြောသုတ်သင်ဖို့လိုနေတဲ့ အိုးခွက်ပန်းကန်တွေ တွေ့ရဲ့မဟုတ်လား။ အဲဒါတွေကို မင်းသန့်သန့်ရှင်းရှင်းဖြစ်အောင် လုပ်ရလိမ့်မယ်၊ ဒါတွေပြီးရင် ကြမ်းကိုသေသေချာချာ ရှင်းလင်းသုတ်သင်ထားပါ၊ မင်းဒါတွေလုပ်နေတဲ့အချိန်မှာ ကျုပ်အေးအေးလူလူ စဉ်းစားခန်းထုတ်နေဦးမယ်"

"ဒီအလုပ်မျိုးလောက်တော့ဖြင့် အတွက်မရှိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ဒါဖြင့်လုပ်။ စကားပြောမနေနဲ့တော့"ဟုဆိုကာ ဖေတင်သည် တံခါးကိုပြန်၍ပိတ်ထားပေးခဲ့ပြီးလျှင် အိမ်ရှေ့သို့ထွက်၍ ကုလားထိုင်တွင် ထိုင်ရင်းစဉ်းစားခန်းထုတ်ရပြန်လေ၏။ ဖေတင်၏နားထဲတွင် မီးဖိုခန်းမှ ရေသံနှင့်တကွ ပန်းကန်ချင်းထိခိုက်သံ၊ ထပ်သံတို့ကိုကြားနေရလေ၏။ ထိုနောက် ဖေတင်သည် တံခါးဆီသို့ ထသွားပြီးလျှင် အပြင်သို့လှမ်းမျှော်၍ ကြည့်ရှုလိုက်ရာ အလင်းရောင်တဖြည်းဖြည်းကွယ်ပျောက်စပြုနေပြီကိုတွေ့ရလေ၏။

အချိန်မှာ ခြောက်နာရီခန့်မျှရှိနေပြီဖြစ်လေရာ မိုးမှာလည်းကောင်းစွာမစဲသေးရကား ဖေဟောင်အဖို့ ယခုတွေ့ကြုံနေရသော အခက်အခဲထဲမှ ထွက်ပေါက်ကို ရှာ၍မတွေ့မြင်နိုင်ပဲရှိလေ၏။ထို့ထက်ကြာလျှင် မှောင်သည်ထက်သာမှောင်၍ သွားတော့မည့်ဖြစ်လေရာ ထိပ်တင်ဆွေအဖို့ အဝတ်အစားရရှိစေရန် မိမိကိုယ်တိုင်ပင် သွားရောက်မည်ဆိုစေခါမူ လမ်းကိုကောင်းစွာမြင်နိုင်မည်မဟုတ်သဖြင့် ဘန်ဂလိုသို့ ကောင်းမွန်စွာ ရောက်ရှိဖို့အရေးထက် ရေထဲသို့ ရောက်သွားမည့်အရေးမှာ ပို၍သေချာနေသကဲ့သို့ရှိလေ၏။ သို့ဖြစ်ရကား ထိုညဉ့်အဖို့တွင် မိန်းမပျိုတစ်ဦးတစ်ယောက်ကို မိမိအိမ်ပေါ်၌ တင်ထားရတော့မည်မှာ နောက်ထပ် သေချာသောအချက်တစ်ချက် ဖြစ်နေပြန်လေ၏။အကယ်၍ အခြားသူ တစ်ဦးတစ်ယောက် ပေါ်ပေါက်လာလျှင်မူကား တစ်နည်းတစ်လမ်းကြံစည်၍ ဖြစ်နိုင်ဖွယ်ရာရှိသေးရာ ထိုသို့တစ်ဦးတစ်ယောက် ပေါ်ပေါက်လာလိမ့်မည်ဟူ၍ မျှော်လင့်ဖို့ရန်လုံးဝကင်းဝေးလျက်ရှိနေသည့်အတွက် ဖေတင်မှာ တွေးရင်းတွေးရင်းကြက်သီးထမိပြီး အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန်လျှောက်၍ နေမိလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်တွင် ထိပ်တင်ဆွေသည် စားပွဲတင်ဗန်းကလေးတစ်ခုပေါ်တွင် ကော်ဖီတစ်ပန်းကန်တင်၍ယူလာသည်ကို တွေ့ရလေ၏။

"ဒါဘာလုပ်တာလဲ"

"ရှင်အအေးမိမှာစိုးလို့ ကော်ဖီပူပူနွေးနွေးဖျော်လာတာ"

"မင်းဘယ်သူက ခိုင်းသလဲ"

"ဒါဖြင့် ပြန်ပြီးသိမ်းသွားရမလား"

ကော်ဖီမှာ ပူပူနွေးနွေးဖျော်လာသည့်အလျောက် အငွေ့တထောင်းထောင်းထလျက်ရှိလေရာ သင်းပျံ့သောကော်ဖီရနံ့သည် ဖေတင်၏နှာဝကို တိုးဝှေ့လာသဖြင့် ဖေတင်မှာ အလိုလို ဆာလောင်မွတ်သိပ်၍လာလေ၏။

"ကော်ဖီကိုထားလိုက်၊ မင်းကိုတော့ အလိုမရှိဘူး"

ထိပ်တင်ဆွေသည် ကော်ဖီကိုချထားပြီး ပြန်၍ လှည့်သွားမည်ပြုပြီးမှ ဖေတင်ဘက်သို့လှည့်ကာ "ဘာခိုင်းစရာ ရှိပါသေးသလဲ"ဟု မေးလေ၏။

"မင်းလုပ်ချင်တာ ကြည့်ပြီးလုပ်"

"ဟုတ်ကဲ့၊ ဒီအိမ်မှာ ရှုပ်ထွေးနေတာပဲ၊ ဒီအလုပ်မျိုးကို မိန်းမသားမှနားလည်တယ်၊ မိန်းမမရှိရင် အင်မတန်ခက်တာပဲ"

"မိန်းမဆိုတာ မရှိရင်ခက်တာထက် ရှိရင်သာပြီးခက်တယ်၊ ဒီအလုပ်တွေဟာ သူတို့လုပ်ဖို့အလုပ်တွေဆိုတာတော့ဖြင့် မငြင်းလိုပါဘူး ဒါပေမဲ့ သူတို့လုပ်စရာရှိတဲ့အလုပ်လောက်နဲ့ မကျေနပ်ကြဘဲ နယ်ချဲ့ပြီး လာတတ်တာက ပိုပြီးဆိုးနေတယ်"

ထိပ်တင်ဆွေသည် ထိုစကားကို မကြားရသကဲ့သို့ အဝတ်စတစ်

www.burmeseclassic.com



ခုကိုယူပြီးလျှင် အိမ်ခန်းတွင်းရှိ ဖုန်တင်လျက်ပင့်ကူအိမ်ယှက်သန်းနေသော အရာဝတ္ထုများကို လိုက်လံပွတ်သပ် သုတ်သင်ခါချလေ၏။ ထို့နောက် စာအုပ်စင်သို့သွားရောက်ကာ စာအုပ်များကို ကိုင်တွယ်ပွတ်သပ်ရင်း "တစ်အိမ်လုံးဟာ ရှုပ်ပွေနေတာဘဲ။ ရှင်လိုလူမျိုးမို့ နေတတ်တယ်။ ကျွန်မသာဆိုရင် မနေနိုင်ဘူး"ဟု ဆိုလေ၏။

"နေပါလို့လည်း ဘယ်တုံးကမှ မတားခဲ့ပါဘူး။ မင်းကို ဘယ်နည်းနဲ့ မြန်မြန်ထွက်သွားအောင် လုပ်ရပါ့မလဲဆိုတာပဲ ကျုပ်အကြံအိုက်နေတာ"

ဖေတင်သည် ထိုသို့ပြောဆိုလိုက်ပြီး အပြင်သို့ကြည့်နေလိုက်ပြန်လေ၏။ ထိုအချိန်မှာ နေဝင်ရီတရောအချိန်ဖြစ်သည့်အလျောက် အပြင်လောကဓာတ်ကြီးမှာ မိုးခိုးမှိုင်းကြီးကျရောက်လာသကဲ့သို့ မှိုင်းမှောင်စပြု၍လာကာ ပင်လယ်ကမ်းစပ်မှ ရိုက်ခတ်နေသော လှိုင်းပုတ်သံများမှ တပါး လောကဓါတ်ကြီးမှာ တစ်ခုလုံး အသက်ကင်းမဲ့နေသကဲ့သို့ လှုပ်ရှားခြင်းမရှိ၊ နှစ်သက်ရွှင်လန်းဖွယ်လည်းမရှိဘဲ တွေးတောကြောက်ရွံ့စရာပင် ကောင်း၍နေလေတော့၏။

ထိုညအဖို့ကား မိန်းမပျိုအား မိမိ၏အိမ်တွင် နေခွင့်ပြုရန်မှတစ်ပါး အခြားနည်းလမ်း မရှိတော့ချေ။ ထိုသို့မည်းမှောင်နေသည့်အထဲတွင် မိမိကိုယ်တိုင်လည်း မသွားလို၊ မိန်းမပျိုအားလည်း မိမိစိတ်ထဲက မည်သို့ပင်သွားစေလိုခါမူ သွားခိုင်း၍မဖြစ်နိုင်၊ သို့ဖြစ်ရကား မိန်းမကို လွန်စွာမုန်းတီးစိတ်နာထားသူတစ်ယောက်မှာ ထိုလူမျိုးကို မဆိုထားဘိ။ အခြားသူများသည်ပင် ပြုလုပ်ရန်နောက်တွန့်သောအလုပ်မျိုးကို ရင်ဆိုင်ဖို့ရန်သာလျှင် ရှိ၍နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အကြိမ်၌ ဖေတင်သည် စိတ်ကို လျှော့လိုက်သည့် အမူအရာဖြင့် အိမ်ထဲသို့ ပြန်လှည့်မည်အလုပ်တွင် ရေစပ်နားမှ လှုပ်ရှားသောအသံတစ်ခုကို ကြားလိုက်ရလေရာ ဇာတ်လိုက်မင်းသား ဒုက္ခရောက်နေသည့် အခိုက်တွင် ဝိဇ္ဇာ-တပသီ ပေါ်ပေါက်လာသည်ကို တွေ့ရသကဲ့သို့ ဝမ်းမြောက်၍ သွားလေ၏။ သို့အားဖြင့် ဖေတင်သည် မိမိကြားရသည့်အသံမှာ လူသံသာလျှင် ဖြစ်နိုင်ဖွယ်ရှိ၏။ ယခုကဲ့သို့သော အချိန်အခါမျိုးတွင် ဤနေရာသို့ ရောက်ရှိလာခြင်းသည် လမ်းမှား၍ရောက်လာသူတစ်ယောက် ဖြစ်တန်ရာသည်ဟု တွေးမိလျက် ဘယ်ကဲ့သို့သော လူမျိုးပင်ဖြစ်စေခါမူ လုံးဝအားကိုးဖော်အားကိုးဖက် ကင်းမဲ့ခြင်းထက် ဤသူကို အဖော်ပြုလုပ် ရခြင်းက တော်ပေလိမ့်မည်ဟု နှလုံးပြုကာ ခြံဝင်းတံခါးဆီသို့ ဆင်း၍ ပြေးသွားလေ၏။

"ဟေး ဟိုရှေ့က လူလားဗျို့"

ကျောက်ခဲများပေါ်၌ နင်း၍လျှောက်သွားသော ခြေသံမှာရပ်၍ သွားပြီးလျှင် "ဗျို့ ဗျို့"ဟု မှောင်ထဲမှ အသံထွက်၍လာလေ၏။

ပြန်၍ထူးသောအသံမှာ များစွာနှစ်သက်ဖွယ်ရာ မရှိလှချေ။ သို့ရာတွင် ဖေတင်သည် ထိုအချက်ကို ဂရုစိုက်၍မနေနိုင်ဘဲ "ဒီကိုတဆိတ်လောက် လာစမ်းဗျို့"ဟု အော်၍ခေါ်လိုက်လေ၏။

"မှောင်လိုက်တာမည်းလို့။ ဘယ်အထဲကလဲဗျို့"

"ဒီကဗျို့ ဒီက။ ကျုပ်အော်နေတယ်။ အသံမှန်းပြီးလာခဲ့"

အတန်ကြာသောအခါ နီးကပ်လာသော ခြေသံများကို ကြားရပြီးနောက် မှောင်ထဲမှ ခပ်မည်းမည်းသဏ္ဌာန်တစ်ခုသည် ထင်ရှားစွာပေါ်

www.burmeseclassic.com

www.burmeseclassic.com



၍လာလေ၏။ နီးသည်ထက်နီး၍လာသောအခါ ထိုလူမှာညစ်ပတ်ပေရေလျက် သူ့မျက်နှာတွင် ကောက်ရိုးပြတ်ကဲ့သို့ မုတ်ဆိတ်မွေးစုံ့ပြုပြု ထွက်နေပြီးလျှင် စုတ်ပြတ်နေသောလုံချည်ကို တိုတိုဝတ်ကာ ယိမ်းယိုင်၍ လျှောက်လာသည်ကို မြင်ရလေ၏။ ထိုသူအနီးသို့ ရောက်မလာမီ ထိုသူ၏ကိုယ်မှ ကဇော်နံ့သည် ဖေတင်၏နှာခေါင်းကို ဦးစွာလာရောက် နှုတ်ဆက်လေ၏။ ၎င်း၏ ဦးခေါင်းကို ညစ်နွမ်းနေသောအဝတ်တစ်ထည်နှင့် ခေါင်းပေါင်းကဲ့သို့ ရစ်ပတ်ထားသည်မှာ နဖူးတစ်ခုလုံးအုပ်နေရကား နဖူးကိုမမြင်ရဘဲ နီရဲနေသော မျက်လုံးနှစ်လုံးကိုသာ မြင်ရလေ၏။ ထိုသူမှာ ထိုအရပ်တွင် ကဇော်ဘိုးတုတ်ဟု ထင်ရှားသောသူတယောက်ဖြစ်သော်လည်း ဖေတင်မှာ ထိုအကြောင်းကိုမသိပေ။ သိသည့်တိုင်အောင်လည်း ထိုအကြောင်းကို ဂရုမစိုက်နိုင်အားချေ။ ထိပ်တင်ဆွေအတွက် အဝတ်အစားရရှိနိုင်ရန် ထိုသူအားမြို့ပေါ်သို့လွှတ်ဖို့လောက်သာလျှင် ရည်ရွယ်ချက်ရှိပေ၏။

"ဒီမှာ ခင်ဗျားကို အလုပ်တစ်ခုပေးမယ် လုပ်မလား"

"ဘယ်အလုပ်မျိုးလည်း။ ပင်ပင်ပန်းပန်းအလုပ်တော့ မလုပ်နိုင်ဘူး။ တခြားအလုပ်ဆိုရင်လည်း ကုသိုလ်အဖြစ်အလုပ်တော့ အမြိကန်တော့ခဲ့တာပဲ"

"ခင်ဗျားအတွက် ပိုက်ဆံရမှာပေါ့။ အခုခင်ဗျား ဘယ်သွားမလို့လဲ"

"ဘယ်သွားမလဲဆိုတာတော့မမေးနဲ့။ ကျုပ်သွားချင်ရာ နေ့ရှေ့ညည လျှောက်သွားနေတာပဲ"

"ကောင်းပြီ ဒါဖြင့် ကျိုက္ကမီကိုသွားပြီး ဘန်ဂလိုကိုစာလှမ်းစောင်

www.burmeseclassic.com

www.burmeseclassic.com



သွားပေးစေချင်တယ်”

“ဒါလောက်တော့ လုပ်နိုင်ပါတယ်။ ကျပ်ဘယ်လောက်ရမှာလဲ”

“အခု နှစ်ကျပ်ပေးမယ်။ ပြန်လာတော့လည်း ပေးဦးမယ်”

ဘိုးတုတ်သည်မမျှော်လင့်ဘဲ ငွေရရှိမည်ကိုတွေ့ရသဖြင့် များစွာဝမ်းမြောက်အံ့ဩသွားသော်လည်း မိမိအား အလုပ်ပေးသူမှာ အရေးကြီးသောကိစ္စရှိ၍သာ ဤမျှလွယ်လင့်တကူ ပေးခြင်းဖြစ်ဟန်တူရာ ပို၍တောင်းလျှင်လည်း ရနိုင်လိမ့်မည်ဟု ရိပ်မိသဖြင့် “အားလုံးငါးကျပ်လုပ်လေ၊ အသွားအတွက် စရန်သုံးကျပ်ပေးလိုက်ပါလား”ဟု တောင်းလေ၏။

“ကောင်းပြီ၊ ကျပ်ကိစ္စကိုသာ ချောချောမောမောပြီးအောင်လုပ်၊ ကျပ်ကျေနပ်ရင် ဒီမျှမကထပ်ပြီးရဦးမယ်” ဆိုကာ အိမ်ထဲသို့ ပြန်၍ ခပ်မြန်မြန်သွားလေ၏။

ထိပ်တင်ဆွေသည် တံခါးဝမှ ရပ်၍ကြည့်နေကာ ဖေတင်ပြန်၍လာရာတွင် “ဘယ်သူ့တွေနေတာလဲ”ဟု မေးလိုက်လေ၏။

“ဘယ်သူလည်းမသိဘူး၊ သိနေစရာမလိုဘူး၊ သူ့ကို ကျိုက္ခမိဗိုလ်တဲကိုလွှတ်ပြီး အဝတ်အစားယူခိုင်းရမယ်၊ ဘယ်သူ့ဆီသွားပြီး ဘယ်လို ပြောခိုင်းမလဲ”

ထိပ်တင်ဆွေသည် သဘောမကျသကဲ့သို့ တွေဝေစဉ်းစားနေပြီးနောက် “ဗိုလ်တဲကိုတော့ မလွှတ်စေချင်ဘူး၊ ကျွန်မအကြောင်းကို အကုန်သိကုန်မယ်၊ ကျွန်မလိုချင်တာက လုံချည်တစ်ထည်၊ အင်္ကျီတစ်ထည်ပဲ၊ သို့ပေမယ့် ဘော်လီလည်းပါမှဖြစ်မယ်၊ ဒီတော့ မြို့ပေါ်ကပဲ အထည်ဆိုင်တစ်ခုခုက ဝယ်ခိုင်းစေချင်တယ်” ဟု ဆိုလေ၏။

ဖေတင်သည် အနည်းငယ်စဉ်းစားနေပြီးမှ “ဒီအကြံကောင်း

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒီအတိုင်းပဲမှာလိုက်မယ်”ဟု ပြောနေစဉ်ပင် ထိပ်တင်ဆွေက “မြန်မြန်သာခိုင်းပါတော့၊ အပြင်မှာအေးတယ်”ဟု ဆို၍ အိမ်ထဲသို့ဝင်သွားသဖြင့် ဖေတင်လည်း ဘိုးတုတ်ထံ ပြန်၍သွားလေ၏။

“ဒီမှာ. . . ခင်ဗျားကို စာမပေးလိုက်တော့ဘူး။ မြို့ပေါ်ကိုသာ သွားပြီး မိန်းမလုံချည်တစ်ထည်၊ အကျီတစ်ကည်၊ ဘော်လီတစ်ထည် ဝယ်ပြီး မြန်မြန်ပြန်လာခဲ့ပါ”

“မိန်းမလုံချည်ဟုတ်လား။ ဘယ်သူ့ဖို့လဲ ဆရာ့မိန်းမဖို့လား”

“ဘယ်သူ့မိန်းမဖြစ်ဖြစ် မေးမနေနဲ့၊ ခိုင်းတာကို လုပ်မလားပြော”

“စိတ်ချပါ။ လုပ်ပါ့မယ်။ ပိုက်ဆံကော”

ဖေတင်သည် တစ်ဆယ်တန် တစ်ချပ်နှင့် ငွေသုံးကျပ်ကိုထုတ်လိုက်ပြီးနောက် ပေးမည်ဟုလက်လှမ်းပြီးမှ ဘိုးတုတ်၏လက်ထဲသို့ မထည့်သေးပဲ “ခင်ဗျား မြန်မြန်ပြန်ပြီးရောက်မှ ဖြစ်မယ်”ဟု ဆိုလေ၏။

“အလွန်ဆုံး အသွားတစ်နာရီ၊ အပြန်တစ်နာရီပေါ့”

“ခင်ဗျားလမ်းမှာ ကဇော်ဆိုင်ဝင်ပြီး သောက်နေဦးမှာလား”

“ကျုပ် ဒီအလုပ်မျိုး ဝါသနာ မပါပါဘူး။ ကိစ္စအရင် ပြီးအောင် လုပ်မှ ကျုပ်ဝါသနာပါတာ ကျုပ်လုပ်တတ်တာပဲ”

“ကိုင်းရော့၊ ဒါက ခင်ဗျားဖို့သုံးကျပ်။ ဟောဒါက အဝတ်အစား ဝယ်ဖို့၊ မြန်မြန်သွားပြီး မြန်မြန်သာလာခဲ့”

ဖေတင်သည် ခပ်သုတ်သုတ် ထွက်သွားသော ဘိုးတုတ်ကို ကြည့်နေပြီးနောက် မှောင်ထဲတွင် လူသဏ္ဍာန်ပျောက်သွား၍ ခြေသံများကိုသာ နားစိုက်ထောင်နေရာက မိမိ၏ စေတမန်ကို စိတ်မှချရပါ့မလားဟု စနေဝင့်စနင်း ဖြစ်နေမိလေ၏။ သို့ရာတွင် အခြားမည်သူမှ ခိုင်းစရာမ

www.burmeseclassic.com

www.burmeseclassic.com



ရှိရကား သူပြန်လာလျှင်လည်းရမည်၊ မပြန်လာလျှင်လည်း ကံပဲဟုနှလုံးပြုကာ အိမ်ထဲသို့ ပြန်၍ဝင်ခဲ့လေ၏။

ထိပ်တင်ဆွေသည် စာအုပ်များကိုဖုန်သုတ်ကာ စာတစ်အုပ်ကို လှန်လှော၍နေ၏။ ဖေတင်မှာ မိမိ၏စာအုပ်များကို အခြားသူကိုင်တွယ်နေခြင်းကို များစွာမနှစ်သက်သူ တစ်ယောက်ဖြစ်ပေ၏။

"စာအုပ်ကို ဘာလုပ်နေတာလဲ။ ဖတ်ချင်လည်း ကောင်းကောင်းယူပြီးဖတ်၊ မဖတ်ချင်လည်း ကျကျနနပြန်ထားပါ။ မွှေနှောက်နေတာ မကြိုက်ဘူး"

"ကျွန်မ အချိန်အားနေလို့ အချိန်ဖြုန်းနေတာပဲ၊ ဘယ်လောက်စောင့်ရမလဲ"

"နှစ်နာရီလောက်ပဲ ကြာမယ်လို့ ပြောတယ်"

"သွားရမှာ နီးတဲ့ခရီးမဟုတ်ဘူး၊ သုံးနာရီလည်း ကြာချင်ကြာမယ်။ လုံးလုံးပြန်မလာဘဲ နေချင်လည်းနေမှာပဲ"

"ဘာဖြစ်လို့ ပြန်မလာဘဲနေရမှာလဲ"

"ရှင် သူ့ကိုသိလို့လား၊ ရှင့်အလုပ်ကိုလုပ်ပေးရင် ငါးကျပ်သာ သူရမယ်။ ပြန်မလာရင် တစ်ဆယ့်သုံးကျပ်လုံးလုံးရမယ်"

ဖေတင်သည် ထိပ်တင်ဆွေပြောသောစကားမှာ မှန်နေသည်ကို သိရသဖြင့် စိတ်ပျက်မိကာ"တကယ်လို့ သူပြန်မလာရင်"ဟုပြောဆိုလေ၏၊

ထိပ်တင်ဆွေသည် ပြုံး၍သွားကာ"ကဲ ဆိုပါဦး"ဟု ပြောလေ၏။

"သွား သွား၊ မီးဖိုချောင်ထဲ သွားနေချေ။ မင်းကို ကျွန်ုပ်နေရာပေးထားပြီးပြီ မဟုတ်လား"ဟု စိတ်ရှုပ်စွာဖြင့် ခပ်မာမာပြန်၍ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီရှင်၊ ကျွန်မကို အလိုရှိရင်ခေါ်ပါ"

"ဘာအကြောင်းကြောင့်မှမလိုချင်ဘူး။ သွားမှာသွား"

ဖေတင်သည် တစ်ယောက်တည်း ကျန်ရှိသည့်အခါ ပက်လက်ကုလားထိုင်တွင်ထိုင်၍ ဆေးတံမီးညှိသောက်ရင်း စာတစ်အုပ်ကိုဖတ်ရန် ကြိုးစားလေ၏၊ သို့ရာတွင်စာထဲ၌ စိတ်ကိုသွတ်သွင်း၍ မရဘဲရှိလေ၏၊ အိမ်ထဲတွင် မိန်းမပျိုတစ်ယောက်ရှိနေခြင်းသည် မိမိမေ့ပျောက်ပစ်လိုက်လိုသောအကြောင်းအရာတို့ကို ပြန်၍သတိရစေရန် ဖန်တီးသကဲ့သို့ ရှိနေပေ၏၊

ဖေတင်၏ ပထမရည်းစား မြကြည်မှာ အလုပ်အကိုင်အတည်တကျမရှိဘဲ ပေါ်ကြော့နေတတ်သူလူချောချော ဂျပိုးတစ်ယောက်နှင့် ထွက်ပြေးခဲ့၏၊ ထိုဝေဒနာကို ဖေတင်မှာ ၂-နှစ်နီးပါးမျှကုသခဲ့ရ၏၊ ဒုတိယရည်းစား လှမေမှာ လက်ထပ်ရန်အသေအချာ ရက်ပိုင်းဖြတ်၍ပြီးသည့်အခါမှ လွန်ခဲ့သည့်တစ်လလောက်ကပင် မြကြည်ကဲ့သို့ပြုမူသွားလေ၏၊ သို့ရာတွင် မြကြည်နှင့်မတူသည့်တစ်ချက်မှာ လှမေယူသူသည် ဖေတင်ထက်ဥစ္စာပစ္စည်းရှိ၍ အလုပ်အကိုင်မရှိ၊ မိဘပိုက်ဆံဖြုန်းသူတစ်ယောက်ဖြစ်ပေ၏။ သို့ဖြစ်ရကား ဖေတင်၏ရည်းစားများကို ၎င်းလောက်မှ ပိုက်ဆံမရှိသူကလည်းရ၍ ပိုက်ဆံရှိသူကလည်း သုတ်၍ပြေးလေရာ မိန်းမတို့၏မေတ္တာသည် အဘယ်သောဇဟိုချက်မတွင် တည်ရှိသည်ကို ဖေတင်မှာ စဉ်းစား၍မရနိုင်ဘဲ မိမိတစ်သက်တွင် အဘယ်မိန်းမကိုမျှ မချစ်မနှစ်သက်တော့ပြီဟု စိတ်ပိုင်းဖြတ်ကာ ကင်းဝေးရာ၌အရပ် ရောက်လာခဲ့ခြင်းဖြစ်၏။ ထိုသို့ရောက်ရှိလာပြီးနောက် တစ်ကိုယ်တည်း အေးချမ်းစွာနေထိုင်ရတော့မည်ဟု ဝမ်းမြှမသာရသေးမီ မိန်းမတစ်ယောက်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



ပေါက်လာသည်ကို တွေ့နေရပြန်ပေသည်။

သို့ရာတွင် သူတွေ့ရသောမိန်းကလေးမှာ မြကြည်နှင့်လှမေတို့နှင့်တွေ့ရသည့်အတွေ့မျိုးဖြင့်မဟုတ်ပဲ သာမန်အားဖြင့်တွေ့ကြုံ ဝင်တိုးခြင်းဖြစ်လေရာ ၎င်း၏အပေါ်၌ မိမိ၏စိတ်သည် မည်သို့မျှမဖောက်ပြန်နိုင်ဟု ယုံကြည်မိ၏။ မိန်းမမှန်လျှင် မုန်းမည်ဟူသော အစွဲဥာဏ်မှာ မယိမ်းမယိုင်ဘဲရှိသည့်အလျောက် ထိပ်တင်ဆွေအပေါ်၌ မုန်းတီးမိ၏။ ထိပ်တင်ဆွေကလည်း မိမိအပေါ်တွင် မိမိစိတ်ထားသကဲ့သို့ ထားရှိပေလိမ့်မည်ဟု တွေးမိ၏။ သို့ရာတွင် ထိပ်တင်ဆွေအား မိမိသည်ကြာကြာ မုန်းနေရန်မလို၊ ကြာကြာတွေ့မြင်နေရန် အကြောင်းလည်းမရှိ၊ ကဇော်ဘိုးတုတ်ပြန်၍လာလျှင် အမြန်ဆုံးအိမ်ပေါ်မှ ဆင်းပြေးရမည်ဟု စိတ်ကိုပိုင်းဖြတ်ထားလေ၏။

"ဟော့ အိမ်ထဲမှာ သီချင်းမဆိုနဲ့"ဟု ဖေတင်သည်လှမ်း၍ အော်လေ၏။

မီးဖိုချောင်ထဲမှ ထိပ်တင်ဆွေ၏ သီချင်းသံသည် တိတ်၍သွားကာ တံခါးဖွင့်သံကိုကြားရပြီးနောက် လူရောက်၍လာလေ၏။

"ကျွန်မကို ခေါ်ပါသလားရှင်"

"မခေါ်ဘူး၊ သွား"

ထိပ်တင်ဆွေသည် ပြန်၍လှည့်သွားမည်ပြုပြီးမှ "ရှင် ဘယ်အချိန် ထမင်းစားသလဲ"ဟု မေးလေ၏။

"ဘယ်အချိန်စားစား မင်းအလုပ်ဘာရှိသလဲ"

"ရှင် ညစာလည်းမစားရသေးဘူးမဟုတ်လား၊ ကျွန်မလည်းမစားရသေးဘူး၊နောက်ဖေးကြောင်အိမ်ထဲမှာ ကြက်ဥပေါင်းသေတ္တာ၊ ဝက်

www.burmeseclassic.com

www.burmeseclassic.com



အုချောင်းနဲ့ ဟင်းသီးဟင်းရွက်တချို့ ရှိနေသေးတာ တွေ့ရလို့ စားမယ်ဆိုရင် ထမင်းချက်လိုက်မယ်"

ဖေတင်သည် ထိုအခါမှ မိမိညစာမစားရသေးသည်ကို သတိရလေ၏။ သို့ရာတွင် မိန်းမပျိုသည် မိမိအားမျက်နှာလို မျက်နှာရ ပြုလုပ်လို၍ ထမင်းချက်ပြုတ်ကျွေးရန် ကြံစည်ခြင်းလေလောဟူ၍လည်း ယုံမှားမိလေ၏။

"မင်းကို ဒီမှာကြာကြာထားစေချင်လို့ အချက်အပြုတ်နဲ့မျှားတာလား။ ဒီလိုနဲ့မရဘူး။ မင်းဖို့အဝတ်အစားရောက်လာရင် ချက်ချင်းသွားရမှာပဲ"

"ကျွန်မ နားလည်ပါတယ်။ အထပ်ထပ်ပြောနေဖို့ မလိုပါဘူး။ ဒါပေမဲ့ ဟိုလူကြီးဟာ တော်တော်နဲ့မရောက်နိုင်သေးဘူး။ ကျွန်မချက်လိုက်ရင် မကြာပါဘူး"

"ဒါဖြင့်ရင်လည်းကောင်းပြီ"ဟု ဖေတင်ကဆိုလိုက်သည့်အတွက် ထိပ်တင်ဆွေလည်း ကျေနပ်ရွှင်ပြုံးသော မျက်နှာဖြင့် အိမ်နောက်ဘက်သို့ ပြန်၍ဝင်သွားလေ၏။

ဖေတင်သည် ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်ရင်း နဖူးပေါ်လက်တင်ကာ စဉ်းစားခန်းထုတ်နေမိလေ၏။ ထိုသို့စဉ်းစားစိတ်ကူးနေရာတွင် ယခု မိမိကြုံတွေ့နေရသည့် အဖြစ်အပျက်မှာရယ်စရာကောင်းလှသည့် အခြေအနေမျိုးတွင် ကျရောက်နေသည်ကို သိရပေတော့၏။ ယခုအဖြစ် အလုံးစုံကို မဆိုထားဘိ၊ မင်းမျိုးမင်းနွယ်ထဲက မိန်းမပျိုတစ်ယောက်သည် မိမိနှင့်မတန်အောင် ကြီးမားသော ဘောင်းဘီကြီးကို ဝတ်လျက် ယောက်ျားလို ဝတ်ဆင်ထားသည်ကို မြင်ရခြင်းသည်ပင်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ရယ်ရွှင်ဖွယ်ရာ အတော်ကောင်း၍ နေပေတော့၏။ သို့ရာတွင် ဖေတင်မှာမရယ်နိုင်ရှာပေ။ မိမိတစ်သက်တွင် မ-တည်းဟူသော သတ္တဝါတစ်မျိုးနှင့် လုံးဝမဆက်ဆံတော့ပါဟု စိတ်ပိုင်းဖြတ်ထားပြီးမှ အိမ်ပေါ်တွင်မိန်းမမျိုးတစ်ယောက်အား လက်ခံထားရခြင်းကို မခံချိမခံသာရှိနေလေ၏။ အချိန်မှာလည်းစော၍နေသေးရာ ကဇော်ဘိုးတုတ် ပြန်လာသည့်တိုင်အောင်စောင့်နေရမည်မှာ အတော်ကြာမြင့်လေဦးမည်ဖြစ်သဖြင့် ဤအချိန်အထိတော့ဖြင့် မိမိ၏စိတ်ဆင်းရဲခြင်းကို ခံနေရပေတော့မည်ဟု နှလုံးမူလိုက်ရရှာလေ၏။

ထိုသို့စဉ်းစားနေခိုက်တွင် မီးဖိုချောင်ဆီမှ ထွက်ပေါ်လာသောမွှေးကြိုင်သင်းပျံ့သည့် ဟင်းနံ့သည် ဖေတင်အား ချက်ချင်းပင်ဆာလောင်မွတ်သိပ်၍ လာစေလေတော့၏။ ဖေတင်သည် ထိုအိမ်သို့ရောက်ရှိလာခဲ့သည့်နေ့မှစ၍ ကျကျနန စားရ သောက်ရခဲ့သည် ဟူ၍မရှိ။ ဖြစ်သလိုနှင့်ပြီးသည့်ပြင် ထမင်းစားပြီးသည့်အခါ၌လည်း ဆေးကြောသုတ်သင်ရသည့်အလုပ်ကို ကြီးလှသောတာဝန်ကြီးတစ်ခုဟု ထင်မှတ်ကာ ပန်းကန်ပြားများကို ဆေးကြောသည်မရှိဘဲ ပေပေရေရေနှင့် တစ်ချပ်ပြီး တစ်ချပ်ထိုး၍ထားကာ လိုသည့်အခါကျမှ အနည်းငယ်ဆေးကြော၍ ထည့်ပြီးစားလေ့ရှိရာ ယခုသန့်သန့်ပြန့်ပြန့် အခံ့သားစားရမည့်အရေးကို တွေးမိသဖြင့် စိတ်ထဲတွင် ကျေနပ်သကဲ့သို့ရှိသွားမိလေ၏။ ထို့နောက်မှ မိမိ၏စိတ်ကျေနပ်ခြင်းသည် ထိပ်တင်ဆွေရှိခြင်းကို နှစ်သက်ထောက်ခံရာရောက်ရှိနေခြင်းကိုစဉ်းစားမိ၍ ထိုစိတ်ကို ဖျောက်ဖျက်ကာ ညပဲဖြစ်ဖြစ်ထိပ်တင်ဆွေအား ကြာကြာမထားနိုင် အမြန်ဆုံးနည်းဖြင့် ထွက်ခွာသွားနိုင်စေရန် ပြုလုပ်မည်ဟု စိတ်ကိုတင်းထားလိုက်ရှာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုခဏတွင်ပင် ထိပ်တင်ဆွေသည် ထမင်းဟင်းများကို မြင့်ကာ လင်ပန်းတစ်ချပ်ဖြင့် သယ်ယူ၍လာသည်ကို တွေ့ရလေ၏။

"ဟော့၊ ဘယ်နှစ်ယောက်တောင်စားဖို့ လုပ်လာသလဲ"

"ရှင်နဲ့ကျွန်မ နှစ်ယောက်စားဖို့ပေါ့"

"ဘာလဲ မင်းက ထမင်းလက်ဆုံ စားရအောင်ဆိုပြီး အခုကတည်းက မောင်ပိုင်လုပ်နေတာလား၊ မင်းဖို့ နောက်ဖေးမှာသွားစားချေ"

ထိပ်တင်ဆွေသည် သဘောကျသွားပြီးရယ်မောနေပြီးမှ "ကျွန်မက ရှင်တစ်ယောက်တည်းစားရမှာ ပျင်းနေမလားလို့ပါရှင်၊ အတူတူမစားချင်ရင် သဘောအတိုင်းပါပဲ"ဟု ပြောပြီး ဖေတင်စားရန်အတွက် စားပွဲပေါ်တွင် ပြုပြင်ပေးခဲ့ပြီး ပြန်၍လှည့်ထွက်သွားလေ၏။

ဖေတင်သည် မိမိအလိုမရှိသော မိန်းမတစ်ဦးတစ်ယောက်က ချက်ပြုတ်ကျွေးမွေးသည့် ထမင်းဟင်းကိုစားရန် စိတ်ထဲတွင်နှောင့်နှေးလေးကန်ခြင်းဖြစ်မိသော်လည်း ဆာလောင်နေခြင်းကြောင့် ထမင်းစားပွဲတွင် ဝင်၍ထိုင်လိုက်ရလေ၏၊ ထိုသို့ထိုင်လိုက်ရာတွင် မိမိဝယ်ယူသိမ်းထားသည့်ဟင်းလျာမှာ ဘာမျှအမယ်မများလှသော်လည်း ချက်ပြုတ်ထားသည့် စားသောက်စရာများမှာ ဖွယ်ဖွယ်ရာရာရှိ၍ ဟင်းခွက်များစုံစုံလင်လင်ရှိလှသည်ကို တွေ့ရလေ၏၊အကယ်၍သာ ဖေတင်သည် မိန်းမမုန်းတီး သူတစ်ယောက်မဟုတ်ခဲ့လျှင် ထိပ်တင်ဆွေအားများစွာ ချီးမွမ်းမိမည်ဖြစ်၏၊ ယခုမူကား ထိပ်တင်ဆွေ၏မိန်းမအင်္ဂါလက္ခဏာနှင့် ပီသသည်ကို သိရသည့်အတွက် သာ၍ပင် မုန်းတီးလိုသောစိတ်ကိုသာလျှင် သွတ်သွင်းမိလေ၏၊ သို့နှင့် ထမင်းကို စားလိုက်ပြန်သောအခါ ယခုကဲ့သို့ အရသာရှိစွာ ချက်ပြုတ်ထားသည့်ဟင်းလျာကို မိမိမစားသည်

www.burmeseclassic.com

www.burmeseclassic.com



မှာ အတော်ပင်ကြာခဲ့ပြီဟု သိရှိရလျက် မြိန်ရှက်စွာစားမိလေ၏။

ထိုအချိန်တွင် ကဇော်ဘိုးတုတ်မှာ ကျိုက္ခမီသို့ မရောက်ရှိဘဲ လမ်းခုလပ်ရှိ ကဇော်ဆိုင်တွင် စိန်ဗေဒါကို အားကျမခံ-ကဇော်ဆိုင်းတီးလျက် ရှိနေလေတော့၏။ ဘိုးတုတ်မှာ ကဇော်ဆိုင်ကိုမြင်လျှင် မဝင်ရမနေနိုင်သူတစ်ယောက်ဖြစ်ရကား မိမိကိစ္စကို အရေးမထားဘဲ ပါသမျှပိုက်ဆံကုန်သည့်တိုင်အောင်သော်လည်းကောင်း၊ မသောက်နိုင်၍မူးလဲနေသည့် အထိသော်လည်းကောင်း လေတများများ စကားတဖောင်ဖောင်ဖြင့် သောက်စားမူးယစ်လေ့ရှိသည်ဖြစ်ရာ' ယခုမူ အိတ်ထဲတွင် ငွေစကလေးတချွင်ချွင်နှင့်နေရကား မိမိသာလျှင် သောက်စားမနေသေးဘဲ အပေါင်းအသင်းများကို အတင်းအဓမ္မဆွဲလွဲခေါ်ငင်ကာ ပျော်ပျော်ရွှင်ရွှင်ကြီး စားသောက်၍နေမိလေတော့၏။ သို့ဖြစ်ရကား ဘိုးတုတ်မှာ ထိုညအဖို့တွင် ကျိုက္ခမီသို့ ရောက်မှရောက်နိုင်ပါတော့မည်လားဟု ယုံမှားဖွယ်ရှိပေ၏၊ အကြောင်းမှာ ဘိုးတုတ်မှာအတော်ပင် မူးယစ် နေပြီဖြစ်ရာ ရှေ့သို့ဆက်လက်၍ လျှောက် သွားနိုင်ရန်ခဲယဉ်းလှသည်ဖြင့် ယခုအချိန်မှ သွားရောက်မည်ဆိုပါကလည်း အလိုရှိသောပစ္စည်း ရောင်းချသည့်ဆိုင်များမှာ ပိတ်ထားပြီဖြစ်သည်ကိုသာလျှင် တွေ့ရှိရတော့မည်သာလျှင် ရှိပေတော့၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

[၃]

ဘိုးတုတ်သည် ပုလင်းများဝိုင်းစီလျက် တိုင်းပြည်ကြီးတည်၍ နေလေတော့၏။

"မင်းကြီးများ"

"ဖယား"ဟု အခြားသော ကဇော်သမား အဖော်များတို့က ညာဝါးသည့်လေသံနှင့် ထူးကြလေ၏။

"ဟဲ ဟဲ ဟဲ ငါကိုယ်တော်မြတ် အလွန်တရာမှ ပျော်တော်မူတယ်"

"မှန်လှပါ ကိုယ်တော် ဆွမ်းခံမကြွသေးဘူးလား ဘုရား"

"ဟဲ့ ဆွမ်းခံတဲ့ ကိုယ်တော်မဟုတ်ဘူး။ ရှင်ဘုရင်၊ ရှင်ဘုရင်"

"ဒါဖြင့်ရင် ဘုရားကျွန်တော်ကလည်း နန်းရင်းဝန်ပေါ့ ဘုရား"

"မောင်မင်း ဘယ်တုန်းက နန်းရင်းဝန်ဖြစ်လာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါ ကျွန်တော်မျိုးမိန်းမက မြှောက်ပင့်ပေးတာနဲ့ ကျွန်တော်မျိုးကြီးလည်း နန်းရင်ဝန်ဖြစ်လာကြောင်းပါ ဘု "

"ခွေးမသား"ဟုဆိုကာ ဘိုးတုတ်သည် ရယ်မောလျက် ခြေထောက်နှင့် လှမ်းကန်လိုက်ရာ နန်းရင်ဝန်ကဇော်သမားမှာ ခွေးခြေပေါ်မှ ကားရားကျ၍သွားသဖြင့် အားရပါးရထပ်၍ ရယ်မိလေ၏။

လဲကျသွားသော ကဇော်သမားမှာ မြေပေါ်မှ ရုတ်တရက်မထသေးဘဲ နှပ်ကို ရွှတ်ဗတ်နှင့်ညှစ်လိုက်ပြီးနောက် "ချမ်းသာပေးတော်မူပါဘုရား။ ဟမယ်မင်း အကြံရခက်လေသနော်၊ သန်လျက်တော်ယူတဲ့သူခိုး. . . ဟိုး. . . ဟိုးရယ်က။ သူ၏အမျိုးကို ထုတ်ဖော်လို့ ဟရမှာဖြင့်၊ ဓား ကုပ်ပေါ်မှာ. . . ဝဲအဲတဲ့အယ်၊အို. . . ဝန်မင်းရဲ့ဓား ကုပ်ပေါ်မှာ. . ဝဲ"ဟု ငိုချင်းချပြီး ဘိုးတုတ်က ငိုချင်းဆိုင်းတီးအပေးတွင် ဝမ်းသာအားရ ထ၍ကပြလိုက်ရာ တဝါးဝါးနှင့်ဖြစ်နေကြတော့လေ၏။

ထိုသို့ ဘိုးတုတ်သည် အပျော်ကြီးပျော်ကာ ဖြစ်ချင်သလို ဖြစ်၍နေသည်ကို မသိရှာသော ဖေတင်မှာ ထမင်းစားနေရာက နာရီကိုကြည့်ပြီးနောက် အချိန်အနည်းငယ်ကြာလျှင် ဘိုးတုတ်ပြန်၍ ရောက်လာတော့မည်၊ ယခုလမ်းတွင် ပြန်၍လာလျက်ရှိနေလိမ့်မည်ဟု တွေးတောကာ မကြာမီပင် အိမ်ပေါ်တွင်ရှိနေသော မိန်းမပျိုအတွက် စိတ်အနှောင့်အယှက်ခံရခြင်းမှ ကင်းဝေးရတော့မည်ဟု ဝမ်းမြောက်၍နေမိလေတော့၏။

ဖေတင်သည် စားသောက်ပြီးစီးသည့်အခါ စားပွဲမှ ထ၍ အိမ်ဝတွင်ရပ်လျက် ပင်လယ်ကမ်းစပ်တစ်လျှောက်ကို လှမ်းမျှော်၍ကြည့်ရင်း ခြေသံကိုသာ နားစွင့်နေလေ၏။ သို့ရာတွင် အပြင်မှလာသော ခြေသံမကြားရဘဲ မိမိနောက်နားမှ ကပ်လာသည့် ခြေသံကိုသာကြားရသဖြင့် ရုတ်

www.burmeseclassic.com

www.burmeseclassic.com



တရက်လှည့်၍ ကြည့်လိုက်လေ၏။

ထိပ်တင်ဆွေသည် ဖေတင်၏နောက်နားမှ ပြုံးပြုံးကလေးလုပ်ပြီးရပ်နေသည်ကိုတွေ့ရသဖြင့် ဖေတင်က "မင်း ဘာလာလုပ်နေတာလဲ၊ ကိုယ့်အလုပ်ကိုယ် ပြီးအောင်လုပ်ပါလား" ဟုပြောလိုက်လေ၏၊

"ကျွန်မ စားပွဲရှင်းပြီး ပန်းကန်တွေလည်း ဆေးကြောထားလိုက်ပြီးပါပြီ"

"ပြီးရင်လည်း မင်းကို မီးဖိုချောင်ထဲမှာ နေရာပေးထားတယ်မဟုတ်လား၊ ဒီမှာ မင်းလာစရာ ဘာမှမရှိဘူး"

"ကျွန်မ မေးစရာကလေး တစ်ခုရှိလို့ပါ"

"ဘာမေးချင်လို့လဲ"

"မနက်ကို ဘယ်အချိန် လက်ဖက်ရည်သောက်တတ်သလဲဆိုတာသိချင်လို့"

"မနက်အတွက် မင်းလက်ဖက်ရည်ဖျော်နေဖို့ မလိုဘူး"

"ဘာဖြုလို့ မလိုတာလဲရှင်"

"မနက်အထိ မင်းနေရတော့မှာမှ မဟုတ်ဘဲ၊ တော်တော်ကြာရင် မင်းပြန်ရတော့မှာပဲ"

ထိပ်တင်ဆွေသည် ရယ်စရာ ကောင်းသကဲ့သို့ မျက်နှာထားပြီးစိစိလုပ်လျက် "ရှင်က ဟိုလူကြီး ပြန်လာလိမ့်မယ်လို့ ထင်သလား"ဟု မေးလေ၏။

"ပြန်လာမှာပေါ့၊ သေသေချာချာမှာလိုက်တာပဲ"

"အခုအချိန်ကျမှတော့ဖြင့် ဘယ်နည်းနဲ့မှ လာလို့ရတော့မှာမဟုတ်ဘူး၊ ရှင့်လူဟာလည်း လာမဲ့လူစားမျိုးမဟုတ်ဘူး၊ ကဖေးဆိုင်တွေ

www.burmeseclassic.com

www.burmeseclassic.com



ရင် ဝင်ပြီးသောက်နေမဲ့လူမျိုးပဲ”

ဖေတင်သည် ထိပ်တင်ဆွေပြောသည့် စကားကို နားထောင်နေပြီးနောက် ဘာမျှပြန်၍မပြောဘဲ ကမ်းနားဘက်ဆီသို့လှည့်၍ကြည့်လိုက်ပြန်လေ၏။ ကမ်းနားတစ်ခွင်မှာ လမ်းမမြင်ရအောင် မှောင်မဲ၍နေလျက်လှိုင်းလုံးပုတ်ခတ်သည့် ရေသံများသာလျှင် တဟဲဟဲရှိကြရာ ပင်လယ်သရဲကြီးများ အော်၍နေကြလေသလားဟု အောက်မေ့ရလေ၏။

ဤနေရာနှင့် ကျိုက္ခမီလမ်းခရီးမှာလည်း လွန်စွာ မကောင်းရကား မိမိခိုင်းစေလိုက်သောသူသည် ဆာလောင်မွတ်သိပ်ကာ ပါးစပ်ကြီးများဖြင့် အော်ဟစ်နေကြသည့် ရေသရဲတို့၏အစာအဖြစ်ဖြင့် လိမ့်ကျနစ်မြုပ်သွားလေပြီလားဟု တွေးတောစိုးရိမ်မကင်း ဖြစ်လာလေ၏။ သို့ဖြစ်သည့်အတွက် အပြန်လမ်းခရီးကြမ်းသည့်အတွက် ကျိုက္ခမီတွင်တစ်ညအိပ်ပြီး နောက်တစ်နေ့မှ လာလိမ့်မည်လားဟု စနောင့်စနင်းလည်းဖြစ်မိလေ၏။

“ဘာကြောင့် ဒီလူကြီး ပြန်ပြီးလာမှာမဟုတ်ဘူးလို့ ဆိုနိုင်သလဲ”

“ရှင်မှ တကယ်မသွားခိုင်းဘဲနဲ့ သွားပါ့မလား”

“အလို– ကျုပ်က မင်းကိုအိမ်ပေါ်မှာ တင်ထားချင်တယ်များအောက်မေ့ နေသလား။ ကျုပ်လို မိန်းမဆိုရင် အင်မတန်မုန်းတီးရွံရှာတဲ့လူတယောက်က အခုလိုများ စိတ်ကူးမယ်လို့ထင်တာ အံ့ပါရဲ့”

“နားထောင်ပါဦးလေ၊ ဒါလောက်တောင်လည်း မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်နေစရာမလိုပါဘူး။ တကယ်ဆိုရင်. . ကျွန်မကသာမျက်လုံးပြူးစရာပါ”

“မင်းက ဘာလို့ မျက်လုံးပြူးနေရမှာလဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ရှင်ပဲ စဉ်းစားကြည့်လေ၊ လူသူမနီးတဲ့ အိမ်ကြီးတခုထဲမှာ ညကြီးသန်းခေါင် မိန်းကလေးတစ်ယောက်တည်း ယောကျ်ားရှိတဲ့အခန်းထဲ ရောက်နေရတယ်ဆိုတော့ ကျွန်မ မကြောက်ရပေဘူးလားရှင်၊ ရှင်တို့ ယောကျ်ားများဟာ ဒီလိုကိစ္စမျိုးနဲ့ကြုံလာရင် ဘာမျှမမြင်ဘဲ ဆင်ကန်းတောထိုး နွားသိုးလူပျိုလှည့်သလို ဖြစ်တတ်ကြတာပဲ ရှင့်"

"ဒါကတော့ မင်းသိတဲ့ယောကျ်ားတွေနဲ့ နှိုင်းယှဉ်ပြီးပြောနေတာပဲကို၊ ကျုပ်ကိုသူတို့နဲ့ နှိုင်းလို့ဖြစ်နိုင်ပါ့မလား"

"ရှင်ရဟန္တာလား"

"မဟုတ်ဘူး"

"ရှင်နွားလား"

ဖေတင်မှာ မြေရမည်ကိုပင် မျက်လုံးပြူးသွားပြီးမှ"မဟုတ်ဘူး" ဟု ခပ်ဆတ်ဆတ်ပြန်၍ ပြောလိုက်လေ၏။

"ရှင်ဟာ ရဟန္တာလည်းမဟုတ်၊ နွားလည်းမဟုတ်ဘဲနဲ့ဟာပဲ၊ ဒါမျိုးနဲ့ကြုံလာရင် ရဟန္တာတောင်ဈာန်လျှောပြီး ခေါင်းတုံးပြောင်နဲ့ခေါင်းပေါင်းစ ရှည်ရှည်ကလေး ချရသေးတာ၊ ရှင့်လို မိန်းမမုန်းတယ်လို့ ပါးစပ်ကဒါလောက် ပြောနေတဲ့လူကို ဘယ်လိုလုပ် စိတ်ချရပါ့မလဲ"

"မင်း ကျုပ်ကို စိတ်မချဘူးဆိုရင် စိတ်ချရအောင် လုပ်ပြရတော့မှာပေါ့၊ စောစောကတော့ မင်းအပေါ်မှာ လူချင်းစာနာတဲ့စိတ်နဲ့ ချက်ချင်းနှင်ထုတ်မပစ်ခဲ့မိတာ အခုတော့ မင်းဒီလိုပြောလာတော့ ကျုပ်က အကြောင်းပြရလိမ့်မယ်"

"ရှင်တကယ်မလုပ်ရဲပါဘူး"

"လုပ်ရဲတယ် မလုပ်ရဲတယ်ပြရမလား"

www.burmeseclassic.com

ထိုအခါမှ ထိပ်တင်ဆွေ၏စိတ်တွင် ဖေတင်သည် တကယ်ပင် ရှင်းပါတောအတိုင်းလုပ်မည် အမှန်ဖြစ်သည်ကိုတွေးမိကာ "ကျွန်မစကားကျွန်မပြန်ပြီး. . ကျွန်မရုပ်သိမ်းပါတယ်၊ ကျွန်မတမင်ပြောချင်လို့ ပြောရတာမှဟုတ်ပါဘူး၊ တကယ်လို့ ကျွန်မဒီည ဒီမှာအိပ်ရမှာဖြစ်နေရင် စိတ်ချရပါမလားဆိုတာသိရအောင် ရှင့်စိတ်ခိုင် မခိုင်သိချင်လို့ စမ်းကြည့်တဲ့သဘောနဲ့ တမင်ပြောနေတာပါရှင်၊ ရှင်ဟာ . . တကယ့်ကို မိန်းမမုန်းတဲ့လူမဲနော်"ဟု ဆိုလေ၏။

"မင်း ကျုပ်ကို စိတ်ချတယ်ဆိုတာသိရတာ ကျုပ်ဟာ သူတော်ကောင်းတစ်ယောက်ဖြစ်ပါတယ်လို့ ထောက်ခံရာရောက်တဲ့အတွက် ဝမ်းသာမိတယ်"

"ဟုတ်ကဲ့၊ အဲဒီအတွက် မနက်ကျရင် ကျွန်မဘယ်အချိန်လာပြီး နှိုးရမလဲ"

ဖေတင်သည် ထိပ်တင်ဆွေ၏ လေသံကို မနှစ်သက်သကဲ့သို့ မျက်စောင်းထိုးစိုက်၍ကြည့်နေပြီးမှ "စကားကိုကောင်းကောင်းပြောပါ၊ အခုဖြစ်နေတဲ့ကိစ္စကြီးဟာ ပေါ့ပေါ့ဆဆနဲ့ နေကြလို့မဖြစ်နိုင်ဘူး၊ နက်နက်နဲနဲ စဉ်းစားဖို့လိုနေတယ်"ဟု ဆိုလိုက်လေ၏။

"ဟုတ်ကဲ့၊ ဒီကိစ္စကို မနက်ဖြန်ကျမှပဲ စဉ်းစားကြတာပေါ့၊ ဒီညအဖို့ ရှင်နဲ့ကျွန်မ ပူးတွဲကော်မီတီအစည်းအဝေးခေါ်နေဖို့ အချိန်မရှိဘူး၊ အခု ဆယ်နာရီ ထိုးနေပြီ၊ ကျွန်မ ဒီမှာပဲအိပ်ရလိမ့်မယ်"

ဖေတင်သည် ဆေးတံကို မီးညှိသောက်ပြီးနောက် "မင်းအိပ်တာကတော့ ဟုတ်ပြီ၊ ဒါပေမဲ့ ဒီအိမ်ဟာ ဧည့်သည်များ တည်းခိုရန်ဆိုတဲ့ အိမ်မျိုးမဟုတ်တဲ့အတွက် ဒီအိမ်မှာကျုပ်အိပ်တဲ့ ခုတင်တစ်လုံးပဲရှိတယ်၊



ဒီခုတင်ပေါ် မင်းအိပ်လို့တော့ မဖြစ်နိုင်ဘူး"ဟု ပြောလေ၏။

"မစောပြောတာ မှန်တယ်"ဟု ထိပ်တင်ဆွေက ဆိုလိုက်လေ၏။

"ဘာဖြစ်တယ်"ဟု ဖေတင်က နားမလည်သကဲ့သို့ ပြန်၍ မေးလေ၏။ "ကျွန်မနဲ့ရှင် တစ်ခုတင်တည်းအိပ်လို့မဖြစ်နိုင်ဘူးဆိုတာ ပြောတာပါ"

"နောက်ပြီးတော့ မွေ့ရာ၊ စောင်၊ ခေါင်းအုံးဆိုတာလည်း အပိုမရှိဘူး"

"ဒီလိုဆိုရင်လည်း မျှမျှတတရှိအောင် ကျွန်မကို မွေ့ရာနဲ့ခေါင်းအုံးပေး၊ ရှင်က ခုတင်နဲ့စောင်ကိုယူပါလား၊ တစ်ယောက်တစ်ဝက်စီပေါ့"

ဖေတင်သည် ထိုအကြံကို မနှစ်သက်သည့် အမူအရာပြလျက် "ဒီခုတင်မှာ မင်းနဲ့ကျုပ် တစ်ယောက်ယောက်ပဲအိပ်ရလိမ့်မယ်"ဟု ပြောလေ၏။

"ဒါဖြစ်ရင် မျောက်ပန်းလှန်ပါလား၊ ကျွန်မက မျောက်"

ဖေတင်သည် ထိုစကားကိုမကြားသကဲ့သို့ အခြားစဉ်းစားတွေးတောခြင်း ပြုလုပ်၍နေလေ၏၊ အကယ်၍သာ ဖေတင်သည် မိန်းမကို မုန်းတီးသောစိတ်နှင့် ဤအရပ်သို့ ရောက်ရှိလာသူတစ်ယောက် မဟုတ်ခဲ့ပါမူ ထိပ်တင်ဆွေအား အားနွဲ့သော မိန်းမသားတစ်ယောက်ဖြစ်သည်ဟူသော ငဲ့ညှာသည့်စိတ်ဖြင့် မိမိ၏အခန်းကိုပေး၍ မိမိမူ အခြားတော်ရာအရပ်တွင် သွားရောက်အိပ်နေမည် ဖြစ်လေ၏။ သို့ရာတွင် သူသည် မိန်းမကို မုန်းတီးလိုသောစိတ်နှင့် ရောက်ရှိလာသူတစ်ယောက်ဖြစ်သည့်အတွက် ထိပ်တင်ဆွေအား ပါစားမပေးလိုဘဲရှိမိလေ၏။ သို့ရာတွင် တစ်ချက်တစ်ချက် မိန်းမမုန်းတီးသောစိတ်သည် မေ့ပျောက်နေပြီးလျှင် လူစိတ်

www.burmeseclassic.com

www.burmeseclassic.com



ဒီခုတင်ပေါ် မင်းအိပ်လို့တော့ မဖြစ်နိုင်ဘူး”ဟု ပြောလေ၏၊

“မစောပြောတာ မှန်တယ်”ဟု ထိပ်တင်ဆွေက ဆိုလိုက်လေ၏၊

“ဘာဖြစ်တယ်”ဟု ဖေတင်က နားမလည်သကဲ့သို့ ပြန်၍ မေးလေ၏၊ “ကျွန်မနဲ့ရှင် တစ်ခုတင်တည်းအိပ်လို့မဖြစ်နိုင်ဘူးဆိုတာ ပြောတာပါ”

“နောက်ပြီးတော့ မွေ့ရာ၊ စောင်၊ ခေါင်းအုံးဆိုတာလည်း အပိုမရှိဘူး”

“ဒီလိုဆိုရင်လည်း မျှမျှတတရှိအောင် ကျွန်မကို မွေ့ရာနဲ့ခေါင်းအုံးပေး၊ ရှင်က ခုတင်နဲ့စောင်ကိုယူပါလား၊ တစ်ယောက်တစ်ဝက်စီပေါ့”

ဖေတင်သည် ထိုအကြံကို မနှစ်သက်သည့် အမူအရာပြလျက် “ဒီခုတင်မှာ မင်းနဲ့ကျုပ် တစ်ယောက်ယောက်ပဲအိပ်ရလိမ့်မယ်”ဟု ပြောလေ၏၊

“ဒါဖြစ်ရင် မျောက်ပန်းလှန်ပါလား၊ ကျွန်မက မျောက်”

ဖေတင်သည် ထိုစကားကိုမကြားသကဲ့သို့ အခြားစဉ်းစားတွေးတောခြင်း ပြုလုပ်၍နေလေ၏၊ အကယ်၍သာ ဖေတင်သည် မိန်းမကို မုန်းတီးသောစိတ်နှင့် ဤအရပ်သို့ ရောက်ရှိလာသူတစ်ယောက် မဟုတ်ခဲ့ပါမူ ထိပ်တင်ဆွေအား အားနွဲ့သော မိန်းမသားတစ်ယောက်ဖြစ်သည်ဟူသော ငဲ့ညှာသည့်စိတ်ဖြင့် မိမိ၏အခန်းကိုပေး၍ မိမိမူ အခြားတော်ရာအရပ်တွင် သွားရောက်အိပ်နေမည် ဖြစ်လေ၏၊ သို့ရာတွင် သူသည် မိန်းမကို မုန်းတီးလိုသောစိတ်နှင့် ရောက်ရှိလာသူတစ်ယောက်ဖြစ်သည့်အတွက် ထိပ်တင်ဆွေအား ပါစားမပေးလိုဘဲရှိမိလေ၏၊ သို့ရာတွင် တစ်ချက်တစ်ချက် မိန်းမမုန်းတီးသောစိတ်သည် မေ့ပျောက်နေပြီးလျှင် လူစိတ်

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာမိလေ၏။ ထို့နောက် ထိုစိတ်ကိုချက်ချင်းတင်းထားပြန်လေတော့၏။

"ဒီလိုလုပ်။ကျုပ်အခန်းထဲမှာ ကြိမ်ပက်လက်ကုလားထိုင်ကြီးတစ်ခုရှိတယ်။ နည်းနည်းတော့ ယိုင်နဲ့နေပြီ။ ဒါပေမဲ့ လူတစ်ယောက်အိပ်လို့တော့ ကောင်းကောင်းရတယ်။ အဲဒါကို အပြင်ထုတ်ယူလာခဲ့။ ဆွဲထုတ်ရင်း မပြုတ်သွားလို့ရှိရင်လည်း ကောင်းကောင်းအိပ်ရမှာပဲ။ ပြုတ်တာတွေ ပြုတ်လို့ရှိရင်လည်း ကျန်တဲ့အပေါ်မှာ ကြိမ်ဖန်အိပ်တာပေါ့။ ခီလမ်းပဲရှိတယ်"

"ဘယ်လိုပဲဖြစ်ဖြစ်လေ အိပ်ရရင်ပြီးတာပါပဲ။ ဒါထက် ကျွန်မဖို့ အိပ်ရာထဲမှာအိပ်ဖို့ အဝတ်အစားပေးနိုင်ဦးမလား"

"အဝတ်အစားတော့ဖြင့် မပေးနိုင်ဘူး။ ပေးစရာလည်းမရှိဘူး"

"ဒါဖြင့်ရင် ရှင်ဘယ်အချိန် အိပ်ရာဝင်သလဲ။ ရှင်အရင် အိပ်ရာဝင်ပြီးမှ ကျွန်မအိပ်မှ ဖြစ်လိမ့်မယ်။ ရှင်အိပ်ရာမဝင်ခင် ကျွန်မ မအိပ်ရဲဘူး"

"ကျုပ် ၁၀နာရီအိပ်တယ်"

"အခုပဲ ၁၀နာရီထိုးနေပြီ"

"ဒါဖြင့် ကျုပ်အခန်းထဲက ကုလားထိုင်ထုတ်ဦးမှဖြစ်မယ်"

ထိုသို့ပြောဆိုပြီး ဖေတင်၏ အခန်းတွင်း၌ရှိနေသည့် ပက်လက်ကုလားထိုင်ကြီးကို နှစ်ယောက်သား ဆွဲထုတ်ကြလေ၏။ ကုလားထိုင်ကြီးမှာ များစွာမခိုင်လှသော်လည်း လေးလံသည့်အရာဖြစ်နေသောကြောင့် ရွှေတိုးနောက်ငင်နှင့် မနိုင့်တနိုင်သယ်ယူကြရရာ အပြင်ဘက်သို့ရောက်လာသောအခါတွင် ကုလားထိုင်မှာ သာခွေယိုင်ဖြစ်၍နေလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဖေတင်မှာ ကုလားထိုင်ကိုကြည့်၍ စိတ်မချမ်းမသာဖြစ်၍နေမိပြီးလျှင် "ဒီလိုတော့ဖြင့် မဖြစ်ပါဘူး၊ မင်း. . . ကျုပ်အခန်းထဲမှာဘဲ အိပ်တော့၊ ကျုပ်ဒီမှာပဲ အိပ်တော့မယ်"ဟု ဆိုလေ၏။

ထိပ်တင်ဆွေသည် ဖေတင် စိတ်ကောင်းဝင်၍လာသည်ကို ကြိတ်၍ ပြုံးမိလျက် "ကျေးဇူးတင်ပါတယ်ရှင်၊ ဒါပေမဲ့ ကျွန်မ ဒီမှာပဲ အိပ်တော့မယ် တကယ်လို့ ဝုန်းခနဲ ကုလားထိုင်ပြိုကျရင် ကျွန်မကို ဆွဲထူရအောင်သာ ပြေးလာခဲ့ပါ"ဟုပြောပြီးနောက် "ကျွန်မ ရှင့်အိပ်ရာ ပြင်လိုက်ရမလား"ဟု မေးလေ၏။

"ကျုပ် အိပ်ရာကို မိန်းမဝင်ပြီး ပြုပြင်တာ မကြိုက်ဘူး၊ ဒါပေမဲ့" ဟုဆိုပြီးမှ "မင်းသဘောပဲ"ဟု ပြောလိုက်လေ၏။

ထိပ်တင်ဆွေသည် ဖေတင်၏ အခန်းထဲသို့ဝင်၍သွားပြီးနောက် အတန်ကြာသောအခါ ပြန်၍ထွက်လာပြီးလျှင် "အိပ်ရာပြင်ပြီး ကျွန်မ ဘာလုပ်ရဦးမလဲ"ဟု မေးလေ၏၊ "ဒီညအဖို့တော့ ဘာမှလုပ်စရာမရှိတော့ဘူး၊ မနက်ကျရင် ခြောက်နာရီလောက်နှိုးပါ၊ ကျုပ် ဒီအချိန်လမ်းလျှောက်ထွက်တတ်တယ်၊ ခုနစ်နာရီလောက် ပြန်လာပြီး လက်ဖက်ရည် သောက်တယ်"ဟု ပြောပြီးလျှင် "ကဲ ကျုပ်အိပ်တော့မယ်၊ မင်းလည်း အိပ်ပေတော့"ဟုဆို၍ အခန်းတွင်းသို့ဝင်၍သွားလေ၏။

ဖေတင်မှာ ထိုအိမ်သို့ ရောက်သည့်နေ့မှစ၍ ဘယ်အခါကမှ သန့်သန့်ပြန့်ပြန့် အိပ်ခဲ့ရသည် မရှိခဲ့ရာ၊ ယခု အခန်းထဲသို့ရောက်ရှိပြီး သန့်ပြန့်သပ်ရပ်စွာ ပြုပြင်ခင်းကျင်းထားသောအိပ်ရာကို တွေ့မြင်ရသည့် အတွက် စိတ်ထဲတွင်ပျော်ရွှင်သကဲ့သို့ဖြစ်သွားလေ၏၊ ထို့နောက် ခုတင် ပေါ်သို့တက်ရောက်ပြီး အိပ်လိုက်သောအခါ ယခင်တုန်းကမှ လျှောက်တုံး

www.burmeseclassic.com



ကျောက်ခဲများပေါ်တွင် အိပ်ရသကဲ့သို့သော ဆင်းရဲဒုက္ခကိုမတွေ့ရဘဲ အဖန်တစ်ရာဖတ်သော ဝါဂွမ်းပုံကြီးပေါ်တွင်အိပ်ရသည့်အလား မကြုံဖူးသော ချမ်းသာသုခကို တွေ့ရလေ၏။

ထိုအခိုက်တွင် အပြင်မှမီးမှုတ်လိုက်သည့် အသံကိုကြားရပြီးနောက် တစ်ခန်းလုံးမည်းမှောင်၍သွားသည်ကို တွေ့ရပြီးလျှင် အခန်းဆီသို့ လျှောက်၍လာသော ခြေသံကိုကြားရလေ၏။

ထိုခြေသံမှာ ထိပ်တင်ဆွေ၏ ခြေသံဖြစ်သည်ကို သိရှိရသည့်အလျောက် ဖေတင်၏စိတ်ထဲတွင် ထိပ်တင်ဆွေသည် မိမိအား တစ်စုံတစ်ရာ ကြံစည်လိုသဖြင့် အခန်းထဲသို့ ဝင်လာရန် ရည်ရွယ်လေသလောဟု တွေး တောစိုးရိမ်ကာ ရင်ထဲတွင် တဒိတ်ဒိတ်ဖြစ်နေမိလေ၏။ သို့ဖြစ်၍ ဖေတင် သည် ခုတင်ပေါ်တွင်ငုတ်တုတ်ထ၍ထိုင်ပြီး စောင့်စားနေမိစဉ် လျှောက်လာသောခြေသံ အခန်းဝသို့ ရောက်သည်နှင့်တစ်ပြိုင်နက် တံခါးကိုအပြင်ဘက်မှနေ၍ ပိတ်လိုက်သည့်အသံကို ကြားရလေ၏။ ထိုအခါမှ ဖေတင် သည် ထိပ်တင်ဆွေအား မိမိစိုးရိမ်မိသည်ထက် မိမိအား ထိပ်တင်ဆွေ စိုးရိမ်သဖြင့် တံခါးကိုအပြင်ကပိတ်ထား လိုက်ခြင်းဖြစ်ကြောင်းကိုသိရှိကာ ထိပ်တင်ဆွေ မိမိ၏အိမ်ပေါ်သို့ ရောက်လာသည့်အချိန်မှစ၍ ယခုအထိ ပထမဆုံးပြုံးခြင်းဖြင့် ပြုံးရယ်မိကာ အိပ်ရာပေါ်သို့ စိတ်ချမ်းသာစွာ လှဲချလိုက်လေ၏။

နောက်နေ့နံနက်တွင် ဖေတင်သည် အိပ်ရာမှ ကြည်ကြည်လင်လင် နိုး၍လာလေ၏။ ပြတင်းပေါက်မှ ထိုးဝင်လျက်ရှိသော ကြည်လင်အေးချမ်းသည့် နေရောင်ခြည်များနှင့် လေပြည်လေညှင်းသည် ဖေတင်အား ကောင်းစွာအင်အားပြည့်ဖြိုးစေလျက် မိမိရောက်ရှိလာသည့် အရပ်

www.burmeseclassic.com



ဒေသမှာ ကျိုက္ခမီပင်လယ်ကမ်းခြေမဟုတ်ပဲ အနော်မာသောင်ကမ်းဖြစ်၍နေလေသလောဟု အောက်မေ့မိစေလေတော့၏။

ဖေတင်သည် အားရစွာလက်နှစ်ဖက်ဆန့်တန်း၍ သန်းဝေလိုက်ပြီးနောက် မျက်နှာသုတ်ပဝါကိုဆွဲ၍ လည်ပင်းတွင်ပတ်ပြီး တံခါးဆီသို့သွား၍ တွန်းဖွင့်လိုက်လေ၏။ တံခါးမှာပွင့်၍မသွားဘဲ အပြင်ကပိတ်ထားသည်ကို တွေ့ရလေ၏၊ ထိုအခါမှ ယမန်နေ့ညကအဖြစ်အပျက်တို ပြန်၍သတိရရှိကာ မိမိ၏အိမ်ထဲတွင် မိန်းမတစ်ယောက်ရှိနေခြင်းကို အမှတ်ရလေ၏။

ထိုနောက်တစ်ဖန် ထိုမိန်းမအား နံနက်၆နာရီတွင် မိမိအားနှိုးရန် အမိန့်ပေးထားသည်ကိုသတိရသဖြင့် ဘာကြောင့်လာမနှိုးပါသေးသလဲ တွေးကြည့်လေ၏။ ထိုသို့တွေးကြည့်ရာတွင် ထိုမိန်းကလေးမှာ သူတစ်ပါးအား လုပ်ကိုင်ကျွေးမွေးသည့် အစားထဲကမဟုတ်၊ သူတစ်ပါး၏အလုပ်အကျွေးခံ၍ စားသည့်အထဲကဖြစ်မည်၊ သို့ဖြစ်၍ ဤအချိန်တွင်အိပ်လျက်ပင် ရှိနေလိမ့်ဦးမည်ဟုတွေးမိကာ အခန်းထဲရှိအပေါက်တလေးတစ်ခုမှ အပြင်သို့ချောင်းကြည့်လိုက်လေ၏။ ထိုသို့ကြည့်ရာတွင် ညကပြုလုပ်ပေးထားသည့် အိပ်ရာပေါ်တွင် ၎င်းအားမတွေ့ရသည့်ပြင် အိပ်ရာမှာ လူအိပ်သွားသည့် အိပ်ရာမျိုးနှင့်မတူဘဲရှိသောကြောင့် ညကအိပ်မှအိပ်ရဲ့လားဟု၍ပင် ဝေခွဲ၍မရနိုင်သလိုရှိမိလေ၏၊ အကယ်၍ မအိပ်လျှင် ညကပင်ထွက်သွားလေပြီလား၊ သူ့သဘောနှင့်သူ ထွက်သွားလျှင် မိမိအဖို့ အေးတော့သည်ဟု တွေးတောဝမ်းမြောက်စရာ ရှိသော်လည်း အကယ်၍ ထိပ်တင်ဆွေမရှိခဲ့လျှင် အပြင်သို့ မိမိ မည်သို့လုပ်၍ထွက်ရပါမည်နည်းဟု အကြံရခက်နေပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်တွင် အပြင်မှအခန်းတံခါးဖွင့်သံ ကြားရပြီးနောက်အခန်းတံခါးကိုခေါက်ကာ "မြန်မာစံတော်ချိန် ခြောက်နာရီတိတိရှိပါပြီရှင့်"ဟူသောကြေညာသံကို ကြားရလေ၏။

ထိုအခါမှ ဖေတင်သည် ခြောက်နာရီမထိုးမီက မိမိနိုး၍နေကာ ထိပ်တင်ဆွေ၏ အချိန်မှန်ကန်စွာ အလုပ်လုပ်ခြင်းကို သိရှိရလေ၏၊ သို့ရာတွင် ထိုသို့အလုပ်ဝတ္တရားကျေပွန်ခြင်းကို ချီးမွမ်းလိုသောစိတ် ဖယ်ရှားပစ်လိုက်ကာ တံခါးကိုဖွင့်၍ အပြင်သို့ထွက်ခဲ့လေ၏။

ထိပ်တင်ဆွေမှာ ယမန်နေ့က ဝတ်ထားသည့် အဝတ်အစားအတိုင်းမင်ရှိသည်ကိုတွေ့ရလေ၏။ သို့ရာတွင် ၎င်း၏မျက်နှာမှာ ကြည်လင်ဝင်းပလျက် အသွေးအသား တက်ကြွနေသည်ပြင် ကပိုကရိုဖြစ်နေသောဆံပင်ကလေးများမှာ တမင်ဖွ၍ထားသည့်ထက် နဂိုသဘာဝကျနစွာ နှစ်သက်စရာ ကောင်းလှသည်ကို တွေ့ရလေ၏။

"မျက်နှာသစ်ရေနဲ့ သွားပွတ်တံ၊ ဆပ်ပြာအစုံအလင် အဆင်သင့်လုပ်ထားပြီးပါပြီ"

ဖေတင်သည် ဘာမျှပြန်၍မပြောဘဲ မျက်နှာသစ်ရန်ထွက်၍သွားလေ၏။ ထိပ်တင်ဆွေသည် မိမိ၏ဝတ္တရားအတိုင်း ပြောဆိုပြီး၍ မိမိလုပ်ရန်ရှိသည့်အလုပ်ကို လုပ်ကိုင်ရန်အတွက် မီးဖိုဆောင်သို့ဝင်၍သွားလေ၏။

ထို့နောက် ဖေတင်သည် မျက်နှာသစ်၍ မိမိအခန်းထဲသို့ပြန်လည် ရောက်ရှိလာကာ လမ်းလျှောက်ရန်အတွက် အဝတ်အစားလဲလှယ်ရာတွင် မီးဖိုဆောင်ဆီက ပန်းကန်ခွက်ယောက်သံများနှင့်အတူ ထွက်လာသောကော်ဖီနံ့ကိုရရှိလေရာ လမ်းလျှောက်ပြန်လာလျှင် အရသာကောင်း

www.burmeseclassic.com

www.burmeseclassic.com



စွာခံစားရမည်ကို တွေး၍နှစ်သိမ့်ကျေနပ်မိလေ၏။ သို့ဖြစ်ရကား ဖေတင်သည် လမ်းလျှောက်ရန်သာမကဘဲ ပင်လယ်တွင်ဆင်း၍ရေချိုးရန်ပါ စိတ်ကူးလျက် ပြန်လာလျှင် ကျကျနနစားသောက်မည်ဟုနှလုံးပြုကာ ရေချိုးရန်အဝတ်အစားများပါယူ၍ ထွက်သွားလေ၏။

ဖေတင်သည် ထိုနေ့ရေချိုးရေကူးရသည်မှာ ခါတိုင်းထက်ပင် ပျော်ရွှင်စရာ စိတ်ကြည်နူးစရာ ကောင်းလှသည်ကိုတွေ့ရသဖြင့် ကြာရှည်စွာရေထဲ၌နေလိုသော်လည်း အိမ်ကမထွက်မီရရှိခဲ့သော ကော်ဖီနံ့ကလေးကို သတိရ၍နေသဖြင့် ခပ်မြန်မြန်ပင် ကုန်းပေါ်သို့တက်၍ လာခဲ့လေ၏။

ထိုသို့ပြန်၍လာခဲ့ရာတွင် အိမ်အဝင်ဝ၌ရပ်၍စောင့်မျှော်နေသော ထိပ်တင်ဆွေကို တွေ့မြင်ရသဖြင့် မကျေနပ်သောမျက်နှာထားဖြင့် "မင်းဘာပြုလို့ အိမ်ရှေ့ထွက်ပြီးမျှော်နေတာလဲ တခြားလူတွေမြင်သွားရင် မင်းကိုကျုပ်နဲ့ တစ်မျိုးတစ်မည်ထင်မနေကြပေဘူးလား"ဟု မေးလိုက်လေ၏။

"ကျွန်မ မျက်နှာကလေးကို မြင်လိုက်ရရင် ရေကူးလာခဲ့ရတာ အမောပြေသွားမလားလို့ပါရှင်"ဟု ခနိုးခနဲ့ပြောကာ ဖေတင်၏နောက်မှ လိုက်၍သွားလေ၏။

အခန်းထဲသို့ရောက်သောအခါ ဖေတင်သည် ရှေးဦးစွာ စားပွဲဆီသို့လှမ်း၍ကြည့်လိုက်လေ၏။ စားပွဲပေါ်တွင် ကော်ဖီပြင်ထားသည်ကို မတွေ့ရချေ။

"ကော်ဖီဘာလုပ်ဖို့ အခုထက်ထိပြင်မထားသေးသလဲ"

ထိပ်တင်ဆွေသည် ဘာမျှပြန်မပြောဘဲ နံရံတစ်ဖက်ကို လက်ညှိုးထိုး၍ပြလိုက်သဖြင့် ဖေတင်သည် ညွှန်ပြရာသို့ကြည့်လိုက်ရာ ထိုနေရာ

www.burmeseclassic.com

www.burmeseclassic.com



တွင်နာရီကို တွေမြင်ရပြီး ၇-နာရီ မထိုးသေးသည်ကို တွေ့မြင်ရလေ၏။

"ကျွန်မကို မှာထားတာ ၇-နာရီဆိုတဲ့အတွက် အချိန်လိုသေးလို့ စောင့်နေပါသေးတယ်"

ဖေတင်မှာ မိမိစကားနှင့်မိမိ ဖြစ်နေသောကြောင့် ဘာမျှမပြောသာဘဲ ဆာဆာနှင့်ကြိတ်၍ခံနေလိုက်ရကာ ၇-နာရီထိုးဖို့ရန်ကိုသာလျှင် စောင့်စားရရှာလေ၏။ ထိပ်တင်ဆွေမှာကား တည်ငြိမ်သည့်မျက်နှာအမူအရာဖြင့် ပြုံးပြုံးကလေးလုပ်၍ ထွက်သွားလေ၏။

ထို့နောက် ထိပ်တင်ဆွေပြန်၍ထွက်လာသောအခါ ကော်ဖီနှင့်တကွ စားသောက်စရာများ ပါ၍လာသည်ကို တွေ့ရပြီးလျှင် ၇-နာရီထိုးသံကို ကြားရလေ၏။ ထိုအခါမှ ဖေတင်၏စိတ်ထဲတွင် ထိပ်တင်ဆွေ၏အချိန်ရှိသေခြင်းကို များစွာအံ့ဩမိလေ၏။ သို့ရာတွင် တကယ်ရှိသေလို၍မဟုတ်ဘဲ တမင်ဘောက်လုပ်၍နေခြင်းလော။ သို့မဟုတ် ၎င်းအပေါ်တွင် အထင်အမြင်ကြီးအောင် ဖန်တီးနေခြင်းလောဟူ၍လည်း သံသယမကင်းဘဲ ရှိလေ၏။

ဖေတင်မှာ ဆာ၍နေသဖြင့် ဟန်လုပ်၍မနေတော့ဘဲ ပြင်ဆင်ထားသော ကော်ဖီကိုသောက်ကာ မုန့်များကိုမြိန်ရှက်စွာစားလေ၏။ ထိုသို့စားသောက်ရာတွင် နေ့စဉ်နံနက်တိုင်း မိမိ စားသောက်ရသည်နှင့် မတူသည်ကိုတွေ့ရှိရကာ အမြဲပင်ထိုသို့စိတ်အေးချမ်းသာယာစွာ စားသောက်နေရလျှင်ကောင်းမည်ဟု တွေးမိလေ၏။ သို့ရာတွင် ထိုသို့ စားသောက်လိုသည့်အတွက်ကြောင့် မိန်းမပျိုတစ်ယောက်အား အိမ်ပေါ်တွင် ခေါ်မထားနိုင်သည်ကို နှလုံးပြုမိ၏။

ထိုအခါမှ ယမန်နေ့ညက ဘိုးတုတ်အား လွှတ်လိုက်သည်ကို

www.burmeseclassic.com

www.burmeseclassic.com



သတိရမိကာ "ဒီအချိန်ကျလို့မှ ညကလူ ပြန်ပြီးရောက်မလာရင် မလာတော့ဘူးလို့ ထင်တာပဲ"ဟု ပြောလိုက်လေ၏။

"သူမလာလို့ရှိရင်လည်း ကျွန်မဒီမှာအမြဲနေရတော့မလိုလိုဖြစ်နေတာပေါ့"

"ဒါတော့ ဘယ်နည်းနဲ့မှမဖြစ်ဘူး။ မင်းဖို့အဝတ်အစားကို ကျုပ်ကိုယ်တိုင်သွားပြီးဝယ်မှာပဲ"

"ဒီလိုဆိုရင် အင်္ဂလိပ်အိမ်တွေမှာ အစေခံမိန်းကလေးတွေ ဝတ်ရတဲ့ ခါးစည်းတဲ့အဝတ်နဲ့ ခေါင်းစည်းတစ်ခုပါ ဝယ်ခဲ့ပါ"

"ဘာလုပ်ဖို့လဲ"

"ကျွန်မဝတ်ဖို့ပေါ့။ ရှင့်အိမ်မှာ ထမင်းချက်ပြုတ်ကျွေးတဲ့ မိန်းကလေးတစ်ယောက်လိုနေတယ်။ မရှိလို့မဖြစ်ဘူး။ အဲဒီ လစ်လပ်တဲ့နေရာမှာ ကျွန်မဝင်ပြီး လုပ်မလို့ဘဲ"

ဖေတင်သည် ခေါင်းကိုခါယမ်းလျက် "ဒီအလုပ်နဲ့ မင်းနဲ့တော်မယ်လို့ ထင်သလား"ဟု မေးလိုက်လေ၏။

"ကျွန်မလုပ်တာကိုင်တာ မြင်ရပြီမဟုတ်လား။ ကျွန်မချက်ပြုတ်ကျွေးမွေးတဲ့ အစားအစာကိုလည်း ရှင်စားရပြီးပြီ။ တခြားလူဆီကထောက်ခံချက်လိုနေဦးတော့မလား။ ကျွန်မဟာ အလုပ်ကိုမတွက်မကပ်လုပ်တယ်။ အချိန်လည်းမှန်တယ်။ အလုပ်လည်းနားလည်တယ်။ ဘာလိုသေးသလဲ။ ကျွန်မအလုပ်အတွက် လခပေးဖို့လည်းမလိုဘူး။ ကျွန်မကို ဒီမှာကျွေးပြီးထားရုံပါပဲ"

"အဲဒီလို မထားနိုင်လို့ မင်းနဲ့မတော်ဘူး ပြောတာပေါ့။ ပထမတစ်ချက်က ကျုပ်ဟာ မိန်းမမုန်းတဲ့လူဖြစ်တယ်။ ဒုတိယတစ်ချက်က ဒီ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးထဲမှာ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်တည်းဘဲရှိနေကြတယ်။ အဲဒါကို တခြားလူတွေတွေ့သွားရင် ဘယ်လိုပြောကြမလဲ"

"ဘယ်လိုပဲပြောပြော ကျွန်မအရေးမထားပါဘူး၊ ကျွန်မအရေးမထားသလောက် ရှင်လည်းအရေးထားနေဖို့လိုသေးသလား"

"မင်းမိဘများကကော ဘာပြောမလဲ"

"ကျွန်မမှာ မိဘမရှိဘူး"

"ဒါဖြင့် မင်းဒီကိုရောက်လာတာ မိုးပေါ်က ကျလာတယ်လို့ အောက်မေ့ရမှာလား။ ဒါပေမဲ့ မင်းဘယ်ကပဲလာလာ လာတဲ့ဆီကို မင်းပြန်ရမှာပဲ၊ ဒီတော့ မင်းဘယ်ကိုသွားမလဲ ဆိုတာသာပြောပါ"

"ကျွန်မကို ဘယ်နေရာက တွေ့ခဲ့သလဲ"

"ကျောက်ဆောင်မှာ တွေ့ခဲ့တယ်"

"ဒီလိုဆိုရင်လဲ ကျွန်မပြန်သွားပြီး ရေနစ်သေရုံပဲရှိတယ်။ တခြားသွားစရာမရှိဘူး၊ ကျွန်မဒီမှာမနေနဲ့ဆိုရင် ရေသူမတွေနဲ့သွားပြီးပျော်တော့မယ်၊ ရှင်လည်း အဝတ်အစား သွားမဝယ်နဲ့တော့"

"မင်းက ဒီမှာမနေနေရအောင် ကျုပ်ကို အတင်းနသွားပယားလုပ်ချင်လို့မဖြစ်ဘူး။ မင်း ကျောက်ဆောင်ကို ရောက်မလာခင်က ဘယ်ကလာသလဲ၊ အဲဒီကိုပြန်ပေါ့"ဟု ဖေတင်က ဆိုလိုက်ပြီးနောက် "ကဲ သေသေချာချာ ပြောစမ်းပါ။ မင်းနာမယ် ဘယ်လိုခေါ်တယ်၊ မင်းဘယ်သူဖြစ်တယ်၊ ဘယ်ကလာတယ်ဆိုတာ ပြောစမ်းပါ"ဟု မေးလေ၏။

"ကျွန်မပြောပြီးပါပကော၊ ကျွန်မနာမယ် ထိပ်တင်ဆွေဒိုတာ"

"ဒါပေမဲ့ ကျုပ်မယုံနိုင်ဘူး"

"မယုံရင်လည်း မတတ်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘုမပြောနဲ့"

"ကျွန်မ မပြောပါဘူး၊ ရှင်သာ ဘောက်ပြောနေတာ"

ဖေတင်သည် စိတ်ဆိုး၍သွားလေ၏။ သို့ရာတွင် မည်သို့မျှ မိမိမလုပ်ကိုင်သာသဖြင့်ဖြစ်လာသောဒေါသ စိတ်ကို ကြိတ်မှိတ်ဖြေဖျောက်ပြီးလျှင် "ဘာပဲဖြစ်ဖြစ် မင်းတော့မနေရဘူး။ အပြင်ထွက်ကြည့်လိုက်စမ်း၊ ညကလူပြန်လာပြီလားလို့"ဟု အမိန့်ပေးလိုက်လေ၏။

ထိပ်တင်ဆွေသည် အိမ်ရှေ့သို့ထွက်ကာ ကမ်းစပ်ကိုမျှော်၍ကြည့်လိုက်လေ၏၊ ထိုသို့ကြည့်ရာတွင် ခပ်ဝေးဝေးမှလာနေသော လူနှစ်ယောက်၏သဏ္ဌာန်ကို တွေ့မြင်ရပြီးနောက် မည်သူမည်ဝါဖြစ်သည်ကို သိရှိကာ မျက်လုံးပြူးသွားလေ၏။

"လူမြင်သလား"

"မြင်"ဟု စကားထွက်သွားပြီးမှ "မမြင်ဘူး"ဟု ဖြေလိုက်လေ၏၊

ထိုသို့ဖြေလိုက်ပြီးသည်နှင့် တစ်ပြိုင်နက် ထိပ်တင်ဆွေမှာ မျက်နှာပျက်၍သွားကာ အိမ်ထဲသို့ ဝင်ပြေးမည်ကဲ့သို့ ဗျာဗျာသလဲ လှည့်၍လာလေ၏။

"နေပါဦး၊ ပြောစရာရှိသေး"

"နောက်တော့မှပြောပါ။ ကျွန်မနောက်ဖေးမှာ အလုပ်ရှိပါသေးတယ်"ဟု ပြောပြောဆိုဆို ထိပ်တင်ဆွေသည် အိမ်နောက်ဖေးသို့ သွက်လက်စွာဝင်၍သွားလေ၏၊

ဖေတင်မှာ ထိုသို့တွေ့လိုက်ရခြင်းကို စိတ်ထဲတွင်မသင်္ကာဖြစ်မိလျက် စဉ်းစားဝေခွဲ၍မရဘဲ တွေဝေ၍နေမိလေတော့၏။

ထိုအခိုက်တွင် "ဟုတ်တယ်။ ဒီအိမ်ထဲမှာပဲ ရှိမှာပဲ"ဟူသော

www.burmeseclassic.com

www.burmeseclassic.com



အသံတစ်ခုကို အပြင်မှကြားရလေ၏။

"မင်း သေချာရဲ့လား"

"ဒီနေရာနားမှာ ဒီတစ်အိမ်တည်းရှိနေတာ။ ဒီထက်သေချာ
ရမလား။ ဘိုးတုတ်ပြောတာလည်း ဒီအတိုင်းပြောလိုက်တာပဲ"

ထို့နောက် အသံများပျောက်သွားပြီးလျှင် ဖိနပ်သံများကိုသ
ကြားရပြီးနောက် အိမ်ထဲသို့ လူနှစ်ယောက်ဝင်လာသည်ကို တွေ့ရလေ၏
ဖေတင်သည် ထိုသူတို့အားအဝတ်အစားကိုကြည့်ရခြင်းအားဖြင့် ရာဇဝ
ဘက်မှလူများဖြစ်သည်ကို သိရှိရကား မိမိနှင့်ပတ်သက်၍ ဟုတ်မ
မထင်။ ထိပ်တင်ဆွေနှင့်သာ သက်ဆိုင်လိမ့်မည်ဟူ၍ တွေးမိက
"ဘာကိစ္စရှိလဲ"ဟု မေးလိုက်လေ၏။

"ကျွန်တော် ကျိုက္ခမိဌာနက ရာဇဝတ်အုပ်ပါပဲ။ ဒီမိတ်ဆွေ
ကျွန်တော့် လက်အောက် အမှုထမ်းတစ်ယောက် ဖြစ်တယ်"

"ဟုတ်ကဲ့ သိပါပြီ။ ကိစ္စကတော့"

"ကိစ္စကတော့. . မိန်းကလေးတစ်ယောက်ပျောက်သွားတဲ့အတွ

"ကျွန်တော့်အိမ်ဟာ လူပျောက်တိုင်ကြားတဲ့ ဌာနမဟုတ်ပါဘူ
နောက်ပြီး အမျိုးသမီးကယ်ဆယ်ရေးဌာနလည်း မဟုတ်ပါဘူး"

ရာဇဝတ်အုပ်သည် ဖေတင်အား လူ့ဂွစာတစ်ယောက်အ
နှင့် ကြည့်နေပြီးမှ "ကျုပ်တို့ လာတာဟာ ဒီအရပ်မှာ နာမည်ကြီးနေ
ကဇော် ဘိုးတုတ်ဆိုတဲ့ လူတစ်ယောက်ကို မနေ့ညက မူးယစ်နေ
တွက် ဖမ်းပြီးချုပ်ထားတယ်"ဟု ပြော၍မဆုံးမီ. . .

"ဘယ့်နှယ် ခုတင်ကတော့ မိန်းကလေးတစ်ယောက်ပျောက်
အခုတော့လည်း ကဇော်သမားတစ်ယောက်ချုပ်ထားလို့ အမျိုးမျိုးပါလာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘာလုပ်ပေးရမှာလည်း အာမခံပေးဖို့လား၊ ကဇော်ဘိုးတုတ်ဆိုတာလည်း ကျုပ်မသိဘူး။ ဆွေမျိုးလည်းမတော်ဘူး" ဟုဆိုလေ၏။

"ကျုပ်တို့ပြောတာ ဆုံးအောင်နားထောင်ပါဦး။မိန်းကလေးတစ်ယောက်ပျောက်သွားတဲ့အကြောင်း ကျုပ်တို့ဆီမှာ တိုင်ချက်တစ်ခုရတယ်။ ဒီနောက် မနေ့ညက ကဇော်ဘိုးတုတ် မူးမူးနဲ့တွေ့ကရာတွေလျှောက်ပြောတဲ့အခါ ဒီမှာမိန်းကလေးတစ်ယောက် ရှိနေတယ်လို့ဆိုတယ်"

ဖေတင်သည် အကျိုးအကြောင်းကို အတော်အတန် မြင်မိလေ၏။ ထိပ်တင်ဆွေကို စုံစမ်းရန်လာခြင်းဖြစ်သည်ကို တွေးမိလေ၏။ သို့ရာတွင် မည်သူမည်ဝါဟု မသိရသေးဘဲ ထိပ်တင်ဆွေဖြစ်သည်ဟူ၍ တစ်ထစ်ချ မစွပ်စွဲနိုင်သည့်ပြင် ထိပ်တင်ဆွေကို မကာကွယ်လိုသော်လည်း မိမိကိုယ်ကို ကာကွယ်လိုသည့်အတွက်မိမိအိမ်တွင် မိန်းကလေးတစ်ယောက်ရှိနေသည်ကို မသိစေလိုသဖြင့် "မိန်းကလေးဆိုတာ.. ကမ္ဘာပေါ်မှာ ကျုပ်တစ်အိမ်တည်းရှိတာမဟုတ်ဘူး။ ဘယ်လိုမိန်းကလေးလည်းဆိုတာ သေသေချာချာပြောစမ်းပါဦး"ဟု မေးလိုက်လေ၏။

ရာဇဝတ်အုပ်သည် မှတ်စုစာအုပ်ကို လှန်၍ကြည့်ပြီးလျှင်"မခင်ဝင်း၊ အသက်နှစ်ဆယ့်လေးနှစ်၊အရပ်ငါးပေနှစ်လက်မ၊ အသားဖြူဖြူ မျက်လုံးမျက်ခုံးကောင်းကောင်း။ အလုံးအထည်အနေတော်"ဟု လျှောက်၍ဖတ်နေလေရာ ဖေတင်က ရပ်လိုက်ရန်လက်ကာ၍ပြပြီးလျှင်"မခင်ဝင်းဆိုတာ ဒီအိမ်မှာမရှိဘူး"ဟု ပြောလိုက်လေ၏။

ရာဇဝတ်အုပ်သည် မေးစေ့ကိုပွတ်၍ စဉ်းစားနေပြီးနောက်"ဒီအိမ်မှာ မိန်းကလေးတစ်ယောက်မြင်ခဲ့ရတယ်လို့ ဘိုးတုတ်က ဆိုတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမိန်းကလေး ဘယ်မှာလဲ” ဟု မေးလေ၏။

“မရှိပါကလား။ ခင်ဗျားလူ မူးမူးရူးရူးနဲ့ သူမြင်မိတယ်လို့ စိတ်ထဲမှာထင်တာတွေ လျှောက်ပြောနေတာနဲ့တူတယ်။ ဒီလိုအရက်မူးတစ်ယောက်ပြောတဲ့စကားကို ကျွန်တော်က တာဝန်ခံနိုင်ပါမလား”

“ဒါဖြင့် ဒီမှာ ခင်ဗျားတစ်ယောက်တည်းပဲနေသလား”

“ဟုတ်တယ် ဒါပေမဲ့ အဖော်တစ်ယောက်လည်းရှိတယ်”

“ယောကျ်ားလား. . မိန်းမလား”

ဖေတင်မှာ အဖြေရခက်၍နေလေ၏။ မိန်းမဟုပြောလျှင် ဝင်၍ရှာနေတော့မည်မှာ မုချဖြစ်သည်ကိုတွေးမိရာ မိမိသိရှိရသော ထိပ်တင်ဆွေသည် အမှန်ပင်ထိပ်တင်ဆွေဖြစ်လျှင်တော်၏။ရင်းတို့ လာရောက်စုံစမ်းသော မခင်ဝင်းဆိုသူဖြစ်လျှင် မိမိပါ ထိုအရှုပ်အထွေးထဲတွင် ပါဝင်နေမည်ကို စိုးရိမ်မိပေ၏။ ထိုပြင်ယခု လာရောက်စုံစမ်းသည့် အရှုပ်အထွေးမှာ မည်သည့်အရှုပ်အထွေးဖြစ်သည်ကို မိမိမသိရသေးရာ မည်သည့်နည်းနှင့်မျှ မိမိစကားအလွန်မခံနိုင်ရှိပေ၏။ ယောကျ်ားအဖော်ဟု ပြောလိုက်၍ ယုံကြည်သွားလျှင်ကောင်း၏။ ထိုစကားနှင့်မပြီးဘဲ ရှာဖွေ၍ တွေ့ရှိသွားသောအခါ မိမိ၌ သာ၍အပြစ်လေးမည်ကို တွေးမိသဖြင့် အိုးတိုးအတလုပ်နေပြီးလျှင် မိမိအား မေးမြန်းလိုက်သည့်အမေးကို မကြားလိုက်ရသကဲ့သို့“ဗျာ” ဟု ပြန်ပြီးမေးလိုက်လေ၏။

ထိုအခါတွင် ရာဇဝတ်အုပ်နှင့်ပါလာသည့် အမှုထမ်းက“ဘာမှမေးနေဖို့မလိုဘူး မခင်ဝင်းအမှန်ပါပဲ။ အိမ်ထဲဝင်ပြီးရှာဖို့ ခွင့်တောင်းပြီး ရှာရုံရှိတာပဲ” ဟု ပြောလိုက်လေ၏။

“ခင်ဗျားတို့ကြည့်ချင်ကြသေးလို့လား” ဟု ဖေတင်ကမေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



လေ၏။

"တန့်ကွက်စရာ မရှိဘူးဆိုရင် ကြည့်ချင်ပါတယ်"

"မရှိပါဘူး" ဟူသောစကားမှတစ်ပါး ဖေတင်မှာ လွဲ၍မပြောနိုင်တော့ပေ။ ထိုအခိုက်တွင် နောက်ဖေးတံခါး ပွင့်၍လာကာ မျက်နှာတွင် ဆီချေးအိုးမည်းနှင့်တကွ တစ်ကိုယ်လုံးလည်း ညစ်ပတ်ပေကျံနေသူတစ်ယောက်ဝင်၍လာလေ၏။ ဖေတင်သည် ထိုသူကို မြင်လိုက်ရခြင်းအားဖြင့် အညာဆီသည်တစ်ယောက် မိမိအိမ်ထဲသို့ မည်ကဲ့သို့ရောက်၍နေသနည်းဟု တွေးတောမရသကဲ့သို့ရှိပြီး "ဟေ့ မင်းဘယ်သူလဲ" ဟု မေးလိုက်မည်ပြုပြီးမှ ထိုလူဝတ်လာသည့်မိမိ၏ ရေသနုတ်ပိုင်းအောက်မှ မပေါ်တပေါ်ထွက်နေသော ဘောင်းဘီစကိုတွေ့ရသည့်အတွက် ထိပ်တင်ဆွေရုပ်ဖျောက်ထားခြင်းဖြစ်သည်ကို သိရှိရလေ၏။

အင်စပိတ်တော်သည် ထိပ်တင်ဆွေအား မသိဖူးမမြင်ဖူးသူတစ်ယောက်ကိုတွေ့ရသကဲ့သို့ စိုက်ကြည့်နေကာ "ခင်ဗျားအဖော်ဆိုတာသူလား" ဟုမေးလိုက်လေ၏။

ဖေတင်သည် ခေါင်းကိုသာလျှင် ညိတ်ပြလိုက်လေ၏။

"သူ့နာမည် ဘယ်လိုခေါ်သလဲ"

ဖေတင်မှာထိပ်တင်ဆွေအား ရာဇဝတ်အုပ်၏စိတ်၌ ယောက်ျားဟု ထင်လေသလော၊ မိန်းမဟု ထင်လေသလောဟု တွေးတော၍ မသိနိုင်ရကား "ထိပ်တင်ဆွေ"ဟု ပြောလိုက်လျှင် မိန်းမဖြစ်သည်ကို သိသွားမည်စိုးရသည့်ပြင် ထိုအမည်နှင့် ယခုရုပ်နှင့်လုံးလုံးမသက်ဆိုင်သည်ကို စဉ်းစားမိသောကြောင့် အတန်ကြာတွေဝေနေပြီးမှ "ဘု. . "ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ" ဟု ရာဇဝတ်အုပ်က နားမလည်၍ မေးလေ၏။

"ဘု"

"ဘု" ဟု ရာဇဝတ်အုပ်က လိုက်၍ဆိုကာ မေးမြန်းခြင်း
ပြုလေ၏။

"ဟုတ်တယ်"

"ဘာဟုတ်တာလဲ။ ဘာဘုလဲ"

"သူ့နာမည်ကို ဘုလို့ခေါ်တယ်"

ထိုအခါမှ ရာဇဝတ်အုပ်မှာ အစိပ္ပာယ်ရှင်းသွားပြီး ရယ်
လေ၏။

"ခင်ဗျား . . နာမည်ကော"

"ဘောက်"

"ဗျာ"

"ဘောက်။ အဲဒါက ကျွန်တော့နာမည်ကို ပြောတာ"

ရာဇဝတ်အုပ်မှာ မည်ကဲ့သို့လူမျိုးများနှင့် မိမိတွေ့နေရသည်
စဉ်းစား၍မရသကဲ့သို့ တွေဝေနေပြီးမှ "သူ့ကို တဆိတ်မေးပါရစေ"
ဆိုလိုက်ရာ ဖေတင်က ထိပ်တင်ဆွေ၏အသံကို ကြားရလျှင် ယောက်
မိန်းမသိ၍သွားတော့မည်ဟု တွေးမိသဖြင့်"သူ စကားမပြောတတ်ဘူး
ဟု ဆိုလိုက်လေ၏။

ထိပ်တင်ဆွေမှာ မိမိအား"ဘု"ဟု အမည်မှည့်ခံရသည်
ဒေါသဖြစ်မိသည့်အထဲက စကားဆွံ့အနေသည်ဟု ထပ်မံပြောဆိုခြင်း
ကြားရ၍ ပိုပြီးဒေါပွမိသော်လည်း ရာဇဝတ်အုပ်များရှေ့တွင် ဖုံးဝှ
ထားသည့်အရာများ မပေါ်စေလိုသည့် အတွက်ကြောင့်သာလျှင်ငြိမ်သ

www.burmeseclassic.com

www.burmeseclassic.com



၍ နေလိုက်ရလေ၏။

ရာဇဝတ်အုပ်မှာ ဖေတင်၏အဖြေကြောင့် အကြံရခက်နေစဉ် ဖေတင်သည် ထိပ်တင်ဆွေဘက်သို့လှည့်ကာ "ဟေး အဘီး အဘူး ဘားဘား မားမားဝါး" ဟု လက်ဟန်ခြေဟန်ဖြင့် အအစကားပြော လိုက်ရာ၊ ထိပ်တင်ဆွေမှာလည်း ကွန့်မြူလုပ်လျက် "ဘူး ဝါး ဘား မားမား အားအီးအူး အဝူးအား" ဟု ဟန်ဖြင့်ပြန်၍ပြောလေ၏။

"အားဘဝါး ဘူးလား" ဟု ဖေတင်ကပြောလိုက်သည်တွင် ထိပ်တင်ဆွေသည် အိမ်ထဲသို့ပြန်၍ ဝင်သွားလေ၏။

ရာဇဝတ်အုပ်သည် ထိုစကားများ ကြားရသည်ကို စိတ်ဝင်စား မိသည့်အလျောက် "ဘာတွေပြောကြတာလဲ" ဟု မေးလိုက်လေ၏။

"ဘာလုပ်ဖို့ဝင်လာတာလဲလို့ ကျွန်တော်ကမေးလိုက်တယ်၊ သူက ထမင်းပြင်ရတော့မလားတဲ့။ မစားသေးဘူးလို့ ကျွန်တော်ကပြန်ပြော လိုက်တယ်"

"ဒီလိုတော့လည်း အဟုတ်သားပဲ" ဟု အင်စပိတ်တော်က ပြန်၍ ပြောကာ ပါးရိုးကို လက်ညှိုးအဖျားကလေးနှင့် ရိုက်၍စဉ်းစားနေလေ၏။

"ကဲ မြင်ရပြီမဟုတ်လား။ ခင်ဗျားတို့ရှာနေတာ သူပဲလား"

"သူတော့ ဟုတ်ပုံမရဘူး" ဟုဆို၍ ရာဇဝတ်အုပ်သည် မှတ်စု စာအုပ်ကြားကလေးထဲတွင်ညှပ်ထားသော ဓာတ်ပုံကားလေးတစ်ခုကို ထုတ်ပြကာ ကျိုက္ကမီကမ်းခြေတွင် အပျော်ရိုက်ကူးထားသော ရေကစား လာသူတို့၏ အလယ်မှ မိန်းကလေးတစ်ယောက်၏ ရုပ်ပုံကိုလက်ညှိုး ထောက်လျက် "သူပဲ" ဟု ပြောလေ၏။

ဖေတင်သည် ဓာတ်ပုံလေးကိုယူ၍ကြည့်လိုက်ရာ ဓာတ်ပုံမှာ

www.burmeseclassic.com

www.burmeseclassic.com



မရိုက်တတ်ရိုက်တတ်နှင့် ရိုက်ကူးထားသောပုံဖြစ်၍ လူများမှာ များစွာ ကွဲကွဲပြားပြားမရှိလှသည်ကို တွေ့ရသော်လည်း ရာဇဝတ်အုပ် လက်ညှိုး ထိုးပြသည့်ရုပ်ပုံမှာ ထိပ်တင်ဆွေပင် ဧကန်ဖြစ်နေသည်ကို သိရလေရာ ရှုတ်တရက်သော် မျက်လုံးပြူးသွားတော့မည်ပင်ရှိပြီးမှ မနည်းကြွေဆည် လျက် လူတစ်ကိုယ်လုံးချွေးပြန်ခါ အိုက်၍လာသဖြင့် ထိုဓာတ်ပုံကားက လေးနှင့်ပင် ယပ်ခတ်၍နေလိုက်မိလေတော့၏။

"ဒါထက် အမှုအကြောင်းလည်း ကျွန်တော်ဘာမှမသိရသေးပါ ဘူး"

"အကြောင်းကတော့ ကျိုက္ခမိကို အငြိမ်းစားဝန်ထောက်ကြီး ဦးလှဘော်နဲ့ သူ့ရဲ့ဇနီး မင်းဆွေမင်းမျိုးထဲက ထိပ်တင်ဆွေ"

"ခင်ဗျာ"

"ထိပ်တင်ဆွေ"

"ထိပ်တင်ဆွေ။"

"ဟုတ်တယ်။သူတို့ရေကစားရအောင်လာပြီးဘန်ဂလိုမှာ ခေတ္တ တည်းခိုနေတုန်းမှာ ထိပ်တင်ဆွေရဲ့အပါးတော်မြဲအဖြစ်မျိုးနဲ့ခိုင်းစေထား တဲ့ မခင်ဝင်းဆိုတဲ့မိန်းကလေးတစ်ယောက်ပျောက်သွားတယ်။အဲ့ဒါက တစ်မှု။နောက်ပြီးဒီမိန်းကလေးပျောက်သွားတာကိုသိရတဲ့အချိန်မှာ ထိပ် တင်ဆွေမင်းသမီးကြီးဝတ်တဲ့ ပုလဲလည်ဆွဲဟာလည်းပျောက်သွားတယ်၊ ဒါကတစ်မှု။နောက်ပြီးဒီပုလဲလည်ဆွဲကိုမခင်ဝင်းခိုးသွားတယ်ဆိုတာက တစ်မှု"

ဖေတင်မှာ ထိုစကားများကို ကြားရသဖြင့် ဦးခေါင်းထဲတွင် ဝေမှိုင်း၍သွားလေ၏။ မခင်ဝင်းသည် ထိပ်တင်ဆွေဟု ဆိုအား လိမ်လည်

www.burmeseclassic.com

www.burmeseclassic.com



နေခြင်းကိုသိရခြင်းသည် ဖေတင်အား ဒေါသလွန်စွာထွက်မိလေ၏။သို့ရာတွင် မိမိ၏ဒေါသထွက်ခြင်းကို ဤနေရာ၌ပြသလိုက်လျှင် မိမိတို့၏အကျိုးအကြောင်းများ တစ်ဖက်ကမ်း၊ တစ်ဖက်ကပေါ် ကုန်မည်ကို စိုးရိမ်ရသည့်အတွက် ငြိမ်သက်၍နေလိုက်ရလေ၏။

"ဓာတ်ပုံထဲမှာ ညာဘက်ကရပ်နေတာ ထိပ်တင်ဆွေပေါ့"

"နှုတ်ခမ်းမွေးနဲ့ဟာလား"

"အဲ့ဒါက သူ့ခွေးကလေးကို ခင်ဗျားမြင်နေတာ"

"ဩော် . . နို့ ဒီဘက်က ဆွေမျိုးမလာတဲ့ တရားခံမျက်နှာမျိုးပေါက်နေတဲ့ လူကကော"

"ဒါက သူ့ယောကျ်ား"

"ဘယ်သူ့ယောကျ်ားလဲ။ မခင်ဝင်းယောကျ်ားလား"

"မဟုတ်ဘူး။ ထိပ်တင်ဆွေရဲ့လင် ဝန်ထောက်ကြီး ဦးလှအောင်ဆိုတာ။ သူ့အနားကပ်နေတာ မခင်ဝင်းဆိုတာပေါ့"ဟု ရာဇဝတ်အုပ်က ပြောလေ၏။

"ဘယ်ဒင်းလဲ။ တစ်တီတူးလို ခြေနှစ်ချောင်းထောင်ထားတဲ့ ကောင်မဟာလား"

"အို ခင်ဗျားကြည့်တာမှားနေပြီ။ ဇောက်ထိုးကြီးဗျ"

ထိုအခါမှ ဖေတင်သည် ဓာတ်ပုံကိုပြန်လှည့်၍ ကြည့်လေ၏။

"အဲဒီမိန်းကလေးကို ဒီနားမှာ မြင်မိသလား"

ဖေတင်သည်ခေါင်းခါ၍ပြလေ၏။ရာဇဝတ်အုပ်နှင့်သူ၏အဖော်တို့သည် တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ကာ ရှေ့သို့ဆက်လက်၍ မည်သို့မေးမြန်းပြောဆို စုံစမ်းရမည်ကို စဉ်းစား၍မရကြတော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိလေ၏။

"ကဲ. . ခင်ဗျားတို့ မေးချင်တာတွေကုန်ပြီလား"

ရာဇဝတ်အုပ်မှာ မိမိဝတ္တရားကုန်နေပြီဖြစ်သည့်အတိုင်း ထိုင်ရာကထကာ "ဟုတ်ကဲ့၊ ကျွန်တော်တို့ကိုလက်ခံပြီးစကားပြောတာ ကျေးဇူးတင်ပါတယ်။ အနှောင့်အယှက်ပြုမိတာသည်းခံပါ"ဟု ပြောလေ၏။ ၎င်း၏အဖော်လည်း ထလိုက်လေ၏။

"ဝတ္တရားအတိုင်းဆောင်ရွက်ကာ ဘယ်လိုမှမအောက်မေ့ပါဘူး" ဟုဆို၍ ဖေတင်လည်းထလိုက်သဖြင့် ရာဇဝတ်အုပ်နှင့်အဖော်တို့သည်လည်း ကောင်းမွန်စွာနှုတ်ဆက်၍ ထွက်သွားလေ၏။

သူတို့ထွက်သွားသည်နှင့် တစ်ပြိုင်နက် ဖေတင်သည် စောစောကခေတ္တအားလပ်ချိန်ပေးထားသည့် ဒေါသကို ပြန်၍ဆက်လက်မိကာ ခင်ဝင်းအား ဆူပူမောင်းမဲရန် နောက်ဖေးဘက်သို့လှည့်လိုက်လေ၏။ သို့ရာတွင် ဖေတင်မှာ နောက်ဖေးခန်းသို့သွား၍မနေရဘဲ အိမ်ရှေ့ခန်းသို့ မခင်ဝင်း ဝင်၍လာသည်ကိုတွေ့ရလေ၏။

"မင်းဘယ်သူလဲ၊ မှန်မှန်ပြောစမ်း"

"ကျွန်မ ပြောထားပါပကော ယိပ်တင်ဆွေပါ"

"မင်း ထိပ်တင်ဆွေမဟုတ်ဘူး။ မင်း ခင်ဝင်း"

"မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူလဲ"

"ဘု"

"ဘာ"

"ဘုလေ ဘု။ ရှင် ကျွန်မနာမည်ကို ဘုလို့ ပုလိပ်တွေပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်မဟုတ်လား။ အဲ့ဒါ အစိုးရမှတ်တမ်းဝင်မဲ့နာမည်ပဲ"

ဖေတင်မှာ ထိုသို့ဖြေလိုက်သည်ကိုကြားရသည့်အတွက် စိတ်ထဲတွင် အတော်ကလေး အခံရခက်၍သွားလေ၏။

"မင်းရယ်စရာလုပ်မနေနဲ့။ လူတစ်ယောက်ကို ဘယ်နှစ်မျိုးလိမ်နိုင်သလဲ"ဟု ခက်ထန်သောမျက်နှာနှင့် မေးလိုက်လေ၏။

"ကျွန်မ. . ဘာကိုလိမ်လို့လဲ"

"မင်းနာမည် ထိပ်တင်ဆွေဆိုတာလိမ်တယ်"

"ဟုတ်တယ်။ မစောပြောတာမှန်တယ်"

"ဘာပြုတယ်"

"ကျွန်မနာမည် ထိပ်တင်ဆွေမဟုတ်ဘူးဆိုတာမှန်တယ်"

ဖေတင်သည် ဒေါသထွက်လာကာ "မင်း. . ပုလဲလည်ဆွဲကို ဘာလုပ်သလဲ။ မှန်မှန်ပြောစမ်း"ဟု မေးလိုက်လေ၏။

"ဘာလည်ဆွဲလဲ. . . ဘယ်သူ့လည်ဆွဲလဲ"

"မင်းထိပ်တင်ဆွေနဲ့ အတူတူနေတဲ့ မခင်ဝင်းဆိုတာ မင်းပဲ။ မင်းပျောက်သွားတာကို ပုလိပ်တွေစုံစမ်းရအောင်လာတာသိလို့ မင်းကိုယ်ကို ရုပ်ဖျောက်ပြီးမှ ထွက်လာတယ်"

"ဒီမယ် ဦးစံရှား ခင်ဗျား. . ."

ဖေတင်မှာ စကားဆက်၍ပြောရန် ကြောင်အမ်းအမ်းဖြစ်သွားလေ၏။

"မင်းလည်းပျောက်သွားရော ပုလဲလည်ဆွဲလည်းမရှိဘူး"ဟု ဆိုလေ၏။

"ဪ. . ထိပ်တင်ဆွေရဲ့ လည်ဆွဲပျောက်သွားတဲ့ကိစ္စမှာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မခိုးတယ်လို့ စွပ်စွဲနေတာလား။ ကျွန်မလည်းပျောက် လည်ဆွဲလည်းပျောက်တာနဲ့ ကျွန်မခိုးတယ်လို့ယူဆရင် ဒီတစ်ချက်တော့ဖြင့် ဦးစံရှားလွဲသွားပြီထင်တယ်။ ကျွန်မမခိုးဘူး"

"မင်းဟာ မင်းကိုယ်ကို ထိပ်တင်ဆွေလို့လိမ်ပြောတာကိုထောက်ရင် လည်ဆွဲကိုမင်းမခိုးဘူးဆိုတာလည်း ယုံနိုင်စရာမရှိဘူး။ မင်းပဲယူမှာပဲ"

"ကောင်းပြီ. . ကျွန်မယူတယ်လို့ဆိုရင်ဘယ်မှာရှိမယ်ထင်သလဲ"

"မင်း. . . တစ်နေရာရာမှာဝှက်ထားမှာပဲ"

"ဒါဖြင့်ရှာလေ။ သောင်စပ်မှာ သွားကြည့်ပါလား။ ကြက်ခြေခတ်အမှတ်အသားတွေ့တဲ့နေရာတွေလျှောက်တူး"

"အဲ့ဒီနေရာတွေမှာ မင်းဝှက်မထားလို့ အခုလို ပြောနေတာပေါ့"

"ဒါဖြင့် နောက်ထပ် ဘယ်မှာထင်သေးလဲ"

"မင်းကိုယ်မှာ မင်းဝတ်ထားချင်ထားမယ်"

"ကျွန်မကိုယ်မှာဆင်ထားရအောင်. . ကျွန်မကိုရေထဲက ရှင်ဆယ်ပြီးလာတုန်းက ဘယ်လိုရောက်လာသလဲဆိုတာ ရှင်အသိသားပဲ။ ဝှက်ထားလို့ ရနိုင်စရာရှိရဲ့လား၊ ဒါပေမဲ့. . မသက်သာရင်လည်းရှာလေ"ဟု ခင်ဝင်းသည် ပြောပြောဆိုဆိုနှင့် မိမိ၏လည်ပင်းကို ကိုင်တွယ်စမ်းသပ်ကာ ကော်လာအောက်သို့ လက်လျှို၍ထိုးလိုက်လေ၏။ ထိုသို့မိမိပြုလုပ်လိုက်သည့်အမူအရာကို ဖေတင်စိုက်၍ကြည့်နေသည်ကို ခင်ဝင်းမြင်ရသောကြောင့် လည်ကုပ်ထဲတွင်ဝင်နေသည့် ဂျပိုးကိုရှာဖွေသည့်ဟန်မျိုးလုပ်လိုက်လေ၏။ ထိုနောက်မှ ဆံပင်ကိုလှန်၍သပ်သည့်ပါးကိုပွတ်သ

www.burmeseclassic.com

www.burmeseclassic.com



လိုလို ဆက်လက်၍လုပ်လိုက်ပြန်လေ၏။

"ဟော. . တွေ့ပြီ၊ တွေ့ပြီ"ဟု ဖေတင်က ဆိုလိုက်သဖြင့်

"သူပဲ. . သူပဲ"ဟု ခင်ဝင်းက ပြန်၍ပြောလိုက်လေ၏။

"မင်း ငါ့ကိုနောက်မနေစမ်းပါနဲ့။ မင်းလည်ပင်းမှာ ဘာရှိသလဲ" ဟုဆိုကာ ဖေတင်သည် ရှေ့သို့တစ်လှမ်းတိုးလိုက်လေ၏။

ထိုအခါ ခင်ဝင်းက "ကျွန်မလည်ပင်းမှာ ရှင့်အကျီကော်လာ ရယ် နောက်ပြီးတော့"ဟုဆိုကာ လက်နှင့်နှိုက်၍ဆွဲထုတ်လိုက်ရာ ပုလဲ ကုံးတစ်ခု ထွက်၍လာလေ၏။

ဖေတင်မှာ ထိုသို့တွေ့လိုက်ရသဖြင့် အံ့အားသင့်၍ကြည့်နေ မိစဉ် ခင်ဝင်းက လှမ်း၍ပေးလိုက်ကာ "ဒါ ထိပ်တင်ဆွေရဲ့ ပုလဲကုံးလို့ ဆိုချင်သလား"ဟု မေးလိုက်လေ၏။

ဖေတင်သည် သေချာစွာကြည့်ရှုပြီး"ဟုတ်မှာပေါ့"ဟုဆိုလေ၏။

"ရှင် သူ့ပုလဲကုံးကို မြင်ဖူးလို့လား"

"မမြင်ဘူးပေမဲ့ မင်းဆီမှာ ကျုပ်တွေ့နေရပြီ"

ထိုအခိုက်တွင် ခင်ဝင်းသည် ဖေတင်၏လက်ထဲက ပုလဲကုံးကို ဇတ်ခနဲပြန်၍ဆွဲယူလိုက်ပြီးနောက် အောက်သို့ပစ်ချကာ ခြေထောက်ဖြင့် တက်ခုန်၍ချေမွပစ်လိုက်လေ၏။

ဖေတင်သည် မျက်လုံးပြူးသည်ထက်ပြူး၍နေလေတော့၏။ ထိုနောက် ခင်ဝင်းသည် ကြေမွနေသောပုလဲများကို လက်နှင့်ကြုံး၍ယူကာ ဖေတင်အားပြသပြီးလျှင် "အဲဒါဘာတွေမှတ်လို့လဲ၊ အဲဒါတွေ ထမင်း ခြောက်ကိုလုပ်ထားတဲ့ ပုလဲပုတီး။ တစ်ကုံးမှ သုံးမတ်ပေးရတယ် သိပြီ လား"ဟု ဆိုလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ဖေတင်မှာအံ့အားသင့်လျက် ရှက်ကိုးရှက်ကန်း ဖြစ်၍ နေမိလေတော့၏။ မိမိအပြုအမူ ပြောဆိုစွပ်စွဲချက်မှာ တောင်းပန်ရန်လို၍နေသည်ကိုတွေ့ရလေ၏။သို့ရာတွင် ဖေတင်မှာ ထိုသို့သောတောင်းပန်စကားမျိုးကို အခြားသူများထက် ခင်ဝင်းအား(သို့မဟုတ်)မိန်းမတစ်ယောက်အား မပြောချင် ဆုံးဖြစ်ပေ၏။

"ကဲ. . ရှင် ကျွန်မကို သူခိုးလို့စွပ်စွဲချင်သေးသလား"

"မစွပ်စွဲလိုပါဘူး။ မင်းမယူဘူးဆိုရင် ယုံပါပြီ"

"ကျွန်မ မယူဘူး၊ ဘယ်သူယူသလဲဆိုတာလည်း မသိဘူး၊ ပျောက် တယ်ဆိုတာလဲ မသိဘူး၊ ရှင်ပြောမှဘဲသိတယ်"

"ဒီလိုဆိုရင် ကျုပ်စွပ်စွဲမိတာမှားကြောင်း တောင်းပန်ပါရစေ"

"တောင်းပန်ရလောက်အောင်လည်း အရေးမကြီးပါဘူး၊ အရေးကြီးတာက ကျွန်မအပေါ်မှာ ဒီလိုပုလိပ်တိုင်တယ်ဆိုတာ မခံချင်ဘူး၊ကျွန်မ ပြန်ပြီး ရှင်းချင်သေးတယ်"

"ဒီလိုလုပ်လို့ဖြစ်ပါ့မလား၊ မင်းမဟုတ်ဘူးဆိုတာမှန်ပေမဲ့ စွပ်စွဲချက်ကရှိနေတော့ မင်းစကားကိုယုံမှာမဟုတ်ဘူး၊ တခြားသက်သေခံရှာပြီး မတွေ့သေးသမျှ မင်းကိုတော့ဖမ်းထားမှာပဲ၊ ရုံးကိုတော့ မုချရောက်ရလိမ့်မယ်၊ နောက်ဆုံးသက်သေမခိုင်လုံလို့ မင်းကိုလွှတ်ပစ်လိုက်ရတဲ့တိုင်အောင် မင်းရဲ့ နာမယ်တော့ဖြင့် ငြိစွန်းသွားပြီ။ လူတိုင်းက မင်းကိုအပြစ်ရှိတယ်လို့ ယုံကြည်မှာပဲ၊ မင်းကို ဘယ်သူအလုပ် ပေးတော့မလဲ၊ မင်းကော. . ဘယ်သွားနေမလဲ. . . မင်းဘာလုပ်မလဲ"

"ဒါဖြင့်. . . ကျွန်မကို ဒီကမသွားစေချင်ဘူးပေါ့"

"ဟိုကိုမသွားစေချင်တာပဲ. . ဒီကမသွားစေချင်ဘူးလို့လည်း

www.burmeseclassic.com

www.burmeseclassic.com



မဆိုလိုဘူး။ ဒီမှာနေတုန်းတော့ မင်းကို ဘယ်သူမှလာပြီး ရှာမှာမဟုတ်ဘူး၊ ဒီအတောအတွင်း လက်သယ်ပေါ်ချင်လည်းပေါ်မှာပဲ"

"ဒီမှာလည်း ဒီလိုအတိုင်း ကျွန်မ အရှည်သဖြင့်နေလို့မဖြစ်ဘူး၊ သူတို့ ကျွန်မအပေါ် စွပ်စွဲထားတယ်ဆိုရင် အခုဒီမှာတုန်းအရေးမကြီးသော်လည်း နောင်သူတို့နဲ့ပြန်ပြီးတွေ့တဲ့အခါကျတော့ ဒီအမှုပြန်ပြီးဖွင့်ရဦးမှာပဲ၊ ဒီအခါကျမှ ကျွန်မဘယ်မှာသွားပြီး ပုန်းနေတယ်ဆိုတာ သာပြီးအဖြေရခက်လိမ့်ဦးမယ်"

ဖေတင်သည် ထိုစကားလည်းဟုတ်သကဲ့သို့ တွေဝေစဉ်းစားနေပြီးမှ 'နို့ . . . ဘယ်သူယူလိမ့်မယ်လို့ထင်သလဲ"ဟု မေးလေ၏။

"ဒါကိုတော့ . . . မပြောနိုင်ဘူး၊ ဘယ်သူမဆိုလိုချင်ရင် ယူမှာပဲ၊ ဒါပေမယ့် ကျွန်မရှိတုန်းက ဒီဟာပျောက်တယ်လို့ မကြားရသေးဘဲ၊ ကျွန်မထွက်လာမှပျောက်တယ်လို့ဆိုတာဟာ ကျွန်မကိုသက်သက်အပြစ်ရှာတာပဲလို့ဆိုရမှာပဲ"

"ဘယ်သူက ရှာတယ်ထင်သလဲ"

"ကျွန်မကိုတော့ ထိပ်တင်ဆွေကရှာမှာမဟုတ်ဘူး၊ ထိပ်တင်အုန်းကရှာမှာပဲ၊ ထိပ်တင်အုန်းဆိုတာ သူ့သားကိုခေါ်တာ၊ နာမယ်ရင်းက အုန်းသီးပါပဲ၊ ဒါပေမယ့် မင်းဆွေမင်းမျိုးဆိုပြီး ထိပ်တင်အုန်းဖြစ်နေတာ၊ သူကကျွန်မကို ကြံနေတာကြာပြီ၊ ဒါပေမယ့် သူကြံချင်လို့မရဘူး၊ ဒါကြောင့် ကျွန်မကိုအပြစ်ရှာတာပဲလို့ထင်တာဘဲ"

ထိုသို့ပြောလိုက်ရာတွင် ဖေတင်သည် ခင်ဝင်း၏အကျိုးအကြောင်းကို တစ်စွန်းတစ်စသိရှိလာရကာ သနားသလိုလိုရှိမိလေ၏။ ထိပ်တင်အုန်းဆိုသူကိုလည်း ပခုက္ကူ ကြက်သတ်သလို သတ်ပစ်ချင်ရိုသော

www.burmeseclassic.com

www.burmeseclassic.com



စိတ်များပေါ်လာလေ၏။

"နို့. . . ဒီအကြောင်းတွေကို ဦးလှဘော်ဆီ မတိုင်ဘူးလား"

"တိုင်ပေမယ့်လည်း အလကားဖြစ်နေမှာပဲ။ ထိပ်တင်အုန်းက သူ့အမေလူဖြစ်နေတယ်။ သူ့အဖေကို သူ့အမေကကောင်းကောင်းနိုင်နေတယ်။ အရင်တုန်းက အစိုးရရိက္ခာစားနေကြရတဲ့အပြင် ထိပ်တင်ဆွေရဲ့ လစာက ဦးလှဘော်ရဲ့ပင်စင်လစာထက်များနေတော့ အဘိုးကြီးက ချော့နေရတယ်"

"ဒီလိုဆိုရင်လည်း. . . ခက်သားပဲ ပုလဲလည်းဆွဲကိုလည်း မင်းယူတာမတုတ်ဘူးလို့ သွားပြီးရှင်းရင်လည်း ယုံတော့မှာမဟုတ်ဘူး မင်းသာ သူတို့လက်ထဲ ပြန်ရောက်သွားမှာပဲ။ အထူးသဖြင့် ထိပ်တင်အုန်းလက်ထဲရောက်မှာ. ."

"ဒီတော့. . ကျွန်မ ဘယ့်နှယ်လုပ်ရမလဲ။ ကျွန်မဒီမှာပဲနေရမှာလား"

"အခုနေ မင်းတခြားကိုသွားလို့တော့ မဖြစ်သေးဘူး။ ဒီမှာနေဖို့ ဆိုပြန်တော့လဲ"

"ဒါဖြင့်ရင် ကျွန်မမေးပါရစေ၊ ကျွန်မဒီမှာနေတာနဲ့ တခြားမှာသွားတာ ရှင့်ကို ဘယ်ဟာက ပိုပြီးဒုက္ခပေးရာရောက်မလဲ"

"မပြောတတ်ဘူး။ မင်း. . ကြိုက်တာရွေးပေတော့။ ကျုပ်တော့ ဖြစ်သမျှခံဘို့ အသင့်ပဲရှိတော့တာပဲ။ ဒါပေမယ့် ဒီမှာနေရင်တော့ စည်းကမ်းချက်နဲ့နေရလိမ့်မယ်"

"ကဲ. . . ဒါဖြင့်ရင် မျောက်ပန်းလှန်၊ မျောက်ဆိုင်း ကျွန်မ ဒီမှာ နေမယ်"

www.burmeseclassic.com



"ဒါ အဆုံးအဖြတ်ပဲနော်"

"ဟုတ်ကဲ့"

ဖေတင်သည် အိတ်ထဲမှ ပိုက်ဆံတစ်ပြားကိုယူ၍ မြှောက်လိုက်ပြီး ဖြတ်ခနဲဖမ်းလိုက်လေ၏။ ခင်ဝင်းမှာ အဖြေမည်သို့လာမည်နည်းဟု တွေး၍ ရင်တထိတ်ထိတ်နှင့်ရှိလေ၏။ ဖေတင်သည် ပိုက်ဆံကိုဖမ်းလိုက်ပြီးနောက်ပြန်၍ကြည့်ကာ မျက်လုံးပြူးသွားလေ၏။

"ဘာကျသလဲ"ဟု ခင်ဝင်းက လှမ်း၍မေးလိုက်လေ၏။

"မျောက်"ဟုဆိုကာ ဖေတင်သည် ဝမ်းမြောက်ခြင်း၊ ဝမ်းနည်းခြင်းကို မပြသောမျက်နှာကိုထားလျက် ပိုက်ဆံကို အိတ်ထဲသို့ပြန်၍သွင်းလိုက်လေ၏။

"ဒါဖြင့် ကျွန်မ ဒီမှာနေရတော့မယ်လို့ ဆိုပါတော့"

"အင်း ကျုပ်စိတ်ကျေနပ်နေတဲ့ အချိန်အထိလောက်တော့ နေရမှာပဲ"ဟု ဖေတင်က ပြောလိုက်လေ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

[၄]

ဖေတင်နှင့်ခင်ဝင်းတို့မှာ တစ်ယောက်ကိုတစ်ယောက် စကား မပြောဘဲ အတန်ကြာစွာ ငြိမ်သက်တွေဝေ၍နေကြပြီးမှ ခင်ဝင်းက "ကျွန်မ တစ်ခုမေးပါရစေ"ဟု ဆိုလိုက်လေ၏။ ဖေတင်သည် ဘာလဲဟု မေးသော မျက်နှာထားဖြင့် ဘာမျှမပြောဘဲ ကြည့်၍နေလေ၏။

"ရှင်ဟာ မိန်းမမုန်းတဲ့ လူတစ်ယောက်ဆိုပြီး၊ ကျွန်မကို ဘာပြု လို့ ကာကွယ်ထားသလဲ"

"မင်းကို ဘာကာကွယ်ထားလို့လဲ"

"ပုလိပ်တွေလာပြီးစစ်ဆေးတုန်းက ကာကွယ်လိုက်တယ်မဟုတ် လား နောက်ပြီး ကျွန်မ ကျိုက္ခမီကိုသွားမယ်ဆိုပြန်တော့လည်း ကာကွယ် တယ်"

ဖေတင်သည် မိမိပြုလုပ်ခဲ့မိသည့် အပြုအမူများကို ပြန်လည်၍

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကြည့်၏။ ထိုသို့စဉ်းစားရာတွင် ခင်ဝင်းမေးမည်ဆိုက မေးစရာဖြစ်လောက်အောင် မိမိပြုလုပ်ခဲ့မိလေပြီဟု တွေးမိလေ၏။ မိမိ သည် ဘာကြောင့် ထိုကဲ့သို့ ပြုမိသည်ကိုကား မရှင်းတတ်ဘဲ ရှိလေ တော့၏။ ထို့နောက်မှ တစ်စုံတစ်ရာကိုတွေးမိကာ "ဒါတော့ မင်းကိုကာကွယ်ချင်လို့ မဟုတ်ဘူး။ ကျုပ်ကိုယ်တိုင် ကာကွယ်ချင်လို့လုပ်ရတာ။ အခုလည်း ကျုပ်ကို ကျုပ်ကာကွယ်ရဦးမယ်"ဟု ဆိုလိုက်လေ၏။

"ကျွန်မ မသိရဘူးလား"

"မင်းကိုကျုပ်အိမ်မှာ အချိန်အကန့်အသတ်မရှိ လက်ခံထားရမဲ့ အခြေအနေမျိုးကိုရောက်နေတယ်။ ဒီကိစ္စကိုပေါ့ပေါ့ကလေးနဲ့ ကျုပ် မစဉ်းစားနိုင်ဘူး။ ပထမဦးဆုံး မင်းကို ဘယ်လိုအဖြစ်မျိုးနဲ့ထားရဖို့ဆိုတာကိုဆုံးဖြတ်ဖို့ အရေးကြီးနေတယ်။ အဲဒီတော့ ကျုပ်အိမ်မှာ ထမင်းချက်အဝတ်လျှော်အထဲက ထားရမလား"

"နှစ်အဖြစ်မျိုးနဲ့ ဆရာမကလေးတွေလို"

"ဒီလိုတော့လည်း မထားနိုင်ဘူး။ ကျုပ်ကို ကြည့်ရှုစောင့်ရှောက်ပေးဖို့အရွယ်မဟုတ်ဘူး"

"ယောကျ်ားများဟာ တစ်သက်လုံး မိန်းမအစောင့်အရှောက်လိုတယ်။ ကလေးအကြီးစားတွေနဲ့ အတူတူပဲ။ သူတို့ကို အချိန်မှန်ရေချိုးဖို့ အဝတ်လဲဖို့ ထမင်းစားဖို့ပြောဆိုနေမဲ့ မိန်းမတစ်ယောက် အမြဲလိုတာပဲ။ သူတို့ကို ထမင်းချက်ကျွေးဖို့ အကျီအဝတ်အစားပြဲနေရင် ချုပ်ပေးဖို့ စောင့်ကြည့်နေဖို့ အမှန်လိုတာပဲ။ မိန်းမများဟာလည်း ဒီလိုပဲ၊ ယောကျ်ားမရှိလို့ မဖြစ်ဘူး"

"မှန်တယ်။ အဲဒီအတွက် ယောကျ်ားတွေခက်နေတာပဲ။ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



အဖို့တော့မလိုဘူး။ ဒါထက် ကျုပ်ပြောတာ နားထောင်ပါ၊ စကားဖြတ်ပြီး မပြောပါနဲ့"

"ကောင်းပါပြီရှင်"

"မင်းကို ပထမဦးဆုံးထားရမယ့် စည်းကမ်းဟာက တစ်အချက် မီးဖိုချောင်ထဲမှာ အမြဲနေရမယ်။ အခွင့်မပြုပဲ အပြင်ကိုမလာရဘူး"

"ကောင်းပါပြီရှင်"

"စကားပြောတဲ့အခါမှာ ကြားဖြတ်ပြီး ထင်မြင်ချက်မပေးရဘူး"

"ကောင်းပါပြီရှင်"

"ဘာကောင်းပါပြီရှင်နေတာလဲ။ ဒီစကားထပ်မပြောနဲ့"

"ကောင်းပါပြီ။ အဲလေ။ ဟုတ်ကဲ့ရှင့်"

"ဒီစာချုပ်စည်းကမ်းကို ဘယ်အချိန်မဆို နှစ်ဦးစလုံးဖျက်နိုင်ခွင့်ရှိတယ်။ ဒီစာချုပ်အတိုင်း လိုက်နာပြီးလုပ်မယ်ဆိုရင် မင်းအတွက် လခလစာ လုံလုံလောက်လောက် အမြောက်အမြားပေးမယ်"

"အို ကျွန်မ လခမလိုချင်ဘူး"

"မင်းလခမယူဘဲလုပ်မယ်ဆိုရင် သဘောတူညီထားတဲ့အချက်နဲ့မညီညွတ်ဘဲ သဘောတစ်မျိုး ဖြစ်သွားလိမ့်မယ်။ မင်းကို အစေခံလိုပဲသဘောထားမယ်၊ ဒီလိုနေချင်ရင်လခယူ လခမလိုချင်ရင် ဒီအိမ်မှာမနေရဘူး"

"ဒီလိုဆိုရင် ကျွန်မလခယူမယ်"

ဖေတင်သည် မည်သည့်အချက်များ ကျန်နေသေးသနည်းဟု စဉ် စားနေလေ၏။ ယခုမျှလောက်နှင့် မလုံလောက်သေးဟူ၍လည်း တွေးမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"စည်းကမ်းချက် ဒါပဲလား"

"ခြော် ကျန်သေးတယ်။ မင်းကျုပ်ကို ရယ်ရွှန်းဖတ်ရွှန်း ရှုတ်ရှုတ်နောက်နောက် ဘာစကားမှမပြောရဘူး"

"အောက်ကဆင့်"

"ဘာ. . . အောက်ကဆင့်လဲ"

"ဟုတ်ကဲ့ရှင့်လို့ဆိုတာပါ။ သွားကြားထဲက လေထွက်သွားလို့ပါ"

"မင်းဟာ အခုလိုရှပ်အကျႌဘောင်းဘီနဲ့ ဝတ်မနေရဘဲ သရက် ထည်လုံချည်၊ ဖျင်အကျႌနဲ့ အလုပ်ကြမ်းလုပ်တဲ့ မိန်းကလေးတွေ ဝတ်သလို ဝတ်နေရမယ်၊ မင်းနာမယ်ကိုလည်း ဘုလို့ပဲခေါ်ရမယ်"

"ကျွန်မနာမယ် ခင်ဝင်းပဲ၊ ခင်ဝင်းလို့ခေါ်ပါ"

"စည်းကမ်းချက်ကိုမကြိုက်ရင် စာချုပ်ကိုဖျက်လိုက်မယ်"

"ဒါဖြင့်ရင်လည်း ခေါ်ချင်သလိုခေါ်ပါ"

"ကဲ. . ကောင်းပြီ။ မင်းဝတ်ဖို့ အဝတ်အစားတွေ ကျုပ်ကိုယ်တိုင် သွားပြီးဝယ်ပေးမယ်၊ ဘာတွေဘာတွေလိုတယ်ဆိုတာ စာရင်းပေး"

ထိုအခါမှ ခင်ဝင်းသည် မိမိကား ဖေတင်၏ထံတွင် ကာလအ တန်ကြာစွာ နေဖို့ရန်သေချာပြီဟု နှလုံးပြုကာ ဟင်းခနဲ သက်မကြီးချ လိုက်ပြီးနောက် စာရွက်တစ်ရွက်ပေါ်တွင် မိမိအလိုရှိသောပစ္စည်းများကို အစဉ်လိုက်ရေး၍ ဖေတင်အားပေးလိုက်လေ၏။

ထိုအခိုက်တွင် အိမ်ဝင်းထဲသို့ ဝင်၍လာသော ခြေသံများကို ကြားရသဖြင့် ဖေတင်သည် အိမ်ရှေ့တံခါးဝသို့ လျင်မြန်စွာထသွားပြီး ကြည့်လိုက်ရာ စောစောကလာရောက်သွားကြသည့် ပုလိပ်နှစ်ယောက် ပြန်၍လာနေကြသည်ကို တွေ့ရလေ၏။ ထိုသို့တွေ့လိုက်ရသဖြင့် ဖေတင်

www.burmeseclassic.com

www.burmeseclassic.com



သည် အိမ်ထဲသို့ ရုတ်တရက်ပြန်ဝင်လာကာ "ဟော့ ပုလိပ်တွေပြန်လာကြပြန်ပြီ၊ မင်းနောက်ဖေးချောင်ထဲမှာ သွားနေချေ"ဟု ပြောလိုက်လေ၏။

ထိုစကားကို ကြားရသည်နှင့်တစ်ပြိုင်နက် ခင်ဝင်းသည် နောက်ဖေးသို့ သုတ်သီးသုတ်ပျာဝင်၍ပြေးလေ၏။ ပုလိပ်များလည်း ဝင်၍လာကြလေ၏။

"ဩော် ရောက်လာကြပြန်ပြီလား၊ ဘာကိစ္စထူးလာသလဲ"

ရာဇဝတ်အုပ်သည် ဖေတင်၏အမေးကို မဖြေသေးဘဲ အမှုထမ်း၏လက်ထဲမှ မိန်းမအဝတ်အစားများကို လှမ်း၍ယူလိုက်ပြီးလျှင် "တောဒီမှာ သဲလွန်စတစ်ခုတော့တွေ့လာတယ်၊ ဒီအဝတ်အစားတွေဟာ မခင်ဝင်းကို နောက်ဆုံးမြင်လိုက်ရစဉ်က ဝတ်စားထားတဲ့အဝတ်အစားနဲ့ တစ်ထေရာတည်းတူနေပြီး ဒါတွေတွေ့ရပုံက လှိုင်းပုတ်လို့ကမ်းပေါ် ရောက်လာတာကို တွေ့ရတဲ့အတွက်"ဟု စကားမဆုံးမီဖြတ်၍-

"အဲဒီတော့ ခင်ဗျားသဘော ဘယ်လိုထင်သလဲ"ဟု ဖေတင်က မေးရာ-

"မခင်ဝင်းဟာ ရေနစ်ပြီးသေပြီလို့ ယူဆရတာပဲ"ဟု ရာဇဝတ်အုပ်က ဖြေလိုက်သဖြင့် ဖေတင်မှာ အံ့ဩသောမျက်နှာဖြင့် နားစိုက်၍နေမိလေ၏။ ခင်ဝင်းမှာ မိမိအိမ်ထဲ၌ ရှိနေသည်ကိုလည်း အသေအချာသိရှိနေရသည့်အတွက် ပုလိပ်တွေတော့ လမ်းလွဲလိုက်ပြီဟု နှလုံးပြုမိကာ ခင်ဝင်းအတွက် ကျေနပ်သလိုလိုလည်း ရှိမိလေတော့၏။

"မခင်ဝင်းသေပြီဆိုတာ ခင်ဗျားတို့ ဘယ်လိုလုပ်ကြမလဲ၊ အမှုပိတ်လိုက်ရမတော့မှာလား"

"နောက်တစ်မှုပေါ်လာပြန်တာပေါ့။ ရိုးရိုးသေတာပဲလား၊ သူ့

www.burmeseclassic.com



လက်ထဲမှာ ပါသွားတဲ့ ပုလဲကိုလိုချင်လို့ တစ်ယောက်ယောက်ကသတ်သွား တာဖြစ်မလား။ အဲဒါကို စုံစမ်းရဦးမယ်"

"ရို့ ခင်ဗျားတို့ ဘယ်သူ့ကိုမသင်္ကာသလဲ"

"အခုအတိုင်းတော့ ဘယ်လိုမှမဆုံးဖြတ်နိုင်သေးဘူး။ ဘိုးတုတ်ကို သေသေချာချာစစ်ဆေးပြီး သူ့ကိုပဲမသင်္ကာမှုနဲ့ ဖမ်းသင့်ဖမ်းထားရလိမ့်မယ်"ဟုဆိုပြီးလျှင် "ခင်ဗျားကတော့ဖြင့် ဒီမိန်းကလေးကိုမတွေ့ဘူးဆိုတာ အမှန်ပဲနော်"ဟု ဆိုလေ၏။

"အမှန်ပဲ"ဟု ဖေတင်က သွက်လက်စွာဖြေလိုက်လေ၏။

ရာဇဝတ်အုပ်သည် တွေဝေ၍နေပြီးမှ "ကောင်းပါပြီ ကျွန်တော်တို့ အကူအညီလိုလို့ရှိရင်လာပါရစေ။ သွားပါအုံးမယ်"ဟု ပြောဆိုနှုတ်ဆက်ကာ ပြန်၍ထွက်သွားကြမှ ဖေတင်မှာ စိတ်သက်သာရာရ၍သွားလေ၏။

"မခင်ဝင်း"ဟု ဖေတင်က အော်၍ခေါ်လိုက်လေ၏။ သို့ရာတွင် ပြန်၍ထူးသံ မကြားရချေ။ ထိုအခါမှ ဖေတင်သည် သတိရကာ "ဘု" ဟု အော်ခေါ်လိုက်လေ၏။

"ဟုတ်ကဲ့ရှင့်"ဟု ပြန်၍ထူးကာ ခင်ဝင်းရောက်၍လာလေ၏။

"စောစောကလာတဲ့ ပုလိပ်နှစ်ယောက် ပြန်ပြီးရောက်လာတယ်။ သူတို့လက်ထဲမှာ မနေ့က ရေထဲပါသွားတဲ့ မင်းအကျီအဝတ်အစားတွေ ပါလာပြီး မင်းကို ရေနစ်သေပြီလို့ ယူဆကြတယ်"

"ဟုတ်ကဲ့ရှင့်"

"လူသတ်မှုနဲ့ အမှုဖွင့်ချင်ဖွင့်ဦးမယ်လည်း ပြောတယ်။ ဒီလိုဆိုရင် ဘိုးတုတ်ကိုတောင် မသင်္ကာမှုနဲ့ဖမ်းလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . ကျွန်မထင်မြင်ချက် မပြောရဘူးလား"

"မင်းကို စည်းကမ်းချက်နံပါတ်နှစ်အရ တားမြစ်ထားတယ် ဒါပေမဲ့ ချွင်းချက်အနေနဲ့ခွင့်ပြုတဲ့အတွက် ပြောနိုင်တယ်"

"ဘိုးတုတ်က ကျွန်မကို ဒီအိမ်မှာတွေ့ခဲ့တယ်လို့ထွက်ခဲ့ရင်ဒီ အိမ်မှာ ကျွန်မကို လာပြီးရှာလို့မတွေ့တဲ့အတွက် ရှင့်အပေါ်မှာ စွပ်စွဲရင် ကော"

"အင်း ဒါလည်းဟုတ်တယ်"

"အဲဒီလိုစွပ်စွဲတာ ရှင်းသွားအောင် တစ်နည်းတည်းရှိတယ်၊ ကျွန်မကို ထုတ်ပြရလိမ့်မယ်။ ဒီလိုဆိုပြန်တော့ကော မခက်ဘူးလား"

"အင်း မင်းပြောတာမှန်တယ်"

ထို့နောက်နှစ်ဦးသား စကားမပြောကြ။ ငြိမ်သက်၍နေကြ လေ၏၊ ဖေတင်သည်ဖြစ်ပေါ်လာလတ္တံ့သော အရေးကိုတွေး၍ စိတ် အေးရှိမိကာ မည်သည့်နည်းအားဖြင့် ထိုကိစ္စမပေါ်ပေါက်ရအောင် ဖုံးဖိ ထားရပါမည်နည်းဟု အကြံထုတ်၍နေလေ၏။

"အကြံတစ်ခုတော့ရပြီ"

"ဟုတ်ကဲ့ရှင့်"

"လာပြန်ပြီလား ဟုတ်ကဲ့ရှင့်။ စည်းကမ်းချက်နံပါတ်လေးကို သတိထားပါ"

"မှားနေပြီ အဲဒါစည်းကမ်းချက် နံပါတ်သုံး"

"မင်းအခု ထပ်ပြောတဲ့အတွက် စည်းကမ်းချက်နှစ်ကို ဖျူးလွန် နေပြီ"

"နောင်ကို စည်းကမ်းရှိသေပါမယ်၊ ရတဲ့အကြံကို သိပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းဒီမှာရှိတာကို မင်းနဲ့ကျုပ်အပြင် ဘိုးတုတ်သိတယ်။ ဒီတော့ ဘိုးတုတ်ရဲ့ ပါးစပ်ကိုပိတ်ထားဖို့ အရေးကြီးတယ်။ အခုပုလိပ်တွေက ဘိုးတုတ်အပေါ်မှာ မင်းကိုမသင်္ကာသလိုလိုရှိနေကြပြန်တယ်။ အဲဒီအတွက် ဘိုးတုတ်ကိုပုလိပ်တွေကဖမ်းရင် ဒီတစ်ခါတော့အကုန်ပေါ်ကုန်လိမ့်မယ်။ ဒါကြောင့် ဘိုးတုတ်ကို ပုလိပ်တွေမတွေ့ရခင် အုပ်မိအောင် လုပ်ထားဖို့ အရေးကြီးတယ်"

"မစောပြောတာမှန်တယ်။ အဲလေ ဘွာဘွာမှန်ပါတယ်"

"မင်းအဖို့တော့. . တစ်ဖက်ကကြည့်ရင် ပုလဲလည်ဆွဲခိုးမှုဟာ မရှင်းလင်းသေးသမျှ မင်းတခြားကိုသွားလို့ မဖြစ်သေးဘူး။ နောက်တစ်ဖက်က ကြည့်လိုက်တော့ ပုလဲခိုးမှုရှင်းလင်းသွားတဲ့တိုင်အောင် မင်းကိုသတ်တဲ့အမှု ပုလိပ်ကဖွင့်ထားရင် တစ်နေ့နေ့ ကျုပ်ကိုပါမသင်္ကာလို့ ပုလိပ်ကလာပြီး နှောင့်ယှက်မယ်လုပ်တဲ့အခါ မင်းမသေကြောင်းထုတ်ပြနိုင်မှ ကျုပ်ဒီအမှုက ရှင်းလင်းမယ်။ အခုအခါမှာတော့ ပုလဲခိုးမှု မရှင်းလင်းသေးသမျှ ဒီမှာပဲမင်းနေရလိမ့်မယ်"

"ဒီလိုဆိုရင် ပုလိပ်တွေအရင် ဘိုးတုတ်ကိုတွေ့ရအောင်လိုက်မှဖြစ်မှာပဲ။"

"မှန်ပါတယ်။ မင်းပြောသမျှ စကားထဲမှာ ဒီစကား တစ်ခုတည်း ရေးရေးခြားခြား ရှိသေးတယ်။ အဲဒီတော့ မင်းဒီမှာကောင်းကောင်းမွန်မွန် နေရစ်ခဲ့။ ကျုပ်မင်းအတွက် အဝတ်အစားဝယ်ရအောင်သွားရင်း ဘိုးတုတ်ကိုပါတွေ့အောင်ရှာပြီးခေါ်ခဲ့မယ်။ ဒီအကောင်မှုံမှုံရှုံးရှုံးနဲ့ စကားပေါက်ပေါက်ရှာရှာ အင်မတန်နိုင်တဲ့အတွက် ဒီကိုခေါ်ထားမှဖြစ်မယ်"

"ဟုတ်ကဲ့ရှင့်"

www.burmeseclassic.com

www.burmeseclassic.com



ဖေတင်သည် ခင်ဝင်း၏ နောက်ဆုံးစကားကိုကြားရ၍ ခင်ဝင်းအား မနှစ်သက်သောအမူအရာဖြင့် စိုက်ကြည့်နေရာ ခင်ဝင်းသည် မပြုံးတပြုံးလုပ်ကာ အိမ်နောက်ဖေးသို့ ခပ်သုတ်သုတ်ဝင်၍ပြေးလေတော့၏။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com

## ၅

ညနေဘက်သို့ရောက်သောအခါ ဖေတင်၏ အိမ်ဖက်သို့ရှေးရှုလျက် ကမ်းရိုးတမ်းတစ်လျှောက်မှ လျှောက်၍လာကြသူနှစ်ယောက်ကို တွေ့ကြရပေ၏။ တစ်ယောက်မှာ လက်ထဲတွင်အထုပ်အပိုးများ သယ်ယူလာသည်ကိုတွေ့ရ၍ အခြားတစ်ယောက်မှာလမ်းကို မှန်မှန်မလျှောက်နိုင်ဘဲ တစ်ချက်တစ်ချက် ထိုးယိုင်သွားသည်ကို မြင်ရလေ၏။အထုပ်အပိုးများ သယ်ယူလာသူမှာ အထုပ်သယ်ရသည်ကတစ်ဖက်၊ ယိမ်းထိုးနေသူကို တွဲရသည်ကတစ်ဖက်နှင့် အတော်ပင်ပန်းနွမ်းနယ်လာပုံရလေ၏။

အိမ်အနီးသို့ရောက်လာသောအခါ အထုပ်အပိုးသယ်လာသူသည် အိမ်ထဲမှတစ်ဦးတစ်ယောက်ပြေးထွက်လာပြီး မိမိအားကူညီသယ်ရန်ကိုမျှော်လင့်မိသော်လည်း ထွက်၍မလာသည်ကို တွေ့ရသောကြောင့် ရှုံ့ရှုံ့မဲ့မဲ့ပန်းသည်ထက်ပင် ပို၍မောသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘုရေ"

ဖေတင်သည် ခင်ဝင်း၏ပြန်၍ထူးသံကို မကြားရသောကြောင့် အထုပ်အပိုးများကို ကြမ်းပေါ်၌ပစ်ချလိုက်ရင်း "တယ်-ဒီဟာမ ဘာပြုလို့ ထွက်မလာပါလိမ့်မလဲ"ဟု တစ်ကိုယ်တည်း ဆိုလိုက်မိလေ၏။

"ဘုရေ၊ဟေ့ဘု"

ဖေတင်မှာ တကျော်ကျော်ခေါ်နေရလျက် ပြန်၍ထူးသည်မရှိသောကြောင့် ဒေါပွ၍သွားကာ ဘိုးတုတ်အား "မင်းထိုင်ဦး"ဟုဆို၍ အိမ်ရှေ့၌ထားခဲ့ပြီး နောက်ဖေးသို့ဝင်၍သွားလေ၏။ မီးဖိုခန်းသို့ရောက်သောအခါ တွေ့လျှင်တွေ့ချင်းဆူလိုက်မည်ဟူ၍ စိတ်ဆုံးဖြတ်လျက် တံခါးကို ခြေနှင့် ကြောက်ကန်၍ဖွင့်လိုက်လေ၏။

သို့ရာတွင် တံခါးဖွင့်သွားသောအခါ အခန်းထဲ၌ ခင်ဝင်းကို မတွေ့ရသောကြောင့် အံ့သြတွေဝေ၍နေပြီး အိမ်ရှေ့သို့ပြန်၍ထွက်ခဲ့လေ၏။

"မရှိဘူးလားဆရာ"

"မီးဖိုခန်းထဲမှာလည်း မတွေ့ဘူး။ဘယ်သွားနေပါလိမ့်မလဲ"

"သူသေပြီလို့ ပုလိပ်တွေယူဆသွားတဲ့အတွက် သူတော့ဖြင့်လွတ်ပြီဆိုပြီး ဆရာမရှိတုန်းထွက်ပြေးရှောသလားဆရာ"

ဖေတင်သည် ဘိုးတုတ်၏စကားကို စဉ်းစား၍ကြည့်နေပြီးလျှင် "မပြောတတ်ဘူး"ဟု တစ်ခွန်းတည်းသာ ပြန်၍ပြောလိုက်လေ၏။ ဖေတင်၏မျက်နှာမှာ စောစောကဒေါသထွက်နေသော်လည်း ယခုမူအဖိုးတန်ပစ္စည်း တစ်စုံတစ်ရာကျ၍ပျောက်သွားသကဲ့သို့ ဝမ်းနည်းခြင်းကိုပြသော အရိပ်အယောင် ထွက်ပေါ်၍လာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မှန်ဘီလူးကိုယူ၍ ကမ်းခြေဘက်ဆီသို့ လှည့်ကာ ဟိုဟိုဒီဒီကြည့်လေ၏။ ထိုသို့ကြည့်ရာတွင် တစ်နေရာသောသောင်စပ်တွင် အဝတ်အစားနှင့်တူသော ဖြူဖြူဖွေးဖွေးအရာဝတ္ထုကလေး တစ်ခုကို မြင်ရသဖြင့် ဘိုးတုတ်အားစောင့်၍နေရစ်စေခဲ့ပြီး အိမ်ထဲမှ ထွက်၍သွားလေ၏။

ထိုသို့ ကမ်းခြေဆီသို့လျှောက်၍လာခဲ့ရာ မိမိမြင်ရသောအရာဝတ္ထုအနီးသို့ ရောက်သည့်အခါတွင် ထိုအရာများမှာ ခင်ဝင်းဝတ်ရန် မိမိ ပေးထားသည့် ရှပ်အင်္ကျီနှင့်ဘောင်းဘီနှင့်တူနေသည်ကို တွေ့ရသောကြောင့် ရင်ထဲတွင်ထိတ်ခနဲဖြစ်သွားလေ၏။ ထို့နောက် သေချာစွာတွေ့ ရှိကောက်ယူကြည့်ရာတွင် မိမိပေးထားသည့် အဝတ်အစားအမှန်ပင်ဖြစ်နေသည့်အတွက် ခင်ဝင်းအတွက် စိုးရိမ်မကင်းဖြစ်လာကာ ကမ်းခြေတစ်လျှောက် ဟိုဟိုဒီဒီလှမ်း၍ ကြည့်လိုက်ရာ လူအရိပ်အယောင် ဘာကိုမျှမမြင်ရသောကြောင့် အဝတ်အစားကိုချွတ်ထားခဲ့ပြီး ရေထဲသို့ဆင်း၍သေလေပြီလောဟု တွေးမိလေ၏။

ရေသူမကျောက်ဆောင်မှာ တစ်နှစ်လျှင် အနည်းဆုံးလူတစ်ယောက်ကို ပင်လယ်ထဲသို့ ဆွဲခေါ်လေ့ရှိသည်ဟု ထိုအရပ်တွင်သတင်းပြေးနေရာ မိမိတို့မရှိခိုက် ခင်ဝင်းသည် စိတ်ဖောက်ပြန်သွားကာရေထဲသို့ ဆင်းသွားလေရော့သလား မိမိနှင့်အတူနေရန်ကို စိတ်ပျက်၍သော်လည်းကောင်း လောကကြီးကိုငြီးငွေ့သွား၍သော်လည်းကောင်း သေလိုသောစိတ်ပေါ်ပေါက်လာပြီး မနက်ကပုလိပ်တွေ ခင်ဝင်းသေပြီဟု ပြောသွားခြင်းပင်လျှင် သတိပေးလိုက်သကဲ့သို့လည်းကောင်း နိမိတ်ပြေးသကဲ့သို့လည်းကောင်းဖြစ်ကာ မိမိ၏နုပျိုစို့ရွှမ်းသောကိုယ်ခန္ဓာကလေးကိုငါး၊

www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာမန်းတို့အား ပွဲတော်ကြီးပေးလိုက်လေရော့သလားဟု တဖွားဖွား တွေးမိလေ၏။

သို့ဖြစ်သည့်အလျောက် ဖေတင်သည် ထိုအဝတ်အစားများကို ယူငင်ကာ အိမ်ဘက်သို့ လျင်မြန်စွာပြန်၍ပြေးခဲ့လေ၏။

"ဘယ်မှာမြင်သလဲ ဆရာ"

"ဘယ်မှာမှမမြင်ဘူး။ ရေထဲဆင်းသေပြီထင်တယ်၊ ဒီအဝတ်အစားတွေပဲတွေ့ခဲ့ရတယ်"

"ဆရာ စကားပြောတာ ငိုသံပါကြီးနဲ့ပါကလား။ လွမ်းသလား ဆရာ။ ဆရာမိန်းမမုန်းတယ်ဆို"

ဖေတင်မှာ ပြန်၍အပြောရခက်နေလေ၏။ ဖေတင်သည် မိမိ၏စိတ်ထဲ၌ ရုတ်တရက်ဖြစ်ပွားလာသည့် စိတ်ကိုရိပ်မိသွားလေပြီဟု ရှက်ကိုးရှက်ကန်း ဖြစ်သွားမိလျက် ဘယ်အတွက် ဤကဲ့သို့ မိမိ၏စိတ်၌ ဖြစ်ပေါ်လာမိသည်ကို မိမိကိုယ်တိုင်ပင် အဖြေရှာ၍မရသကဲ့သို့ ရှိမိလေတော့၏။

သို့ဖြစ်ရကား ဖေတင်မှာ မိမိ၏ လက်ထဲ၌ ရှိသည့်အဝတ်အစားများကို တွေဝေစိုက်ကြည့်နေရင်း ရုတ်တရက်ဖြစ်ပေါ်လာသော အမူအရာများကို လျင်မြန်စွာနှိမ်နင်းလျက် ဘိုးတုတ်ပြောလိုက်သည့် စကားကိုပင် မကြားယောင်ဟန်ဆောင်၍ နေလိုက်ရလေ၏။

"ထွက်ပြေးတာတော့ မဖြစ်နိုင်ဘူးလားဆရာ"

"အဝတ်အစားဆိုလို့ ဘာမှမကပ်တဲ့ မိန်းကလေးတစ်ယောက်ဟာ ထွက်ပြေးပါ့မလားကွာ၊ ဒါလည်းစဉ်းစားကြည့်ပါဦး"

"ကျွန်တော်တို့ ရွာထဲမှာတော့ အခုလိုပြေးတော့ဟာ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တော့ရှိတယ် ဆရာရဲ့"

"အဲဒါ အရှုံးမ ဖြစ်မှာပေါ့"

"ဟုတ်တယ်ဆရာ"

ဖေတင်မှာ ဘယ်လိုလူစားတစ်ယောက်ကို ထပ်ပြီးတွေ့နေရပြန်ပါလိမ့်မလဲဟု အစဉ်းစားရခက်သောအမူအရာဖြင့် စိုက်ကြည့်နေမိပြီးမှ

"ဟော့ ကမ်းစပ်တစ်လျှောက်သွားကြည့်ချေစမ်းကွာ၊ ရေထဲဆင်းသေတာဖြစ်ရင်လည်း တစ်နေရာရာမှာ ပေါ်ပြီးလာမှာပေါ့"ဟု ပြောလိုက်လေ၏။

"ဟုတ်ကဲ့ဆရာ၊ ဒါပေမဲ့ ဆရာတစ်ယောက်တည်း ဘယ်သူမှမမြင်ဘူးဆိုပြီး ငိုလည်းမနေနဲ့ဦး"ဟုဆို၍ ဘိုးတုတ်ထွက်သွားရာ ဖေတင်မှာ အခံရခက်ခက်နှင့်ပင် ငေးကြည့်၍ ကျန်ရစ်ခဲ့လေတော့၏။

၁၅-မိနစ်ခန့် ကြာသောအခါ ဘိုးတုတ်ပြန်၍ရောက်လာပြီးလျှင် ဖေတင်အားကြည့်ကာ အူနှိပ်၍ဟက်ဟက်ပက်ပက် ရယ်လေ၏။

ဖေတင်မှာ ဘာကြောင့်ရယ်သည်ကိုမမေးနိုင်ဘဲ မိမိတွင်မျက်ရည်စပင် တွေ့မြင်ရ၍လော၊ ဆံပင်ပွနေ၍လော၊ ပုပုံပန်းနေ၍လောဟု လိပ်ပြာမသန့်ဖြစ်ကာ မိမိ၏မျက်နှာကို ပွတ်သပ်ပြုပြင်လိုက်လေ၏။

ဘိုးတုတ်သည် တိုး၍ကျယ်လောင်စွာ ရယ်ပြန်လေ၏။

"ဘာရယ်နေတာလဲကွ"

"မ. . မ. . . မသေဘူးဆရာ။ ကျောက်ဆောင်အကွယ်ကလေးမှာရေဆင်းချိုးနေတာဆရာရဲ့။ သူ့အဝတ်အစားတွေ ဆရာယူပြေးလာတော့ ဟီးဟီး. . . ဟိအိဟိအီး. . . ခွကျနေတာပေါ့"

ထိုအခါ ဖေတင်မှာ ပူပန်ခြင်းပျောက်ကင်းသွားကာ ဘိုးတုတ်

www.burmeseclassic.com

www.burmeseclassic.com



၏စကားကို တွေးရင်းတွေးရင်း ရယ်ချင်လာပြီး မနည်းကြွ်ေဆယ်ရလျက် “တဲ ဒါဖြင့် မြန်မြန်သွားချေ။ အနားကိုလည်းကပ်မသွားနဲ့နော်၊ ကျောက်ဆောင်ဒီဘက်ကနေပစ်ပေး၊ ဖြစ်မှဖြစ်ရလေကွာ”ဟုဆို၍ အဝတ်အစားများကို လှမ်း၍ပေးလိုက်လေ၏၊

ဘိုးတုတ်မှာ ရယ်မောခြင်းကို အတောမသတ်နိုင်ဘဲ ဖေတင်၏လက်ထဲမှ အဝတ်အစားကိုလှမ်းယူကာ တဟီးဟီးရယ်လျက် ပြန်၍ထွက်သွားလေ၏။

ထိုအခါ ဖေတင်မှာ ဖြစ်ရပုံကိုလည်းကောင်း၊ မိမိ၏ အကြောက်တိုက်ပူပင်သောကဖြစ်မိပုံကိုလည်းကောင်း တွေးမိကာ ကိုယ့်လိပ်ပြာကိုပင်ကိုယ်ပြန်၍ရှက်မိကာဖြင့် အသံထွက်အောင် ရယ်မိလေတော့သတည်း၊

အတန်ကြာ၍ ခင်ဝင်းနှင့်ဘိုးတုတ်တို့ ရောက်၍လာကြလေရာ ဘိုးတုတ်မှာ ပြုံးစိပြုံးစိဖြစ်နေလျက် ခင်ဝင်းမှာမူ ရှက်ကိုးရှက်ကန်း ဖြစ်၍နေသည်ကိုတွေ့ရသောကြောင့် ဖေတင်သည် မျက်နှာတည်ထား၍နေလိုက်မှ ဘိုးတုတ်လည်း ကြွ်ေရ၍သွားလေ၏၊

“ဘု”

“ရှင်”

“မင်း၊ ဒီည ကျုပ်အခန်းထဲမှာ အိပ်ရမယ်”

“ဟုတ်” ခင်ဝင်းသည် စကားတစ်လုံးထွက်သွားပြီးမှ ဖေတင်ပြောသည့်စကား၏အဓိပ္ပာယ်ကို လေးနက်စွာတွေးမိလျက် မျက်လုံးပြူး၍သွားကာ “ရှင်ခုနကပြောတာ ဘယ်လို”ဟု မေးလိုက်လေ၏၊

“ဩြော် . . . မင်း ကျုပ်အခန်းထဲမှာ ပြောင်းအိပ်လို့ပြောတာ၊ မီးဖိုခန်းမှာ ဘိုးတုတ်အိပ်လိမ့်မယ်၊ ကျုပ်ကတော့ အိမ်ရှေ့ခန်းကိုထွက်

www.burmeseclassic.com

www.burmeseclassic.com



ပြီးအိပ်မယ်"

ထိုအခါမှ ခင်ဝင်းမှာ ဖေတင်သည် ဘိုးတုတ်ကိုစိုးရိမ်သည့်အတွက် မိမိအားလုံလုံခြုံခြုံရှိစေရန် စီမံပေးခြင်းဖြစ်သည်ကို တွေးမိကာ စိတ်သက်သာရာရရှိသွားလေတော့၏။

"ပြောစရာရှိပါသေးသလား"

"ဒါပဲ"ဟုဆိုလိုက်ပြီးမှ "ဟောဒီမှာ၊ မင်းဖို့ဝယ်လာတဲ့ အဝတ်အစားတွေပဲ အားလုံးချုပ်ပြီးသားအဆင့်သင့်ပဲ၊ ဒီအဝတ်အစားတွေ ချက်ချင်းပဲလဲလိုက်၊ ပြီးတော့ ကျုပ်ဖို့ကော်ဖီဖျော်ခဲ့၊ အဲဒါလုပ်ပြီးရင် ညစာအတွက် ထမင်းချက်ပေတော့၊ ဟော့ဘိုးတုတ်၊ မင်းလည်းကူညီပြီးလုပ်ပေးလိုက်"ဟု ဖေတင်ကပြောလိုက်ရာ၊ ခင်ဝင်းလည်း အဝတ်အစားများယူ၍ နောက်ဖေးသို့ ထွက်သွားသဖြင့် ဘိုးတုတ်လည်း နောက်ကလိုက်ပါသွားလေ၏။

ထိုအခါမှ ဖေတင်သည် စိတ်ထဲတွင် တစ်မျိုးအေးချမ်းခြင်းဖြစ်သွားကာ စာအုပ်တစ်အုပ်ကိုယူပြီးလျှင် ပက်လက်ကုလားထိုင်ပေါ်၌ ထိုင်၍ဖတ်ရင်း ဆေးတံကို ဖိမ်နှင့်သောက်ရှူကာ တစ်ချက်တစ်ချက်စာအုပ်ကိုအသာချ၍ စဉ်းစားခန်းထုတ်ပြီး နေလေတော့၏။

မကြာမီ ခင်ဝင်းသည် ကော်ဖီပြင်၍ယူလာလေရာ ဖေတင်မှာ ခင်ဝင်း၏ ပြုပြင်ပြောင်းလဲလာသည်ကိုမြင်ရသဖြင့် စိတ်တွင်ထူးခြားလှုပ်ရှားခြင်း ဖြစ်သွားလေ၏။ အကြောင်းမူကား ခင်ဝင်းမှာ ရှပ်အင်္ကျီ ဘောင်းဘီနှင့်မဟုတ်တော့ဘဲ မိမိဝယ်ယူလာခဲ့သော အဝတ်အစားဖြင့် ဖြစ်၍နေသည်ကိုတွေ့ရ၍ ဖြစ်လေသည်၊ ထိုသို့ တွေ့ရသည်တွင် သာ[illegible]မိန်းတလေးတစ်ယောက်ကို မြင်ရသကဲ့သို့မဟုတ်ဘဲ ပန်းပွင့်ရိုက်[illegible]ရက်ထည်

www.burmeseclassic.com

www.burmeseclassic.com



လုံချည်၊ သွေးဝါဒ ရှန်သားအကျီဖြင့် အစေခံမိန်းကလေးတစ်ယောက်တဲ့သို့ ဝတ်ဆင်ထားသော်လည်း မိမိမြင်နေကျ၊ တွေ့နေကျ၊ မြင်ခဲ့ရ တွေ့ခဲ့ရဖူးသည့် မိန်းကလေးများထက်ပင် ယဉ်ကျေးသိမ်မွေ့စွာ ကြည့်ရှု၍ကောင်းလှသည်ကို တွေ့ရခြင်းကြောင့် စိတ်လှုပ်ရှားသွားခဲ့ရလေသည်။

ဖေတင်မှာ ဘာမျှမပြောနိုင်ဘဲ ငေးကြောင်၍ကြည့်နေမိလေရာ "လက်ဖက်ရည် ဘယ်မှာထားရမလဲရှင့်"ဟုမေးလိုက်မှ ငေးမောနေမိရာက သတိရ၍လာပြီးလျှင် "ဟိုစားပွဲကလေး ဒီအနားယူလာပြီး တင်ထား" ဟု ပြန်၍ပြောလိုက်နိုင်ပေတော့၏။

ထို့နောက် ဖေတင်သည် ခင်ဝင်းပြန်၍ ထွက်သွားသည့်တိုင်အောင် ခြေဆုံးခေါင်းဆုံးတစ်ကိုယ်လုံးကို ပန်းချီဆရာတို့၏အချိုးအစားအလှအယဉ် အကဲခတ်သောမျက်လုံးဖြင့် ကြည့်နေမိပြီးမှ ဟင်းခနဲသက်ပြင်းချလိုက်မိပြီး လက်ဖက်ရည်ကို မသောက်သေးဘဲ စာကိုကောက်၍ဖတ်နေလိုက်လေ၏။

သို့ရာတွင် ဖေတင်မှာစာထဲတွင် စိတ်မဝင်စားတော့ချေ။ စာအုပ်ကို ပြန်ချလိုက်လေ၏။ခေတ္တမျှ စဉ်းစားနေပြီး စာအုပ်ကိုကောက်၍ဖတ်ပြန်လေ၏။ မကြာမီပြန်၍ချလိုက်ရပြန်လေ၏။ အကြံအိုက်လှသ ဖြင့်ဆေးတံကိုအတွင်သာလျှင် သောက်ရှူနေလေရာ ဖေတင်၏ပါးစပ်တွင်တပ်ထားသည့်ဆေးတံမှာ သဘော်မီးခိုးခေါင်းတိုင်ကြီးသဖွယ်ဖြစ်၍နေလေတော့၏။

ထိုအခိုက်တွင် နောက်ဖေးမှ ငရှတ်သီးထောင်းရင်း ဘိုးလှ၏အသံသြကြီးဖြင့် သီချင်းဆိုသံထွက်ပေါ်လာလေ၏။ တစ်ချက်တစ်ချက်ရေတံခွန်မှ တသွင်သွင်စီးကျနေသည့်ရေသံကဲ့သို့သာယာလှသော ခင်ဝင်း

www.burmeseclassic.com

www.burmeseclassic.com



၏ ရယ်မောသံကို ကြားလိုက်ရလေ၏၊ ထိုသို့ကြားနေရခြင်းအားဖြင့် ဖေတင်မှာ မိမိ၏အိမ်ကလေးသည် သာယာစိုပြည်၍လာလေပြီဟူ၍တွေး တောဝမ်းမြောက်မိသလိုလိုရှိသော်လည်း မိမိသည် ထိုသို့နေလို၍လာ ရောက်ခြင်း မဟုတ်ရကား "ဟေ့–သီချင်းဆိုမနေကြနဲ့"ဟု လှမ်း၍ အော်ငေါက်လိုက်လေ၏။ မီးဖိုခန်းမှ အသံများသည်တိတ်၍သွားလေ တော့၏၊ ထိုအခါမှ ဖေတင်သည် ကုလားထိုင်ကိုပြောင်းရွှေ့၍ မီးဖိုခန်းဘက်သို့ကျောပေးပြီး အိမ်ရှေ့ဘက်သို့လှည့်ကာစာဖတ်ရင်း ဆေးတံ ကိုသာ အတွင်းဖွာ၍နေမိလေ၏။

BURMESE CLASSIC

"မီး. . မီး"ဟူ၍ အလန့်တကြား ဟစ်အော်လိုက်သော ဘိုးတုတ်၏အသံသည် နောက်ဖေးခန်းမှ ထွက်လာလေ၏။ ထိုခဏအတွင်း အရေးတကြီး အိမ်ရှေ့သို့ပြေးလာသော ခြေသံများကို ကြားရလေ၏။

ဖေတင်မှာ မီးလောင်နေပြီဟုလန့်ဖျပ်သွားကာ ရုတ်တရက် ကုလားထိုင်ပေါ်မှမထနိုင်သေးမီ နောက်ဖေးဘက်သို့ လှည့်ကြည့်လိုက်ရာ ထိုသို့ကြည့်လိုက်သည်နှင့်တစ်ပြိုင်နက် မိမိမျက်နှာကိုဘွမ်းခနဲ ရေလုံး ကြီးဝင်၍ရိုက်ကာ မိမိအား တစ်စုံတစ်ယောက်က ရေလောင်းချလိုက် သည်ကိုတွေ့ရလေ၏၊

ဖေတင်မှာ လွန်စွာဒေါသဖြစ်မိသော်လည်း မျက်နှာကိုပက်လိုက် သောရေလုံး၏ဖုံးလွှမ်းခြင်းကြောင့် ဘာမျှမမြင်ရ။ မည်သူ့အားဒေါသဖြစ် ရမည်ကို မသိဘဲရှိပြီး မျက်နှာပေါ်က ရေလျှောကျသွားသည့် အခါမှ ရေပုံးကိုလက်တစ်ဖက်ကကိုင်လျက် အံ့အားသင့်စွာဖြင့် ကြက်သေသေ ၍ကြည့်ပြီးရပ်နေသော ခင်ဝင်းကိုမြင်ရလေ၏၊

"ဒါ မင်းနောက်စရာလား"

www.burmeseclassic.com

www.burmeseclassic.com



ခင်ဝင်းမှာ ဘာမျှမပြောတတ်ဘဲ ငေးကြည့်နေမိလေ၏။

“မေးနေတာပြောစမ်းပါ၊ သကြိန်ကျနေပြီ ထင်လို့လား”

“ဟို. . ဟို ကိုဘိုးတုတ်က မီးမီးဆိုလို့ ကြည့်လိုက်တော့ လူကို မမြင်ရဘဲ ပက်လက်ကုလားထိုင်က မီးခိုးတွေထွက်ပြီး တစ်ခန်းလုံး မီးခိုးတွေအူနေတာမြင်ရလို့ ပက်လက်ကုလားထိုင် မီးလောင်နေတယ်ထင်ပြီး ရေနဲ့လောင်းတာပါ”

ဖေတင်သည် ရေဝင်သွားသောဆေးတံကိုခါလျက် မခံချိမခံသာ အချောင်ခံလိုက်ရသည်ကို မကျေနပ်သည့်အမူအရာဖြင့် ခင်ဝင်းအား ကြည့်ပြီးမှ “ဒါ-မင်း တမင်လုပ်တာ”ဟု ဆိုလိုက်လေ၏။

“ဟုတ်ကဲ့ရှင့်၊ အဲလေ. . မဟုတ်ဘူးရှင့်”

BURMESE CLASSIC

“သွား. . ဘိုးတုတ်ပါခေါ်ခဲ့၊ နှစ်ယောက်စလုံး ကြမ်းပေါ်ကရေတွေကို သုတ်ပြီး ကြမ်းတိုက်ပစ်လိုက်”ဟုဆိုပြီးလျှင် ဖေတင်သည် ဒေါသမပြေသေးသော အမူအရာဖြင့် အခန်းထဲသို့ ဝင်သွားလေ၏။

ခင်ဝင်းမှာ ထိုအခါမှ ရယ်ချင်၍လာလေရာ ပါးစပ်ကိုပိတ်ပြီး ထားလိုက်ရသည့်တွင် လုံအောင်မပိတ်မိနိုင်ဘဲ တခွိခွိနှင့်ရှိ၍နေသောကြောင့် နောက်ဖေးသို့ လျှင်မြန်စွာထ၍ပြေးရလေ၏။

ခဏတ္တမျှ ကြာသောအခါ ဘိုးတုတ်နှင့်ခင်ဝင်းတို့သည် ကြမ်းတိုက်လျက်ရှိရာက ဘိုးတုတ်က ခွိခနဲလုပ်လိုက်၊ ခင်ဝင်းက ခွိခနဲရယ်မိလိုက်နှင့် တခွိခွိရှိနေသောကြောင့် ဖေတင်မှာ ထိုအသံများကြား၍ ခြင်းအားဖြင့် နေမတတ်ထိုင်မတတ် ရှိနေတော့သည့်အတွက် “အလုပ်ကိုပြီးအောင် မြန်မြန်လုပ်ကြ၊ ဘာ ဟီးတိုက်နေကြတာလဲ။ ပြုပ်ပြန်လာ

www.burmeseclassic.com

www.burmeseclassic.com



ရင် အားလုံးပြီးနှင့်ပါစေ"ဆို၍ ထွက်သွားရာ ထိုအခါမှ တဝါးဝါး တဟားဟားနှင့်ဖြစ်လျက် ကျန်ရစ်ကြလေတော့သတည်း။

□□□

www.burmeseclassic.com

www.burmeseclassic.com

[၆]

ဖေတင်မှာ တစ်ယောက်ထည်း နေခဲ့ရသည့်ဘဝမှ ရုတ်တရက် ပြောင်းလဲ၍ လာသည်ကို ဝမ်းသာစရာကောင်းသလိုလို ဝမ်းနည်းစရာ ကောင်းသလိုလို၊ မိမိစိတ်ကို မဆုံးဖြတ်တတ်အောင်ပင် ရှိပေတော့၏။ အချိန်မှန်စား၊ အချိန်မှန်လမ်းလျှောက်၊ အချိန်မှန်အိပ်ရာဝင်ကာ အခြားသောအချိန်များတွင် မိမိနှစ်သက်သောစာများကိုသာဖတ်ရှုလျက် ဘာမျှ တစ်စုံတစ်ခု မလုပ်မကိုင်ရဘဲ နေရခြင်းသည် သုခတစ်မျိုးပင်ဖြစ်သော်လည်း မိမိစက်ဆုတ်မုန်းတီးသည့် သုံးတောင်ဝတ် တစ်ဦးတစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့ရပြီး မလွဲမကင်းသာဘဲ လက်ခံထားရှိရခြင်းသည် အခါများစွာ စိတ်ထဲတွင် အနှောင့်အယှက် ဖြစ်မိရလေ၏။

ဘိုးတုတ်မှာကား ဖေတင်၏တပည့်ကျော် ပျော်တော်ဆက်တစ်ဦးအဖြစ်သို့ရောက်ရှိနေကာ စကားပြောဖော် ပြောဖက်တစ်ယောက်ရရှိ ရရှိ၍နေပေ၏။ မိမိမှာ ခင်ဝင်းတစ်ယောက်တည်းသာရှိနေလျှင် ၎င်းအား

www.burmeseclassic.com

www.burmeseclassic.com



စကားမပြောလိုသော်လည်း ပြောနေရမည်ဖြစ်လေရာ ဘိုးတုတ်ရှိ၍နေခြင်းသည် ထိုသို့ မိမိမနှစ်မြို့သည့်အရာကို မလုပ်ရ၍ သက်သာရာရရှိလေစေတော့၏။

သို့ရာတွင် ဘိုးတုတ်မှာ အိမ်မှမထွက်ရန် ဖေတင်ကတားမြစ်၍ထားသော်လည်း ညနေတိုင်းအချိန်ကျလျှင် လေပွလာကာမနေနိုင်မထိုင်တတ်ရှိသည့်အလျောက် အလစ်ကိုသာချောင်းလျက် ကျိုက္ခမီဘက်သို့ပြေးကာ ဆာလောင်သောအာခေါင်ကို ပြာယောင်ယောင်ကဇော်ရေဖြင့်ဖျော်ဖြေခြင်း ပြုနေလေတော့၏။

"ဟော့. . ဘိုးတုတ်၊မင်းကို သွားသွားပြီးမသောက်နဲ့လို့ သတိပေးတာ ဘယ်နှစ်ခါရှိပြီလဲ"

"ခြောက်ခါရှိပြီ ဆရာ"

"ဘာခြောက်ခါလဲ၊ငါပြောနေတာ ပြောတိုင်းပြောတိုင်း စာရင်းမှတ်ထားဖို့ ပြောနေတာမဟုတ်ဘူး၊ တစ်နေ့နေ့ မင်းထောင်ကျလိမ့်မယ်"

"ထောင်ကျမှာကိုမပူနဲ့ ဆရာ၊ ကျွန်တော်တော့ဖြင့် သတင်းကောင်းတစ်ခုရလာခဲ့ပြီ"

"ဘာသတင်းလဲ"

"ထိပ်တင်ဆွေရဲ့ ပုလဲလည်ဆွဲနဲ့ပတ်သက်တဲ့သတင်းပေါ့"

ထိုစကားကို ကြားလိုက်ရသောအခါ ဖေတင်မှာ ဘိုးတုတ်အားပြောဆိုဆူပူရန်စကားကို မေ့လျော့လျက် ဘိုးတုတ်၏ပြောသောစကားထဲတွင်များစွာ အာရုံစူးစိုက်၍သွားလေတော့၏။

"အေး အေး ဆိုစမ်းပါဦး"

"ကျွန်တော်သွားသွားနေတဲ့ဆိုင်က အတော်နေရာကျတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆရာရဲ့၊ ရုပ်ထဲရွာထဲက သတင်းလည်းအစုံကြားရတယ်၊အကြွေးလည်း ရတယ်"

"အကြွေးစကားကို အသာထားလိုက်စမ်းပါ၊ ကြားရတဲ့သတင်း ကိုသာ လက်ငင်းနဲ့ဖောက်သည်ချစမ်းပါ"

"ပုလိပ်နဲ့ဖမ်းလိုက်ရင်တော့ တန်းခနဲနေမှာပဲ"

"ဘယ်သူ တန်းနေမှာလဲ"

"ထိပ်တင်အုန်းပေါ့"

"ထိပ်တင်အုန်း ဘယ်လိုဖြစ်လို့လဲ၊ ပြောစမ်းပါကွာ၊ စီကာစဉ် ကာ တစ်ခါတည်းနဲ့ ရေရေလယ်လယ် နားထောင်စမ်းပါရစေ၊ ရှေ့အ ပတ်မျှော်ပါဆိုတာမျိုးလို ပြတ်တောင်းပြတ်တောင်းလုပ်မနေစမ်းပါနဲ့"

"ဒီလိုဆရာရဲ့၊ ထိပ်တင်အုန်းမှာ သူနဲ့တိတ်တိတ်ပုန်းဖြစ်နေတဲ့ ကောင်မလေးတစ်ယောက်ရှိတယ်၊ အဲဒီကောင်မလေးဟာက အသက် နှစ်ဆယ် မပြည့်တပြည့်လောက်ပဲရှိဦးမယ်၊ ကိုယ်လုံးကိုယ်ပေါက်က ဂိုက်ပြည့်တောင်ပြည့် စိုစိုပြည်ပြည် နုနုထွတ်ထွတ်၊ အခုတော့ ထွတ်ချင်မှ ထွတ်တော့မှာပေါ့လေ၊ မျက်လုံးကလေးတွေကလဲ သမင်ပျိုမကလေးလို မျက်ခုံးကလေးတွေကလဲ သုံးရက်လကလေးလို၊ သွားကလေးတွေဆိုတာ ကတော့"

ဖေတင်မှာစိတ်ပျက်၍လာကာ "ဟေ့. . မင်းကို ဝတ္ထုရေးခိုင်းနေ တာမဟုတ်ဘူး၊ ကောင် မလေးချောတာလှတာ ငါမလိုချင်ဘူး၊ ဘာဖြစ် သလဲ၊ အဲဒါပဲ သိချင်တယ်"ဟု ပြောလိုက်ရလေ၏။

"အဲဒီကောင်မလေးဟာ ထိပ်တင်အုန်းသွားလေရာအနောက်ကို တ

www.burmeseclassic.com

www.burmeseclassic.com



ကောက်ကောက်လိုက်...     အခုထိပ်တင်အုန်း ကျိုက္ကမီမှာရှိနေတဲ့အ... သူလည်း ဒီကိုလိုက်လာ...။ အဲဒီကောင်မကလေးဆီ ထိပ်တင်အုန်း အမြဲသွားသွားနေတယ်"

"အဲဒါ ဘာဖြစ်သလဲ"

"ကျွန်တော်တို့ထင်တဲ့အတိုင်းပေါ့ ဆရာ။ ပုလဲလည်ဆွဲဟာ ထိပ်တင်အုန်းယူပြီး ဒီကောင်မကလေးကိုပေးတာ ဖြစ်တော့မပေါ့"

"ဒါက မင်းထင်ကြေးနဲ့ပြောနေတာလား"

"မျက်မြင်ကိုယ်တွေ ထိပ်တင်အုန်းနဲ့ ဒီကောင်မကလေး တွေ့ကြတုန်း ကောင်မလေးကပူဆာတာကို နားဆတ်ဆတ်ကြားရတဲ့သူကပြော လိုက်တာ"

"ဒါဖြင့် ကောင်မလေးဆီမှာရှာရင် တွေ့မှာပေါ့"

"ကောင်မကလေး လက်ထဲကိုမရောက်သေးဘူး ဆရာရဲ့။ ဒီနေ့ ညကိုပေးပါ့မယ်လို့ ကတိထားသွားတယ်ဆိုတာ ကြားရတယ်"

ဖေတင်သည် ဘိုးတုတ်ပြောသည့်စကားများကို လေးနက်စွာ စဉ်းစား၍နေလေ၏။ ထိုသို့စဉ်းစားရာတွင် ဘိုးတုတ်၏စကားများမှာ များစွာဟုတ်မှန်ဖွယ်ရာရှိသည်ဟု ယူဆမိလေ၏။

"နောက်ပြီးတော့ကော ဘယ်လိုကြားသေးသလဲ"

"ကျွန်တော်တို့အားလုံး ယူဆကြတာကတော့"

"မင်းတို့ရဲ့ ထင်မြင်ချက်တွေ ဝေဖန်ချက်တွေ မှတ်ချက်တွေ လုပ်မနေပါနဲ့။ ကြားတာပြောပါ"

"မဟုတ်ဘူးဆရာ ပြောမှဖြစ်မယ်။ဘာဖြစ်လို့လည်းဆိုတော့ ထိပ်တင်ခွေ့က ဘုကို၊ ဘုဆိုတာ မခင်ဝင်းကို ထိပ်တင်အုန်းနဲ့ပေးစား

www.burmeseclassic.com

www.burmeseclassic.com



ယ်၊ မခင်ဇင်းဟာ ဘာမှတ်လို့လဲ ဆရာရဲ့"

"ငါတော့ ဘာမှမမှတ်ဘူး"

"ဆရာမမှတ်ပေမဲ့ သူဟာ ခိုင်းတဲ့စေတဲ့ဟာမျိုးမဟုတ်ဘူး၊ မျိုးကောင်းဆွေကောင်းထဲကပဲတဲ့၊ သူ့အမေနဲ့ ထိပ်တင်ဆွေဟာ ငယ်ငယ်ကတည်းက အင်မတန်ချစ်ကြတာ၊ သူ့အမေသေတော့ ထိပ်တင်ဆွေက သမီးလိုမွေးစားပြီး သူ့သားနဲ့ပေးစားချင်နေတာ၊ အခု ပုလဲကုံးပျောက်သွားတယ်ဆိုတော့မှ အပြစ်ရှာပြီး အစေခံလိုလို ဘာလိုလို စိတ်ဆိုးဆိုးနဲ့ ပြောနေကြတာ၊ လူများဟာ ဒါမျိုးချည်းဘဲ၊ ဒါကြောင့် တစ်ခါတစ်ခါ လောကကြီးကိုတွေးမိရင်"

"အလို. . . တောထွက်မယ်များ ကြံနေသလား"ဟု ဖေတင်က ပြောကာ စကားကို ဆက်လက်၍ "မငးပြောတဲ့ စကားတွေဟာ မူးမူးရူးရူးနဲ့ အရူးချေးပန်းသလို"ဟု ပြောမဆုံးမီ၊

"ဆရာမြင်ဖူးလို့လား၊ အရူးချေးပန်းတာ"ဟု ဘိုးတုတ်ကဖြတ်၍ မေးလိုက်သည့်အတွက် ဖေတင်က "စကားကြောရှည်လိုက်တာကွာ၊မင်းစကားတွေဟာ ဟိုကနေဒီရောက် ဒီကနေဟိုရောက် ဘာကိုမှတ်ရမလဲ မသိဘူး၊ ကဲ. . မင်းတို့ကဇော်ဆပ်ကော်မတီရဲ့ ထင်မြင်ဝေဖန်ချက်ကို ထပ်ပြီးပြောစမ်းပါဦး"ဟု ဆိုလိုက်ရလေ၏၊

"ဒီလို ဆရာရဲ့၊ ထိပ်တင်အုန်းဟာ မိန်းကလေးတွေကိုအတော်ဖျက်ဆီးခဲ့တဲ့လူတစ်ယောက်၊ မခင်ဝင်းလည်းသူကြံတာပဲ ကြံလို့မရဘူး၊ သူ့အစ်မတော်ဖုရားက ပေးစားချင်ပေမဲ့လဲ မခင်ဝင်းကမေတ္တာရှိဦးဖြစ်မှာကို၊ သူ့ကိုကြံမရတော့မစားရတဲ့အမဲ သဲနဲ့ပက်မယ်ဆိုပြီး ခင်ဝင်းထွက်အပြေးမှာ ပုလဲကုံးကိုဝှက်ထားပြီး ခိုးပြေးတယ်လုပ်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ မင်းအသိ အတိုင်းလား၊ အကြာ... ... ... ဆစ်ဦးတာ"

"ဒါကတော့ ဆရာပြောတဲ့ ကျွန်တော်တို့ ကဇော်ဆပ်... တီရဲ့ တစ်ညီတစ်ညွတ်တည်း သဘောတူချက်ပဲဆရာ။ ဘာပြုလို့လဲဆို တော့ ကောင်မလေးက ထိပ်တင်အုန်းလက်ထဲမှာ ပုလဲရှိနေမှန်းသိလို့ မရမကပူဆာနေတာ။ ဒီနေ့တော့ဖြင့် ပေးမယ်လို့ဆိုတယ်။ အဲဒါယုံကြည် 'အားထားလောက်တဲ့ဌာနကရတဲ့သတင်းပဲ ဆရာရဲ့"

ဖေတင်သည် ဘိုးတုတ်၏ ကြီးကြီးကျယ်ကျယ် ပြောလိုက်သည့် နိဂုံးချုပ်စကားကလေးကြောင့် မဲ့ကာရွဲ့ကာစိုက်၍ကြည့်နေပြီးမှ အကြောင်းစုံကို ပြန်လှန်စုပေါင်း၍ စဉ်းစားခန်းထုတ်နေလေ၏။ ထိုသို့ စဉ်းစားလိုက်သည့်အခါတွင် ဘိုးတုတ်၏စကားများမှာ ဟုတ်မှန်ခဲ့လျှင် ထိုအကြောင်းကို ပုလိပ်အားသတင်းပေး၍ ဘိုးတုတ်ပြောသည့် မိန်းကလေးထံ ထိပ်တင်အုန်း လာရောက်သည့်အချိန်တွင် တက်ရောက်ဖမ်းဆီးကာ ပစ္စည်းနှင့်တကွ လက်ပူးလက်ကြပ်မိမည်ဖြစ်သည်။ ထိုသို့ပေါ်ပေါက်လျှင် ခင်ဝင်းအပေါ်၌ စွပ်စွဲချက်ကင်းစင်ပပျောက်၍ သွားချေတော့မည်ဟုတွေးမိသည့်အတွက် ဘိုးတုတ်အား ထိုမိန်းကလေး၏အမည်နှင့်တကွ နေထိုင်သည့်အိမ်ကို မေးမြန်းကြည့်လေ၏။

ထိုသို့အကြောင်းစုံ သိရှိရသောအခါ ဖေတင်သည် ကြာကြာဆိုင်း၍မနေဘဲ မိမိထံရောက်လာသည့် ရာဇဝတ်အုပ်များအား အကျိုးအကြောင်းပြောပြ၍ ထိုရှုပ်ထွေးသောကိစ္စကြီးကိုရှင်းလင်းပစ်ကာ ခင်ဝင်းအတွက်လည်း စိတ်ချမ်းသာရာရစေမည်၊ မိမိအတွက်လည်း ဒုက္ခအေးသွားမည်ဟု နှလုံးပြုမိလေ၏။

"ဒီအကြောင်းကို ပုလိပ်သိပြီလား"

www.burmeseclassic.com

www.burmeseclassic.com



...ယ်၊ မခင်ဇင်းဟာ့ရာ၊ ကျွန်တော်တို့မပြောရဲဘူး။ အလိုလိုကမှ ...တွေ ကျွန်တော်တို့ကိုချဉ်နေတာ၊မမှန်သတင်းပေးမှုနဲ့ပြန်ပြီးအရေး ယူနေမှ ထောင်ထဲမှာကဇော်မသောက်ရ ဘာမလုပ်ရနဲ့၊ နောက်ပြီး ဟို ဂုဏ်ကြီးဒြပ်ကြီးနဲ့ လူတွေကိုလည်း ကျွန်တော်တို့က သွားပြီးမစရဲဘူး၊ ပြီးတော့လည်း ဒီအကြောင်းကအခုမှသိတာ၊ပြောတဲ့လူကလည်း ကောင်မ လေးနဲ့ အခန်းချင်းကပ်နေတဲ့လူမို့ သိရတာပဲ"

ဖေတင်သည် ရှည်ရှည်ဝေးဝေး စဉ်စား၍မနေတော့ပဲ "ကဲ-မင်းဒီမှာ ကောင်းကောင်းနေရစ်ခဲ့၊ ငါ ကျိုက္ခမိကိုသွားမယ်၊ ဒီကိစ္စမအေး ရင် ငါနေလို့ ဖြစ်မှာမဟုတ်ဘူး"ဟု ပြောလိုက်လေ၏။

❐

ဖေတင်နှင့်ပုလိပ်အရာရှိနှစ်ဦးတို့သည် ဘိုးတုတ်ညွှန်ပြလိုက် သောသူ၏ အခန်းကလေးထဲတွင် စကားများစွာမပြောကြဘဲ ကုတ်၍ နေကြကာ တစ်ဖက်သော အခန်း၌နေသောမိန်းကလေးထံ ထိပ်တင်အုန်း ရောက်၍အလာကို စောင့်စားနေကြလေ၏။

အချိန်မှာ ညနေ၅-နာရီသာသာရှိလေရာ မှောင်စပြု၍နေ သဖြင့် တစ်ဖက်သောအခန်းထဲသို့ ချောင်းမြောင်းကြည့်ရှုကြသော်လည်း မသဲမကွဲ မည်းမည်းမှောင်မှောင်ရှိနေခြင်းမှတစ်ပါး ဘာမှမ မြင်ကြရဘဲ ရှိလေ၏။ ၎င်းတို့မှာ မှောင်ထဲမှစောင့်စားနေကြကာ မလှုပ်မရှားနေကြရ လေရာ ခြင်ကောင်များသည် တဝီဝီမြည်ဝဲလျက် သွေးအလှူခံသော ပွဲကြီးကိုတွေ့၍နေကြလေတော့၏။

တဖြည်းဖြည်းမှောင်သည်ထက် မှောင်၍လာကာ စိတ်ပျက်စပြု

www.burmeseclassic.com

www.burmeseclassic.com



...ကြတုန်းမှာပင် "ဟော့. . လာပြီ. . လာပြီ"ဟု လေသံဖြင့် တစ်ဦးတ...
...သာက်ကပြောလိုက်သည့်အတွက် အားတက်၍လာကြပြန်လေ၏။

"ခင်ဗျားက ဟိုအပေါက်ကကြည့်၊ ကျွန်တော့်အဖို့တော့ ဟောဒီ
...ဘိုးကလေးဟာ သိပ်နေရာကျတာပဲ၊ဟော့ အသံမမြည်ပါစေနဲ့ဆိုနေ"

မှောင်ထဲတွင် အပေါက်လုကြရင်း တစ်ဦးတစ်ယောက်၏ ခြေ
...ထောက်နှင့်ခွေးခြေတစ်ခုကိုတိုက်မိ၍ ဝုန်းခနဲလဲသွားလေ၏၊ သို့ရာတွင်
...ည်သူမျှ ခွေးခြေကိုပြန်၍မထူဝံ့ကြဘဲ အသက်ကိုပင်အောင့်၍ထားမိ
...ကြလေတော့၏။

"ဟိုလူကော"ဟု ပုလိပ်တစ်ယောက်က လေသံတိုးတိုးဖြင့် မေး
...သ၏။

"ဒီမှာ. . . ဒီမှာ"ဟု ဖေတင်ကပြန်၍ဖြေလိုက်လေ၏၊ကျွန်
...တော်တို့ဝင်ရင် ခင်ဗျားလဲဝင်လိုက်ခဲ့၊ ခင်ဗျားကို သက်သေလုပ်ရမယ်"
...ပြောလိုက်ရာ ဖေတင်မှာ ပါးစပ်ဖြင့်ပြန်၍ မဖြေလိုသည့်အတွက် မှောင်
...ဦးထဲမှာပင် ခေါင်းညိတ်၍ ပြလိုက်မိလေ၏။

"ကဲ မသန်းရှင်၊ ကိုကိုအုန်းကတိပေးတဲ့အတိုင်းလာပြီ မဟုတ်
...ဘူး၊ ဘယ်တော့လိမ်ဖူးသလဲ"ဟူသောအသံသည် တစ်ဖက်ခန်းမှ ပျံ့ကူး
...လာလေ၏။

"မလိမ်ပါဘူးဆရာရယ်၊ မလိမ်ပါဘူး။ အသန်းပြောတာကိုသာ"

"အမယ် ဒီလိုနဲ့ဘာရမလဲ ဆရာ"

"နို့ ဘယ့်လိုမှကြိုက်သလဲ"

"နေပါဦး မှောင်လိုက်တာ မီးကလေး ဘာကလေးများထွန်း၍"

www.burmeseclassic.com

www.burmeseclassic.com



ခေတ္တမျှအကြာတွင် ထိုအခန်းထဲမှ မှိန်တုတ်မှိန်တုတ်မီးက လင်းလာကာ ထိပ်တင်အုန်းနှင့် မသန်းရှင်ဆိုသော မိန်းကလေးကို ထင်ထင်ရှားရှားတွေ့ကြရလေ၏။ ထိုသို့တွေ့ကြရသည့်အခါတွင် ထိပ်တင်အုန်းသည် ရုပ်ရှင်မင်းသားပမာ လက်နှစ်ဖက်ကို ရှေ့သို့ဆန့်တန်းလျက် လှမ်းမျှော်သောမျက်နှာဖြင့် သန်းရှင်ဖက်သို့လှည့်၍ "အက်"လုပ်နေရာ မသန်းရှင်သည် ထိပ်တင်အုန်း၏ ဖိတ်မန္တကပြုနေသောရင်ခွင်ထဲသို့ စွေ့ကနဲဝင်၍မှီလိုက်လေ၏။

ချောင်းကြည့်နေကြသူအထဲမှ မည်သူဟူ၍မသိရဘဲ မရှိုးမရှရှိ၍နေလေရာ အခြားတစ်ယောက်က ငြိမ်ငြိမ်နေရန် အချက်ပေးသည့်အနေဖြင့် နှီးရာလူကို ညှို့သကျည်းကန်လိုက်သည်တွင် ထိုသူအားမထိဘဲ ဖေတင်မှာ ကြားထဲမှအချောင်ထိလျက် မချိမဆံ့ခံရပြီး ချစ်ခန်းကြိုက်ခန်းကိုကြည့်ရင်း မျက်ရည်များလည်၍သွားလေတော့၏။

"ကဲ ကိုကိုအုန်းကို အသန်းက ဘာပေးမှာလဲ"

"မွှေးမွှေးကလေး ပေးမှာပေါ့"

"တစ်ခါနဲ့တော့ မရဘူး။ ပုလဲလုံးကလေးတွေရှိသလောက် တစ်လုံးကို တစ်ခါကျစီ။ ဟုတ်ကဲ့လား"

"အို ကပ္ပိလံကလောဟိသဘောရှိ ဆရာရေ။ ထိပ်ကဘုလုံးကလေးအတွက် အဆစ်တစ်ချက်ယူလိုက်ဦး"

"ဟော့. . ဟော့. . ဝင်ကြမှပဲ"ဟု တစ်ဖက်ခန်းမှ တိုင်ပင်ကြလေ၏။

"ကိုကိုအုန်း အဲဒီပုလဲလည်ဆွဲဟာ ဘယ်လောက်တန်သလဲ"

"မေးမနေနဲ့တော့။ ပုလဲစစ်ရင် တစ်လုံးတည်းကိုပဲ လေးငါး

www.burmeseclassic.com

www.burmeseclassic.com



ခြောက်ရာ တစ်ထောင်ကျော်အထိ တန်တယ်"

သန်းရှင်သည် မိမိ၏လက်ချောင်းကလေးများကို နှစ်ဖက်ယှက်၍ မိမိရင်ခွင်တွင်အပ်ကာ ဝမ်းသာ၍မဆုံး၊ ပြုံးကြည်သည့်မျက်လုံးများဖြင့် ထိပ်တင်အုန်းအား ကြည့်ကာ "တကယ်ပေးမှာပဲလားနော်" ဟုဆိုလေ၏၊

"အို ပေးမှာပေါ့"ဟုဆို၍ ထိပ်တင်အုန်းသည် အိတ်ထဲသို့ လက်နှိုက်လိုက်ရင်း "ပထမဦးဆုံး စရန်ပေးဦးမှပေါ့"ဟုဆိုကာ နှာခေါင်းတို မသန်းရှင်ဘက်သို့တိုးလျက် မျက်နှာကို မှုဆိုလီနီငေါ့နည်း ငေါ့၍ထားလိုက်လေ၏။

ထိုတစ်ခဏချင်းမှာပင် တစ်ဖက်သောအခန်းမှ လှုပ်လှုပ်ရှားရှားဖြစ်သော အသံများကြားရသဖြင့် မသန်းရှင်သည် ထိပ်တင်အုန်းအား ဖက်၍ထားမိလေ၏၊ ထို့နောက် ခေတ္တကလေးမျှအကြာတွင် အခန်းတွင်းသို့ ပုလိပ်အဝတ်အစားနှင့်လူများ ဖြုန်းခနဲဝင်၍လာကြသည်ကိုတွေ့ကြရလေ၏၊

"ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဘာလာလုပ်တာလဲ"

"ကျုပ် ရာဇဝတ်အုပ်"

"ဘာရာဇာဝတ်အုပ်"ဟု ထိပ်တင်အုန်းက ပမာမခန့်လုပ်လေ၏၊

"ရာဇာဝတ်မဟုတ်ဘူး. . ပိတ်အုပ်၊ နားရင်းကိုပိတ်ပြီးအုပ်တတ်တဲ့ ပိတ်အုပ်"ဟု ပြန်၍ပြောကာ ရာဇာဝတ်အုပ်က "ခင်ဗျားကို ထိပ်တင်ဆွေရဲ့ ပုလဲလည်ဆွဲခိုးမှုနဲ့ ဖမ်းရအောင်လာတာပဲ"ဟု မျက်နှာထားဖြင့် တင်းမာစွာပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ဘာပြောတယ်ဆိုတာ သတိထားပြီးပြောပါ"

"ကျုပ်တို့ သတိထားဖို့မလိုဘူး။ ခင်ဗျားအတွက်သာ အရေးကြီး တာ။ ပေးပါ ခင်ဗျားအိတ်ထဲကဆွဲထုတ်လိုက်တဲ့ သေတ္တာကလေး"

"အို ဒါ ခင်ဗျားတို့ပေးဖို့မဟုတ်ဘူး။ ဒီမိန်းကလေးဖို့"

"ကျုပ်တို့တောင်းတာ ငြင်းဆန်မနေပါနဲ့။ အေးအေးပေးလိုက် ပါ"ဟု ပြောပြောဆိုဆို ရာဇဝတ်အုပ်သည် ထိပ်တင်အုန်းကိုင်ထားသော လက်ဝတ်လက်စားထည့်သည့် ကတ္တီပါသေတ္တာကလေးကို ဇက်ခနဲဆွဲယူ လိုက်ပြီး ဖွင့်လိုက်ရာ ကြိုးနှင့်သီထားသောမုန့်လုံးရေပေါ် နှစ်လုံးထွက်လာ သည်ကိုတွေ့ရလေ၏။

"ဟားဟား ဟားဟား"ဟု ထိပ်တင်အုန်းသည် ဟက်ဟက် ပက် ပက်ရယ်မောကာ "ကျွန်တော်က သူ့ကိုပြောင်ရအောင်လုပ်လာတာ လ စသတ်တော့ ခင်ဗျားတို့ကိုမိနေတာကိုး ဟိုးဟိုး"ဟု ပြောဆိုရယ်မောလေ ၏။

ရာဇဝတ်အုပ်နှင့် ဖေတင်မှာ မျက်နှာပျက်၍ သွားကြလေ၏။ ရာဇဝတ်အုပ်သည် ဖေတင်အားလှည့်၍ကြည့်ရာ မိမိသယ်ပိုးခေါ်ဆောင် လာခဲ့သည်မှာ ချောက်ကျ၍နေပြီဟုတွေးမိလျက် မျက်နှာငုံ့၍သွားလေ ၏။ မသန်းရှင်မှာကား မိမိတို့အားလာရောက် နှောင့်ယှက်သူတို့ကို စိတ် ဆိုးဘဲ ထိပ်တင်အုန်းအပေါ်၌သာလျှင် မိမိအား သရော်စရာလုပ်၍လာ ရကောင်းလားဟု ကြိတ်၍ဒေါါဖောင်းနေလေတော့၏။

"ဟဲဟဲ ခင်ဗျားတို့နှယ်ဗျာ ကျွန်တော့်အမေပစ္စည်း ကျွန်တော် ခိုးပါမလားဗျာ။ ဒါတစ်ခုလည်း စဉ်းစားကြည့်ဦးမှပေါ့"

ရာဇဝတ်အုပ်မှာ ဘာမျှမပြောနိုင်ဘဲရှိကာ ဖေတင်ကိုသာလျှင်

www.burmeseclassic.com

www.burmeseclassic.com



အံ့ခဲ၍ကြည့်နေမိပြီးမှ ထိပ်တင်အုန်းဘက်သို့လှည့်၍ "ခင်ဗျား ဘာပဲ ပြောပြော ခင်ဗျားကိုမသက်သာဘူး"ဟု ဆိုလိုက်လေ၏။

"မသက်သာရင် ကျွန်တော့်ကိုရှာပါလား"

"ခင်ဗျားယူမှမလာဘဲ အရှာခိုင်းမှာပေါ့။ ခင်ဗျားယူမလာတာကို ထောက်ရင် ခင်ဗျားခိုးထားတာ အမှန်ဖြစ်ရမယ်"

"မရှိလို့ယူမလာတာ ကျွန်တော်ခိုးတယ်ဖြစ်ရောလား။ ဒီလိုဆို ရင် အခုပုလဲလည်ဆွဲကို ပြန်တွေ့ပြီဆိုရင် ခင်ဗျားတို့ ယုံမှာမဟုတ်ဘူး ပေါ့"

"ပြန်မှမတွေ့သေးပဲ ယုံနိုင်ပါမလား"

"ပြန်တွေ့ပြီ။ မှန်တင်စားပွဲထဲက ပြန်တွေ့တယ်"

"ဒါဖြင့်ရင် ခင်ဗျားပြန်ထားတာဖြစ်ရမယ်။ ဒါမှမဟုတ်လို့ ခင်ဗျားပြောသလို ပြန်ပြီးမတွေ့ရသေးရင်တော့ သိကြမှာပေါ့"ဟုဆိုကာ ရာဇဝတ်အုပ်သည် ဖေတင်နှင့်တကွ မိမိ၏နောက်လိုက်ဖြစ်သူအား "ကဲလာ ပြန်ကြစို့"ဟု ခေါ်၍ထွက်ခဲ့လေ၏။

"ဗျို့ဆရာကြီး ဆရာကြီး"ဟု ထိပ်တင်အုန်းက ခေါ်လိုက် လေ၏။

"ဘာလဲ"ဟု ရာဇဝတ်အုပ်က လှည့်၍မေးလိုက်ရာ

"ကျွန်တော့်မုန့်လုံးရေပေါ်နှစ်ခု ထားခဲ့ပါဦး"ဟု ဆိုလိုက်မှ ရာဇဝတ်အုပ်မှာ မိမိလက်ထဲတွင် မုန့်လုံးရေပေါ်ပါလာသည်ကို သတိရပြီး ရှက်ကိုးရှက်ကန်းဖြစ်နေကာ ထိပ်တင်အုန်းအား ပစ်၍ပေးခဲ့လေတော့ ၏။

ဖေတင်မှာ ဘာမျှမပြောနိုင်ဘဲ မိမိတို့ထက် ထိပ်တင်အုန်းက

www.burmeseclassic.com

www.burmeseclassic.com



အချက်ပိုင်လျက် မိမိတို့အား အကြောင်းရှိက်ခံလိုက်ရသည်ကို မခံချိမခံ သာဖြစ်ကာ ရာဇဝတ်အုပ်နောက်မှ ငြိမ်သက်စွာ လိုက်ပါသွားခဲ့ရလေ တော့သတည်း။

❐

ဖေတင်သည် မိမိအိမ်သို့ ပြန်လည်ရောက်ရှိလာသောအခါ တွင် ခင်ဝင်းအားလည်းမကြည့်၊ ဘိုးတုတ်အားလည်း ဘာမှမပြောဘဲ ပက်လက်ကုလားထိုင်ပေါ်တွင်သာ ကိုယ်ပစ်လှဲ၍ထိုင်ကာ ဆေးတံကိုသာ မနားမနေဖွာရှိုက်ရင်း ဖြစ်ပျက်ပုံတို့ကိုပြန်၍စိတ်ကူးစဉ်းစားနေမိ လေ၏။ ထိုသို့နေရာက ခင်ဝင်းဘက်သို့ကြည့်မိလိုက်ရာ မိမိအား စိုက်၍ကြည့်နေသည်ကို သိရသောကြောင့် ရေပုံးဆွဲလာပြီးအပက်ခံရဦးမည်ကို လန့်၍သွားပြီး ဆေးတံကိုလျှော့၍ ဖွာမိလေတော့၏။ ခင်ဝင်းမှာ ဖေတင်၏ အပြုအမူကိုတွေ့မြင်ရသဖြင့် ရယ်ချင်၍လာသောကြောင့် ပါး စပ်ကိုပိတ်ပြီး နောက်ဖေးသို့ထွက်ပြေးရလေတော့၏။

ထိုအခါမှ ဘိုးတုတ်သည် အနားသို့ကပ်လာပြီးလျှင် "ဆရာ ဘာဖြစ်သလဲ ဆရာ။ မှိုင်လှချည့်ကလား။ ပုလဲလည်ဆွဲပြန်တွေ့ရလို့ ဘုကို အိမ်ကဆင်းခိုင်းရကာနီးတဲ့အတွက် စိတ်မကောင်းဖြစ်နေသလား" ဟုမေး လေ၏။

ဖေတင်မှာ ထိုအမေးအတွက် ဘိုးတုတ်အား မနှစ်သက်သော မျက်နှာနှင့် အတန်ကြာစိုက်ကြည့်နေမိလေ၏။

"တော်စမ်းကွာ. . မင်းကြားရတဲ့သတင်းဟာ မမှန်သတင်းဖြစ် နေတယ်။ တို့များ တိတ်တိတ်ချောင်းဖမ်းတာ မမိပါဘူး

www.burmeseclassic.com



"ထိပ်တင်အုန်းရောက်မလာဘူးလား"

"လာတယ်"

"လာတော့ ရှာကြည့်လို့ မတွေ့ဘူးလား"

"တွေ့တယ်"

"နို့. . တွေ့မှပဲ ဘာမမှန်သတင်းဖြစ်နေတာလည်း ဆရာရဲ့"

"တွေ့ပေမယ့်. . ပုလဲမဟုတ်ဘူး၊ မုန့်လုံးရေပေါ် နှစ်လုံးဖြစ်နေတယ်"

ဘိုးတုတ်သည် ဟက်ဟက်ပက်ပက်ရယ်ကာ "ဘယ်လိုဖြစ်နေတာလည်း ဆရာရဲ့၊ ထိပ်တင်အုန်းကမျက်လှည့်တတ်သလား"ဟု မေးလေ၏။

"တော်ကွာ၊ မင်းမေးတာတွေ ဖြေမနေချင်ဘူး၊မင်းလည်း ကဖော်ဆိုင် ခဏခဏသွားမနေနဲ့၊ မင်းထွေလာရင် တွေ့ကရာရှစ်သောင်း အကုန်လျှောက်ပြောတာပဲ"

"တွေ့ကရာရှစ်သောင်းမဟုတ်ဘူး ဆရာ၊ ကျွန်တော်ပြောတာတွေဟာ အမှန်ချည်းပဲ"

"ဒါပေမဲ့. . . ငါတွေ့တာတော့မမှန်ဘူး၊ အဲဒီတော့ စကားရှည်ရှည်ပြောမနေနဲ့တော့၊ ငါထမင်းမစားရသေးဘူး၊ ဘုကို ထမင်းပြင်ဖို့ပြောလိုက်၊ မင်းအိပ်ရာပြင်တော့၊ စားပြီးငါအိပ်မယ်" ဆိုသဖြင့် ဘိုးတုတ်လည်း "ဟုတ်ကဲ့ဆရာ"ဟူသော စကားတစ်လုံးကိုသာ ပြောပြီးထသွားလေ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## [၇]

တစ်နေ့မှတစ်နေ့သို့ ကူးပြောင်း၍လာခဲ့လေ၏။ ယခုအခါမှာမူ ဖေတင်မှာ ခင်ဝင်း ရှိနေခြင်းကို ယခင်ကလောက် စိတ်တွင်အနှောင့် အယှက် မဖြစ်တော့ပေ။ ခင်ဝင်းရှိသည့်အတွက် မိမိတွင် သက်သာချောင် ချိမှုရရှိခြင်းကို နှစ်သက်ကျေနပ်စပြု၍လာလေ၏။ စွပ်ကျယ်အင်္ကျီအပြဲ ကလေးရှိလျှင် ယခင်မိမိချည်းနေစဉ်ကမူ ပစ်စလက်ခတ်ထားမိရာက ပြီသည်ထက်ပြီပြီး စွန့်ပစ်ရမည့် အခြေသို့သာ ရောက်ရှိခဲ့၏။ ယခုမူကား ခင်ဝင်း၏ တတ်ကျွမ်းလိမ္မာသော လက်ကလေးများဖြင့် ပြုပြင်ပေးခြင်း ခံရ၍ ကောင်းစွာဝတ်ဆင်ရသည်ကို တွေ့ရပေ၏။ ပြုတ်နေ သော ကြယ်သီးများကို ခင်ဝင်းကိုယ်တိုင် ပြန်လည်တပ်ဆင်ပေးသည့်အတွက် ရှေးကကဲ့သို့ ရင်ဘတ်ဟောင်းလောင်းနှင့် မနေရတော့ချေ။ ဟောင်းညစ် သွားတိုင်း ချောင်ထိုးသဖြင့် သိုးအောက်၍နေသောလုံချည်-အင်္ကျီများမှာ

www.burmeseclassic.com

www.burmeseclassic.com



ခင်ဝင်းရောက်လာခါမှ လျှော်ဖွပ်မည့်သူရခြင်းကြောင့် သစ်လွင်၍လာကြလေ၏။

ယခင်ကမြူပြင်သုတ်သင်မည့် လက်ကလေးများမရှိသည့်အတွက် ပင့်ကူအိမ်မွေးယှက်၍နေသော အခန်းနှင့်စာအုပ်စင်တို့မှာအမှိုက်သရိုက် ကင်းစင်ရှင်းလင်း၍ လာလေ၏။ စာအုပ်များ၌ ကပ်ရပ်နေလျက်ကတိုးနှာနှင့်အစွမ်းချင်းပြိုင်နေကြသည့် ဖုန်များမှာ ယခင်ကလိုသူပုန်မထနှာဝကိုမကလိနိုင်ဘဲ ခင်ဝင်း၏ဖိနှိပ်သုတ်သင်ပစ်ခြင်းကြောင့် သန့်ရှင်း၍နေကြလေတော့၏။

ဖေတင်မှာ ထိုအလုပ်များသည် ယောကျ်ားတို့အလုပ်မဟုတ် ယောကျ်ားတိုင်း မလုပ်တတ်၊ ယောကျ်ားတိုင်းမလုပ်လိုကြပဲ၊ **မိန်းမတို့၏** အလုပ်သာဖြစ်လျက် လုပ်ပေးမည့်မိန်းမမရှိလျှင် မဖြစ်ကြောင်းကိုကောင်းစွာသိရသော်လည်း မိန်းမအပေါ်၌ မုန်းတီးစိတ်သည် မိန်းမတစ်ယောက်လက်ခံထားရန်အကြံကို အစဉ်သဖြင့်ဖယ်ရှား၍ပစ်နေလေတော့၏။

ကဇော်ဘိုးတုတ်မှာကား ရေသယ်ရေခပ်၊ ထင်းပေါက် အစရှိသော အလုပ်ကြမ်းတို့ကိုလုပ်ကိုင်ကာ ခင်ဝင်းအား အကူအညီတစ်ခုဖြစ်စေသော်လည်း မကြာခဏမူးယစ်၍လာခြင်းသည် ဖေတင်အား စိတ်အာရုံရှုပ်နှောက်ခြင်းကို ဖြစ်စေလေ၏။

"ဘိုးတုတ် မင်းကဇော်ဆိုင်ကိုရောက်လာခဲ့ပြန်ပလား"

"ဆရာအနံ့ရလို့လား ဆရာ"

"ရတာပေါ့"

"ရရင် ဟုတ်လို့ပေါ့ဆရာရဲ့၊ဟားဟား"ဟုရယ်မောရင်းရာကမျက်လုံးပြူးစိုက်ကာ ဖေတင်အားကြည့်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆိုစမ်းပါဦး၊ ဘာဖြစ်တာတုံး"

"ဆရာ ပုလဲတွေကို ဟိုမိန်းမကြီးပြန်ရသွားပြီ"

"ဟုတ်လား ဘယ်မိန်းမကြီးလဲ"

"ဟုတ်လားဆိုတော့ သိများသိသလားလို့၊ပြီးတော့မှ ဘယ်မိန်းမကြီးလည်းမေးနေပြန်တယ်၊ ထိပ်တင်ဆွေပေါ့"

ဖေတင်မှာ ထိုသတင်းကို ကြားလိုက်ရသည့်အတွက် လွန်စွာဝမ်းမြောက်၍သွားကာ "ဘယ်တုန်းကတွေ့တာလဲ"ဟု မေးလေ၏၊

"ဒီမနက်ပဲ ဆရာ၊ ထိပ်တင်ဆွေတို့ ကျိုက္ခမီကပြန်ကြတော့မလို့ ပစ္စည်းတွေကိုသိမ်းကြရင်း သူဖြူးလိမ်းတဲ့မှန်ဗီရိုအငယ်ကလေးထဲက ပြန်ပြီးတွေ့ရတယ်"

"တစ်နေ့က ထိပ်တင်အုန်းတွေ့တော့ ဟိုနေ့ကပဲပြန်ပြီးတွေ့ရတဲ့စကားမျိုးပြောတယ်၊ တွေ့ပုံကလည်း အခုအတိုင်းပဲ၊ မင်းအခုပြောပြန်တော့ ဒီနေ့မနက်တွေ့တယ်လို့ဆိုတယ်၊ ဘယ်ဒင်း အမှန်လဲ"

"ဒီနေ့တွေ့တယ်ဆိုတာအမှန်ပဲ ဆရာရဲ့၊ ရာဇဝတ်ဝန်အိမ်ကဒရိုင်ဘာနဲ့ ကဇော်ဆိုင်မှာတွေ့လို့ အစုံကြားခဲ့တယ်"

"ဒို့ ဟိုနေ့က ထိပ်တင်အုန်းက တွေ့ပြီလို့ပြောတာ အလကားပြောတာပေါ့"

"ဟုတ်မှာပေါ့ ဆရာ"

"ဘာပြုလို့ ပြောသလဲမသိဘူး"ဟု ဖေတင်ကဆိုပြီးမှ "ပြောတာက ဒါလောက်အရေးမကြီးဘူး၊ သူပြောတဲ့အတိုင်းလာပြီးကိုယ့်နေတာ သိပ်ဆန်းတာဘဲ"ဟု ပြောလေ၏၊

"ဟာ သူ့ဟာသူ ပြန်ထားသလားမှမသိဘဲနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဖေတင်သည် ဘိုးတုတ်၏ စကားကို စဉ်းစားကြည့်မိပြီး ထိုအဖြေမှာ အမှန်ကန်ဆုံးသော အဖြေတစ်ရပ်ဖြစ်ပေလိမ့်မည်ဟု တွေးတောမိလေ၏။ ထိုအခါမှ ဖေတင်သည် ခင်ဝင်းအား အကျိုးအ ကြောင်းပြောပြရန် ဘိုးတုတ်ကို အခေါ်ခိုင်းလိုက်လေ၏။

"ဘု"

"ရှင်"

"ကိုစွကြီးတစ်ခုတော့ဖြင့် အေးသွားပြီ။ ပုလဲလည်ဆွဲကို ဒီနေ့ပဲပြန်ပြီးတွေ့ရပြီတဲ့"

ထိုစကားကို ကြားလိုက်ရသည့်အခါ ခင်ဝင်းသည် ရုတ်တရက် ဝမ်းမြောက်သွားပြီးမှ မထူးခြားလှသည့် မျက်နှာမျိုးကို ပြန်၍ပြောင်းလိုက်ကာ "ဟုတ်ကဲ့ရှင်"ဆိုလိုက်လေ၏။

"အို ဒါနဲ့ပတ်သက်လို့ ကျုပ်စဉ်းစားမိတာက ပုလဲကိုယူတာလည်း ထိပ်တင်အုန်း၊ ပြန်ထားတာလည်း ထိပ်တင်အုန်းပဲဖြစ်မယ်။ သူမူလယူစဉ်က သူ့ကြောင့်မင်းထွက်ပြေးရတယ်ဆိုတာ မသိရအောင်ကာကွယ်တာ ဖြစ်လိမ့်မယ်၊ အခုပြန်ထားတာကတော့ သူ့ကို ပုလိပ်တွေလိုက်နေပြီဆိုတာသိရလို့ သူ့လက်ထဲလည်းထားရမှာခက်၊ ပေးရမှာလည်းခက်တဲ့အတွက် ပြန်ပြီးထားလိုက်တာပဲ ဖြစ်လိမ့်မယ်"

"ကျွန်မတော့ဖြင့် ဒီလိုဟုတ်လိမ့်မယ် မထင်ဘူး"

"ဘာကြောင့်လဲ"

"ဘာကြောင့်ဆိုတာကိုတော့ မပြောတတ်ဘူး။သို့ပေမဲ့ ကျွန်မ ထိပ်တင်အုန်းအကြောင်းသိရတာက သူဟာ ကျွန်မကိုမရမကလိုက်မဲ့ လူတစ်ယောက်ပဲ။ ကျွန်မတကယ်လို့ယူတောင် သူကကာကွယ်လိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုတော့ ဘယ်နည်းနဲ့မှမလုပ်ဘူးဆိုတာ ယုံတယ်"

ဖေတင်သည် စဉ်းစား၍ကြည့်နေပြီးနောက် "မင်းပြောတာလည်း စဉ်းစားတော့ စဉ်းစားစရာပဲ၊ ဒါပေမဲ့ . . အသေအချာဟုတ်တယ်လို့ ဘယ်သူမှမဆိုနိုင်ဘူး"ဟုပြော၍ ဆက်လက်ကာ "ဘာပဲဖြစ်ဖြစ်လေ ဒီပြဿနာကြီးရှင်းရှင်းမရှင်းရှင်း ပြန်ပြီးတွေ့ပြီဆိုတာတော့သေချာနေပြီ၊ အဲဒီအတွက် မင်းအပေါ်မှာတင်ရှိနေတဲ့ စွပ်စွဲချက်ကြီးတစ်ခုတော့ပျောက်သွားပြီ"ဟု ဆိုလေ၏။

"ဒီလိုဆိုရင် ကျွန်မအတွက်အေးသွားပြီ။ကျွန်မသွားလိုရာ သွားနိုင်ပြီပေါ့"

ထိုစကားကိုကြားလိုက်ရသောအခါ ဖေတင်၏ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွားကာ မည်သည့်စကားပြောလိုက်ရမည်ကို ရှာကြံ၍ မရသကဲ့သို့ ရှိသွားလေ၏။ ဖေတင်မှာ ခင်ဝင်းအား"မသွားပါနဲ့"ဟူ၍ တားလည်း မဖြစ်နိုင်၊ သွားတော့ဟု ပြောလိုက်ရမှာလည်း ထိုစကားသည် အသည်းနှလုံးတို့ကို ခြေနှင့်ကန်ကြောက်ပြီးထွက်ရမည့်စကား တစ်ခွန်းကဲ့သို့ ရှိနေလေတော့၏။

"မင်းသဘောက ဘယ်လိုလဲ"ဟု မေးလိုက်လေ၏။

"ကျွန်မအဖို့ကတော့ နေရလည်းမထူးဘူး၊ သွားရလည်း မထူးဘူး၊ ရှင့်အဖို့သာ ထူးစရာရှိရင်ထူးမှာပဲ"

"ဘယ်လိုထူးမယ်ထင်သလဲ"

"ရှင်ဟာ မိန်းမမုန်းတဲ့ လူတစ်ယောက်မဟုတ်လား"

"ဆိုပါတော့"

ခင်ဝင်းသည် ထိုစကားကို ကြားရ၍ ဖေတင်၏မျက်နှာကို စိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ အကဲခတ်၍နေပြီးလျှင် "ဘယ်နှယ်ကြောင့်ဆိုပါတော့ ... တော့ဆိုတာ တကယ်မဟုတ်သလိုလိုဖြစ်မနေဘူးလား" ဟု မေးလိုက်လေ၏။

"စည်းကမ်းချက်နှစ်ကို မှတ်မိသလား"

"ဟုတ်ကဲ့"

"ဒါဖြင့်ရင်မင်းဘာမှမေးနေစရာမရှိဘူး။ ကျုပ်မိန်းမမုန်းတဲ့လူ တစ်ယောက်ဖြစ်တဲ့အတွက် ဘယ်လိုပြောချင်သလဲ"

"ဒီလိုလူတစ်ယောက်ဟာ မိန်းကလေးတစ်ယောက်ကို အိမ်မှာ ထားနိုင်မလား။ဘယ်နည်းနဲ့မှမထားနိုင်ဘူး၊ အခုကျွန်မကိုထားခြင်းဟာ အကြောင်းတစ်ခုကြောင့်ဖြစ်လေတော့ အခု ဒီအကြောင်းရှင်းလင်းသွားပြီ ဖြစ်တဲ့အတွက် ထားနေဖို့မလိုတော့ဘူး"

ဖေတင်သည် ဘာမျှမပြောဘဲ ခင်ဝင်း၏မျက်နှာကိုသာ စိုက် ကြည့်ကာ ရင်ထဲတွင်ဆို့သလိုလိုဖြစ်၍လာလေ၏၊ ခင်ဝင်းသည် ဖေတင် ၏စကားကို စောင့်စား၍နေရာက ဘာမျှ မပြောသည့်အတွက် တစ်ချက်မျှ ဖေတင်၏မျက်နှာကိုကြည့်လိုက်ရာ ဖေတင်မှာ အကြည့်မခံရဲသလို မျက်နှာကို လွှဲလိုက်လေ၏။

"အဲဒီတော့ ကျွန်မနေခြင်းဟာ ရှင့်ကိုအနှောင့်အယှက်ဆက် ၍နေရာရောက်မယ်ဆိုတာ ကျွန်မနားလည်ဖို့ရှိတယ်။ ဒါကြောင့် အရင် ကနေခွင့်ပြုခဲ့တာကိုပဲ ကျေးဇူးတင်ပြီး အလိုက်သိစွာနဲ့ ကျွန်မပြန်သွားရင် ကောင်းလိမ့်မယ်"

ထိုအခါတွင် ဖေတင်၏ရင်ထဲတွင် ကျိုက်ကျိုက်ဆူနေသော ... များကို မျိုချလိုက်ရသကဲ့သို့ ပူခနဲ တစ်ချက်ဖြစ်သွားပြီးလျှင် "မခင်ဝင်း

www.burmeseclassic.com

www.burmeseclassic.com



အခုလိုသွားမယ်ဆိုရင် ဘယ်သွားမလဲ"ဟု မေးလိုက်လေ၏။

မခင်ဝင်းမှာ ဖေတင်ကမိမိအား"ဘု"ဟူ၍မခေါ်ဘဲ "မခင်ဝင်း" ဟု ခေါ်လိုက်သည့်အတွက် အံ့ဩခြင်းဖြစ်မိလေ၏။ သို့ရာတွင် ထိုစကားကို မကန့်ကွက်လို။ ထိုသို့အခေါ်ခံရခြင်းကိုပင် ကျေနပ်မိသလိုလိုဖြင့် "ကျွန်မဘယ်ကိုသွားရမလဲဆိုတာ မပြောတတ်ဘူး။ ဒီမှာနေဖို့ကိုသာ စိတ်ကူးနေရတဲ့အတွက် သွားဖို့စခန်းကို မစဉ်းစားရသေးဘူး။ အခုသွားဖို့အကြောင်းပေါ်လာပြီဆိုတော့ စဉ်းစားစရာရှိလာပြီပေါ့"ဟု ဖြေလိုက်လေ၏။

"ဘယ်မှသွားစရာရယ်လို့မရှိသေးရင် ဒီမှာပဲနေပါဦးလား မခင်ဝင်းရယ်"

ခင်ဝင်းမှာ ထိုသို့ကြားလိုက်ရသဖြင့် ပို၍အံ့အားသင့်သွားလေ၏။ ဖေတင်၏လေသံမှာ ပြောင်း၍လာလေရာ အဘယ်အကြောင်းကြောင့်ဟူ၍ စဉ်းစားစရာရှိနေလေ၏။

"အို ကျွန်မအတွက် ငဲ့ညှာပြီးမနေပါနဲ့လေ။ ကျွန်မကို ထားရတဲ့အတွက် မိန်းမမုန်းတယ်ဆိုတဲ့ ဂုဏ်သိက္ခာတစ်ခုပျက်စရာရှိနေတယ်မဟုတ်လား။ ရှင့်စိတ်ထဲမှာလည်း အနှောင့်အယှက်ဖြစ်နေပါလိမ့်မယ်"

ထိုသို့ပြောလိုက်သည့်စကားကြောင့် ဖေတင်မှာ မိမိပြောရန်ကြံရွယ်ချက်ကို ပါးစပ်မှထွက်ရန်ခက်ကာ ပြောရကောင်းမည်လား၊ မပြောရကောင်းမည်လားဟူ၍ အစဉ်းစားရခက်နေလေ၏။ အနားတွင်လည်း ဘိုးတုတ်ရှိနေသေးသည်ကို တွေ့ရပြန်လေရာ ဘိုးတုတ်မရှိလျှင် ထိုစကားကိုပြော၍ ဖြစ်နိုင်ကောင်းမည်ဟု အောက်မေ့မိသဖြင့် "ဘိုးတုတ် မင်းအလုပ်ရှိတာ သွားပြီးလုပ်ချေ၊ မရှိရင်လည်းအိပ်တော့"ဟု ဆိုလိုက်

www.burmeseclassic.com

www.burmeseclassic.com



လေ၏၊

ဘိုးတုတ်သည် ထိုသို့ပြောလိုက်ခြင်းကို ကြားရသောအခါ စိတ်ထဲတွင် မသက်ာသလိုလိုရှိမိသော်လည်း ဆရာနှင့်တပည့်ဖြစ်နေရကား စကားအညွန့်တက်၍မေးမြန်းနေရန် အကြောင်းမရှိသည့်အလျောက် "ဟုတ်ကဲ့" ဟုဆိုကာ နောက်ဖေးသို့ထခဲ့လေ၏၊

"မခင်ဝင်း"

"ရှင်"

"ဒီမှာ မခင်ဝင်းမရှိရင် ကျုပ်နေလို့ဖြစ်တော့မှာ မဟုတ်ဘူး"

ခင်ဝင်းသည် ထိုစကားကိုကြားရသည်တွင် မျက်လုံးပြူး၍သွားလေ၏၊ ခင်ဝင်းသည် ဖေတင်ထံသို့ရောက်ပြီးနောက်တစ်နေ့တွင် ထိုစကားမျိုးကို ဖေတင်၏ပါးစပ်မှ တစ်နေ့ကြားရလိမ့်မည်ဟု မျှော်လင့်ခဲ့မိလေ၏၊ သို့အားဖြင့် ယခုကြားရသောစကားမှာ မမျှော်လင့်ဘဲ ဖြစ်ပေါ်လာသော စကားမဟုတ်သော်လည်း တကယ်ကြားလိုက်ရသောအခါ စိတ်တွင် ထူးထူးခြားခြားလှုပ်ရှားခြင်း ဖြစ်မိလေ၏၊

ထို့နောက်မှ ခင်ဝင်းသည် မိမိ၏စိတ်လှုပ်ရှားခြင်းကို ဖုံးဖိလျက်ပြုံးရွှင်သော မျက်နှာထားလိုက်ပြီးနောက် "ဟားဟား မိန်းမမုန်းတယ်ဆိုတဲ့ လူကြီးဟာ အခုတော့မိန်းမမရှိလို့ မနေနိုင်တော့ဘူးလား" ဟု မေးလိုက်လေ၏၊

ခင်ဝင်း၏ရယ်မောသံသည် ဖေတင်အား မျက်နှာပျက်လျက်ရှက်ကိုးရှက်ကန်းဖြစ်၍ သွားစေတော့၏၊

"မခင်ဝင်းမရှိလို့ မဖြစ်တော့ဘူးဆိုတာက ဒီလိုပါ၊ အရင်တုန်းက ကျုပ်တစ်ကိုယ်ထဲနေတုန်းက တစ်အိမ်လုံးမှာ ဖြစ်ချင်သလိုဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပစ်စလက်ခတ်ရှုပ်ထွေးနေတယ်။ ဒါပေမဲ့ ဟိုတုန်းက ဒီလိုနေရတာကိုစိတ်ထဲမှာ ကျေနပ်ခဲ့တာပဲ။ အခု မခင်ဝင်းရောက်လာပြီး တစ်အိမ်လုံးပြုပြင်ထားလိုက်တော့ အခုလိုမှပဲ နေတတ်တော့သလိုလိုဖြစ်နေပြီ။မခင်ဝင်းမရှိရင် ဘယ်သူမှလုပ်ပေးမဲ့လူမရှိဘူး၊ ဘိုးတုတ်ဆိုတာလဲ မူးနေဖို့လောက်သာတတ်တာ၊ ဒါတွေကိုလုပ်တတ်မှာမဟုတ်ဘူး"

ခင်ဝင်းသည် တွေ၍စဉ်းစားနေပြီးမှ"ဒါကတော့ ကျွန်မမရှိရင်မဖြစ်နိုင်တာမှမဟုတ်ဘဲ။ ဒီလိုလုပ်တတ်တဲ့ အခိုင်းအစေတစ်ယောက်ခေါ်ထားရင် ပြီးတာပဲမဟုတ်လား"ဟု ပြောလိုက်လေ၏။

ခင်ဝင်း၏စကားသည် ဖေတင်အား ဆင်ခြေတက်နေစရာမရှိတော့သောကြောင့် ဖေတင်သည် ဘာမျှပြန်၍မပြောဘဲ ဆေးတံကိုမီးညှိ၍သောက်ကာ အတွင်သာဖွာ၍နေလေတော့၏။ခင်ဝင်းသည်လည်းဖေတင်၏စကားကိုသာ စောင့်မျှော်ကာအာရုံစိုက်နေလေ၏။

"ကဲ ညဉ့်နက်ပြီလေမခင်ဝင်း။ အိပ်ချင်ရင်လည်းအိပ်တော့။ ရှတ်တရက်တော့ မခင်ဝင်းလည်း သွားဖြစ်ဦးမှာမှမဟုတ်ဘဲ၊ ဖြည်းဖြည်းမှ တိုင်ပင်သေးတာပေါ့"ဟု ပြောလိုက်သည့်အတွက် ခင်ဝင်းလည်း ထိုနေရာမှ ထွက်ခွာ၍သွားလေ၏။

ထိုသို့ ထွက်ခွာသွား၍ထိုညအဖို့ တစ်ယောက်နှင့်တစ်ယောက် နောက်ထပ်တွေ့ကြရဖို့အကြောင်းမရှိတော့ပြီဟု သိရှိရသည့်အခါကျမှ ဖေတင်မှာ မိမိပြောလိုက်သောစကားသည် ပွင့်ပွင့်လင်းလင်း မရှိလှခြင်းကို တွေးမိကာ မကျေမချမ်းဖြစ်မိလေတော့၏။

ဖေတင်၏စကားမှာ ခင်ဝင်းအား မေတ္တာသက်မိသည့်အတွက် မခွဲမခွာရက်ခြင်းပင်ဖြစ်သည်ဟူသော အဓိပ္ပာယ်မျိုးပေါ်ပါက်ဘဲ အိမ်၌

www.burmeseclassic.com

www.burmeseclassic.com



အခိုင်းအစေတစ်ယောက် ကင်းမဲ့နေလျှင် နေတတ်မည်မဟုတ်သကဲ့သို့ အစီပွားယ်ပေါ်၍နေသည်ကို ဖေတင်ကိုယ်တိုင် စဉ်းစားမိလေ၏။ ထိုသို့ စဉ်းစားလိုက်မိသည့်အခါ မိမိသည် ခင်ဝင်းအားမေတ္တာရှိ၍နေပြီလား၊ မေတ္တာမရှိနိုင်ဘဲလျက်ပင် ရှိနေသလားဟု ကိုယ်တိုင်ပင်မသိ၍ ပြောလိုက်ခြင်းမျိုး ဖြစ်တော့သည်ဟု တွေးမိလေ၏။

ထိုကဲ့သို့ ခင်ဝင်းအပေါ်တွင် ဖေတင်သည် မေတ္တာရှိမိသည်၊ မရှိသေးဟူသောအမေးမှာ ဖေတင်အဖို့ အဖြေဘာမျှမခက်ခဲသည့်အလျောက် အဘယ်ကြောင့်မိမိသည် စိတ်တွင်ရှိသမျှတို့ကို အမှန်အတိုင်းဖွင့်၍ မပြောလိုက်မိဘဲ ရှိရပါသလဲဟု မိမိ၏မပွင့်မလင်း ပြောဆိုလိုက်ခြင်းအတွက် မိမိကိုယ်ကို အပြစ်တင်မိလေတော့၏။

ထိုညတွင် ဖေတင်မှာ အိပ်၍မရနိုင်တော့ချေ။ ခင်ဝင်းကိုသာ တွေးမိပြီး ခင်ဝင်းထွက်ခွာသွားမည့်အတွက် အကြံခက်၍နေလေတော့၏။ သို့ဖြစ်ရကား ခင်ဝင်းအား ယခုညတွင်းချင်းပင် မိမိ၏အချစ် ကိုဖွင့်လှစ်၍ ပြောရလျှင် ကောင်းလေမည်လား။ သို့တည်းမဟုတ် 'မိန်းမမုန်းသူ' ဟူသော အမည်ကိုခံယူထားသည့်အလျောက် ဘာမျှမပြောဘဲ ဝမ်းနည်းပက်လက်နှင့်ပင် ကြည့်၍နေလိုက်ရလျှင် ကောင်းလေမည်လားဟု နှစ်ခွစဉ်းစားမိကာ မည်သည့်အဆုံးအဖြတ်ကို လိုက်နာဖို့ရန် ရွေးချယ်မရဘဲ ရှိပြန်လေ၏။

ထိုသို့လျှင် အိပ်ရာပေါ်တွင် တစ်ဖက်ကိုလှန့်လိုက်၊ တစ်ဖက်ကို လူးလိုက်နှင့် အကြံအိုက်နေရာက မိမိ၏ ယခင်မေတ္တာရှိခဲ့မိသူနှစ်ဦးကိုပြန်၍တွေးမိသည့်အတွက် မိမိသည် အချစ်အတွက် ဒုက္ခအမျိုးမျိုးခံခဲ့ရပေပြီ။ ထိုဒုက္ခများကို နောက်ထပ်မခံစားလို၍ ယခုကဲ့သို့ တစ်ယောက်တည်းလာ

www.burmeseclassic.com

www.burmeseclassic.com



၍နေခဲ့ခြင်းဖြစ်ပေသည်။ ထိုသို့ဒုက္ခများကိုသိရှိရပါလျက်နှင့် ယခုတစ်ဖန် အဘယ်ကြောင့် ထိုဒုက္ခများကိုခံစားလိုချင်မိတော့သနည်း။ ယခုပင်လျှင် တစ်ယောက်နှင့်တစ်ယောက်တကယ်မချစ်ရမီက ဤဒုက္ခ၏နိဒါန်းပဏာမကို တွေ့နေရလေပြီ။ တော်ပြီ၊ တော်ပြီ၊ မိန်းမကိုမုန်းလက်စနှင့်မုန်းတော့မည်ဟူ၍ စိတ်ကိုတင်းမာလိုက်ကာ မိမိ၏အစိဋ္ဌာန်ကိုချိုးဖျက်ရန် မာန်ပျိုး၍လာသော အချစ်စိတ်ကို နှိပ်ကွပ်ချိုးဖျက်၍ ပစ်လိုက်ရလေတော့၏။

ယင်းသို့ စိတ်ကိုချုံးနှိမ်လိုက်သည့်အတွက် ထိုခဏတွင်ပင်ပူပင်ခြင်းသည် တင်းစင်လွင့်ပျောက်၍သွားလေရာ ယခုမှပဲ အေးချမ်းနှစ်ချိုက်စွာ အိပ်ရတော့မည်ဟု နှလုံးပြုလျက် အိပ်ဖို့ရန် ကြိုးစားပါသော်လည်း အိပ်၍မရဘဲ ပြန်လည်စွဲလမ်းသည့်စိတ် ပေါ်ပေါက်လာလေရာ ငါတကယ် မိန်းမမုန်းတဲ့လူမဟုတ်ဘူး။ ငါသာမဟုတ် ဘယ်ယောကျ်ားမှ မိန်းမကိုမမုန်း။ ငါတို့ယောကျ်ားများဟာ မိန်းမမုန်းတယ်လို့ဆိုတာ ဟန်ဆောင်နေကြတာဖြစ်တဲ့အပြင် ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးလိမ်နေကြတာပါကလား ဟုတွေးမိလျက် မိမိသည် အချစ်စိတ်ကို မဖြတ်နိုင်ဘဲ ဘာကြောင့်မိန်းမမုန်းသူဟူသော အမည်ကိုခံယူ၍နေရော့သနည်းဟု ပြန်၍အပြစ်တင်မိလေ၏။

သို့နှင့်ပင် နောက်တစ်နေ့နံနက်သို့ ကူးပြောင်းခဲ့ရလေ၏။

နံနက်ဘက်သို့ရောက်သည့်အခါတွင် ဖေတင်သည် ယမန်နေ့ညက မိမိပြောလိုက်သည့်စကားများကြောင့် ခင်ဝင်းသည် မိမိ အပေါ်တွင် တစ်မျိုးတစ်မည်စိတ်ထားပြောင်းလဲသွားလေမည်လား၊ ကိုး ရှက်ကန်းဖြစ်၍နေလေမည်လားဟုတွေးမိလေရာ မိမိထံသို့နံနက်လက်ဖက်ရည် ခင်ဝင်းယူလာသောအခါတွင် ရင်း၏မျက်နှာကိုကြည့်လိုက်ရာ၌

www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းကဲ့သို့ ပင်ရှိပြီး ဘာမျှမပြောင်းလဲသည်ကို တွေ့ရလေ၏။

"မခင်ဝင်း"

"ရှင်"

"မခင်ဝင်း ဒီမှာနေဖို့ မနေဖို့ကို ဆုံးဖြတ်ပြီးပလား"

"ကျွန်မဘယ်ဒင်းမှ မဆုံးဖြတ်ရသေးဘူး"

"မဆုံးဖြတ်ရသေးရင် နေဦးမှာပေါ့"

"ဟုတ်ကဲ့"

ဖေတင်မှာ ထိုစကားကို ကြားလိုက်ရသည်တွင် ထမင်းဆာနေခိုက် ငါးပိကြော်နံ့ကလေးရလိုက်သကဲ့သို့ နောင်မှတတယ်မစားရသည်တိုင်အောင် ယခုခဏအဖို့၌အတော်ပင် ကျေနပ်ဝမ်းမြောက်ခြင်း ဖြစ်သွားလေတော့၏။

"ဒီလိုဆိုရင် ဒီနေ့ကျိုက္ခမိသွားပြီး ဈေးဝယ်လိုက်ဦးမှပဲ၊ အရင်ဝယ်ထားတာတွေလည်း ကုန်လုပြီထင်တယ်၊ အခုလူနှစ်ယောက် ထပ်တိုးလာပြန်တော့ လုံလောက်အောင်လုပ်ထားမှပဲ"

"ဟုတ်ကဲ့၊ ကျွန်မလည်းပြောမလို့ပါပဲ၊ ဒီနေ့တစ်နေ့စာပဲရှိတော့တယ်"

"ဒါဖြင့်ရင် ကျုပ်နဲ့ဘိုးတုတ်နဲ့ သွားကြမယ်၊ မခင်ဝင်းတော့ နေရစ်ခဲ့မှပဲဖြစ်မယ်၊ အလုပ်တွေလည်းရှိနေတာပဲ"

"ဟုတ်ကဲ့၊ အိမ်ကိုတော့ စိတ်ချသွားလေ၊ ကျွန်မကောင်းကောင်း ကြည့်ရှုထားပါမယ်"

ထိုသို့ပြောလိုက်စဉ် အနီးသို့ဘိုးတုတ်ရောက်ရှိလာတာ "ဟိုတစ်ခါတုန်းကလိုပဲ ရေဆင်းချိုးမနေနဲ့ဦးနော်"ဟု ခင်ဝင်းအား မကြား

www.burmeseclassic.com

www.burmeseclassic.com



တကြားပြောကာ ရှောင်တိမ်း၍သွားသဖြင့် ဖေတင်မျက်စောင်းထိုး၍ကြည့်နေမိရာက "ဟေ့ ဘိုးတုတ် လာဦး"ဟု လှမ်း၍ခေါ်လိုက်လေ၏။

"ဟုတ်ကဲ့ ဆရာ"ဟုဆိုကာ အနားသို့ဘိုးတုတ်ရောက်၍လာလေ၏။

"ဒီနေ့ တို့များ မြို့ပေါ်သွားပြီး ဈေးဝယ်ကြမယ်။ သွားဖို့အတွက် မင်းအသင့်ပြင်ထားပေတော့"ဟု ပြောလိုက်ပြီးနောက် ခင်ဝင်းအား "ကဲ ခင် ဘာလုပ်စရာရှိသေးသလဲ။ လုပ်ချည်လေ"ဟုဆို၍ ခင်ဝင်းထွက်သွားသည်ကို ရွှင်လန်းဝမ်းမြောက်သောမျက်နှာဖြင့်ကြည့်ပြီး ကျန်ရစ်လေသတည်း။

□□□

www.burmeseclassic.com

www.burmeseclassic.com

[၈]

"ဘုရေ"

ဖေတင်နှင့်ဘိုးတုတ်တို့သည် စားသောက်ဖွယ်ရာများယူဆောင်ကာ ပျော်ရွှင်စွာပြန်၍လာကြလျက် အိမ်ခြံဝမှနေ၍ ခင်ဝင်းအားလှမ်းခေါ်လေ၏။

"ဘုရေ"

ဖေတင်တို့သည် တကျော်ကျော်ခေါ်လျက် အိမ်ထဲသို့ရောက်ရှိလာကြသည့်တိုင်အောင် ခင်ဝင်း၏ထူးသံကိုမကြားရသဖြင့် စိတ်ထဲတွင် မသိုးမသန့်ဖြစ်၍လာကြလေ၏။

"ဟေ့ ဘိုးတုတ်၊ အိမ်နောက်ဖေးသွားကြည့်ချေစမ်းကွာ"

ဘိုးတုတ်သည် အိမ်နောက်ဖေးသို့သွားရောက်ပြီး ချက်ချင်းပင်ပြန်၍ရောက်လာကာ "မတွေ့ဘူးဆရာ"ဟု ပြန်ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်များ သွားနေပါလိမ့်"ဟု ဖေတင်က ပြောလိုက်ပြီးလျှင် "မခင်ဝင်း၊ မခင်ဝင်း" ခပ်ကျယ်ကျယ်အော်ခေါ်လိုက်လေ၏။ ထိုသို့ခေါ်လိုက်သည့်အခါတွင်လည်း ပြန်၍မထူးသည်ကို တွေ့ရသောကြောင့် ဘိုးတုတ်အား "ရေသွားပြီးချိုးနေသလား မသိဘူး၊ သွားပြီးရှာချေစမ်းကွာ"ဟု အကြည့်ခိုင်းလိုက်လေ၏။

ဘိုးတုတ်ထွက်သွားပြီးနောက် ဖေတင်သည် အိမ်ထဲတွင်အနှံ့အပြားလိုက်လံကြည့်ရှုရာ ဘယ်မှာမှမတွေ့ရဘဲ ထမင်းဟင်းများကိုမူ တောင်းစွာချက်ပြုတ်ပြီး စားရန်အသင့်ပြင်ဆင်ထားသည်ကို တွေ့ရလေ၏။

အတန်ကြာသောအခါ ဘိုးတုတ် ပြန်လည်ရောက်ရှိလာပြီးလျှင် "မတွေ့ခဲ့ရဘူးဆရာ"ဟု ပြောပြလေ၏။

"ဘယ်များသွားပါလိမ့်မလဲ၊ ထွက်များသွားရော့သလား"

"ကျွန်တော်တော့ဖြင့် တယ်ပြီးမသင်္ကာဘူး၊ ထွက်သွားပြီလို့ ထင်တာပဲ"

ဖေတင်မှာ ခင်ဝင်းကိုမတွေ့ရသည့်အတွက် ရင်ထဲတွင်ဟာတာတာကြီးဖြစ်မိကာ ဝမ်းနည်းသည့် စိတ်မျိုးပေါ်လာလေ၏။

"ထွက်သွားရအောင်ဟာလည်း ဘာအကြောင်းရှိလို့လည်းကွာ၊ မနက်ကမေးတော့ ဒီမှာနေဦးမယ်လို့ အသေအချာ ပြောထားတာပဲ၊ သွားမယ်ဆိုရင်လည်း ပြောဆိုပြီးမှ သွားမှာပေါ့"

"သူသွားမယ်ဆိုရင် တားထားမှာစိုးလို့ ဘယ်သူမှမသိအောင်တုန်း ထွက်သွားတာနဲ့ တူပါတယ်"

ဖေတင်သည် စိတ်ထဲတွင် မောဟိုက်၍သွားကာ ကုလားထိုင်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် ခြေပစ်လက်ပစ်ထိုင်လျက် ထွေရာလေးပါး တွေး၍နေလေ၏။

"အတွေ့မခံချင်လို့ ထွက်သွားခဲ့ရင်လည်း စာကလေးတစ်စောင်လောက်တော့ ရေးထားပစ်ခဲ့လိမ့်မယ်လို့ ထင်တာပဲ၊ ရှာစမ်းကွာ" ဟုဆိုကာ ဘိုးတုတ်ကို အရှာခိုင်းကာ မိမိကိုယ်တိုင်လည်း လိုက်လံ၍ရှာလေ၏။

ထိုသို့ရှာဖွေကြရာ တစ်အိမ်လုံးနှံ့နေသည့်တိုင်အောင် စာကို ရှာ၍မရသည့်အတွက် ဖေတင်မှာ စိတ်အပျက်ကြီးပျက်ပြီးလျှင် "ခင်ဝင်း မရှိရင်တော့ ခက်တော့တာပဲ၊ ဘယ်လိုလုပ်နေရ မလည်း မသိဘူး"ဟု ပြောလိုက်ရာ ဘိုးတုတ်သည် ဖေတင်၏ မျက်နှာကိုကြည့်ပြီး မိမိ၏ဆရာအား သနားကရုဏာသက်မိလေ၏။

"ဆရာ သူ့ကိုဘာတွေများပြောလိုက်လို့လဲ"

"ဘာမှမပြောပါကလား၊ သွားတော့လို့လည်းမပြောမိပါဘူး၊ သူမရှိရင် အနေရခက်မယ်ဆိုတာပြောမြဲပြီး ဒီမှာပဲနေဖို့ပြောလိုက်ပါသေးတယ်"ဟု ပြန်၍ပြောမိရာက ခင်ဝင်းအား မိမိပြောလိုက်သည့်စကားများတွင် မိမိ၏မေတ္တာရှိနေခြင်းကို အရိပ်အမြွက်ဖော်ပြမိသည့်အတွက် မိမိအား မနှစ်သက်နိုင်ခြင်းကြောင့် မိမိ၏မေတ္တာကို လက်မခံလို၍ ထိုသို့ မချစ်ကြိုက်ဟု ထုတ်ဖော်ပြောရမည်ကို မပြုလိုသဖြင့် ထွက်သွားခြင်းပေလားဟု တွေးမိလေ၏။

ထိုသို့တွေးမိသည့်အတွက် ထိုကဲ့သို့ ပြောလိုက်မိခြင်းမှာ မှားလေပြီ၊ အကယ်၍ မိမိဘာမျှမပြောဘဲထားလိုက်လျှင် ယခုကဲ့သို့ ခင်ဝင်း ထွက်သွားဦးမည်မဟုတ်ဘဲ ၎င်း၏အချစ်ကို မခံယူရသည့်တိုင်အောင် မျက်နှာကလေးကိုကား တွေ့၍နေပေလိမ့်မည်ဟု စဉ်းစားမိကာ များစွာ

www.burmeseclassic.com

www.burmeseclassic.com



ယူကျုံးမရ ဖြစ်နေမိလေပြီ။

ဘိုးတုတ်သည် ဖေတင်၏မျက်နှာကို စိုက်ကြည့်နေရာ "ဆရာ ထမင်းပြင်လိုက်ရတော့မလား"ဟု မေးလိုက်လေ၏။

"ငါမစားတော့ဘူး။ မင်းဆာရင်စားနှင့်တော့"

ဘိုးတုတ်သည် မိမိ၏ဆရာ အတော်ပင်စိတ်ညစ်နေပြီဟု သိရှိရကာ "စိတ်အညစ်မခံပါနဲ့ ဆရာ၊ ဆရာအခုဘယ်လိုနေချင်သလဲ၊ နေချင်တဲ့အတိုင်း မခင်ဝင်းလိုပဲ လုပ်တတ်ကိုင်တတ်ရှိတဲ့ မိန်းကလေး တစ်ယောက်ခေါ်ခိုင်းထားရင်ပြီးတာပဲ မဟုတ်လား"ဟု အကြံပေးလေ၏။

ဖေတင်သည် ဘိုးတုတ်အားစိုက်၍ကြည့်နေပြီးမှ ခေါင်းကိုယမ်းခါပြီးလျှင် "ဒီလိုသဘောမျိုး မဟုတ်ဘူး။ အမှန်ကိုဖွင့်ပြောရရင် မခင်ဝင်း အပေါ်မှာ မေတ္တာရှိမှန်းမသိ ရှိနေမိပြီ၊ စောစောက ထွက်သွားခဲ့လို့ရှိရင် ဘယ်လိုမှ ဖြစ်မှာမဟုတ်ဘူး၊ အခုလို မေတ္တာရှိမိခါမှထွက်သွားတယ် ဆိုတာ ငါအသည်းထဲ ဘယ်လိုဖြစ်မယ်ဆိုတာ မင်းပဲစဉ်းစားကြည့် တော့"ဟု ပြောလိုက်ရာ ဘိုးတုတ်သည်နားထောင်နေရာက စုတ်သပ်မိရှာ လေ၏။

"ဆရာက မိန်းမမုန်းတယ်ဆိုပြီး၊ အခုတော့လည်း ဘယ်လိုဖြစ် သွားလဲ၊ ဆရာရဲ့"

"ဘယ်လိုဖြစ်သလဲဆိုတာလည်း ငါကိုယ်တိုင်လည်း မသိဘူး၊ ဖြစ်တော့မှပဲ ဖြစ်မှကိုးလို့ သိရတော့တာပဲ"ဟုဆိုကာ အခန်းထဲတွင်ခေါက် တုန့်ခေါက်ပြန်လျှောက်ရင်း စဉ်းစားခန်းထုတ်၍နေလေ၏။

ထိုသို့လျှောက်နေရာက မိမိ၏ဆံပင်ထဲသို့ လက်ဆယ်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



ထိုး၍ မွှေနှောက်ဖျစ်ညှစ်ဆုပ်ဆွဲကာ ပက်လက်ကုလားထိုင်ပေါ်တွင် နောက်ပြန်ပစ်၍ထိုင်လိုက်ရာ တွေ့မြင်နေသောဘိုးတုတ်မှာ မိမိဆရာ၏ အချစ်ရောဂါသည် ဒီရေတက်သကဲ့သို့ လျင်မြန်စွာ တိုးတက်ကြီးမား လာသည်ကို သိရှိရကား များစွာ အံ့ဩမိလေတော့၏။

သို့ဖြစ်၍ ဘိုးတုတ်သည် ထိုနေရာမှ ရုတ်တရက်ထ၍သွားပြီးလျှင် မီးဖိုချောင်၌တစ်စုံတစ်ရာမွှေနှောက်ရှာဖွေကာ ဖန်ခွက်တစ်လုံးကို ကိုင်၍ ထွက်လာခဲ့လေ၏။

"ဆရာသိပ်စိတ်ညစ်နေရင် လူကိုဒုက္ခပေးလိမ့်မယ်။ စိတ်ညစ်ပြေအောင် ဟောဒါကလေး သောက်လိုက်ပါလား ဆရာရဲ့"

ဘိုးတုတ်သည် ဖန်ခွက်ကိုလှမ်း၍ပေးလိုက်ကာ "အရက်လေး၊ ဒါသောက်လိုက်ရင် ဆရာစိတ်ရှုပ်နေတာတွေ ပျောက်သွားလိမ့် မယ်"ဟု ဆိုလေ၏။

"မင်း ဘယ်ကရသလဲ"

"ကျွန်တော်မီးဖိုခန်းထဲ ဝှက်ထားတာ"

ဖေတင်သည် နှာခေါင်းကိုရှုံ့လိုက်ပြီးလျှင် "မဖြစ်ပါဘူးကွာ၊ ထားလိုက်ပါ၊ ငါမသောက်ချင်ဘူး"ဟုဆိုသဖြင့် ဘိုးတုတ်လည်း လှမ်းထားသောလက်ကိုပြန်၍ဆုတ်ကာ "နည်းနည်းလောက်ပဲဖြစ်ဖြစ် သောက်ကြည့်စမ်းပါလား ဆရာရဲ့"ဟု ထပ်၍ပြောလေ၏။

ဖေတင်သည် ဘိုးတုတ်အား ဘာမျှမပြောဘဲ ထိုင်ရာမှ ...ကာ လမ်းလျှောက်၍နေပြန်လေ၏။ ဘိုးတုတ်မှာ ဖေတင်ဘာမျှမပြောသည့် အတွက် ထပ်မံ၍တိုက်တွန်းရန်မရဲတော့ဘဲ အရက်ထည့်ထားသောဖန် ခွက်ကို စားပွဲပေါ်တွင်အသာချ၍ထားလိုက်လေ၏။ ထိုသို့ချထားလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်ကို ဖေတင်မြင်မိကာ လမ်းလျှောက်နေရာက မကြာမကြာဖန်ခွက်ကိုလှမ်း၍ ကြည့်မိလေ၏။ ထိုသို့ကြည့်မိတိုင်း မိမိ၏တိုးတက်ကြီးမားလာသောစိတ်ညစ်ခြင်းကို အရက်နှင့်ဖြေဖျောက်ရလျှင် သက်သာကောင်း သက်သာလာမည်လားဟု တွေးတောမိလေ၏။

ဘိုးတုတ်သည် မိမိ၏ဆရာအား ယခုကဲ့သို့တွေ့မြင်နေရခြင်းတို့ လွန်စွာစိတ်မချမ်းသာလှသဖြင့် အိမ်အပြင်သို့ထွက်သွားကာ အိမ်ဘေးရှိ အုတ်ခုံကလေးပေါ်တွင် မှိုင်တွေ၍ထိုင်ရင်း မိမိဆရာအတွက်မည်သို့ပြုလုပ်ရမည်ကို အကြံထုတ်၍နေလေ၏။

ထိုသို့ ဘိုးတုတ်သည်ထိုင်၍စဉ်းစားနေရာတွင် တစ်ချက်တစ်ချက်အိမ်ထဲမှ ဖေတင်၏ညည်းတွားသံကိုလည်းကောင်း 'ခင်ခင်ရေ . . ဩော်မခင်ဝင်း. . . မခင်ဝင်းရက်စက်လေခြင်းနော်'ဟု ရင်ထဲတွင်မမျိုသိပ်နိုင်ပဲ ပွင့်ထွက်၍လာသော စကားများကိုလည်းကောင်း ကြားနေရလေရာ ခင်ဝင်း၏စိတ်နှင့်ပင် မိမိ၏ဆရာရူး၍ သွားလေတော့မည်လားဟု စိုးရိမ်ပူပန်မိလေ၏။

ခဏမျှကြာပြန်သောအခါ 'အင်း. . အား'ဟူသော အသံမျိုးကိုကြားရပြန်လေရာ ဘာတွေဖြစ်နေပြန်ပြီလဲဟု စိုးရိမ်မကင်းရှိနေမိရာက 'ဘိုးတုတ်ရေ၊ ဟေ့ဘိုးတုတ်၊ အမလေးလုပ်ပါဦး လုပ်ပါဦး'ဟူသောအော်သံများကိုကြားလိုက်ရသည့်အတွက် မျက်လုံးပြူး၍သွားကာ လျင်မြန်စွာ အိမ်ထဲသို့ဝင်ပြေးလေ၏။

ဘိုးတုတ်သည် အိမ်ထဲရောက်ရာတွင် ရင်ဘတ်ကိုလက်နှင့်ဖိလျက် မချိမဆံ့လူးလွန့်ကာ ပက်လက်ကုလားထိုင်ပေါ်တွင် မျက်လုံးပြူးနေသော ဖေတင်ကို တွေ့မြင်ရသောကြောင့် တစ်ကိုယ်လုံးထူပူသွားပြီး

www.burmeseclassic.com

www.burmeseclassic.com



လျှင် 'အမလေး ဘယ်လိုလုပ်လိုက်တာလဲဆရာရဲ့၊ မိန်းမအတွက်နဲ့ ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး ဓားနဲ့ထိုးသတ်လိုက်တာလား'ဟုဆိုကာ ဇွေ့ထူရန် လျှင်မြန်စွာအနီးသို့ကပ်သွားလေ၏။

ဖေတင်လည်း 'အမလေး၊ အမလေး'ဟု ညည်းညူနေရာက တစ်နေရာကို လက်ညှိုးထိုး၍ပြနေသဖြင့် ဘိုးတုတ်လည်း ထိုနေရာကြည့်လိုက်ရာ စားပွဲပေါ်တွင်မိမိတင်ထားသော ဖန်ခွက်ထဲ၌ အရက်များမရှိတော့သည်ကိုတွေ့ရမှ ပူပင်ခြင်းကင်းစင်ကာ အားရစွာရယ်မောလျက် "ဘာများလည်းလို့ အသည်းထိတ်လိုက်တာဆရာရယ်၊ ဆရာ့နှယ်အသည်းငယ်ရန်ကော၊ အရက်ကလေးတစ်ခွက်နဲ့ ဘာမှမဖြစ်နိုင်ပါဘူးဆရာရဲ့"ဟု ပြောပြလေ၏။

"ဘိုးတုတ် . . မင်းဟာ ဘာအရက်လဲကွ၊ မီးခဲမျိုရသလိုပဲ၊ နဂိုကမှ အချစ်အတွက် အသည်းကျွမ်းရတော့မလိုလိုရှိရတဲ့အထဲ အရက်သောက်လိုက်တဲ့အတွက် အသည်းတွေ ရှိမှရှိပါတော့မလားမသိဘူး ကြည့်မနေပါနဲ့ဦး၊ လုပ်စမ်းပါဦး"

"သောက်တုန်းမို့ ဒီလိုဖြစ်သွားတာပါ၊ တဖြည်းဖြည်းပူတာပျောက်ပြီး အရသာတွေတက်တက်လာလိမ့်မယ်၊ ဟော ပြောရင်းဆိုရင်း ဆရာမျက်လုံးကလေးတွေ ပျော်လွန်းလွန်းလို့ ခြေကကဖို့ဟန်ပြင်နေကြပြီ"

ထိုသို့ပြောလိုက်ရာတွင် ဖေတင်၏စိတ်သည် ဖြုန်းခနဲ့ပြောင်းလဲသွားကာ "ဟား ဟား ဟားဟား"ဟု တစ်ကိုယ်လုံးယိမ်းထိုးနေအောင်ရယ်မောကာ "ဟုတ်လားကွ၊ ငါမျက်လုံးကလေးတွေ ခြေကကနေပြီလား၊ သွားသွား . . မှန်ယူခဲ့စမ်း၊ ငါကြည့်စမ်းမယ်"ဟု ဆိုလိုက်သဖြင့် ဘိုးတုတ်

www.burmeseclassic.com

www.burmeseclassic.com



လည်း မှန်တစ်ချပ်ကို ပြေးယူလာပြီးပေးလိုက်ရာ ဖေတင်သည် မိမိမျက်နှာကို မှန်ထဲမှာကြည့်လျက် ခွက်ထိုးခွက်လန်ရယ်မိလေ၏။

"ဆရာ၊ ဒါကြောင့် ကျွန်တော်ပြောတယ်မဟုတ်လား။ ကျွန်တော့်ဆေး ဘယ်လောက်ကောင်းသလဲ"

"ဒါကြောင့် မင်း ဒီဆေးကြီးကို လက်မလွှတ်နိုင်တာပေါ့လေ"

"ဟဲ ဟဲ၊ အစစ်ပေါ့ဆရာရဲ့"

ဖေတင်သည် ထိုင်ရာမှထလျက် "ပျော်တယ်ကွာ။ငါသီချင်းတောင် အော်ပြီးဆိုချင်တာပဲ"ဟု ပြောလိုက်သဖြင့် မီးလောင်လျှင်လေပင့်ရန် အသင့်ပြင်နေသော ဘိုးတုတ်က "ကြိတ်သာကြိတ်၊ ဘယ်သူမှရှိတာမဟုတ်ဘဲ။ စိန်ကတုံး အကကလေးနဲ့ ကချင်လည်း ကလိုက်ဦးဆရာ"ဟု အားပေးအားမြှောက်ပြုလိုက်လေ၏။

ထိုသို့ပြောလိုက်သည့်အတွက် ဖေတင်သည် ဖန်ခွက်ကလေးကို ပြေး၍ကိုင်ကာ ကိုယ်ကိုအလွန်အကြူး မူးယစ်ယိမ်းယိုင်ဟန်ပြုလျက် "သောက်တော်ဘူးရယ်နဲ့ အိုမကွာ. . . အိုမကွာ။မင်းကျော်စွာရယ်ကမကွာလား၊ ဝေးရာက. . . ရှား"ဟု ဆိုလိုက်သည်တွင် ဘိုးတုတ်ကပါ ပါးစပ်ဆိုင်းတီးပေးလေ၏။

"ဟား. . ဟား. . ဟား. . ဟား။ တို့နှစ်ယောက် ဇာတ်ထောင်ရရင်တော့ ပရိသတ်တွေပြည့်ကျပ်နေမှာဘဲ"

"ဆရာ့ အကမျိုးနဲ့ဆိုရင်တော့ ညတွင်းချင်း တိုက်တစ်လုံးတော့ ဆောက်ရမှာပဲ၊ ဝိုင်းပေါက်တဲ့အုတ်ခဲတွေနဲ့စုပြီး ဆောက်ရမှာ"ဟု ဘိုးတုတ်ကပြောလျက် "နောက်ဖေးချောင်အတွက် အုတ်ခဲမလုံလောက်ရင်တော့ ကျွန်တော့်တာဝန်ထားလိုက်ဆရာ"ဟု ဆက်လိုက်သောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဖေတင်မှာ သဘောကျ၍မဆုံးနိုင်ဘဲ ရှိသွားလေ၏။

"မဆီလေးရယ်တဲ့မှ အိုမဆိုင်. . . အိုမဆိုင် ပန်းမွှေ့ရာရွှေတော်ဖော. . . ရောနှောလို့ထိုင်"

"ဗေထိ. . ဗေပုံ. . ပုနှောင်. . ဗေပုံးဂျီ"ဟူသော ဘိုးတုတ်၏ ပါးစပ်ဆိုင်းအဆုံးတွင် ဖေတင်သည် အောင်မောင်းခြေထိုးထိုးလျက်ပစ်၍ ထိုင်လိုက်ရာ မထနိုင်ဘဲ ရှုံ့မဲ့မဲ့ကြီး ဖြစ်သွားသဖြင့် ဘိုးတုတ်ကဆွဲထူပေးရလေ၏။

ထိုခဏတွင်ပင် ဖေတင်၏စိတ်သည် ဖောက်လာပြန်ကာ "လွမ်းပြီခင်ရဲ့. . လွမ်းပြီ"ဟု အော်လိုက်ရာ ဘိုးတုတ်မှာ မိမိဆရာရောဂါဖောက်ပြန်လာပြီကို သိရသည့်အတွက် ဆေးတစ်ခွက် ထပ်၍တိုက်လိုက်ဦးမှပဲ ဖြစ်တော့မည်ဟုနှလုံးပြုကာ နောက်ဖေးသို့ထ၍ပြေးပြီး ပုလင်းတစ်လုံးကို ဆွဲ၍လာလေ၏။

"ဟောဒါကလေးတစ်ခွက် လုပ်လိုက်စမ်းပါဦး ဆရာရဲ့"

"တော်ပြီကွာ၊ မင်းဥစ္စာခဏပဲရတာ"

"ဆရာ နည်းနည်းလိုနေသေးလို့. . ဟောဒါကလေး နည်းနည်း. . နည်းနည်း"

ဘိုးတုတ်သည် ဖန်ခွက်ထဲသို့ ဇွတ်အတင်းထည့်၍ပေးလိုက်သည့်အတွက် ဖေတင်လည်းမော့၍ချလိုက်လေ၏။

"ကဲ ဘယ့်နှယ်နေသေးသလဲ ဆရာ"

"သတိရနေသေးတာပဲ"ဟုဆိုကာ ဖေတင်သည် အခန်းထဲတွင် တစ်စုံတစ်ခုကိုရှာသလို ဟိုဟိုဒီဒီလိုက်၍ကြည့်လေ၏။

"ဘာရှာနေတာလဲ ဆရာရဲ့"

www.burmeseclassic.com

www.burmeseclassic.com



“မခင်ဝင်းလေ မခင်ဝင်း၊ အိမ်ထဲမှာရှိတယ်။ ဟော ဟော ဟိုမှာ ရပ်နေတယ်၊ ပန်းတွေပန်ထားလိုက်တာ ဝေလို့ပဲ၊ အမယ်လေး မခင်ဝင်း ရယ်၊ ဘယ်မှာပုန်းနေပြီး အခုမှပေါ်လာတာလဲ၊ မခင်ဝင်းသာ အခု ရောက်မလာရင် မောင်ကြီးအသည်းကွဲတော့မှာပဲ၊ ခင် ဘယ်မှမပြေးရ ဘူး၊ မောင်ကြီးအတင်းဖက်ထားမယ်”ဟု ဖေတင်သည် တစ်စုံတစ်ရာကို စူးစိုက်ကြည့်ရှု၍ ပြောရာကပြေး၍ဖက်လိုက်ရာ ခင်ဝင်းမဟုတ်ဘဲ ပန်းအိုး ကြီး ဖက်မိရက်သား ဖြစ်နေလေ၏။

“ဟော့ ဘိုးတုတ် ရှာပါဦးကွာ၊ မခင်ဝင်းဘယ်ပျောက်သွားပါ လိမ့်မလဲမသိဘူး”

ဘိုးတုတ်မှာ မိမိဆရာအတော်မူး၍သွားပြီကို သိနေရသော ကြောင့် ပုလင်းထဲ၌ကျန်၍နေသောအရက်ကို ကော်ရင်ဂျီကုလား ထန်း ရည်မော့သလို မော့ချပစ်လိုက်ပြီးမှ “ဆရာစိတ်ထင်နေလို့ပါ၊ မရှိဘူး ဆရာရဲ့”ဟု ပြောလိုက်လေ၏။

“ရှိပါတယ်ကွာ၊ အခုပဲမြင်လိုက်ရသေးတာပဲ၊ ရှာပါဦး”ဟု ဆို လျက် ဖေတင်သည် မှောက်ထားသောခွက်ကလေးများကို လှန်၍လည်း ကောင်း၊ ဓာတ်ပုံကား၏နောက်ဘက်တွင် လက်နှင့်စမ်းကြည့်၍လည်း ကောင်း၊ ဖောက်ပြီးသားစာအိတ်ထဲတွင် ချောင်းကြည့်၍လည်းကောင်း ခင်ဝင်းအားရှာနေသည်ကို တွေ့ရလေရာ ဘိုးတုတ်မှာ ရယ်လည်းရယ်ချင် သနားလည်းသနားဖြစ်လျက် “ဆရာရှာနေတဲ့ဟာတွေထဲမှာ မခင်ဝင်း ရှိ နိုင်ပါ့မလား ဆရာရဲ့”ဟု ပြောလေ၏။

“ရှိရမှာပေါ့ကွာ၊ ဒါတွေထဲမှာမတွေ့ရင် စာအုပ်တွေကြားထဲ ရှာဦးမယ်”ဟု ပြောသည်အတွက် ဘိုးတုတ်က “စာအုပ်တွေ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



လှန်ကြည့်ပြီးပြီ။ မရှိဘူးဆရာရဲ့”ဟု ပြောလိုက်လေ၏။

“ဒါဖြင့် ဘယ်ရောက်သွားပါလိမ့်မလဲမသိဘူး။ ခင်ရေ. . ဝင်းရေ . . အိုခင်ရေ၊ ရွှေလမင်းလို ဝင်းဝင်း. . ဝင်းဝင်း၊ ပပ. . ပပ၊ လှလှ . . လှလှ. . လှတဲ့မခင်ဝင်းရေ။ ခင်မရှိရင် ကျုပ်မနေနိုင်ဘူးဆိုတာ သိတယ်မဟုတ်လားခင်ရဲ့။ သိလို့တမင်စိတ်ဒုက္ခရောက်အောင်လုပ်သွား တာလား။ အမလေး. . စိမ်းကားပါပေရဲ့ကွယ် မခင်ဝင်းရယ်. . ငဲ့ငယ်ငယ်”

ဖေတင်မှာ မူး၍နေလေရကား ရူးသလိုလိုနှမ်းသလိုလိုဖြစ်လျက် အကောင်းပြောနေရာက အလွမ်းဖောက်၊ လွမ်းနေရာက အသောဖောက်ကာ ရောက်တတ်လေးဆယ် လျှောက်၍ပြောနေလေတော့၏။

“ဟေ့ ဘိုးတုတ်”

“ဟုတ်ကဲ့. . ဆရာ”ဟုဆိုကာ ဘိုးတုတ်ရောက်၍လာလေ၏။ ဘိုးတုတ် မှာမိမိအရက်တိုက်မိသည်မှာ မှား၍နေလေပြီဟု တွေးမိလျက် မျက်နှာမကောင်းဘဲ ရှိ၍နေလေတော့၏။

“မခင်ဝင်း ဘယ်သွားသလဲ”

“ဆရာမှ မသိဘဲ ကျွန်တော်လည်း ဘယ်သိမလဲဆရာ”

“လာ လိုက်ပြီးရှာမယ်။ ကမ္ဘာကြီးတစ်ခုလုံး ဘယ်နေရာမှာပဲ ပုန်းနေနေ။ တွေ့အောင်ရှာမယ်။ ငါ့ သားရေသေတ္တာပြင်လိုက်”

“နေပါဦး ဆရာရယ်။ ဖြည်းဖြည်းမှ ရှာတာပေါ့”

“မင်း ဘာမှပြန်ပြောမနေနဲ့။ အခုဆိုအခုမှငါကြိုက်တယ်။ ဒီထက်ကြာရင် သာပြီးဝေးသွားရုံပဲ ရှိတော့မယ်။ လုပ်လေကွာ. . မြန် မြန်”

“ဒီနေ့တော့ မတော်သေးပါဘူး။ ဆရာလည်းနည်းနည်းမူးနေ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ သွားလို့လာလို့ဖြစ်ပါ့မလား ဆရာရဲ့"

"မင်း ဆင်ခြေကန်မနေနဲ့၊ ငါခိုင်းတာသာလုပ်"ဟု ဆိုလိုက်သည့်အတွက် ဘိုးတုတ်မှာ ဘာမျှနောက်ထပ်ပြော၍မနေရဲဘဲ ခိုင်းသည့်အတိုင်း ခရီးသွားရန်အဝတ်အစားများကို သားရေသေတ္တာထဲသို့ထည့်ရလေ၏။

"စိန်ခြူးကြာညောင်. . ကြာညောင်. . လရောင်တွေ လင်းပါလို့ မှန်ရှေ့ပြတင်းရယ်က. . ဟောဒီက. . ကိုဖေတင်ကြီးက. . မခင်ဝင်းကိုတဲ့ မျှော် အော့ပော်. . အပူပိုလို့မပြီးနိုင်ပါကလား ငါခုလိုညည်းနေရတဲ့ လှူဖို့ကြီးရယ်က မောင်ခုမျှော်"

ဘိုးတုတ်သည် အိမ်ရှေ့သို့လှမ်းကြည့်လိုက်ရာ ပြတင်းပေါက်ဝတွင်ရပ်၍ ကမ်းစပ်ကိုမျှော်ကြည့်လျက် သီချင်းဆိုကာ ကတော့မလိုလို ခုန်တော့မလိုလို ကိုယ်ကလေးတရှုရှု ဖင်ကလေးတကြွကြွလုပ်နေသော ဖေတင်ကို မြင်ရသဖြင့် စိတ်ပျက်စွာသက်ပြင်းချလိုက်မိလေ၏။

"သုံးချက်စည်တော်၊ စည်တော်၊ ဟေ့ ဘိုးတုတ် ဘယ်အချိန်ရှိနေပြီလဲ၊ မပြီးသေးဘူးလား မြန်မြန်လုပ်"

"ဟုတ်ကဲ့ ဆရာပြီးပါပြီ"ဟု ဆို၍ ဘိုးတုတ်သည် သားရေသေတ္တာထဲသို့ အဝတ်အစားများကမန်းကတန်းထည့်ပြီး အပြင်သို့ထွက်ခဲ့လေ၏။ ထိုသို့ထွက်လာရာတွင် ဖေတင်သည် ဘိုးတုတ်အားကြည့်ကာ "ဘာလုပ်လာတာလဲ"ဟု မေးလေ၏။

"မခင်ဝင်းလိုက်ရှာမယ်ဆို"

"ဘယ်က မခင်ဝင်းလဲ"

ဘိုးတုတ်မှာ ဖေတင်ဘာဖြစ်သွားပြန်ပြီလဲဟု အားသင့်ကာ

www.burmeseclassic.com

www.burmeseclassic.com



ပြုံးတုံးကြောင်တောင်ဖြစ်၍ ကြည့်နေမိပြီးမှ "ဘုလေ"ဟု ဆိုလေ၏။

"ဘု. . ဟုတ်လား။ ဘု. . ဘု. . ဘု. . ဘု. . ဘု. . ဘွတ်ထား ဟားဟား"ဟုရယ်မောပြီး "ဘာလို့ရှာရမှာလဲ။မရှာဘူး။ ဒီလိုကောင်မချီး ကို ရေးရေးရာရာလုပ်ပြီးရှာနေရမှာလား။ ငါမိန်းမမုန်သမျှ အကုန်မုန်း တယ် မလိုချင်ဘူး။ ဒီကောင်မတွေဟာ မီးမတွေ မီးမတွေ၊ သွား ငါ့ပစ္စည်း တွေ ပြန်ထားလိုက်"ဟု ဆိုလိုက်သည့်အတွက် ဘိုးတုတ်မှာ မိမိတပင် တပန်းလုပ်ကိုင်ပြီးမှ ပြန်၍ထားလိုက်ရတော့မည်ဖြစ်သော ကြောင့် ယခုမှမောဟိုက်ကာ ကြမ်းပြင်ပေါ်တွင် ဖင်ထိုင်၍ချလိုက်မိပေတော့၏။

"ဟေ့ဘိုးတုတ် ဒါကဘာလုပ်တာလဲ။ မြခြေကျင်းငွေမြိုင်တို့အား ကျလို့ ခြေထောက်ကလေးဆောင့်ဆောင့်ပြီး မူလကျိုလုပ်ဦးမလို့လား"ဟု ဆိုပြီးမှ စကားဆက်၍မပြောဘဲ အတန်ကြာတွေဝေ၍ ကြည့်နေ လေ၏။

ထိုနောက်တစ်ဖန်ချက်ချင်းပင် စိတ်ပြောင်း၍လာပြန်ကာ "တော် ဟေ့မြန်မြန်လုပ်ကွာ တံခါးတွေ အကုန်ပိတ်၊ ဒီအိမ်ကြီး ဒီလိုပဲထားပစ်ခဲ့ မယ်၊ မတွေ့တွေ့အောင် လိုက်ရှာကြမယ်"ဟု အပူတပြင်းလုပ်၍လာပြန် လေ၏။

သို့ဖြစ်သည့် အလျောက် ဘိုးတုတ်လည်း ဖေတင်ခိုင်းသည့် အတိုင်း တစ်အိမ်လုံး အလျင်အမြန် သိမ်းဆည်းလျက် တံခါးများပိတ် ပြီးလျှင် သွားတော့မည်ဟု ပြင်လိုက်သောအခါ မူးမူးနှင့်ပက်လက်ကုလား ထိုင်ပေါ်တွင် အိပ်ပျော်၍နေတော့သည်ကို တွေ့ရှိရလေ၏။ ထိုအခါမှ ဘိုးတုတ်မှာ အမောကြီးမောမိကာ လက်ထဲရှိသားရေသေတ္တာကို လွှတ်ချ လိုက်လေတော့သတည်း။

□□□

www.burmeseclassic.com

www.burmeseclassic.com

[၉]

နောက်တစ်နေ့နံနက်ဝေလီဝေလင်းအချိန်တွင် ဖေတင်နှင့် ဘိုးတုတ်သည် ခင်ဝင်းအားမတွေ့သမျှမနေဟူသော သံဓိဋ္ဌာန်ဖြင့် လိုက်လံရှာဖွေရန် နေအိမ်မှထွက်၍လာခဲ့ကြလေ၏။ ထိုသို့ထွက်၍လာခဲ့ကြရာတွင် ဖေတင်သည် ရေသူမကျောက်ဆောင်ကလေးကို မြင်လိုက်ရသည့်အခါ မိမိနှင့်ခင်ဝင်းတို့ စတင်တွေ့ကြုံပုံကိုတွေးမိလျက် ရင်ထဲဝမ်းနည်းဆို့၍ သွားမိလေ၏။

ခင်ဝင်းသည် အိမ်မှထွက်သွားရာတွင် မည်သည့်အရပ်ဒေသသို့သွားသည်ကို စာရေး၍မထားခဲ့ရကား မည်သို့လိုက်၍ရှာရမည်မှာ သေချာသောအလုပ်မဟုတ်ဘဲ တွေ့လိုတွေ့ငြားဟူ၍သာ စိတ်ဒွိဟထားပြီးလျှင် ထွက်၍လာခဲ့ကြခြင်းဖြစ်ပေ၏။

သို့အားဖြင့် ကျိုက္ခမီသို့ ရောက်ရှိလာကြသောအခါ ဘယ်ကိုလိုက်ရမည်ကို မကြံတတ်ဘဲ ရှိ၍နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဒီကနေပြီး ဘယ်ကိုသွားကြမလဲ ဆရာ"

"ဘယ်သွားရမှန်းလည်းမသိဘူး၊ သူဘယ်မှာနေတတ်၊ ဘယ်သွားတတ်တယ်ဆိုတာ သိရရင်လည်း အဲဒီနေရာတွေကို လိုက်ပြီးစုံစမ်းရရင် အကောင်းသားပဲ။ ဒီနေရာတွေ မသိတာကခက်တယ်။ ဒါထက်ကျိုက္ခမီကိုပဲ မခင်ဝင်းလာတယ်မလာဘူးဆိုတာ မပြောနိုင်တော့ လာမှန်းမလာမှန်းမသိဘဲနဲ့ ရှာရမှာဟာ သာပြီးခက်တာပေါ့"

"ဒါတော့ ကျိုက္ခမီသာအနီးဆုံးပဲကိုး။ ဒီတော့ သူဝင်ဦးမှာပဲ၊ ဒီမှာနေမနေသာမပြောနိုင်တာ"ဟု ဘိုးတုတ်ကပြောပြီးလျှင် "မခင်ဝင်းဟာ ဘယ်ကလာတယ်၊ ဘယ်မှာနေတယ်ဆိုတာ ပထမဦးဆုံး ဇာတိကိုသိအောင်ရှာကြရဦးမယ်"ဟု အကြံပေးလေ၏။

"ဒီလိုဆိုရင် ထိပ်တင်ဆွေတည်းတဲ့ ဘန်ဂလိုကိုသွားပြီး စုံစမ်းရင် သိမှာပေါ့။ လာသွားကြစို့"

ထိုသို့တိုင်ပင်စိတ်ကူးမိကြသည့် အလျောက် ဘန်ဂလိုသို့သွားရောက်စုံစမ်းကြသောအခါ ထိပ်တင်ဆွေတို့ ပြန်၍သွားကြပြီဖြစ်သည်ကို သိရှိကြရလေ၏။

"ဘယ်တုန်းက သွားကြသလဲ"

ဘန်ဂလိုစောင့်သောသူသည် ဖေတင်၏မျက်နှာကို အကဲခတ်၍နေပြီးမှ "မနက်ကပဲပြန်သွားကြတယ်။အစတုန်းကတော့ ဒီလကုန်လောက်အထိနေကြဦးမယ်လို့ဆိုပြီး မနေ့ကတော့ ကမန်းတတန်းပြန်သွားကြတယ်"ဟု ပြောပြလေ၏။

"သူတို့ဘယ်ကို ပြန်ကြတာလဲ"

"မော်လမြိုင်ကိုသွားကြတာပဲ။ မော်လမြိုင်မှာနေတယ်မနေဘူး

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတော့ အသေအချာမပြောတတ်ဘူး"

ဖေတင်သည် ထိုသူ၏အဖြေကို စဉ်းစားနေပြီးနောက် ဘိုးတုတ်ဘက်သို့လှည့်ကာ "သွားတဲ့နေရာကို သိရရင်ပဲတော်လှပြီလေ။ အဲဒီကိုပဲလိုက်တာပေါ့"ဟု ဆိုလိုက်လေ၏။

"နေပါဦးဆရာ၊ကျွန်တော်တို့ရှာနေတာ ထိပ်တင်ဆွေကို ရှာနေတာလား၊ မခင်ဝင်းကို ရှာနေတာလား၊ မော်လမြိုင်သွားတယ်ဆိုလို့ မော်လမြိုင်ကိုလိုက်ရှာရင် ဟိုမှာထိပ်တင်ဆွေတို့နေရင် သူတို့ကိုပဲတွေ့မှာပေါ့"

ဘိုးတုတ်ပြောသည့်စကားမှာ ဟုတ်မှန်၍နေရကား ဖေတင်မှာ ခင်ဝင်းအားရှာရန် လွယ်ကူမလိုလိုထင်မိခြင်းမှာ ထင်သလောက်မလွယ်ကူကြောင်းကို တွေးမိလေတော့၏။

"မင်းပြောတာလည်း. . ဟုတ်တာပဲ။ဒါပေမဲ့ မော်လမြိုင်ကိုတော့ လိုက်ကြရဦးမှာပေါ့။ ဟိုကျမှ အဲဒီမြို့မှာ ထိပ်တင်ဆွေဆိုတာ နေမနေ စုံစမ်းကြည့်ပြီး နေတယ်ဆိုလို့ရှိရင် မခင်ဝင်းဟာ အဲ့ဒီမြို့ကလာတာပဲဆိုတာ သိကြရမှာပဲ"

"မခင်ဝင်းဟာ ထိပ်တင်ဆွေတို့နဲ့ မနေချင်လို့ထွက်လာခဲ့တာပဲ၊ သူတို့ရှိတဲ့အရပ်မှာတော့ ဘယ်နည်းနဲ့မှပြန်ပြီးမနေဘူး"

"ဒါကိုတော့ တစ်ထစ်ချပြောလို့ မဖြစ်နိုင်ဘူး၊ မြို့ကြီးဆိုတာ အကျယ်ကြီးပဲ၊ တစ်ယောက်နဲ့တစ်ယောက် မတွေ့ရအောင်ပုန်းနေလို့လည်းဖြစ်တာဘဲ၊ ဒါတော့. . ဘာပဲဖြစ်ဖြစ်လေ၊ ထိပ်တင်ဆွေတို့မရှိလည်း မော်လမြိုင်ကနေပြီးသွားရမှာပဲ၊ ရှိလည်းအဲ့ဒီကိုပဲသွားရမှာပဲ၊ ဒီတော့ ပြောနေတာကြာလိမ့်မယ်၊ ဒီကနေ့ပဲသွားကြစို့ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောလိုက်သည့်စကားကို ဘိုးတုတ်မှာ ငြင်းဆန်နေရန် မရှိချေ။ သို့ဖြစ်ရကား ဖေတင်နှင့်ဘိုးတုတ်တို့သည် နေ့ချင်းပင်မော်လမြိုင်သို့ ခရီးထွက်ခဲ့လေ၏။

မော်လမြိုင်သို့ရောက်ရှိသောအခါ အချိန်မှာအတော်ညဥ့်နက်၍ နေပြီဖြစ်လေရာ ထိပ်တင်ဆွေတို့ကို စုံစမ်းရန်အရေးထက် ထိုည အဖို့ မိမိတို့၏နေရေးထိုင်ရေးအတွက်က ပို၍အရေးကြီးနေသည့်အ လျောက် ဘိုးတုတ်က "ဒီည ဘယ်မှာအိပ်မလည်းဆရာ၊ အသိရှိသလား" ဟု မေးလိုက်လေ၏။

"ဒီလိုမြို့ကြီးတွေမှာတော့ အသိဆိုတာတစ်ယောက်ယောက် တော့ရှိမှာပဲ။ ဘယ်သူရှိတယ်ဆိုတာသာ မသိရသေးတာဘဲ၊ အခုလည်း အချိန်ညဥ့်နက်နေတဲ့အတွက် အသိကိုလိုက်ရှာနေလို့တော့မဖြစ်ဘူး၊ တည်းခိုရိပ်သာတစ်ခုခုမှာပဲ သွားပြီးတည်းမှဖြစ်လိမ့်မယ်"

ထိုသို့ စိတ်ကူးမိသည့်အလျောက် ဖေတင်နှင့်ဘိုးတုတ်တို့သည် နယ်လှည့်အရာရှိများတည်းခိုသည့်ဗိုလ်တဲသို့ သွားရောက်ကာ အခန်း တောင်း၍ရရှိကြလေ၏၊

"ဒီညအဖို့တော့ အချိန်မရှိဘူး၊ အိပ်မှပဲ၊ မနက်မှလှည့်ပြီး စုံစမ်း ကြစို့ကွယ်။ ဟုတ်လား"

"ဒါဖြင့်ရင် ဆေးကလေးတစ်ခွက်လောက်"

"မင်းကလည်း. . မင်းဆေးလောက်ပဲ အာရုံစိုက်နေတာပဲ၊ စိတ် ညစ်တယ်၊ စိတ်ညစ်တယ်နဲ့သောက်ပြီး ကြာရင် ငါပါ ကဇော်သမားဖြစ် နေလိမ့်မယ်"

"မဖြစ်ပါဘူး ဆရာရယ်။ ကိုယ့်စိတ်တစ်ခုပါပဲ၊ မသောက်ချင်

www.burmeseclassic.com

www.burmeseclassic.com



တဲ့အခါကျတော့ ဖြတ်ထားလိုက်တာပေါ့။ ကျွန်တော့် ကြည့်ပါလား"

"မင်း. . ဘယ်တုန်းက ဖြတ်ထားသလဲ"

"မနေ့ညက အခုအချိန်အထိလေ"ဟု ပြောလိုက်သည့်အတွက် ဖေတင်လည်း ရယ်မောရှုနေလိုက်ရာတွင် ဘိုးတုတ်က "ကဲဆရာ ခဏ နေလိုက်ဦး"ဟုဆို၍ ဖေတင်အား ဘန်ဂလို၌ထားခဲ့ပြီးလျှင် အရက် ဆိုင်ကိုရှာရန် ထွက်သွားလေ၏။

ဖေတင်သည် တစ်ယောက်တည်းကျန်ရစ်ခဲ့သောအခါ ခင်ဝင်း ကိုသာလျှင် စူးစိုက်တွေးတောနေမိသော စိတ်သည် ပေါ်ပေါက်လာလေ ၏။ ယခုမိမိသည် ခင်ဝင်းအားရှာရန်ထွက်ခဲ့ခြင်းသည် ခင်ဝင်းအားတွေ လိုခြင်းကြောင့်သာလျှင် ထွက်လာခဲ့ခြင်းဖြစ်၍ ခင်ဝင်းအားရှာ၍တွေ့ပြီ ဟု ဆိုစေခါမူ မိမိသည် ခင်ဝင်းအားခေါ်၍ရနိုင်မည်လော။ ခင်ဝင်း သည် မိမိအားမေတ္တာရှိပါသည်ဟု ပြောထားသည်မဟုတ်။ မေတ္တာမရှိခြင်း ကြောင့်သာလျှင် ထွက်၍သွားခဲ့ခြင်းဖြစ်လေရာ တွေ့လျှင်လည်း တွေ့ တွေ့ပဲရှိပေပြီဟု တွေးမိပြန်သဖြင့် ခင်ဝင်းအား လိုက်ရှာဖို့ရန်ကို စိတ်ပျက် မိလေ၏။

သို့ရာတွင် ဖေတင်သည်ခင်ဝင်းအပေါ်တွင် ကြီးမားသော မေတ္တာထားရှိနေမိရကား ခေါ်၍မရမှုနေစေတော့၊ တွေ့ရခြင်းပင်လျှင် ကျေနပ်ဖွယ်ရှိလှပြီဖြစ်သည့်ပြင် ထိုသို့တွေ့ရ၍မိမိ၏အချစ်ကို ဖွင့်လှစ် ၍ပြောလိုက်ရလျှင်တော်ပြီ။ မိမိအား မေတ္တာရှိလျှင်ကား လိုက်၍ လာ လိမ့်မည်၊ မေတ္တာမရှိ၍လိုက်မလာလျှင်လည်း မိမိကံအကြောင်းပင်ဖြစ် တော့သည်ဟု နှလုံးပြုလိုက်ရလေတော့၏။

ထိုအခိုက်တွင် ဘိုးတုတ်သည် အရက်ပုလင်းတစ်လုံးကို ပိုက်

www.burmeseclassic.com

www.burmeseclassic.com



လျက် ဗိုလ်တဲပေါ်သို့ တက်ရောက်၍လာလေ၏။

"ဟော့ ဘိုးတုတ်၊ သွားလိုက်တာ ကြာလှချည်လားကွ"

"ကြာဆို ဆိုင်ကိုလည်းအတော်ရှာနေရတယ် ဆရာရဲ့၊ ဆိုင်က ထွက်ပြီးလာတော့ကာ လမ်းမှာမြင်လိုက်ရလို့"

"ဘာ မြင်လိုက်ရလို့လဲ၊ ပုလိပ်ကိုလား"

"မဟုတ်ဘူးဆရာ၊ မခင်ဝင်းကို"

"ဟင် ဟုတ်လား"ဟုဆိုကာ ဖေတင်မှာ လျှပ်စစ်ဓာတ်နှင့်တို့လိုက်သကဲ့သို့ လေးကန်ထိုင်းမှိုင်းနေရာက သွက်လက်စွာလှုပ်ရှားလာလေ၏။

"ဟုတ်တယ်လို့ထင်တာပဲ၊သိပ်တူတာပဲ၊ ဒါပေမဲ့ ယောကျ်ားတစ်ယောက်နဲ့"

"ယောကျ်ားတစ်ယောက်နဲ့ ဟုတ်လား၊ မင်း ခေါ်မကြည့်လိုက်ဘူးလား"

"ခေါ်လိုက်မလို့ဘဲ၊ အဲဒီယောကျ်ားတစ်ယောက်ပါလာတာနဲ့၊ ဟုတ်ရင်တော်သေးရဲ့၊ မဟုတ်ရင် ပါးရိုက်ခံရမှာစိုးတာနဲ့ မခေါ်ရဲဘဲ နောက်ကမယောင်မလည်လိုက်သွားတာ၊ တော်တော်ကလေးရောက်တော့ မြင်းရထားတစ်စီးခေါ်ပြီး တက်စီးသွားကြတာနဲ့ ကျွန်တော်လည်း မလိုက်နိုင်တော့ပဲ နေလိုက်ရတယ်"

"မင်းနှယ့်ကွာ- ဒီလိုဆိုရင်လည်း ချက်ချင်းလာပြီးပြောရော့ပေါ့"

"ပြောမလို့တော့ စိတ်ကူးသားပဲ၊ ပြန်သွားရင် မတွေ့ဘဲနေမှာစိုးတာနဲ့ ကျွန်တော်ကိုယ်တိုင်လိုက်ကြည့်လိုက်တာ"

ဖေတင်သည် ခေါက်တုံ့ခေါက်ပြန်လျှောက်၍ စဉ်းစားနေပြီး

www.burmeseclassic.com

www.burmeseclassic.com



နေ့ခက် "ယောကျ်ားတစ်ယောက်နဲ့၊ အင်း အဲဒါအစဉ်းစားရခက်သားပဲ။ မင်း ဒီလူကိုသိသလား"ဟု မေးလိုက်လေ၏။

"ကျွန်တော်တော့ တစ်ခါမှမမြင်ဖူးဘူး ဆရာ"

"ထိပ်တင်အုန်းများ ဖြစ်နေရော့သလား။ ထိပ်တင်အုန်းဆိုရင်လည်း ဆူနဲ့တစ်ယောက်တည်းတွဲလာမှာတော့ မဟုတ်ဘူး။ မခင်ဝင်းအစစ်ဖြစ်ရင်လည်း ဒီယောကျ်ားဟာ သူ့လင်များဖြစ်နေလေရော့သလား။ ဒီလိုဆို ရင် တို့တော့ငရဲကြီးကုန်တော့မှာပဲ။ ဒါပေမဲ့ မခင်ဝင်းအကြောင်း သိရသလောက်တော့ သူဟာ. . အပျိုပဲ။ ဒီလိုဆိုရင်လည်း မင်းတွေ့ခဲ့ရတယ်ဆိုတာ မခင်ဝင်းဟုတ်ချင်မှလည်း ဟုတ်မယ်"

"ကျွန်တော်တော့. . မစဉ်းစားတတ်ဘူးဆရာ။ တွေ့ရတာတော့ သိပ်ဆန်းကြယ်တာဘဲ။ မခင်ဝင်းသာအမှန်ဖြစ်ရင်တော့ မနက်ဖြန်တွေ့ရမှာပဲ"

ဖေတင်သည် ဘိုးတုတ်ပြောသည့်သတင်းကို ကြားလိုက်ရစဉ်က ဝမ်းသာရတော့မလိုလိုရှိခဲ့မိပြီးမှ တစိမ့်စိမ့်တွေးလိုက်သောအခါ သာ၍စိတ်ရှုပ်ထွေး ညစ်ညူးစရာကောင်း၍နေတော့သောကြောင့် "ကိုင်းကွာ မနက်ကျမှပဲ အေးအေးရှာကြပါစို့။ ဒီညတော့ စိတ်ညစ်ကလေး ဖြေလိုက်ဦးမှဘဲ"ဟု ပြောလိုက်လေ၏။

ထိုသို့ပြောလိုက်သည့်အတိုင်း ဘိုးတုတ်သည် ဆရာကောင်းတပည့်ပီသစွာ အရက်ကိုကောင်းစွာ ပြင်ဆင်ပေးလျက် မြည်းစားစရာအစားအစာတို့ကိုပါ အသင့်လုပ်ပေးကာ ဆရာတစ်ခွက်၊ တပည့်တစ်ခွက်လုပ်၍ ဆက်ရက်မင်းစည်းစိမ်ကို ခံစားကြလေတော့၏။

"ဘိုးတုတ် မင်းဘယ်နှယ်ထင်သလဲ။ တကယ်လို့သာတွေ့တဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ့မလား”ဟု ဖေတင်သည် ရီဝေသောမျက်လုံးများကိုဖြင့်ကာမြော လေ၏။

“သူ့သဘောပဲ၊ ကျွန်တော် ဘယ်ပြောနိုင်မလဲ၊ ဒါပေမဲ့ ဆရာ့အပေါ်မှာ မေတ္တာမတုံ့ပြန်နိုင်စရာတော့ ရှိပုံမရပါဘူး၊ နို့ပေမဲ့ ဘာအကြောင်းကြောင့် သူထွက်သွားတယ်ဆိုတာသိဖို့အရေးကြီးတယ်၊ ဆရာ့အချစ်ကိုလက်ခံရမှာကြောက်လို့ ဆရာနဲ့မနေချင်လို့ထွက်သွားတာဖြစ်ရင်တော့ အခက်သားပဲ”

ဖေတင်သည် ဖြည်းဖြည်းမှန်မှန် အရက်ကိုသောက်ရင်း ဆက်လက်၍ စဉ်းစားပြန်လေ၏။ ထိုသို့စဉ်းစားနေရာက အရက်၏အရှိန်သည် တဖြည်းဖြည်းတက်၍လာလေရာ နောက်ဆုံးတွင် မျက်လုံးများဖွင့်၍မရအောင် မှုး၍လာပြီး အိပ်ပျော်၍သွားလေ၏။

နောက်နေ့နံနက်တွင် ဖေတင်မှာအစောကြီးနိုးနေလျက် ဘိုးတုတ်အား ကိုယ်တိုင်နှိုးပြီးလျှင် ခင်ဝင်းအားလိုက်၍ရှာရန် ပြင်ကြလေ၏။

“ဘယ်ကစပြီး ရှာမလဲ ဆရာ”

“မနေ့က မင်းမြင်လိုက်တယ်ဆိုတဲ့နေရာကို အရင်သွားတာပေါ့”

ထိုသို့ပြောဆို၍ထွက်ခဲ့ကြရာ ဘိုးတုတ်တွေ့လိုက်ရသည်ဆိုသည့်နေရာသို့ ရောက်သောအခါ ထိုနေရာမှနေ၍ဘယ်သို့လိုက်ရမည်ကို မသိဘဲရှိကြလေ၏။

“ဒီလမ်းဆုံးအောင် လိုက်ကြည့်ကြမယ်ကွာ၊ မင်းက တစ်ဖက်ကြည့်၊ ငါကတစ်ဖက်ကြည့်မယ်”ဟုဆို၍ ထိုလမ်းအတိုင်းလိုက်ပြီးပြန်ရာ

www.burmeseclassic.com

www.burmeseclassic.com



ထိုလမ်းသာလျှင်ဆုံး၍သွားသော်လည်း ခင်ဝင်းနှင့်တူသည်ဟု ဆိုရလောက်သည့် မိန်းကလေးကိုပင် မတွေ့ရဘဲရှိကြလေသည်။

"ကဲ. . ဟိုဘက်လမ်းကို အစအဆုံးရှာကြစို့ရဲ့"

ထိုသို့လျှင် ဖေတင်နှင့်ဘိုးတုတ်တို့သည် တစ်လမ်းဝင်တစ်လမ်းထွက်နှင့် လမ်းထိပ်မှလမ်းဆုံးအထိ လိုက်လံကြည့်ရှု ရှာဖွေကြသော်လည်း လူသာလျှင်မောပန်း၍လာကြပြီး ခင်ဝင်းကိုကား အစအနမှမတွေ့ရဘဲ ရှိလေတော့၏။

"ဖြတ်လမ်းတွေကို တစ်ခါရှာကြဦးစို့လား"ဟု ဖေတင်ကဆိုလိုက်ရာ ဘိုးတုတ်မှာမောဟိုက်နေပြီ ဖြစ်ရကား မျက်နှာကိုရှုံ့မဲ့လျက် "ဒီလိုလိုက်ကြည့်လို့တော့. . အပြင်ထွက်နေမှပဲ မြင်ရမှာပဲ။ ဟိုဟို ဒီဒီ မေးတာလည်းမသိ၊ မခင်ဝင်းဆိုတာလည်းမသိ၊ထိပ်တင်ဆွေဆိုတာလည်း မသိကြဘဲ ကျွန်တော်တို့ကိုသာ စားပြတိုက်ရအောင် လာကြတဲ့လူတွေလားလို့ မသင်္ကာသလိုလို အကြည့်ခံနေရတာပဲ တွေ့ရတယ်"ဟု ပြောပြလေ၏။

"ဒီလိုဆိုရင် ဘယ်လိုလုပ်ဖို့ မင်းကအကြံပေးချင်သလဲ"

"ဘယ်သူဘယ်မှာနေတယ်ဆိုတာ ဂတ်နဲ့စာတိုက်တွေကတော့ သိမှာဘဲ၊ဂတ်ကိုတော့ ကျွန်တော်တယ်ပြီး မသွားချင်ဘူး"

"အေး မင်းအကြံလည်း ကောင်းတာပဲ။ လာ စာတိုက်ကြီးသွားရအောင်"

ဖေတင်မှာ ဘိုးတုတ်၏ အကြံကောင်းသည်ကိုပင် စိတ်ထဲတွင် ချီးမွမ်းမိလျက် စာတိုက်တွင်သွားရောက်စုံစမ်းရန် ထွက်ခဲ့လေ၏။ ထိုသို့ထွက်၍လာခဲ့ကြရာတွင် တိုက်ဆိုင်ကြီးတစ်ခု၏ရှေ့တွင် မိန်းမပျိုတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ဘိုးတုတ်မြင်လိုက်ရသဖြင့် "ထိုမှာ - ထိုမှာ ခင်ဝင်းလျှောက်လား"ဟု ဝမ်းမြောက်အားရပြောဆိုညွှန်ပြလိုက်ရာ ဖေတင်သည် ဘိုးတုတ် ညွှန်ပြရာဘက်သို့ ပျာပျာသလဲကြည့်လိုက်လေ၏။

"ဟာ အစစ်ပဲ။ဟိုးဟိုး"ဟုဆိုကာ မြင်းရထားကိုရပ်လိုက်ပြီးလျှင် "မင်းနေရစ်ခဲ့ဦး"ဟု ဘိုးတုတ်အားမှာပြီးလျှင် ရထားတံခါးကိုဖွင့်၍ လျင်မြန်စွာ ဆင်းပြေးသွားလေ၏။

ဖေတင်သည် ထိုမိန်းမပျိုအနားသို့ရောက်သည့်အခါ မိမိအား မမှတ်မိသကဲ့သို့ ကြည့်နေသည်ကို တွေ့ရသောကြောင့် နှုတ်မဆက်ရဲသလိုရှိမိလေ၏။

ထိုနောက်မှ "မခင်ဝင်း"ဟု ခေါ်လိုက်လေ၏။

မိန်းမပျိုသည် ဘာမျှမပြောဘဲ ဖေတင်အား လူစိမ်းတစ်ယောက်ကို တွေ့ရသကဲ့သို့ ကြောင်ပြီးကြည့်နေလေ၏။

"ဘုရေ ကျုပ်လေ မမှတ်မိချင်ဟန်ဆောင်နေတာလား"

ထိုအခါမှ မိန်းမပျိုသည် "အို . . ရှင်ဘယ်နှယ်လူလဲ၊ လူတို ဘုလေးဘာလေးနဲ့ လာပြီးလုပ်နေတာ ရှင်နောက်စရာမှတ်နေလို့လား"ဟု ပြောလေ၏။

ဖေတင်မှာ ထိုသို့ပြောလိုက်သည်ကို ကြားရသည့်အတွက် အံ့ဩသွားလေ၏။ သို့ရာတွင် ထိုမိန်းမပျို၏မျက်နှာအရုပ်အမောင်း အလုံးအထည်သာလျှင် ခင်ဝင်းနှင့်တူသည်သာမက အသံမှာလည်း ခင်ဝင်း၏အသံပင်ဖြစ်သည်ကို သိရသည့်အတွက် "တစ်ဖက်သားကို အရှက်ခွဲပါနဲ့ခင်ရယ်၊ ကျုပ်ဟာ ခင်ထွက်သွားတဲ့အချိန်ကစပြီး နေလို့မရထိုင်လို့မရနဲ့ ခင်မှပြန်ပြီးမလာရင် ဒုက္ခရောက်ရတော့မှာပဲ၊ အခုလိုက်ပြီရတဲ့အထဲ

www.burmeseclassic.com



က သူစိမ်းလိုမျက်နှာထားကြီးနဲ့ လုပ်နေတာ မြင်ရတော့ ရင်ဝကိုစုန်ကန်ခံရသလို အသည်းဆိုင်တွေပြိုပြီးကျရတော့မှာပဲ ထင်ပါရဲ့၊ ခင်ဘာပြုလို့ထွက်သွားတာလည်းခင်ရဲ့”ဟု စကားကိုမရပ်မနားဘဲ ခရားမှရေလွှတ်သလို တတွတ်တွတ်ပြောလေ၏၊

သို့ပြောလိုက်သည့်အတွက် မိန်းမပျိုမှာသာ၍ အစဉ်းစားရခက်သွားပုံရသည်သာမက ဒေါသဖြစ်လာသောအမူအရာကိုပါ တွေ့မြင်ရကာ “ရှင်ဘာတွေပြောနေတာလဲ၊ ရှင့်လည်း ကျွန်မ မသိပါလား၊ လူကို ဘုမသိဘမသိဘဲ ဖွတ်ဝင်ပြီး ရည်းစားစကားပြောနေတာလား၊ ရှင်သွားပါနောက်ထပ်ပြောနေရင် လူတွေအော်ခေါ်လိုက်မယ်”ဟု ဆိုလေ၏။

ထိုအခါ ဖေတင်သည် မိမိတကယ်ပင်လူမှား၍နေပြီလောဟု ယုံထင်ကြောင်ထင်ဖြစ်၍လာကာ “မင်း မခင်ဝင်းမဟုတ်လား”ဟု မေးလေ၏၊

“ကျွန်မ မခင်ဝင်းလို့ ရှင့်ကိုဘယ်သူပြောသလဲ၊ လူကိုလည်း မင်းနဲ့ငါနဲ့ပြောလို့၊ တယ်ပြီးပိုင်စိုးပိုင်နင်းရှိလှချည်လား”

ထိုအခိုက်တွင် တိုက်ထဲမှ ယောကျ်ားတစ်ယောက်ထွက်၍လာကာ “ဘာဖြစ်နေကြတာလဲ၊ အချစ်ရဲ့”ဟု မေးသဖြင့် မိန်းမပျိုက “ဘယ်တလူလည်း မသိပါဘူး၊ လူကို ဘုလို့ခေါ်လိုခေါ် ဘလို့ခေါ်လိုခေါ်”ဟု ပြောပြလေ၏။

“ခင်ဗျား ဘယ်လိုလူလဲ၊မိန်းမတစ်ယောက်ကို ဒီလိုပဲလိုက်ပြီး အနှောင့်အယှက်ပေးနေ့လေ့ရှိတဲ့ လူမျိုးလား”

“နောက်ပြီး ကျွန်မ မရှိရင် သေရပါတော့မယ်လေးတဲ့လေးနဲ့”

ထိုယောကျ်ားသည် ထိုစကားကို ကြားလိုက်ရ၍ ဒေါသဖြစ်လာ

www.burmeseclassic.com

www.burmeseclassic.com



ကာ "ခင်ဗျား ဒီနေရာကထွက်သွားပါ။ နောက်ထပ်ကိုးရိုးကားရားပြောရင် ပုလိပ်ကိုခေါ်ပြီး အပ်လိုက်ရလိမ့်မယ်"ဟု ခက်ထန်စွာ ပြောလိုက်လေ၏။

ထိုသို့ပြောလိုက်ရာတွင် ဖေတင်မှာမျက်စိမျက်နှာပျက်၍သွားကာ တောင်းပန်သည့်အမူအရာဖြင့် ကြည့်၍နေမိပြီးမှ "စိတ်မဆိုးပါနဲ့ ခင်ဗျာ။ ကျွန်တော် တမင်နှောင့်ယှက်တာမဟုတ်ပါဘူး။ ကျွန်တော်လိုက်ပြီး ရှာနေတဲ့ မိန်းကလေးတစ်ယောက်နဲ့တူလွန်းလို့ လူမှားပြီးပြောမိတာပါ ကျွန်တော်မသိလို့လွန်မိတာ တောင်းပန်ပါတယ်"ဟု ပြောလေ၏။

သို့ရာတွင် ထိုယောကျ်ားမှာ စိတ်ဆိုးသည့်မျက်နှာထားသို့ ပြောင်းလဲ၍မသွားဘဲ "လာသွားကြစို့ အချစ်ရယ်။ ဒီလူကို အဖက်လုပ်ပြီး ပြောမနေပါနဲ့"ဟုဆိုကာ ရပ်နေသောမြင်းရထား အလွတ်တစ်စီးကို လှမ်း၍ခေါ်လိုက်ပြီး တိုက်ထဲမှဝယ်၍လာသော အထုပ်အပိုးများကို ရထားမောင်းသူအား သယ်ယူခိုင်းပြီးနောက် မိန်းမပျို၏လက်တစ်ဖက်ကိုဆွဲခေါ်ကာ ရထားပေါ်သို့တက်သွားလေ၏။

ဖေတင်မှာ ငေး၍ကြည့်လျက် ကျန်ရစ်ရာက မိမိမှာ ထိုသူ၏ မျက်နှာကို မြင်ဖူးသည်ကိုသတိရလေ၏။ သို့ရာတွင် ဘယ်မှာမြင်မိသည်ကို အမှတ်မရဘဲ ထွက်သွားသောရထားကိုသာ ငေးစိုက်၍ကြည့်နေမိရာက ရထားထဲကယောကျ်ားဖြစ်သူလည်း မိမိအားပြန်၍ကြည့်လိုက်သည်ကိုမြင်ရသဖြင့် ထိုသူလည်း မိမိအားမြင်ဖူးသလိုလိုရှိ၍ ပြန်ပြီးကြည့်လိုက်ခြင်းမျိုးနှင့်တူသည်ကို တွေးမိလေ၏။

ထိုအခိုက်တွင် ဘိုးတုတ်သည် ရထားပေါ်တွင်မနေဘဲ ဆင်း၍ပြေးလာကာ "ဆရာအခုတွေ့တာ မခင်ဝင်းမဟုတ်လား။ ဘယ့်နှယ်ဖြစ်သွားတာလဲ"ဟု မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မခင်ဝင်းမဟုတ်ဘူးလို့ဆိုတာပဲ၊ သူမျက်နှာထားကြည့်ရတာ တော့ဖြင့် ငါ့ကိုတကယ်မသိသလိုဘဲ။ တူတာကတော့ လူရော အသံရော သိပ် တူတာဘဲ၊ ဟိုလူလည်း မြင်ဖူးသလိုလိုရှိတယ်"

"ထိပ်တင်အုန်းဆိုတဲ့ လူများဖြစ်ရော့သလား"

ထိုသို့ ဘိုးတုတ်ကပြောလိုက်မှ ဖေတင်လည်း သတိရ၍လာကာ "ဟာ-ဟုတ်တာပေါ့၊ သူ့ကိုတွေ့ဖူးတာပေါ့၊ ဒါကြောင့် သူကလည်းငါ့ကို မြင်ဖူးသလိုလိုကြည့်နေတာ ဒီလိုဆိုရင် ဟိုဒင်းဟာမခင်ဝင်းအစစ်ပဲ၊ ဒါပေမဲ့ ဘယ့်နှယ်ကြောင့် ငါ့ကိုမသိသလိုလုပ်နေတာလဲ"ဟု မေးလေ၏၊

"အဲဒါတော့ မခင်ဝင်းကိုယ်တိုင်မှပဲ ဖြေနိုင်မှာပဲ"

"မခင်ဝင်း ဘယ့်နှယ်ကြောင့် ထိပ်တင်အုန်းဆီ ပြန်ပြီးရောက် တာလဲ၊ အရင်ပြောတုန်းကတော့လည်း မချစ်ဘူးဆိုပြီး အခုတော့လည်း တွဲလို့ပါကလား၊ ညားများညားနေကြရော့သလား၊ ပစ္စည်းတွေလည်းဝယ် လို့"

"အဲဒီပြဿနာ အစဉ်းစားရအခက်ဆုံးပဲ"

"အရေးထဲ စကားကြီးစကားကျယ်သုံးမနေစမ်းပါနဲ့"ဟု ဖေတင် က ပြောလိုက်ပြီးမှ "ဟော့ ဒီလိုနဲ့မဖြစ်သေးဘူး၊ လိုက်ကြဦးစို့ရဲ့"ဟုဆိုကာ မိမိတို့၏မြင်းရထားကိုခေါ်ပြီးလျှင် ရှေ့ကသွားသောရထားနောက်သို့ အမှီလိုက်ရန်ပြော၍ ရထားပေါ်သို့တက်ပြီး စီးသွားကြလေ၏၊

ဖေတင်မှာ စွဲလမ်းသည့်ဇောနှင့် လိုက်၍နေခြင်း ဖြစ်သည့်အ လျောက် တွေ့ဖို့ရန်လောက်ကိုသာလျှင် အာရုံပြုနေမိလေ၏၊ ဘိုးတုတ် မှာမူကား စဉ်းစားနိုင်းချိန်နိုင်သည့်အလျောက် ယခုတွေ့လိုက်ရပုံကို

www.burmeseclassic.com

www.burmeseclassic.com



ထောက်၍လိုက်သော်လည်း အကျိုးထူးမည်မဟုတ်သည်ကို တွေးမိလေ၏၊ အကြောင်းမူကား ထိုမိန်းမပျိုသည် ခင်ဝင်းမဟုတ်ခဲ့လျှင် လိုက်ခြင်းအားဖြင့် တစ်စုံတစ်ရာဒုက္ခတွေ့ကြုံဖွယ်ရာရှိသည်ပြင် ခင်ဝင်းဟုတ်ခဲ့လျှင်လည်း ဖေတင်အားမသိသကဲ့သို့ တမင်လုပ်နေသည်လည်းတစ်ကြောင်း၊ ထိပ်တင်အုန်းနှင့် လင်လိုလိုသားလိုလို တွဲနေကြသည်ကို တွေ့ရသည်လည်းတစ်ကြောင်း၊ ထိုအကြောင်းများကြောင့် နောက်ထပ်စကားပြောရဖို့ပင်လျှင် မျှော်လင့်စရာမရှိတော့ဘဲ ဖြစ်နေပေတော့၏။

ထိုသို့ လိုက်၍လာခဲ့ကြရာ အတန်ကြာသွားမိသောအခါ ရှေ့ရထားသည် ရပ်လိုက်မည်လုပ်ရာ ဘိုးတုတ်က "ဆရာဒီမှာရပ်လို့ဘယ်ဖြစ်မလဲ၊ နည်းနည်းကလေးလွန်သွားပြီးမှ ရပ်ပြီးတော့ကြည့်နေကြမှ ဖြစ်တော့မပေါ့"ဟုပြောလိုက်သည်အတွက် ရှေ့ကရထားကိုကျော်လွန်၍လာခဲ့ကြလေရာ ထိုသို့ ရထားချင်းဖြတ်ကျော်မိသောအခါ ဖေတင်သည် အခြားရထားထဲကို ကြည့်လိုက်ရာတွင် ထိုရထားထဲမှမိန်းမပျိုသည် ရထားထဲမှမဆင်းသေးဘဲ မိမိတို့ရထားထဲသို့ပြန်၍ ကြည့်ခိုက်နှင့် မျက်စိချင်းဆုံမိလေ၏၊

"မခင်ဝင်းအစစ်မှ အစစ်ပါပဲကွာ၊ ဘယ်လိုကဘယ်လို ဖြစ်ကုန်ကြတာလည်း မသိပါဘူးကွာ၊ ငါတော့ သေချင်တော့တာပဲ"

"ဟိုး ဟိုး"ဟု ဘိုးတုတ်က ပြောလိုက်လေ၏၊

မြင်းရထားသည် ဂိုက်တစ်ရာလောက်အလွန်တွင် ရပ်လေ၏၊ ထိုနောက်ရထားပေါ်မှ နှစ်ယောက်စလုံး ဆင်းကြကာ အခြားမြင်းရထားပေါ်မှ ပစ္စည်းများကိုသယ်ယူနေကြသည့် ယောကျ်ားနှင့်မိန်းမပျိုကိုချောင်းကြည့်နေကြလေ၏၊

www.burmeseclassic.com

www.burmeseclassic.com



ခေတ္တမျှကြာသောအခါ မိမိတို့ကြည့်နေကြသူ နှစ်ယောက်စလုံး အိမ်ထဲသို့ဝင်ရောက်၍သွားကြကာ ထွက်၍မလာ ထပ်၍မမြင်ရဘဲရှိပြန်လေ၏။

"ကဲ ဆရာ၊ ဒါပဲမဟုတ်လား။ ကြည့်နေလို့လည်း မထူးတော့ပါဘူး။ ကျွန်တော်တို့လည်း ဘာမှလုပ်နိုင်တာမဟုတ်ဘူး၊ ပြန်တာကောင်းပါလိမ့်မယ်"

ဖေတင်သည် ဘိုးတုတ်၏စကားကိုနားမထောင်ဘဲ ထိုအိမ်ကြီးဘက်သို့သာလျှင် စူးစိုက်ကြည့်နေရာက "ဟိုမှာ ဟိုမှာ တို့ကိုကြည့်နေတယ်" ဟုပြောလိုက်သဖြင့် ဘိုးတုတ်ကကြည့်လိုက်ရာ အိမ်၏ပြတင်းပေါက်သို့ထွက်၍ မိမိတို့ဘက်သို့ကြည့်နေသော စောစောကမိန်းမပျိုကိုတွေ့ရလေ၏။

ဖေတင်သည် မိမိတို့ကိုသာလျှင် စူးစိုက်ကြည့်ရှုနေသည်ကိုတွေ့ရှိရသောကြောင့် မိမိအားတွေ့လို၍ ထိုသို့ ကြည့်နေခြင်းပင်ဖြစ်သည်ဟုထင်မြင်ကာ ပြေး၍သွားမည်ဟုလုပ်လိုက်စဉ်မှာပင် ပြတင်းပေါက်တံခါးပိတ်လိုက်သည်ကိုတွေ့ရသဖြင့် ပြေးမည်ဟန်ပြင်သောခြေများမှာ တန့်၍သွားလေ၏။

ဖေတင်မှာ လုံးလုံးထပ်မံ၍မမြင်ရလျှင် တော်လိမ့်မည်၊ ယခုမူကား အရိပ်အယောင်ကလေးထပ်မံ၍မြင်လိုက်ရကာ ချက်ချင်းပင်ပျောက်ကွယ်သွားသောကြောင့် စိတ်ထဲတွင်မချိမဆံ့ပို၍ဖြစ်မိလေ၏။

"ကဲ ဆရာ၊ အခုလိုရပ်နေပြီး ဘာလုပ်ဦးမှာလဲဆရာ"

"ငါက ဒီနေရာနားက ဘယ်မှမသွားချင်ဘူး။ ဒီလိုပဲမြှော်နေချင်တော့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"လူမြင်လို့မတော်ဘူးဆရာရယ်၊ ပြန်ကြတာပဲကောင်းပါလိမ့်မယ်။ နောက်ထပ်မြင်ရရင် တိုးပြီးတော့သာ ဆရာစိတ်မကောင်းဖြစ်နေရမှာပဲ၊ နောက်ပြီးသူတို့အကြောင်းကလည်း ဘယ်လိုမှန်းမှမသိပဲ မျှော်နေလို့လည်းအပိုပါပဲ"

ဖေတင်မှာ ထိုနေရာကမခွာချင်လှသော်လည်း ဘိုးတုတ်၏မရမက ဆွဲနေခြင်းကြောင့် နောက်ဆုံးတွင် ငြင်းဆန်၍မနေတော့ပဲ ရထားပေါ်သို့ ပြန်၍တက်ပြီးလျှင် ထိုနေရာမှထွက်ခဲ့လေ၏။

ထိုသို့ထွက်ခဲ့ရာတွင် စွဲငြိနေသောစိတ်ကလေးမှာ ဖြတ်၍မရနိုင်ဘဲ ရှိနေသေးခြင်းကြောင့် ရိပ်ခနဲပင်မြင်လိုမြင်ရငြား သဘောထားလျက် ထိုအိမ်ကြီးဘက်သို့ တစ်ချက်မျှပြန်၍ကြည့်လိုက်ရာ မိမိမျှော်လင့်သူ့ကိုကား မတွေ့ရဘဲ အခိုင်းအစေနှင့်တူသော တစ်ယောက် စက်ဘီးစီး၍ အိမ်ထဲမှထွက်လာသည်ကိုသာ တွေ့ရတော့သည့်အတွက် စိတ်အပျက်ကြီးပျက်စွာဖြင့် သက်ပြင်းရှိုက်၍ချကာ စိတ်ကိုလျှော့လိုက်ရရှာလေတော့၏။

www.burmeseclassic.com

[၁၀]

ဗိုလ်တဲသို့ပြန်လည်၍ရောက်ရှိကြသောအခါ ဖေတင်သည် ဘိုးတုတ်အား စကားတစ်လုံးမျှမပြောဘဲ ငြိမ်သက်တွေဝေပြီးငေးမှိုင်၍ သာလျှင် အတွေးကြီးတွေး၍နေမိလေ၏။ ဘိုးတုတ်မှာ မိမိဆရာ၏စကားကို စောင့်စားနေသော်လည်း ဘာမျှပြောသည်ကိုမကြားရဘဲ တစ်ချက်တစ်ချက်ဟင်းခနဲ သက်ပြင်းချသံကိုကြားရလေ၏။ တစ်ခါတစ်ရံလည်း ဦးရေပြားများစုတ်ပြဲ၍သွားတော့မည်လားဟု ထင်မြင်ရလောက်အောင် ခေါင်းကိုတဖြင်းဖြင်းကုတ်သည့် အသံများထွက်လာပေ၏။

အတန်ကြာမှ တောက်ခနဲတောက်ခေါက်သံကြားပြီးလျှင် "ကွာ" ဟု အဆုံးအစမရှိသောစကားဖြင့် ငြီးတွားလိုက်သည်ကိုကြားရပြီးနောက် ခေတ္တမျှငြိမ်သက်သွားပြန်ပြီးမှ "သူ ငါ့ကိုမချစ်လို့ရှိရင်လည်း ရှိပါစေတော့ကွာ၊ သူ့မှမချစ်ဘဲကိုး၊ ဒါပေမဲ့ သူ့ကို ငါတွေ့ရတဲ့အခါမှာ ခင်ဝင်းဖြစ်တယ်ဆိုတာကလေးတစ်ခုပဲ ငါသိလိုက်ရရင်တော်ပါပြီ၊ အခုတော့လုံးလုံး

www.burmeseclassic.com



ကိုမသိတဲ့အနေမျိုးလုပ်လိုက်တာ အသည်းထဲကနာလွန်းလို့”ဟူသော စကားဖြင့် တိတ်ဆိတ်ခြင်းကို ဖြိုဖျက်လိုက်လေ၏။

ဘိုးတုတ်သည် ဖေတင်ပြောလိုက်သည့် စကားများကို ကြားရခြင်းအားဖြင့် ဖေတင်၏စိတ်တွင် မည်မျှကြီးမားလှသော ဝေဒနာကြီးခံစားနေရသည်ကို ကိုယ်ချင်းစာ၍ကြည့်မိလေ၏။ သို့ရာတွင် ထိုကိစ္စကြီးမှာ မိမိတို့ ဘာမျှမတတ်နိုင်သည်ကိုတွေးမိသဖြင့် မိမိ၏ဆရာအား စိတ်ကိုဖြေဖျော်ပေးခြင်းဖြင့်သာလျှင် သက်သာရာရစေလိမ့်မည်ဟု နှလုံးပြုမိကာ “တွေးတွေးပြီးဆွေးမနေပါနဲ့တော့ ဆရာရယ်၊ သူမခင်လို့ သွားမှပဲ ကိုယ်ကဘာပြုလို့ ကြင်ရမှာလဲ၊ ချင်းစိမ်းနဲ့မိဿလင် သူကြင်ရင်ကြင်တမ်းပေါ့ဆိုတဲ့ စကားလို စိတ်ကိုတင်းလိုက်စမ်းပါ ဆရာရယ်၊ ယောကျ်ားကပဲ” ဟုအားပေးလေ၏။

“ဒီလိုသာဖြတ်လို့ရမှာဖြင့် အစကတည်းက လိုက်ရှာမနေဘူး၊ ငါ အင်မတန်ချစ်တတ်တယ်နော်၊ ငါချစ်တတ်လွန်းလို့ ဒီအချစ်အတွက်နဲ့ ဒုက္ခတွေ့ရတာတွေများလွန်းလို့ ဖြတ်မယ်ဆိုပြီး တစ်ကိုယ်တည်း ထွက်လာခဲ့တာပဲ၊ ဒါပေမဲ့ ဖူးစွာရေးနတ်က နှိပ်စက်လို့ အားမရနိုင်သေးဘဲ သူကလေးကို ငါ့ဆီပို့ပြီး ဒုက္ခရောက်ရုံကလေးသက်သက်လုပ်သွားတယ်”

ဘိုးတုတ်မှာ မည်သို့ထပ်၍ပြောရမည်ကို မစဉ်းစားတတ်လည်း မိမိဆရာကိုသာ သနားမိသောမျက်နှာဖြင့် ကြည့်နေမိလေ၏။

“တစ်ဦးမေတ္တာတစ်ဦးမှာဆိုတဲ့ စကားရှိတယ်၊ သူ့အပေါ်မှာ ငါ ဒါလောက်မေတ္တာရှိရင် သူလည်းနည်းနည်းတော့ ပြန်ပြီးမေတ္တာရှိဖို့ကောင်းပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ကွယ် သူကိုငါကယ်ခဲ့တဲ့ ကျေးဇူးကလေးကိုမှမထောက် ငါ့ကို သေပေါက်တွန်းနေတာပဲ ဘိုးတုတ်ရဲ့" ဟု တဖြည်းဖြည်း ဝမ်းနည်းသံပါလာသောအသံကြီးဖြင့်ပြောရာက မျက်ရည်များပင်ရစ်သန်း၍လာသည်ကိုတွေ့ရလေ၏။

"ခက်ပြီ ခက်ပြီ၊ ငါခက်ပြီ၊ဘယ်လိုလုပ်ရပါ့မလဲကွဲ"ဟု ဖေတင်ထူး ဆွေးတွေးလျက်၍ပြောပြီးလျှင်၊ ဒီအပူကိုဘယ်လိုလုပ်ပြီးဖြေရပါ့မလဲကွယ်"ဟုဆိုလိုက်ရာ ဘိုးတုတ်မှာ မိမိ၏လက်သုံးတော်ဆေးကိုပင် မပေးလိုတော့ဘဲ "ဒီမှာနေသမျှတော့ သတိရနေတော့မှာပဲဆရာရယ်၊ ကျွန်တော်တို့အိမ်ကလေး ကျွန်တော်တို့ပြန်ပြောကြရင် မီးဝေးတော့ချိပ်မှာဆိုတော့လို့ တဖြည်းဖြည်းမေ့သွားမှာပါပဲ"ဟုပြောလေ၏။

"အဲဒါမှ သာဆိုးမှာ။ ဝေးလေဝေးလေဆွေးမပြေနိုင်ဘဲရှိမှာပဲ၊ အိမ်ကလေးမှာဆိုရင် သူလုပ်ကိုင်သွားတဲ့လက်ရာကလေးတွေကိုမြင်မြင်ပြီး ရင်နင့်စရာနဲ့အမြဲသတိရလို့ ဆိုးမှာမဟုတ်ဘူး။ မဖြစ်ဘူး၊မဖြစ်ဘူး သူ့ကိုသတိမေ့သွားအောင်တော့ လုပ်လိုက်ဦးမှပဲ၊ အရက်ယူခဲ့ကွာ၊ အရက်ယူခဲ့"

"မသောက်ပါနဲ့တော့ ဆရာရယ်၊ ဆရာ နေ့ရောညရောထမင်းမစားတာလည်း ဘယ်နှစ်ရက်ရှိသွားပြီလဲ၊ အရက်တွေသိပ်သောက်ရင် ဆရာ့အသက်တွေလျော့တော့လိမ့်မယ်"

"အခုဒါတွေ့ရတဲ့ဒုက္ခထက် ဘယ်ဒုက္ခကကြီးဦးမှာလဲကွဲ"

"ဆရာသေသွားမှာစိုးလို့ ပြောတာပါ"

"အခုလို ခံစားနေရတာထက်တော့ သေသွားတာကမှအေးဦးမှာပေါ့ ကွယ်၊ ငါသေချင်ပါတယ်၊ သွား အရက်သွားဝယ်ချ၊မင်းကငါ့ကို

www.burmeseclassic.com



ပြန်ပြီးတရားချမနေနဲ့။ ဘယ်လိုမှတားလို့ မရဘူး"

"ကျပ်တာပဲ. . ဆရာရယ်။ သိပ်ကျပ်တာဘဲ"

"ဟော့ဘိုးတုတ်"

"ခင်ဗျာ"

"မင်း ငါ့ကိုမသနားဘူးလား"

"သနားတာပေါ့ဆရာရယ်။ သနားလို့ပြောတာပေါ့"

"ပြောမနေနဲ့။သနားရင်ငါပြောတာလုပ်"ဟု အဆုံးသတ်စကားကို ပြောလိုက်သည့်အတွက် ဘိုးတုတ်မှာ နောက်ထပ်ပြောဆိုနေ၍ရတော့မည်မဟုတ်သည်ကိုတွေးမိကာ အရက်ဝယ်ရန်ထွက်ရပြန်လေတော့၏။

ထို့နောက် ဘိုးတုတ်ပြန်၍ရောက်လာပြီး မိမိဆရာ၏အလိုအတိုင်း စိတ်မှပြေစေတော့ဟုသဘောထားကာ အရက်ကိုထည့်၍ပေးရရှာလေ၏။ ဖေတင်သည်စကားကိုမပြောဘဲ အရက်ကိုသာလျှင် တစ်ခွက်ပြီးတစ်ခွက်သောက်နေလေရာ ဘိုးတုတ်မှာ အရက်ကိုသောက် ရကောင်းမှန်းမသိသူတစ်ယောက်က ဤမျှသောက်နေသည်ကိုတွေ့ရ၍ မျက်လုံးပြူးမိလေ၏။

ဖေတင်မှာကား ထိုသို့သောက်နေသော်လည်း ခင်ဝင်းအားတွေးမိသည့်စိတ်၊ ခင်ဝင်းအားဆွေးမိသည့်အပူတို့မှာ သက်သာရာမရဘဲ အမူးတခြား အလွမ်းတခြားဖြစ်ကာ ပို၍ပင်ပူဆွေးစေရန်အားပေးနေသကဲ့သို့ရှိသည်ကို သိရလေ၏။

အတန်ကြာသောအခါ ဖေတင်မှာ အနည်းငယ်ဖောက်ပြန်စပြု၍လာကာ "ဘယ်လိုဘဲသောက်ပေမယ့် မမေ့နိုင်ပါကလားကွယ် ဘိုးတုတ်ရယ်"ဟု ဇာတ်ဟန်ကလေးပါ၍လာလေရာ ဘိုးတုတ်မှာ မိမိ၏ဆရာအား

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်သွင်းလိုက်မိသည်မှာ မှားလေပြီဟုမျှားစွာ စိတ်မကောင်းဖြစ်သွားရှာလျက် ဤအတိုင်းကြည့်၍နေလျှင် အသောက်လွန်၍နေချေတော့မည်ဟု တွေးမိကာ မိမိပါယူ၍သောက်လေတော့၏။

ဘိုးတုတ်မှာကား မသောက်ဘဲနေလျှင် ကောင်းသလောက် သောက်မိပြန်လျှင်လည်း မစဉ်းစားမဆင်ခြင်တော့ပဲ ဝါသနာအိုးဖောက်၍လာကာ ပေါးလားဝါးလားနှင့်ဖြစ်၍လာလေတော့၏။

"သန်းဦးခေါင်းတစ်လုံးလေ့ သုံးကုဋေစိတ်ဖြာ"

"ကြိတ်ပေးဆရာ ကြိတ်ပေး"

"ဖုန်းတဖေ့ မိတ်ကလျာရယ် တဆိတ်စာမသနား အားဟာအာ့ဟာ၊ အမယ်လေး သန်းခေါင်းလေးတစ်လုံးကို သုံးကုဋေစိတ်လို့ တစ်စိတ်လောက်မှ မသနားဘူးကွဲ့ ရက်စက်လေခြင်းကွယ် ရက်စက်လေခြင်း"

ဘိုးတုတ်မှာ အမိပ္ပာယ်ကိုနားလည်သွားခါ ဖေတင်ကိုပင်သနား၍သွားမိပြန်လေ၏။

"ချစ်ရတဲ့တစ်ဖက်လူမှာ အသက်ရှူမအား"ဟု ဆိုရာက ဖေတင်သည် ဖန်ခွက်ကိုလှမ်း၍ယူကာ မော့လိုက်ပြီးနောက် "တစ်ဖက်သားခမျာမှာတော့ဖြင့် ချစ်လွန်းလို့ အသက်ရှူတွေဘာတွေမှားလို့ ဩော် မခင်ဝင်း . . မခင်ဝင်း"ဟု ညည်းတွားလျက် "မခင်ဝင်းချစ်ကညာရယ် မင်းကတော့လေ မြစ်ပမာ စောင်းကောက်လေပြား"ဟု လက်တန်းလျှောက်၍ဆိုလေ၏။

သို့ရာတွင် ဖေတင်မှာ ဆိုရင်းဆိုရင်းကပင် ဆွေး၍လာပြန်ပြီး သတိတိုး၍ရလာပြန်သည့်အတွက် သီချင်း တစ်ဝက်မှာပင်ရပ်၍သွားကာ မှိုင်၍ကျသွားပြန်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ဖြင့်မရှက်နိုင်တော့ဘူးကွယ်။ သူ့မျက်နှာကလေးမြင်နေရရင်ပဲ တော်ပါပြီ"ဟုဆိုကာ "လာကွာ ဟိုနေရာကလေးပဲ ပြန်သွားပြီး မျှော်နေတော့မယ်"ဟု ပြောလေ၏။

"အိုဆရာနှယ် မတော်ပါဘူး။ ဒီကဘယ်မှမသွားပါနဲ့ စိတ်ပျော်အောင်သာ ဆရာသောက်ချင်သလောက်သောက်ပါတော့။ ဟိုကိုတော့ မသွားပါနဲ့ တောင်းပန်ပါရစေ"

"ဟား ဟား အကြောင်းကံ တောင်းပန်လို့ရှိတာဖြစ်ရင်လည်း လက်နှစ်သစ်လောက် ငှဲ့လိုက်ဦးကွယ်"

ဘိုးတုတ်မှာ ဖေတင်မူးပြီးလဲနေတော့မှပဲ အေးတော့မည်ဟု နှလုံးပြုကာသာလျှင် တွင်တွင်သာ အရက်ကိုထည့်၍ပေးရလေတော့၏။

အချိန်သည်ကား ညဥ့်ဘက်သို့ကူးပြောင်းလာခဲ့ပြီဖြစ်ကာ ၇နာရီသာသာမျှရှိနေပြီဖြစ်လေ၏။ ဘိုးတုတ်မှာကား ဖေတင်အားမူးပြီးလဲနေမှအေးတော့မည်ဟု နှလုံးပြုခဲ့သော်လည်း အရက်လည်းတုန်၍ ဖေတင်သတိမရဘဲရှိနေပြန်သောအခါတွင် ပြန်၍သတိရလာစေရန် ဖေတင်၏ ဖက်ကို ရေခဲတုံးနှင့်ပွတ်ပေးရ၊ နားရွက်ထဲ သံပုရာရေညှစ်ထည့်ရ ရေခတ်အောက်ခေါင်းစိုက်၍လောင်းချရနှင့် အလုပ်တစ်မျိုးများနေပြန်လေတော့၏။

ထိုသို့ ပြုလုပ်၍ပေးမှ ဖေတင်လည်း သတိပြန်၍ရလာကာ လူကောင်းပမာဖြစ်လာပြီးလျှင် စိတ်နှလုံးတည်ငြိမ်၍လာလေ၏။

"ဒီလိုနေလို့တော့မဖြစ်ဘူး။ ဒီမြို့က ခွာမှသာအေးတော့မှာပဲ"

"ဟုတ်ပါတယ် ဆရာ။ ဒီအကြံကောင်းပါတယ်။ သေသောသူကြာရင်မေ့ ပျောက်သောသူ့ရှာရင်တွေ့ ဆိုတာလို မခင်ဝင်းတို့သတဲ့လူ

www.burmeseclassic.com

www.burmeseclassic.com



သဘောမျိုးထားပြီးတော့ ဒီကမ္ဘာလောကကြီးမှာ မခင်ဝင်းဆိုတာကလေး တစ်ယောက်မရှိဘူးအမှတ်နဲ့ ကြာရင်မေ့သွားမှာပါပဲ ဆရာရယ်"

"ဒီလိုဆိုရင် မနက်ဖြန်ပဲသွားကြစို့ရဲ့ကွယ်"

"ဘယ်ကိုသွားကြမလဲဆရာ၊ ဟိုအိမ်ကြီးကို ဘယ်လိုလုပ်ခဲ့မလဲ"

"မြန်အပ်လိုက်တာပေါ့ကွယ်။ ကျန်ရစ်ခဲ့တဲ့ပစ္စည်းတွေတော့ ဟိုမှာပဲ သိမ်းထားဖို့ပြောရတော့မှာပဲ။ နောက်ကျမှပဲ ယူချင်ရင်လည်းပြန် ယူတာပေါ့။ အိုကွယ်ရှုပ်ပါတယ်။ ယူမနေတော့ပါဘူး။ သံယောဇဉ်တွေ ဘာမှတွယ်တာမနေတော့ဘဲ ရောက်ရာပေါက်ရာလျှောက်သွားနေကြတာ အကောင်းဆုံးပဲ"

"ကဲ ဒါဖြင့်ဆရာ ထမင်းကလေး ဘာကလေးစားလိုက်ပါအုံး လား"

"အေး ဟုတ်သားပဲ။ သူ့စိတ်နဲ့ထမင်းတောင်စားဖို့မေ့နေတယ်"

ထိုအခါမှ ဘိုးတုတ်သည် မိမိဆရာအတွက် စိတ်သက်သာအေး ချမ်းရှုသွားကာ စားသောက်ရန်အတွက် ပြင်ဆင်ရလေတော့၏။

ထိုခဏတွင် ဗိုလ်တဲပေါ်သို့ တက်လာသော ခြေသံများကို ကြားလိုက်ရပြီးနောက် "ကိုဖေတင်. . ကိုဖေတင်"ဟု မကျယ်တကျယ် ခေါ်လိုက်သော အသံကိုကြားရလေရာ ထိုအသံမှာ မိန်းမအသံနှင့်ခပ် ဆင်ဆင်တူရှိနေသောကြောင့် ဖေတင်မှာ ကြက်သီးမွေးညှင်းများပင်ထ ရှိသွားမိလေတော့၏။

ထိုနောက်ခြေသံသည် မိမိတို့အခန်းဆီသို့ ရောက်ရှိလာသည် ကိုကြားနေရပြီးလျှင် တံခါးဝတွင် တစ်စုံတစ်ယောက်လာ၍ရပ်လိုက်သည် ကို တွေ့ရသောအခါ ဖေတင်မှာ ကြက်သေသေပြီးကြည့်နေမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ခေတ္တမျှကြာမှ ဖေတင်လည်းသတိရလာတာ "ခင်ဝင်း"ထု လှမ်း၍ခေါ် လိုက်နိုင်လေတော့၏။

ခင်ဝင်းသည် စိုးရိမ်သည့်အမူအရာဖြင့် အပြင်သို့ဖျာဖျာသာလဲ ကြည့်လိုက်ပြီးနောက် အခန်းထဲသို့ဝင်ကာ တံခါးကိုပိတ်လိုက်ရာ ဖေတင်မှာ မိမိမြင်နေရခြင်းသည် အကယ်ပင်ဟုတ်မှဟုတ်ရဲ့လား၊ အိပ်မက်ဝင် မက်၍နေလေသလားဟု ဝေခွဲ၍မရသကဲ့သို့ရှိသွားလေ၏။ ဖေတင်သည် မခင်ဝင်းအား မည်သည့်စကားဖြင့်စတင်ပြောရမည်ကို အကြံခက်၍နေ သလောက် ခင်ဝင်းလည်း ဖေတင်အား မည်သို့စ၍ပြောရမည်ကို မသိ သကဲ့သို့ တစ်ယောက်ကိုတစ်ယောက် အတန်ကြာစွာစိုက်၍ကြည့်နေကြ လေ၏။

ထို့နောက်မှ ဖေတင်က "မင်း . . မခင်ဝင်းမဟုတ်လား"ဟု မေး လိုက်လေ၏။

"ဟုတ်ကဲ့"ဟု ခင်ဝင်းက ဖြေလိုက်လေ၏။

ထိုအခါမှ ဖေတင်သည် ပျောက်ဆုံးပြီဟုစိတ်နှလုံးဒုံးဒုံးချထား သော ပစ္စည်းတစ်ခုကိုပြန်၍တွေ့ရသကဲ့သို့ ဝမ်းမြောက်၍သွားကာ "လုပ်ရက်လေခြင်းမခင်ဝင်းရယ်၊ မခင်ဝင်းမရှိရင်မနေနိုင်ဘူးဆိုတာ ပြော ပါရဲ့နဲ့၊အခုလိုထွက်သွားတာဟာ တစ်ဖက်သားခမျာမှာ ဘယ်လောက်ခံ ရသလဲဆိုတာ ကိုယ်ချင်းစာပြီးကြည့်ဖို့ကောင်းပါတယ်"ဟု ပြောပြလေ ၏။

ခင်ဝင်းမှာ ထိုစကားကိုကြားလိုက်ရသည်အတွက် မျက်နှာတွင် သွေးကလေးများလျှမ်းတက်ကာ ရှက်သလိုလိုရှိသွားလေ၏။

"မခင်ဝင်းအပေါ်မှာ ကျုပ်ဘယ်လောက်မေတ္တာရှိတယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



မခင်ဝင်းသိစေချင်ပါတယ်။ မခင်ဝင်းကို မတွေ့ရတော့တဲ့အချိန်ကစပြီး ကျုပ်ဟာအရူးလိုကို ဖြစ်နေတော့တာပဲ ဘယ်လိုမှနေလို့မရဘူး"

"နေလို့မရဘဲရှိလိမ့်မယ်ဆိုတာတော့ ကျွန်မသိတယ်။ ဒါပေမဲ့ ကျွန်မအတွက်ကြောင့်ရယ်လို့ မဆိုနိုင်ဘူး။အမှန်စင်စစ် ရှင်ကျွန်မကို မေတ္တာရှိနေတာမဟုတ်ဘူး။ ကျွန်မလိုမိန်းကလေးတစ်ယောက်ကို လိုနေတာသာဖြစ်တယ်။ ကျွန်မနေရာမှာ တခြားမိန်းကလေးတစ်ယောက်ဝင်နေရင်လည်း အခုလိုအတိုင်းပဲဖြစ်မှာပဲ။ နောက်ပြီး ရှင်ဟာမိန်းမမုန်းတဲ့လူ တစ်ယောက်လည်း ဖြစ်နေသေးတယ်"

ဖေတင်သည် ခင်ဝင်း၏စကားကိုစဉ်းစားနေပြီးမှ "ကျုပ်တစ်ခု ပြောပါမယ်။ မခင်ဝင်း အိမ်မှာနေဖို့မနေဖို့ မဆုံးဖြတ်နိုင်ကြပဲရှိတော့ မျောက်ပန်းလှန်လိုက်တဲ့အခါ တကယ်ပဲမျောက်ကျတယ်ထင်သလား"ဟု ဖေတင်ကမေးလေ၏။

"မထင်ဘူး။ပန်းကျတာကို ကျွန်မကိုယ်တိုင် မြင်ရသားပဲ"

"နို့-မြင်ရသားနဲ့ဘာပြုလို့ မျောက်လို့ ကျုပ်ပြောတယ်ထင်သလဲ"

ခင်ဝင်းသည် အနည်းငယ်တွေဝေသွားပြီးလျှင် "နေစေချင်လို့ဆိုတာ. . ထင်ရှားနေသားပဲ"ဟုပြော၍ ခေါင်းကလေးငုံ့သွားလေ၏။

"အဲဒီကထည်း နေစေချင်တယ်လို့ဆိုတာဟာ မခင်ဝင်းအပေါ်မှာ ကျုပ်မေတ္တာရှိနေတဲ့အကြောင်းကို ပြနေတာပဲမဟုတ်လား"

ခင်ဝင်းမှာဘာမျှမပြောဘဲ ငြိမ်သက်၍နေလေ၏။

"အဲဒီလို ထင်ရှားနေတဲ့အထဲက မခင်ဝင်းထွက်သွားတာဟာ မခင်ဝင်းသဘောနဲ့ မခင်ဝင်းထွက်သွားတာပဲလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လို့လည်းဆိုရမှာပဲ၊ မဟုတ်ဘူးလို့လည်းဆိုရမှာပဲ"

"ဘယ်လိုကြောင့်လဲ၊ ရှင်းပြီးပြောစမ်းပါဦး"

"ဟိုအချိန်ဟိုအခါတုန်းကဆိုရင် ရှင့်အပေါ်မှာ မေတ္တာရှိတယ် မရှိဘူးဆိုတာ ကျွန်မဘာမှမစဉ်းစားမိဘူး၊ ရှင်တို့ယောကျ်ားများဟာ ဘယ်လောက်ပဲ မိန်းမမုန်းတယ်ဆိုဆို၊ မိန်းမနဲ့ကင်းပြီး ကမ္ဘာလောက ကြီးထဲမှာ နေလို့မရနိုင်ကြဘူး။ ရှင်မိန်းမမုန်းတယ်ဆိုတာ ရှင့်ကိုယ်ရှင် မျက်စိနှစ်လုံးစုံမှိတ်ထားတာနဲ့ အတူတူပဲ၊ ဟိုနေ့ညကတော့ ရှင့်မျက်စိ နှစ်လုံး ရှင်ဖွင့်ကြည့်မိပြီး သဘာဝတရားကြီးကို ဆန့်ကျင်လို့မရနိုင်ဘူး ဆိုတာ ရှင်ကိုယ်တိုင်သိလာတယ်။ အဲဒီလူမျိုးဟာ အချစ်စိတ်နိုးကြား လာလို့ရှိရင် ကျားထက်ကြောက်စရာကောင်းတယ်လို့ ကျွန်မယူဆပြီး မနေလိုတဲ့ စိတ်ရှိမိတယ်။ ဒါပေမဲ့ ရှင်ဟာ ကျွန်မနေခဲ့သမျှကာလ ဝတ်လုံး သာမန်လူမျိုးရှောင်နိုင်ခဲ့တဲ့အပြုအမူမျိုးနဲ့ ကျွန်မအပေါ်မှာ သူတော် ကောင်းကြီးပီပီ သဘောထားတာတွေကို ကျွန်မကျေးဇူးတင်လို့ မဆုံး နိုင်ဘူး။ သူတော်ကောင်းကြီးရယ်လို့ အထင်အမြင်ကြီးထားမိတဲ့ စိတ်ကို လည်း မပျက်ပြားစေချင်တဲ့အတွက် အဲဒီစိတ် မပြောင်းလဲဘဲ အမြဲ တည်တံ့နေဖို့ဟာကတော့ ကျွန်မမြန်မြန် ထွက်သွားဖို့လိုတာပဲလို့ တွေးမိ တယ်"

"မနက်ကတော့ နေဦးမယ်ဆိုပြီး ပြန်လာတော့မရှိတာ မခင်ဝင်း စိတ်ကိုဆုံးဖြတ်တာမြန်လှချည်လား"

"ကျွန်မသဘောအတိုင်းဆိုရင် ဒီလောက်မြန်မှာမဟုတ်ဘူး ရှင်တို့သွားပြီး ခဏကလေးကြာရင်ပဲ ထိပ်တင်အုန်းရောက်လာတယ်"

"ထိပ်တင်အုန်း ဟုတ်လား၊ ဒါဖြင့် မနက်ကတွေ့တာတခြား

www.burmeseclassic.com

www.burmeseclassic.com



လူမဟုတ်ပဲ ခင်နဲ့ထိပ်တင်အုန်းပေါ့"

ခင်ဝင်းသည် ခေါင်းကလေးကိုညိတ်၍ပြလေ၏။

"ဟုတ်ရဲ့သားနဲ့ခင်ရယ်၊ဘာဖြုလို့ဒါလောက်ဒုက္ခပေးချင်ရတာလဲ၊ ချစ်လွန်းလို့လိုက်လာခဲ့တဲ့ တစ်ဖက်သားမှာ သေလုနီးပါးခံရလိမ့်မယ်ဆိုတာ ထောက်ထားဖို့ကောင်းပါတယ်"

"ကျွန်မ ရှင်ဘယ်သူလဲဆိုတာ ထိပ်တင်အုန်းမသိစေချင်လို့ ရှင့်ကိုမသိတဲ့အနေမျိုး လုပ်နေရတာပါ၊အမှန်တော့ ကျွန်မစိတ်ထဲမှာဒီလိုလုပ်လိုက်ရတဲ့အတွက် နည်းနည်းမှစိတ်မကောင်းပါဘူး၊ ဒီအကြောင်းကိုပြောချင်တဲ့အတွက် ရှင်တို့ဘယ်မှာနေတယ်ဆိုတာသိရအောင် ခိုင်းတဲ့လူတစ်ယောက်ကို စက်ဘီးနဲ့လိုက်ခိုင်းပြီး ထိပ်တင်အုန်းမရှိတုန်း တိတ်တိတ်ကလေး ကျွန်မပြေးလာခဲ့တာပဲ"

ထိုသို့ပြောလိုက်ရာတွင် ဖေတင်သည် တစ်စုံတစ်ရာကိုသတိရကာ "ဒါထက် ခင် ကျုပ်တို့ဆီရောက်နေတယ်ဆိုတာ ဘယ်သူပြောလို့ ထိပ်တင်အုန်းသိသွားသလဲ"ဟု မေးလိုက်လေ၏။

"အဲဒါတော့ ကျွန်မ မသိဘူး၊သူတစ်နေရာရာက ကြားခဲ့မှာပေါ့"

"တန်တော့၊ဘိုးတုတ် ကဖေ်ဆိုင်မှာတွေကရာတွေလျှောက်ပြောလို့ သိသွားတာပဲ၊ ဟေ့ဘိုးတုတ်"

ဘိုးတုတ်သည် ဖေတင်၏ခေါ်သံကိုကြား၍ ရောက်ပြီးလာရာတွင် ခင်ဝင်းကိုမြင်ရသည့်အတွက် အံ့အားသင့်ပြီးကြည့်နေလေ၏။

"မင်း မခင်ဝင်းရှိတယ်ဆိုတာကို လူတကာလျှောက်ပြောနေသလား"

"ကျွန်တော်မပြောရပါလား ဆရာရယ်"

www.burmeseclassic.com



"မပြောဘဲနဲ့ ဘယ်နှယ်ကြောင့် ထိပ်တင်အုန်းသိပြီး တို့မရှိတုန်း လာပြီးခေါ်သွားနိုင်ပါ့မလဲ။ မင်းမှန်မှန်ပြောစမ်း။ ဘယ်သူ့မှမပြောဘူးလား"

ထိုအခါမှ ဘိုးတုတ်သည်မျက်လွှာချကာ"ကျွန်တော်မူးနေတုန်း လူတစ်ယောက်ကိုပြောလိုက်မိတယ်ထင်တာပဲ"ဟု ပြောလေ၏။

"မင်း. . . မင်းလေ"ဖေတင်သည်ဒေါသထွက်၍ပြောဆိုကာ ဘိုးတုတ်အား ထိုးမည်ကြိတ်မည်ကဲ့သို့လုပ်လျက် အနားသို့ကပ်သွားပြီးမှ "မင်းပါးစပ်ဆော့လို့ အခုလိုဖြစ်ကုန်တာ။တယ်လေ"ဟု ကြိမ်းဝါးလိုက်လေ၏။ ထို့နောက်မှ ခင်ဝင်းဘက်သို့ပြန်၍လှည့်ပြီး "ခင်. . ထိပ်တင်အုန်းကို မချစ်လို့ထွက်ပြေးလာခဲ့တယ်ဆိုပြီးမှ ဘာပြုလို့ သူလာခေါ်တော့ လိုက်သွားရတာလဲ"ဟု မေးလေ၏။

ထိုအမေးကို ခင်ဝင်းမှာ အဖြေရလွန်စွာခက်နေလေ၏။ထိုအမေးမှာအဖြေရှိသည်ကို ခင်ဝင်းအသိဆုံးပင်ဖြစ်လေ၏။သို့ရာတွင် ထိုအဖြေကိုပြော၍မပြနိုင်ဘဲရှိရာလေ၏။သို့ဖြစ်ရကား ပြောလိုက်ရကောင်းမည်လား မပြောဘဲနေရလျှင် ကောင်းမည်လားဟု အတန်တန်ချိန်ဆပြီးမှ "ကျွန်မလည်း ဘယ်လိုစိတ်ထဲမှာဖြစ်ပြီး လိုက်သွားမိသလဲမသိဘူး။ စောစောကပြောတာလို ရှင့်အပေါ်မှာအထင်အမြင်ကြီးထားတဲ့စိတ် တစ်မျိုး တစ်မည်ဖောက်ပြန်မသွားခင် အဲဒီစိတ်ကို အမြဲဝင်စားနေရအောင် ထွက်ပြေးချင်တဲ့စိတ်ကြောင့် လိုက်ခဲ့မိတာပါပဲလို့ထင်တာပဲ"ဟု ဖြေလိုက်လေ၏။

ခင်ဝင်းသည် ထိုသို့ဖြေလိုက်သော်ငြားလည်း မိမိ၏စကားကို ဖေတင် ယုံမှယုံပါမည်လားဟု အောက်မေ့မိလေ၏။ အကြောင်းမူကား

www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြေမှာ အမှန်အတိုင်းမဟုတ်သည်ကို မိမိသာလျှင်သိရှိပေ၏။

"အခု ခင်ပြောတဲ့စကားကိုထောက်တော့ ခင်နဲ့ထိပ်တင်အုန်းနဲ့ မေတ္တာရှိနေကြပြီပေါ့"

"ဟုတ်ကဲ့"ဟု ဆိုလိုက်ပြီးမှ ခင်ဝင်းသည် မိမိ၏စကားကိုပြင်၍ ဒီသဘောမျိုးလည်းမဟုတ်ဘူး။ ဒါပေမဲ့ ဒီလိုပဲကျနေတယ်။ ကျွန်မဆီ ထိပ်တင်အုန်းရောက်လာတဲ့အခါမှာကျွန်မစိတ်ထဲမှာ ဘယ်လိုဖြစ်နေသလဲ မပြောတတ်ဘူး။ သူ့ကိုမချစ်နိုင်တာတော့ အမှန် ပဲ။ ဒါပေမဲ့ သူ့နောက်ကို အလွယ်တကူနဲ့လိုက်ဖို့ သဘောတူလိုက်ပြီး ထိပ်တင်ဆွေတို့နဲ့ တွေ့ရတဲ့ အခါကျတော့"ဟုဆိုကာ ရှေ့သို့ဆက်၍ပြောရန် အခက်တွေ့သကဲ့သို့ တွေတွေကြီးလုပ်၍နေလိုက်လေ၏။

"ပြောပါဦး။ ထိပ်တင်ဆွေနဲ့တွေ့တော့ ဘာဖြစ်သလဲ"

"ထိပ်တင်အုန်းနဲ့လက်ထပ်ဘို့ ကတိပေးလိုက်ပြီးပြီ"

ဖေတင်မှာ ထိုစကားကို ကြားလိုက်ရသည့်အခါ မိမိနားထဲသို့ ခင်ဝင်း၏စကားများ ဝင်လာသည်ဟူ၍မထင်ဘဲ ဝရဇိန်လက်နက်သည် နားတဖက်ထဲမှဝင်၍ တစ်ဖက်သို့ဖောက်ထွင်းသွားကာ ဦးနှောက်များကို လွင့်စဉ်သွားစေလေရော့သလားဟု ထင်မှတ်လိုက်မိနေတော့၏။ အနီး၌ နားစိုက်၍ကြည့်နေသော ဘိုးတုတ်ပင်လျှင် အံ့အားသင့်၍သွားလေတော့ ၏။

"ခင်အခုပြောနေတာ တကယ်ပဲလား"

"အမှန်ပဲ အမြန်ဆုံးလက်ထပ်ဖို့ စီစဉ်ပြီးနေပြီ"

"ဒီလိုဆိုရင် ကျုပ်တော့ဖြင့် မျှော်လင့်ချက်မရှိတော့ဘူးပေါ့"

ခင်ဝင်းမှာ ထိုစကားကိုဖြေရန်မလိုသကဲ့သို့ ဖေတင်ကိုသာလျှင်

www.burmeseclassic.com

www.burmeseclassic.com



တွေဝေပြီးကြည့်နေလေ၏။

"ခင်ရယ်၊ ခင်မို့လို့ ကိုယ်ဒါလောက်မှန်းတဲ့လူတို့ဝဲ လက်ထပ်ယူဖို့ဆုံးဖြတ်လိုက်တာ သိပ်ပြီးအံ့ဩစရာကောင်းတာပဲ။ ခင့်အပေါ်မှာ သူ ဒုက္ခဘယ်လောက်ပေးသလဲဆိုတာ ခင်လည်းအသိသားပဲ။ သူနဲ့မနေချင်လို့ ထွက်ပြေးလာတာကိုတောင် ပုလဲလည်ဆွဲခိုးသွားတယ်လုပ်ပြီး သူကိုယ်တိုင်ယူပြီး ဝှက်ထားသေးတယ်မဟုတ်လား"

"မဟုတ်ဘူး။ အဲဒီအကြောင်းအခုမှသိရတယ်။ သူ ကျွန်မကို မေတ္တာရှိနေတာပဲ။ ကျွန်မကိုသာပြန်ပြီးတွေ့ရအောင် သူကြံတော့မပေါ့။ ဒီလိုတော့ ဘာလုပ်ပါ့မလဲဆိုတာ စဉ်းစားဖို့မရှိပေဘူးလား။ အမှန်တော့ အစေခံထဲက တစ်ယောက်ယောက်ယူထားတာနဲ့တူတယ်။ ဒီအချိန်မှာ ကျွန်မထွက်ပြေးတာနဲ့ဆုံပြီး ကျွန်မဘဲခိုးတယ်လို့ မသင်္ကာဖြစ်နေကြတာ။ နောက်တော့ ကျွန်မသေပြီဆိုတဲ့သတင်းပေါ်လာတော့ ယူထားတဲ့အစေခံဟာ သူယူတာတစ်နေ့ပေါ်ရင် ကျွန်မကိုသတ်ပြီး ကျွန်မခိုးတဲ့ပစ္စည်းကို တစ်ဆင့်ယူတယ်လို့ လူသတ်မှုထဲပါနေမှာ စိုးရိမ်လာပြီး ပြန်ထားတာပဲလို့ တွေးလို့ရတွေ့တာပဲ"ဟု ခင်ဝင်းက ရှင်း၍ပြလေ၏။

ဖေတင်သည်မတုန်မလှုပ်ကြီးဖြစ်လျက် ကြောင်တောင်ကြီးစိုက်၍ကြည့်နေလေတော့၏။ ဘိုးတုတ်သည်လည်း မိမိရပ်၍နေသည့်နေရာမှ လှုပ်ရှား၍မရသကဲ့သို့ ဖြစ်၍နေလေ၏။

ထိုသို့အတန်ကြာ ငြိမ်သက်၍နေမိကြပြီးမှ ဖေတင်က "ဒါဖြင့် အခု ခင်လိုက်လာတာဟာ ခင်နဲ့ထိပ်တင်အုန်းနဲ့ လက်ထပ်တော့မဲ့ အကြောင်းကို ပြောချင်လွန်းလို့လိုက်လာတာပေါ့လေ"ဟု ပြောလေ၏။

ခင်ဝင်းမှာ ထိုစကားကိုကြား၍ ဝမ်းနည်းသကဲ့သို့ရှိသွားပြီး

www.burmeseclassic.com

www.burmeseclassic.com



လျှင် "ကျွန်မ ဝမ်းသာအားရပြောရအောင်လာတာလို့ အထင်မမှားပါနဲ့ ရှင်၊ ကျွန်မအတွက် ဆက်ပြီးဒုက္ခဖြစ်မနေစေရပဲ စိတ်ကိုဖြတ်လိုက်နိုင်အောင် လာပြီးပြောတာပါဘဲ"ဟု ပြောပြလေ၏။

ဖေတင်သည် အသက်ပြင်းစွာ ရှူရှိုက်လိုက်ပြီးနောက် "ခင်ရယ် ခင်ဒီအကြောင်းကိုလာပြီးမပြောရင် ကောင်းလေသား၊ ကိုဖေတင်စိတ်ထဲမှာ ခင့်ကိုတော့ဖြင့် မျှော်လင့်စရာမရှိတော့ဘူးလို့ စိတ်ကိုလျှော့ပြီး ပြန်ဖို့ အဆင်သင့်ပြင်နေပြီးပြီ။ ခင်မလာရင် ပိုင်းဖြတ်ပြီးသား၊ စိတ်အတိုင်းလွတ်လွတ်ရှင်းရှင်း သွားနိုင်မှာပဲ၊ အခုတော့ သွားခါနီးမှခင်ရောက်လာပြီး အခုလိုပြောလိုက်တာ နာနေပြီးသားဖြစ်တဲ့အသည်းကို အပ်ဖျားကလေးနဲ့လာပြီးဆွသလို သာပြီးအခံရခက်အောင် ဖြစ်နေတော့တာပဲ"ဟု ဝမ်းနည်းသံကြီးဖြင့် ပြောလိုက်လေ၏။

ခင်ဝင်းသည် နောက်ထပ်စကားမပြောရက်သလောက် ကရုဏာသက်သောမျက်နှာဖြင့် စိုက်၍ကြည့်နေမိရှာလေတော့၏။ ထိုနောက် အတန်ကြာသည့်အခါမှ "ကိုကိုတင်"ဟု ခေါ်လိုက်လေ၏။

ဖေတင်မှာ မိမိအား ထိုကဲ့သို့ ကိုနှစ်လုံးဆင့်၍ ပထမဦးဆုံးခေါ်ခြင်းခံရသည်ကိုကြားရသဖြင့် စိတ်ထဲတွင် တစ်မျိုးတစ်မည်ဖြစ်မိလေ၏။

"ခင် ဘာလဲ"

"ကျွန်မကြာကြာမနေနိုင်တော့ဘူး၊ကျွန်မပြန်တော့မယ် ထိပ်တင်အုန်းမရှိတုန်း တိတ်တိတ်ကလေးထွက်လာခဲ့ရတာ၊ သူပြန်မလာခင် ကျွန်မပြန်ရောက်မှဖြစ်မယ်"

ဖေတင်သည် ခင်ဝင်းအားနောက်ဆုံးခွဲခြင်းဖြင့် ခွဲရတော့မည်မှာ နီးကပ်နေပြီကိုတွေ့ရသောကြောင့် ရင်ထဲတွင်မချိလှိုက်လှဲဖြစ်လာလေ

www.burmeseclassic.com

www.burmeseclassic.com



တော့၏။

"နောက်ဆုံးတွေ့လိုက်ရတဲ့ အချိန်ကလေးဟာ သိပ်စိတ်ချမ်းသာစရာကောင်းတာပဲခင်ရဲ့။ခင့်ကိုတော့ဖြင့် ကိုဖေတင် မေ့လို့ရနိုင်တော့မှာမဟုတ်ဘူးလို့ထင်တာပဲ"

ခင်ဝင်းမှာ ထိုစကားကိုကြားလိုက်ရသဖြင့် နှုတ်ဆက်မည့်စကားကိုပင် ရွတ်တရက်မထွက်နိုင်အောင်ရှိနေပြီးမှ "သွားပြီ ကိုကိုတင်။သွားတော့မယ်နော်"ဟုဆိုရာ ဖေတင်မှာ ပါးစပ်မှပြောရလျှင် ငိုသံပါ၍လာတော့မည်ကို စိုးရိမ်မိသောကြောင့် ရင်ထဲတွင်ဆို့၍လာသော အပူကိုကြိတ်မျိုကာ ခေါင်းကိုသာလျှင်ညိတ်နိုင်ရှာလေ၏။

ခင်ဝင်းသည် ထိုနေရာမှမခွဲလိုလှသော်လည်း မိမိကြာကြာနေလျှင် သာ၍ဆိုးလေတော့မည်ဟုနှလုံးပြုကာ စိတ်ကိုဖွတ်တင်းလျက်မျက်နှာကို မချိပြုံးပြုံး၍နှုတ်ဆက်ကာ ဘန်ဂလိုပေါ်မှ ဆင်းသွားလေရာ ဖေတင်သည် မပြတ်နိုင်သောစိတ်ကလေးကြောင့် ဘန်ဂလိုအပြင်သို့ထွက်၍ကြည့်နေမိလိုက်ရာ ခင်ဝင်း၏အရိပ်သဏ္ဌာန်ကို ခေတ္တမျှသာမြင်ရပြီးနောက် မှောင်ထဲတွင်ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ရမှ "ဟင်း" ခနဲသက်ပြင်းချကာ အိပ်ခန်းထဲသို့ပြန်၍ဝင်လိုက်လေတော့သတည်း။

□□□

www.burmeseclassic.com

www.burmeseclassic.com

[၁၁]

ဖေတင်သည် မိုးလင်းပါစေတော့ဟူ၍သာ တစ်ညလုံးဆုတောင်း မျှော်လင့်နေမိလေတော့၏။ အကြောင်းမူကား ခင်ဝင်းအား အဘယ်ကဲ့သို့မေ့ပျောက်အောင် စိတ်ကိုဖိနှိပ်ချိုးနှိမ်၍မရဘဲ သတိတရသာ ရှိနေသည့်အတွက် တစ်မှေးမှအိပ်စက်၍မရဘဲရှိကာ အချစ်ဝေဒနာသာ လျှင် ပြင်းထန်၍လာသောကြောင့် နံနက်မိုးလင်းလျှင်မူကား ဤအရပ်ဤ ဒေသမှ ခြေဦးတည့်ရာသို့ထွက်ခွာ၍ သွားနိုင်ကြတော့မည်ဟု အောက်မေ့တွေးတောမိ၍ဖြစ်လေ၏။

ပျော်ရွှင်ဖွယ်ရာကောင်းသောညများသည်ကား လွန်စွာတိုတောင်းလှတတ်၍ စိတ်မချမ်းမြေ့စရာကောင်းသောညများသည် ပို၍ရှည်လျားတတ်သည်ဟု ထင်ရစမြဲဖြစ်ပေ၏။ ဖေတင်မှာ မျက်လုံးကြောင်လျက်ရှိကာ သံချောင်းခေါက်သံ၊ ခွေးဟောင်သံ၊ ကြက်တွန်သံများနှင့်တကွ တစ်ချက်တစ်ချက် အိပ်မောကျနေသော ဘိုးတုတ်၏ဟောက်သံကိုသာ

www.burmeseclassic.com



ကြားရလေ၏။ ထိုသို့ တစ်ခါတစ်ရံပေါ်လာသောအသံများမှတစ်ပါး တိတ်ဆိတ်ငြိမ်သက်လျက်ရှိခြင်းသည် ဖေတင်အား ခင်ဝင်းတစ်ခုတည်းကိုသာလျှင် အာရုံစူးစိုက်စေလေအောင် ဖန်တီးနေလေရကား စိတ်မချမ်းမြေ့စရာများသာလျှင် တိုးတက်၍ခံစားနေရရှာလေ၏။

"အမယ်လေး. . ကုန်ပါပြီ ကုန်ပါပြီ။ ကျွန်တော်ပုလင်းတလေးတော့ သွားပါပြီ"ဟု ဘိုးတုတ်သည် အိပ်မက်မက်နေရာမှ ယောင်ယမ်း၍ ပြောလိုက်လေ၏။ သို့ရာတွင် ဖေတင်မှာ ထိုအသံကိုကြား၍လည်း မပြုံးနိုင် မရွှင်နိုင်ဘဲ ဘိုးတုတ်ကိုသာလှမ်းကြည့်မိလျက် စိတ်ပျက်စွာဖြင့် ခေါင်းကို ယမ်းခါလိုက်မိလေတော့၏။

တဖြည်းဖြည်း နံနက်ဘက်သို့ကူးလာပြီးလျှင် အရှေ့ဘက်တစ်ခွင်ဆီမှ အမှောင်များလွင့်ပါးစပြုလာသည်ကို တွေ့ရသောအခါ ဖေတင်မှာ မိမိ၏ဒုက္ခကိုကယ်တင်မည့်သူကို တွေ့ရဘိသည့်အလား အနည်းငယ်အေးချမ်းသွားသကဲ့သို့ရှိရာက မှေးခနဲအိပ်ပျော်၍သွားလေရာ မည်မျှကြာမြင့်စွာ အိပ်ပျော်သွားမိသည်ကိုမသိဘဲ အခန်းတံခါးကို တဘုန်းဘုန်းပုတ်နေသည့် အသံများကိုကြားရမှ အိပ်ရာကလန့်နိုးပြီးလျှင် နေစင်စင်လင်း၍နေပြီကို သိရှိရလေ၏။

တံခါးကို အပြင်မှပုတ်၍နှိုးနေသည့်အသံများသည် ဖေတင်တစ်ယောက်တည်းသာမဟုတ်ဘဲ ဘိုးတုတ်ကိုပါနိုးစေလျက် မည်သူတွေလာ၍နှိုးလေသနည်းဟု စဉ်းစား၍မရဘဲရှိကာ တစ်ယောက်မျက်နှာကိုသာတစ်ယောက်ကြည့်၍နေမိလေ၏။

"ဖွင့်. . ဖွင့် တံခါးဖွင့်စမ်းပါ"ဟူသောအသံသည် ဓားပြများ တက်လာလေရော့သလားဟု စဉ်းစားစရာရှိနေရာက နောက်ထပ်ရိုက်

www.burmeseclassic.com

www.burmeseclassic.com



ပုတ်လိုက်သောအသံများကြောင့် ရပ်၍မနေနိုင်ကြတော့ဘဲ ဘိုးတုတ်က တံခါးဆီသို့သွား၍ ဖွင့်ပေးလိုက်ရလေ၏။

ထိုသို့ ဖွင့်လိုက်ရာတွင် ပုလိပ်အရာရှိများဖြစ်နေသည်ကို တွေ့ရသောကြောင့် များစွာအံ့အားသင့်လျက် ကြက်သေသေပြီး ငေးကြည့်နေမိကြလေ၏။ ပုလိပ်အရာရှိ အကြီးအကဲနှင့်တူသူသည် အခန်းထဲသို့ ရှေ့တနေရှ်ဝင်ပြီးလျှင် ၎င်း၏နောက်မှ လက်အောက်အရာရှိတစ် ယောက် ဝင်၍လာကြလေ၏။

"ခင်ဗျားတို့နာမည် ဘယ်လိုခေါ်သလဲ"

ဖေတင်နှင့်ဘိုးတုတ်တို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြပြီးမှ ဖေတင်သည် မေးမြန်းသော အရာရှိဖက်သို့လှည့်ကာ-

"ဘာကိစ္စရှိလို့ပါလဲ"ဟု မေးလိုက်လေ၏။

"ကျုပ်တို့မေးတာကို ဖြေပါဦး"

"ကျွန်တော့်နာမည် ဖေတင်လို့ခေါ်ပါတယ်။သူ့နာမည်တော့ ဘိုးတုတ်"

"ခင်ဗျားတို့ ဘယ်မြို့ကလာကြသလဲ"

"ကျိုက္ခမီအနားကလာကြတယ်"

"ဘယ်တုန်းက ဒီကိုရောက်သလဲ"

"မနေ့က"ဟု ဘိုးတုတ်ကဖြေ၍ "တစ်နေ့ညက"ဟု ဖေတင်က ဖြေလိုက်ရာ တစ်ယောက်တစ်မျိုး တစ်ပြိုင်တည်းဖြေသည်ကို ကြားရသဖြင့် ပုလိပ်အရာရှိကြီးသည် နှစ်ယောက်စလုံးကို ခါးထောက်ပြီးကြည့် နေမိလေ၏။

ထိုအခါမှ ဘိုးတုတ်သည် ဖေတင်အား ယက်ညှိုးထိုးပြလျက်

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် . . ဟုတ်. . ဟုတ်ပါတယ်"ဟုဆိုလိုက်ရာ ပုလိပ်အရာရှိက"ဘာ ဟုတ်ပါတယ်လဲ"ဟုမေးမှ "ဘိုးတုတ် တစ်နေ့ညကရောက်တယ်လို့ဆိုတာ သာပြီးမှန်ပါတယ်"ဟု ပြောပြလေ၏။

"ခင်ဗျားတို့ ဒီမြို့ကို ဘာအလုပ်ကိစ္စနဲ့လာကြတာလဲ"

"အလုပ်မရှိပါဘူး"

"ရှိပါတယ်"

ဘိုးတုတ်နှင့်ဖေတင်တို့မှာ တစ်ယောက်တစ်ပေါက်စီ တစ်ပြိုင် တည်းဖြေဆိုမိလျက် ရှိနေပြန်ပြီးမှ အရာရှိက ဖေတင်အား "ဘာအလုပ် ကိစ္စလဲ"ဟုမေးလိုက်ရာ ဖေတင်မှာ မိမိတို့၏အလုပ်ကိုပြောရမည်မှာ ခက် လှသည့်အတွက် အနည်းငယ်စဉ်းစားနေပြီးမှ "မရှိပါဘူး။ အလည်လာ တာပဲ"ဟု ဖြေလေ၏။

"ခင်ဗျားတို့ထွက်ချက်ကို စဉ်းစားပြီးပြောပါ၊ ခင်ဗျားတို့ထွက် သမျှ မှတ်တမ်းထဲမှာထည့်ပြီး အရေးယူရလိမ့်မယ်။ နောက်ကျမှ ပြင်လို့ မရဘူး"ဟု ပုလိပ်အရာရှိက သတိပေးလိုက်ပြီးလျှင် "ခင်ဗျားတို့အပေါ်မှာ ရာဇဝတ်မှုကြီးတစ်ခုနဲ့ပတ်သက်ပြီး မသင်္ကာတဲ့အတွက် အရေးယူရလိမ့် မယ်။ ခင်ဗျားတို့ဒီကိုလာတာဟာ လူတစ်ယောက်ကိုလိုက်ရှာနေတာ မဟုတ်လား၊ မှန်မှန်ပြောပါ"

ထိုသို့ပြောလိုက်ရာတွင် ဘိုးတုတ်က "ဟုတ်ပါတယ်"ဟုဆိုလိုက် ရာ ဖေတင်က တံတောင်နှင့်ကပ်၍တွက်ပြီး "သူပြောတဲ့စကားတွေဟာ တရားမဝင်ပါဘူး။ကျွန်တော်ပြောပါ့မယ်။ဘယ်သူ့ကိုရှာတယ်ဆိုတာ အဓိပ္ပာယ် မှန်းမသိဘဲနဲ့ သူ့အရမ်းပြောနေတာပါ"ဟု ဖေတင်က ပြောပြလေ၏။

"ခင်ဗျားတို့ဟာ ထိပ်တင်အုန်းဆိုတဲ့လူကို လိုက်ရှာနေတာမ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား"

"မဟုတ်ပါဘူး"ဟု ထိုအချက်တွင် နှစ်ယောက်သား တညီတညွတ်တည်း ထွက်လိုက်မိကြလေ၏။ ဖေတင်မှာ ဘိုးတုတ်အားတံတောင်ဖြင့် သတိပေးရပြန်လေ၏။ ပုလိပ်အရာရှိမှာကား ၎င်းတို့၏အမူအရာကို မြင်ရသည့်အတွက် မသင်္ကာစရာပို၍ ဖြစ်လာပုံရလေ၏။

"ခင်ဗျားတို့ မနေ့က ထိပ်တင်အုန်းဆိုတဲ့အိမ်နဲ့ မလှမ်းမကမ်းမှာ ရပ်ပြီးချောင်းနေကြတယ် မဟုတ်လား"

"ကျွန်တော်တို့ ထိပ်တင်အုန်းကိုချောင်းနေကြတာ မဟုတ်ပါဘူး"

"နို့ ဘာလုပ်နေကြတာလဲ"

ဖေတင်မှာ ထိုအမေးကို အဖြေရခက်၍နေလေ၏။ ထိုအဖြေကို အမှန်အတိုင်းထွက်ရလျှင် မိမိတို့ဘာမျှမသိရသေးသော ဤအမှုကိစ္စထဲတွင် ခင်ဝင်းပါလာမည်ကို စိုးသောကြောင့် ခင်ဝင်းအားကာကွယ်လိုသည့်အတွက် "ကျွန်တော်တို့ ဟိုနေရာကိုရောက်တာအမှန်ပဲ။ ဒါပေမဲ့ ထိပ်တင်အုန်းကို ချောင်းတာတော့မဟုတ်ဘူး။သိလဲမသိဘူး" ဟု ပြောလေ၏။

ထိုအခါမှ အရာရှိသည် လေးဆေးမှန်ကန်သော အသံကြီးဖြင့် "မနေ့ညက ၁၀နာရီမထိုးမီလောက်မှာ ထိပ်တင်အုန်းဆိုတဲ့လူကို သင်္ဘောလဲရပ်ထဲမှာ သတ်ပြီးကားပေါ်ကတွန်းချသွားတယ်"ဟု ပြောလေ၏။

ထိုသို့ပြောလိုက်သည်ကို ကြားရသည်တွင် ဖေတင်နှင့်ဘိုးတုတ်တို့မှာ လန့်ဖြန့်လျက် မျက်လုံးပြူးသွားပြီး ဖေတင်က "ဗျာ ကျွန်တော်တို့နဲ့ ဘာဆိုင်သလဲ။ ကျွန်တော်တို့ဘာမှမသိရပါလား။ ဒီအချိန်မှာ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့ ဗိုလ်တဲပေါ်မှာဘဲရှိနေကြတယ်”ဟု ပြောလေ၏။

“ဒီအကြောင်းကို ရုံးကျမှပဲရှင်းစို့၊ အခု ခင်ဗျားတို့ဂတ်ကိုလိုက်ခဲ့ရလိမ့်မယ်”

“ဒီဒင်းဟာ . . သက်သက်မဲ့ ကျွန်တော်တို့ အစွပ်စွဲခံနေရတာပါ။ ကျွန်တော်တို့ ဒီမြို့အကြောင်းတောင် ကောင်းကောင်းမသိဘူး”

“ခင်ဗျားတို့မသိပေမဲ့ မြင်းရထားမောင်းတဲ့လူက ခင်ဗျားတို့ အသွားအလာကို သိနေတယ်။ ကျုပ်တို့ကောင်းကောင်းခေါ်နေရင် ကောင်းကောင်းလိုက်ခဲ့ကြပါ။ ငြင်းဆန်နေရင် လက်ထိပ်ခတ်ခေါ်ရလိမ့်မယ်”

ဖေတင်နှင့်ဘိုးတုတ်တို့သည် မည်သို့လုပ်ရပါမည်လဲဟု မေးမြန်းနိုးနှောသကဲ့သို့ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်၍နေကြပြီးမှ ဖေတင်က “ကောင်းပြီ . . လိုက်ခဲ့မယ်”ဟု ပြောလိုက်လေ၏၊ ဂတ်ဆိုလျှင်လွန်စွာကြောက်သော ဘိုးတုတ်မှာ ဘုမသိဘမသိ အချောင်အဖမ်းခံရသည်ကို မလိုက်လိုလှသော်လည်း ငြင်းဆန်၍မရသည့်အတွက် ဂတ်သို့ ကန့်လန့်ကန့်လန့်နှင့်ပါ၍သွားလေ၏။

ဂတ်သို့ရောက်သောအခါ ဌာနအုပ်မှအစ အရာရှိအမှုထမ်းအားလုံးတို့သည် ဖေတင်တို့အား ပြူးစိုက်၍ကြည့်နေကြလေရာ ဖေတင်တို့မှာ အကြည့်မခံရဲသကဲ့သို့ ရှိကြလေတော့၏။

ထို့နောက် ဖေတင်နှင့်ဘိုးတုတ်တို့မှာ ဌာနအုပ်ရှေ့မှောက်သို့ ရောက်ပြီးလျှင် ဌာနအုပ်က “မနေ့ညက ကိုးနာရီနဲ့ဆယ်နာရီအကြားမှာ ဘယ်မှာရှိသလဲ”ဟု မေးလေ၏။

“ဗိုလ်တဲမှာပဲ ရှိတယ်”

“ခင်ဗျားတို့ . . ဗိုလ်တဲမှာ ရှိကြတဲ့အကြောင်း သက်သေပြနိုင်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့လား"

ဖေတင်မှာ ထိုအကြောင်းကို ကောင်းစွာသက်သေပြနိုင်သော်လည်း သက်သေအဖြစ်ပြရမည့်သူမှာ ခင်ဝင်းပင်ဖြစ်နေရကား ခင်ဝင်းအား အမှုထဲတွင်ထည့်၍မဖြစ်နိုင်ဟု ယူဆမိသည့်အလျောက် အဖြေရခက်၍နေလေ၏။

"သက်သေအထင်အရှားပြနိုင်တာ တစ်ယောက်တော့ရှိတယ်။ ဒါပေမဲ့. . အကြောင်းတစ်ခုကြောင့် ဒီသက်သေကိုမဖော်လိုဘူး"

"သက်သေကိုမဖော်နိုင်ရင် ခင်ဗျားတို့ပိုပြီး အပြစ်လေးနေလိမ့်မယ်။ အခုပြောတဲ့ စကားနဲ့ပဲ ပိုပြီးမသင်္ကာစရာရှိနေတယ်"

ဘိုးတုတ်မှာကား ကြောက်ရွံ့၍လာသည့်အားလျော်စွာ ဖေတင်၏အနီးသို့ကပ်လျက် "ပြောလိုက်ပါလားဆရာ၊ ဘာဖြစ်ရမှာလဲ"ဟုဆို လေရာ ဖေတင်သည် ၎င်း၏စကားကိုဂရုမစိုက်ဘဲ ဘိုးတုတ်ကိုသာ တံ တောင်နှင့်ကပ်၍တွန်းလိုက်လေ၏။

ဖေတင်မှာ မိမိတို့၏ရှေ့ရေးသည် မည်သို့ဖြစ်မည်ကိုမသိရ၊ မှတ်တမ်းစာအုပ်တွင် ရေးသည့်ပုလိပ်ကရေး၊ အချုပ်ခန်းတံခါး ဖွင့်သူကဖွင့်၊ တယ်လီဖုန်း ပြောသူကပြောလျက် မျက်စိနောက်စရာတွေ ဖြစ်ပျက်နေသည်ကိုသာလျှင် တွေ့မြင်ရလေ၏။

အတန်ကြာသောအခါ ပုလိပ်အရာရှိတစ်ယောက်က "ထိပ်တင်အုန်းဆိုတဲ့လူကို အသတ်ခံရတဲ့အမှုနဲ့ပတ်သက်ပြီး ခင်ဗျားတို့ အပေါ်မှာ ပုဒ်မ ၃၀၂နဲ့အရေးယူပြီး အချုပ်နဲ့ထားရလိမ့်မယ်"ဟု ဆိုပြီးလျှင် ဟိုထဲမှာဝင်နေကြပါ"ဟုဆိုကာ တံခါးဖွင့်လျက် လက်ခံရန်အဆင်သင့်ပြင်နေသော အချုပ်ခန်းကို လက်ညှိုးထိုးပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ဘာအပြစ်ရှိလို့လဲဗျာ။ ဘာမှအပြစ်မရှိပါလား" ဟု ဘိုးတုတ်က ရှုံ့မဲ့မဲ့လုပ်လျက် ပြောလေ၏။

"အပြစ်ရှိ မရှိဆိုတာ ဒီမှာ ခင်ဗျား ပြောနေလို့မဖြစ်ဘူး၊ ကျုပ်တို့လည်းမပြောနိုင်ဘူး။ရုံးကျမှ တရားသူကြီးကဆုံးဖြတ်လိမ့်မယ်၊ ကျုပ်တို့ကတော့ဝတ္တရားအတိုင်း ခင်ဗျားတို့ကို အရေးယူရတာပဲ"

"လာကွာ။ ဘာမှပြောမနေပါနဲ့တော့၊ တို့ကုသိုလ်ဘယ်အထိညံ့နေသေးလဲမှ မသိဘဲ။ ဝင်ဆို ဝင်လိုက်ကွာ"ဟု စိတ်ပျက်အားငယ်စွာ ဖေတင်ကပြော၍ အချုပ်ခန်းဆီသို့လျှောက်၍သွားသည့်အတွက် ဘိုးတုတ်လည်း လိုက်ပါသွားရလေရာ နှစ်ယောက်စလုံး အခန်းထဲသို့ရောက်ကြသည်နှင့်တစ်ပြိုင်နက် ကျိုင်းခနဲတံခါး ပိတ်လိုက်လေ၏။

ဘိုးတုတ်မှာ ကျိုင်းခနဲမြည်သံကို ကြားလိုက်ရသည်တွင် ကျောထဲက ယားမြိတွန့်၍သွားကာ လှည့်၍ကြည့်လိုက်သောအခါတွင် မထွက်နိုင်တော့ပြီကိုသိရှိကာ ငိုချင်ပက်ကျိဖြစ်၍သွားလေတော့၏။

ဖေတင်မှာကား ဝမ်းနည်း၍မနေနိုင်တော့ဘဲ မိမိ၏ဆိုးဝါးလှသော ကံကြမ္မာကိုသာစိတ်နာမိလေ၏။ အဘယ်သို့သော ဝဋ်ကြွေးရှိသဖြင့် ထိုကံကြမ္မာသည် မိမိအား ဒုက္ခတစ်ခုပြီးတစ်ခု ဆက်လက်တွေ့ကြုံခံစားနေရရန် ဖန်တီး၍နေလေရော့သနည်းဟု မိမိကိုယ်ကိုမေးခွန်းထုတ်မိလေ၏။ မိမိသည်ကား ဝဋ်ကြွေးမကုန်သေးသမျှ ခံစားရတော့မည်ဖြစ်ရာ မိမိခံစားရသည့်အချစ်ဒုက္ခထက်ကား မည်သည့်အရာမှ ကြီးမားနိုင်လိမ့်မည်မဟုတ်ဟု နှလုံးပိုက်လိုက်ရလေ၏။

"မကယ်နိုင်တော့ဘူးလား ဆရာ"ဟု ဘိုးတုတ်ကမေးလေ၏။

"ဖြစ်မှဖြစ်ရလေကွာ၊ မင်းကိုငါကယ်နိုင်မှဖြစ်မှ ငါလည်းဒီအ

www.burmeseclassic.com

www.burmeseclassic.com



ထဲရောက်နေပါဦးမလားကွ၊ ဒီအရပ်မှာ ဘယ်သူမှလည်းတို့များသိတာ မဟုတ်၊ သိတဲ့လူကိုလည်း တို့များမခေါ်နိုင်၊ ဇာတ်ထဲမှာလို နတ်တွေ ဇော်ဂျီတွေလည်း လာပြီးကယ်မှာမဟုတ်တော့ ဖြစ်သမျှခံကြရရုံပဲရှိတယ်"

ဘိုးတုတ်မှာ ထိုစကားကိုကြားလိုက်ရသည့်အတွက် တအား လျှော့၍သွားကာ အချုပ်ခန်း၏ထောင့်တစ်နေရာတွင် ဆောင့်ကြောင့် ကလေးထိုင်ကာ ငေးမှိုင်၍နေမိရှာလေတော့၏၊ ဖေတင်မူကား သံတိုင် များကို ကျောမှီ၍ရပ်ကာ ကြည့်မိကြည့်ရာစိုက်ကြည့်လျက် တွေးမိတွေး ရာတွေးတော၍ နေမိလေ၏၊

ထိုသို့လျှင် ဘိုးတုတ်နှင့်ဖေတင်တို့သည် အချုပ်ခန်းထဲတွင် စိတ်၏ဆင်းရဲခြင်းကို ခံစားကြရလျက်ရှိနေကြလေရာ နောက်ထပ် မိမိတို့ ၏အဆောင်တော်တွင်းသို့ အခြားအမှုနှင့်ရောက်ရှိကာ မည်သူတွေ အဖော်လုပ်ရအောင် လာပါမည်လဲဟု မျှော်လင့်နေစဉ် မိန်းမခပ်ငယ်ငယ် တစ်ယောက်သည် ဆံပင်ဖိုးရိုးဖားယားနှင့် ငိုယိုကာ ဂတ်ထဲသို့ပြေးဝင် လာသည်ကို တွေ့ကြရလေ၏။

"ဟဲ့. . မိန်းကလေး၊ ဘာဖြစ်လာတာလဲ"ဟု ဂတ်စာရေးက ဖမ်း ၍ခေါ်လိုက်ရာ ထိုမိန်းမငယ်သည် လွန်စွာကြောက်ရွံ့ထိတ်လန့်နေသော မျက်လုံးများကို ချာချာလည်အောင် ဟိုဟိုဒီဒီ ကြည့်နေမိလေ၏။

"ကျွန်မ. . ကျွန်မ. . ကျွန်မကို ဖမ်းကြပါတော့ရှင်"ဟု ပြော ပြောဆိုဆို ထိုမိန်းမငယ်သည်ရှိုက်ငိုလိုက်ရာက ကြောက်ရွံ့သောစိတ်ကြီး မားပြင်းထန်လှသည့်အလျောက် ထိုနေရာတွင်ပင်မေ့မြော၍ လဲကျသွား သဖြင့် ဂတ်ထဲတွင် လှုပ်လှုပ်ရှားရှားဖြစ်၍ သွားလေ၏၊

ထို့နောက်မှ မိန်းမငယ်အား သတိရအောင် ပြုစုပေးကြကာ

www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင်တစ်လုံးတွင် ကော ်းစွာထိုင်စေပြီးမှ "မိန်းကလေး ဖြည်းဖြည်း ပြောပါ။ ဘာဖြစ်လာတယ်ဆိုတာ သိဂမ်းပါရစေ"ဟု ထင်ယောက်တ ဆိုလေ၏။

"ထိပ်တင်အုန်းကိုသတ်တာ. . . ကျွန်မပါပဲ"

ထိုစကားသည် ဌာနအတွင်းရှိ ပုလိပ်အရာရှိအမှုထမ်းကြီးငယ် တို့အား များစွာအံ့အားသင့်သွားစေ၏။ ဖေတင်လည်း အချုပ်ခန်းတွင်း မှနေ၍ ထိုစကားကို ကြားလိုက်ရလေရာ ဝမ်းသာရတော့မလိုလို ဝမ်းနည်းရတော့မလိုလိုဖြစ်ပြီး နားစိုက်၍နေမိလေ၏။ ဘိုးတုတ်မှာ ချောင်တွင်ကပ်၍မှိုင်နေကာ ဘာကိုမျှမသိဘဲရှိလေ၏။

"မိန်းကလေး မင်းပြောတဲ့စကားတွေကို သတိထားပြီးပြောနော်။ မင်းပြောသမျှစကားတွေဟာ မှတ်တမ်းထဲမှာဝင်လိမ့်မယ်"

"ကျွန်မပြောတာဟာအမှန်ပဲ။ ကျွန်မကိုယ်တိုင် သတ်တာပါ။ ကျွန်မပုန်းနေလို့လည်း ရတော့မှာမဟုတ်ပါဘူး။ ဒါကြောင့် ကိုယ်တိုင် အဖမ်းခံတာပါပဲ"

"မင်းနာမည်ဘယ်သူလဲ"

"ကျွန်မနာမည် မသန်းရှင်လို့ခေါ်ပါတယ်"

"မင်းနဲ့ထိပ်တင်အုန်းနဲ့ ဘယ်လိုအဆက်အသွယ်ရှိကြသလဲ"

"ကျွန်မသူ့မယားပါပဲ။ ဒါပေမဲ့ ကျွန်မကို ထင်ထင်ရှားရှား သူမ ထားဘဲ အတည်ယူမယ် အတည်ယူမယ်ဆိုတဲ့စကားနဲ့ သူလှည့်စား ပြီးထားတယ်။ ကျွန်မကတော့ သူအတည်ပေါင်းမယ်ဆိုတာ ယုံကြည်လို့ ကျွန်မတစ်ကိုယ်လုံးအပ်ခဲ့တာဘဲ။ ဒါပေမဲ့ သူက ကျွန်မကို တိတ်တိတ် ပုန်းမယား အပျော်ထားသလိုထားပြီး ဘာဝယ်ပေးမယ် ညာဝယ်ပေးမယ်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဘာတစ်ခုမှမဆင်တဲ့အပြင် ပုလဲကုံးဆိုပြီး မုန့်လုံးရေပေါ်နှစ်လုံးနဲ့ သရော်သလိုလို လုပ်တာကိုပဲခံရတယ်"

ပုလိပ်များမှာ မသန်းရှင်၏စကားကို ကြားရ၍ရယ်ချင်သော်လည်း ကြွေဆည်၍နေကြရကာ စကားမကုန်ဆုံးသေးသည့်အတွက် ဖြတ်၍မမေးဘဲ နားစိုက်၍နေကြလေ၏။

"အခုတော့ ကျွန်မကိုအတည်မယူဘဲ တခြားမိန်းမတစ်ယောက်နဲ့ လက်ထပ်မလို့လုပ်နေတာသိရလို့ အသည်းထဲကနာလို့မဆုံးနိုင်ဘဲ ကျွန်မကို တမင်အပျိုရည်ပျက်ရုံလောက် ဖျက်ဆီးဖို့ကြံတဲ့လူကို လူပြည်မှာထားနေသမျှ တခြားမိန်းကလေးတွေပါ နောက်ထပ်ဖျက်ဆီးခံရတော့မှာပဲလို့တွေးမိပြီး ကျွန်မက သူ့ကိုတိတ်တိတ်ချိန်းခေါ်ပြီး ကျွန်မကိုယ်တိုင်မားနဲ့ထိုးသတ်လိုက်တာပါ"

ထိုတွင် ပုလိပ်များမှာ အလုပ်များစွာဖြစ်ပေါ်လာပြန်ကာ ဖြောင့်ချက်ကိုလက်ခံရန်အတွက် အမြန်ဆုံးစီမံကြရလေတော့၏။

ထိုသို့သိရှိရသည့်အခါကျမှ ဖေတင်မှာ မိမိတို့၏လွတ်မြောက်ရေးလမ်းစကြီးပေါ်လာပြီကို တွေ့မြင်ဝမ်းသာကာ "ဟော့-ဘိုးတုတ်ဘာလုပ်နေတာလဲ"ဟု လှမ်း၍ခေါ်လိုက်လေ၏။

"ဘာလည်းဆရာ"ဟုဆိုကာ ဘိုးတုတ်သည်ထ၍အနားသို့ကပ်လာလေ၏။

"ဘာမှိုင်နေတာလဲ၊ တို့များလွတ်တော့မယ်"

ဘိုးတုတ်မှာ မိမိကြားရသည့်စကားကိုပင် မယုံကြည်နိုင်သကဲ့သို့ရှိကာ "ဆရာ အတည်ပြောနေတာလား"ဟု မေးမိလေ၏။

"မင်း ဘာငေးနေတာလဲ၊ ဟိုမှာ တရားခံကိုယ်တိုင်ဖြောင့်ချက်

www.burmeseclassic.com

www.burmeseclassic.com



ပေးနေတာမတွေ့ဘူးလား”ဟုပြောလိုက်မှ ဘိုးတုတ်လည်း အချုပ်ခန်းထဲမှ လှမ်း၍ကြည့်မိကာ ထ၍ကချင်မိအောင် ဝမ်းမြောက်၍ သွားသော်လည်း အချုပ်ခန်းထဲတွင် မကာရဟူသော ဥပဒေများက ရှိနေလေမည်လားဟု စိုးရိမ်သဖြင့် ဟန်လုပ်၍နေရလေတော့၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

[၁၂]

ဖေတင်နှင့်ဘိုးတုတ်တို့သည် အပြစ်လုံးဝမရှိသည့်အလျှာက်ဂင်းတို့အား မှားယွင်းကြောင်းတောင်းပန်၍ လွှတ်ပစ်လိုက်ရလေရာ ဌာနထဲမှထွက်လာကြရာတွင် အလုံးစုံသောပူပင်သောကတို့သည် ဤတွင်နောက်ဆုံးခံစားလိုက်ရပြီဖြစ်လျက် ရှေ့အဖို့၌ပျော်ရွှင်ချမ်းသာစွာ လေကဲ့သို့လွှတ်လပ်စွာ သွားလိုကသွား၍ လွင့်ချင်ရာလွင့်ကြရတော့မည်ဟု ဝမ်းမြောက်မိကြလေတော့၏။ သို့ဖြစ်သည့်အားလျော်စွာ ဗိုလ်တဲသို့ပြန်၍ရောက်လာကြပြီး မိမိတို့၏ပစ္စည်းများကို သိမ်းဆည်းလျက် အချစ်၏အနံ့အသက်မကင်းသော ထိုမြို့ကြီးတွင်ကြာကြာမနေတော့ဘဲ လျင်မြန်စွာဝေးရာသို့ထွက်ခွာကြရန် စိတ်ပိုင်းဖြတ်လိုက်ပြီးလျှင် သင်္ဘောဆိပ်သို့ထွက်၍လာခဲ့ကြလေ၏။

များမကြာမီ ဖေတင်နှင့်ဘိုးတုတ်တို့အား မော်ပယ်မြိုင်သင်္ဘော

www.burmeseclassic.com

www.burmeseclassic.com



ဆိပ်မှ ထွက်ခွာလုဆဲဆဲရှိသော ကူးတို့သင်္ဘောကလေး၏ တုန်းဝတ်တွင် နှစ်ယောက်သားရပ်မှီလျက် မော်လမြိုင်ဘက်သို့ မျှော်ကြည့်လျက်ရှိကြ သည်ကို တွေ့ရလေ၏။

နှစ်ဦးစလုံး၏စိတ်ထဲတွင် ခင်ဝင်းကိုတားမမေ့ကြချေ။ သို့ရာတွင် ထိုအချစ်ကို ပစ်ပယ်တော့မည်ဟူသောစိတ်နှလုံးဖြင့် ထွက်ခွာရန်ပြင် ဆင်လာကြခြင်းဖြစ်ရကား တစ်ယောက်အားတစ်ယောက် သတိပေး၍ နေသလို မဖြစ်စေလိုသောကြောင့် ခင်ဝင်း၏အမည်ကိုပင် စကားမစပ်မ ပြောဘဲနေကြလေ၏။

သင်္ဘောကလေးမှာထွက်ခွာရန်မိနစ်ပိုင်းမျှသာလိုတော့သော တွန် ရှိလေတော့ရာ သင်္ဘောထွက်ခွာလာသည်နှင့်တစ်ပြိုင်နက် စိတ်အေးချမ်း သာယာခြင်းကို စတင်ရရှိတော့မည်ဟု မျှော်လင့်၍နေကြလေ၏။

ထိုအခိုက်တွင် တုန်းပေါ်မှ အရင်စလိုပြေးဆင်းလာသော ခမိုး သည်တစ်ယောက်ကို မြင်ရလေရာ ဖေတင်နှင့်ဘိုးတုတ်တို့သည် ၎င်းအား စိုက်ကြည့်နေမိကြသည့်အလျောက် အနီးသို့ရောက်၍လာသောအခါ ခင်ဝင်းဖြစ်နေသည်ကို တွေ့ရလေ၏။

ခင်ဝင်းသည် ဖေတင်တို့ကိုမြင်ရသည်နှင့်တစ်ပြိုင်နက် လက် ကိုင်ပဝါကလေးကို လှုပ်ပြလေ၏။ ထိုသို့လှုပ်ပြသည်ကို မြင်ကြရသဖြင့် မိမိတို့အား လာရောက်နှုတ်ဆက်သည်ကိုသိရှိရကာ နှစ်ယောက်စလုံးပြန် ၍လက်လှုပ်ပြကာ နှုတ်ဆက်ကြလေ၏။

"နှုတ်ဆက်နေတာမဟုတ်ဘူး။ဆင်းခဲ့ကြပါဦး"ဟု ခင်ဝင်းသည် အော်၍ပြောလိုက်သည့်အခါမှ ဖေတင်မှာ အကြောင်းသိကာခေါ်နေတာ လားဟုမေးသကဲ့သို့ မိမိကိုယ်ကိုလက်ညှိုးဖြင့်ထောက်၍ပြကာ ဘိုးတုတ်

www.burmeseclassic.com

www.burmeseclassic.com



တလည်း သူကိုပါခေါ်တာလားဟုမေးသကဲ့သို့ ဖေတင်လုပ်သလိုလုပ်၍ ပြလေ၏။

"ဟုတ်ပါတယ်။ နှစ်ယောက်စလုံးခေါ်တာပါ။ ဆင်းခဲ့ကြပါဦး"

ထိုသို့ပြောလိုက်သည်ကိုကြားရသောအခါ အချစ်ကိုပယ်မည်ဟူသော အစီအစဉ်ပြုထားသောသူ နှစ်ဦးတို့မှာ ထိုအစီအစဉ်စိတ် အဘယ်အရပ်သို့ ရောက်သွားသည်မသိ၊ မိမိတို့ပစ္စည်းများကို ဟိုဆွဲ ဒီဆွဲလုပ်နေကြရုံမက ဘိုးတုတ်မှာလည်း လှေကားမှဆင်းရမည်လား၊ ကုန်းပတ်ကို ကျော်၍တက်ပြီး ခုန်ချရမည်လားဟု ဟိုဟာလုပ်မလိုလို၊ ဒီဟာလုပ်မလိုလို ကယောင်ချောက်ချားဖြစ်၍နေလေရာ ဖေတင်က ကုပ်ကိုအတင်းဆွဲခေါ်သွားမှ လမ်းမှန်ကမ်းမှန်ဆင်းရသည့်လမ်းအတိုင်း ပါ၍သွားလေတော့၏။

"ဒါဘာလုပ်ကြတာလဲ"ဟု ခင်ဝင်းက ဆီး၍မေးလေ၏။

"သွားကြတော့မလို့၊ အချစ်ဆိုတာကြောက်လွန်းလို့ အချစ်နဲ့ကင်းဝေးတဲ့အရပ် ပြေးကြဖို့ထွက်လာတာပဲ"

"ဒါဖြင့် ကျွန်မအပေါ်မှာ ချစ်တယ်ဆိုတဲ့အချစ်ကို ဖြတ်ပစ်လိုက်ပြီပေါ့"

ဖေတင်မှာ အဖြေရခက်၍နေလေ၏။

"ပြောပါဦး၊ ကျွန်မကို မချစ်တော့ဘူးလား"

ထိုအခါမှ ဖေတင်က "ခင်ကိုတော့ဖြင့် စပြီးတွေ့ရကထဲကချစ်တာပဲ၊ အခုလည်းချစ်တာပဲ၊ ခင်က မချစ်နိုင်ဘူးဆိုတဲ့အလေ့ ထွက်ခဲ့ကြမလို့ဘဲ"ဟု ပြောပြလေ၏။

"ကိုကိုတင်"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ကိုကိုတင့်ကို ခင်ဘယ်လောက်ချစ်တယ်ဆိုတာ သိသလား"

ဖေတင်မှာ ထိုစကားကိုကြားလိုက်ရသည်တွင် အံ့အားသင့်၍နေပြီးမှ ရွှင်လန်းဝမ်းမြောက်သော အရိပ်အယောင်သည် မျက်နှာတွင် ပေါ်၍လာလေ၏။

"ခင်ဝင်းပြောနေတာ တကယ်ပြောနေတာလား။ ဒါမှမဟုတ်ရင် နောက်ဆုံးသွားခါနီးအထိ လာပြီးနှိပ်စက်နေသေးတာလား"

"ကိုကိုတင် ခင်လေ ကိုကိုတင်ကို တကယ်မေတ္တာရှိတာ အမှန်ပါပဲ။ ဒါပေမဲ့ ကိုကိုတင်ဟာ ကိုယ့်ကိုယ်ကို မိန်းမမုန်းတဲ့လူတစ်ယောက်လုပ်နေတာကိုး။ ကမ္ဘာပေါ်မှာရှိတဲ့ မိန်းမသားတွေအတွက် ခင်မခံနိုင်ဖြစ်ပြီး ကိုကိုတင် ဘုလုပ်ရင် ခင်ကလည်း ဘောက်လုပ်မယ်ဆိုတဲ့ သဘောနဲ့ ကိုကိုတင်ကို အချစ်အတွက် ဒုက္ခရောက်အောင်ကြံပြီး ကိုကိုတင် ခင့်ကိုချစ်လာမှန်းသိတာနဲ့ တစ်ပြိုင်နက် ထွက်ပြေးခဲ့ဖို့စိတ်ကူးမိတာပဲ။ အဲဒီစိတ်ကြောင့် ဘယ်လိုပဲ ကိုကိုတင်အပေါ် ခင်စိတ်ထဲကချစ်နေနေ ဒီဒုက္ခကြီးကိုခံစားပြီး ထိပ်တင်အုန်းနဲ့ယူပါတော့မယ်လို့ စိတ်ကိုပိုင်းဖြတ်ပြီးတော့ ခင့်ကိုယ်တိုင် အိမ်ကထွက်လာခဲ့တာ။ ထိပ်တင်အုန်းလာပြီးခေါ်တာ မဟုတ်ဘူး။ ဟိုညက ခင်ပြောတာတွေဟာ လိမ်ပြီးပြောတာ၊ နောက်တော့မှ လက်ထပ်ဖို့စီစဉ်လိုက်ပြီးတာနဲ့ တစ်ပြိုင်နက် ခင်စိတ်ထင်ရာလုပ်လိုက်မိတာတွေမှားပြီ။ ခင် အရွဲ့တိုက်ချင်တဲ့အတွက် မချစ်တဲ့လူကို ခင့်အချစ်ပုံအပ်လိုက်ရမှာပဲ၊ ကိုကိုသိရပြီးတော့ ယူကျုံးမရဖြစ်ရတော့တာပဲ"

ဖေတင်မှာ ဝမ်းသာလုံးဆို့၍နေသဖြင့် စကားကိုပင်မပြောနိုင်ဘဲရှိလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



“ကိုကိုတင့်ကို ခင်တွေ့ရတော့ မသိသလိုလုပ်နေလိုက်ရတာဟာ ခင့်စိတ်ထဲမှာ စကားတစ်ခွန်းပြောတိုင်း အသည်းတစ်ခြမ်းကွဲကွဲသွားတာပဲ၊ အခုတော့ ကိုကိုတင်နဲ့ ခင်နဲ့ ဖူးစာဖက်မှန်တဲ့အတွက် ထိပ်တင်အုန်းလည်း လူ့ပြည်ကစွန့်သွားရတော့တယ်။ ဒီအကြောင်းကိုသိရတာနဲ့ တစ်ပြိုင်နက် ကိုကိုတင့်ဆီကို ခင်ပြေးလာခဲ့တာဘဲ၊ ဒါပေမဲ့ . . ဗိုလ်တဲမှာမရှိဘူး၊ ဂတ်မှာဆိုလို့ ဂတ်ကိုသွားပြန်တော့ မရှိပြန်တာနဲ့ ဗိုလ်တဲကို ပြန်ရှာပြီး သွားကြပြီဆိုတာသိရလို့ အမီပြေးလာခဲ့တာပဲ၊ အခုတော့ဖြင့် အေးကြပြီ”

ထိုစကားကို ကြားရသောအခါ ဖေတင်မှာမျက်ခုံးများကို ပင့်ချီပြီး အံ့အားသင့်စွာ စိုက်ကြည့်နေလိုက်လေ၏။

“ခင် ဘယ်လိုမှလည်းမအောက်မေ့နဲ့၊ ကိုကိုတင် အခုစဉ်းစားမိပြီ၊ ကိုကိုတင်ဟာ ခင်ပြောသလိုပဲ၊ ခင့်ကို တကယ်လိုနေတာမဟုတ်ဘူး၊ ခင့်လိုမိန်းကလေးတစ်ယောက်ယောက်ကို လိုနေတာမျိုးသာဖြစ်လို့ ခင့်ကိုချစ်တယ်လို့ မဆိုနိုင်ဘူး”

ခင်ဝင်းမှာ ထိုစကားကိုကြားလိုက်ရသဖြင့် အံ့အားသင့်သွားကာ ရင်ထဲတွင် ဆို့တက်လိုက်လှ၍လာလျက် မျက်ရည်များဝဲလာလေ၏။

“ဒီဟာကိုအခုမှဟုတ်ကြောင်း စဉ်းစားမိတဲ့အတွက် အချစ်ဖြတ်ဖို့ ဆုံးဖြတ်လိုက်ပြီးပြီ၊ ခင့်အချစ်ကိုလက်မခံနိုင်တာ ဝမ်းနည်းပါရဲ့”

“ကိုကိုတင် . . တကယ်ပြောနေတာလား၊ သက်သက်ကျီစားနေတာလား”

“တကယ်ပဲ စိတ်ပိုင်းဖြတ်လိုက်ပြီးပြီ”

ခင်ဝင်းသည် ဖေတင်၏အကျီစကိုဆွဲကာ “ခင့်ကို မသနားတော့

www.burmeseclassic.com

www.burmeseclassic.com



ဘူးလား ကိုကိုတင်ရယ်၊ အရင်ကအဖြစ်အပျက်ကလေးတွေ ပြန်ပြီးစဉ်းစားပါဦး ကိုကိုတင့်အပေါ်မှာ ခင်ဘယ်လောက် အနွံအတာခံခဲ့သလဲဆိုတာ ဒါတွေတွေးမိရင် ဟိုအိမ်ကလေးကို ပြေးပြီးသတိမရဘူးလား၊မသွားပါနဲ့ ကိုကို ရယ် မသွားပါနဲ့"ဟု ဆွဲ၍ထားလေ၏။

"အိုဘယ့်နှယ်လုပ်တာလဲမခင်ဝင်း၊ လွှတ်ပါ လွှတ်ပါ၊ သဘော်ထွက်တော့မယ်"ဟုဆိုကာ ဖေတင်သည် အတင်းရုန်းကန်ခြင်းပြုနေလေ၏။

BURMESE CLASSIC

ခင်ဝင်းသည် ငိုတော့မည်ကဲ့သို့ဖြစ်ကာ ဝမ်းနည်းသောအသံဖြင့်"ကိုကိုတင် ခင့်ကိုနည်းနည်းကလေးများ သနားပါဦး"ဟု ပြောလေ၏။

"ခင်ဘယ်လိုဆွဲပေမယ့် မရတော့ဘူး၊ လွှတ်ပါတော့"

ခင်ဝင်းမှာ လူအများရှေ့တွင် ရှက်၍လာသည့်အတွက် စိတ်ကိုတင်းလိုက်ပြီးလျှင် "တားလို့မရရင်လည်း သွားတော့"ဟုဆိုကာ အကျီစကို လွှတ်လိုက်လေ၏။

ထိုသို့တကယ်လွှတ်လိုက်သည်အခါကျမှ ဖေတင်သည် ပြုံးရွှင်သောမျက်နှာဖြင့် ခင်ဝင်းဘက်သို့လှည့်ပြီးလျှင် ကလေးကလေး၏ ရှက်ကိုးရှက်ကန်းအမူအရာဖြင့် "အလကားကျောတာပါ. . ခင်ရယ်"ဟု ပါးစပ်ကို လက်ညှိုးထိုး၍ပြောကာ မူ၍ပြလိုက်လေရာ ဝါးခနဲပွက်၍သွားသော ရယ်သံများကိုကြားရမှ ဖေတင်မှာ မိမိတို့အား လူတွေဝိုင်း၍ကြည့်နေသည်ကို သိရှိရကာ အကယ်ပင်ရှက်ကိုးရှက်ကန်း ဖြစ်သွားလေ၏။

ထိုအခါမှ ဘိုးတုတ်လည်း ပရိသတ်များကို သတိပြုမိလေ၍ "ဟော့ဘာလုပ်နေတာလဲ သွားကြ သွားကြ၊ ဒါရှုပ်ရှင်ရိုက်နေတာ ထုတ်ဘူး"ဟုဆိုကာ လက်နှစ်ဘက်ကိုမြှောက်၍မောင်းနှင်ကာ လူကြီးတို

www.burmeseclassic.com



ခွဲလိုက်ရလေတော့သတည်း။

ဇဝန

□□□

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ကံ့ကော်ဝတ်ရည်စာပေတွင် ရရှိနိုင်သောစာအုပ်များ

| | | |
|---|---|---|
| ၁။ | မိုးတွေရွာမှဖြင့်လျှင်ကွယ် | တက္ကသိုလ်ဘုန်းနိုင် |
| ၂။ | နွယ်ဦးမွန်မို့ ချစ်ထွန်းတင်သည် | တက္ကသိုလ်ဘုန်းနိုင် |
| ၃။ | တန်ခူးလေနှင့်လျောတော့သည် | တက္ကသိုလ်ဘုန်းနိုင် |
| ၄။ | တိမ်ညိုအလွင့် လအမြင့် | တက္ကသိုလ်ဘုန်းနိုင် |
| ၅။ | ခပ်သိမ်းကလျာ ရွှေဖွယ်သာတည် | တက္ကသိုလ်ဘုန်းနိုင် |
| ၆။ | ပညာရဲ့သနှောဘာ | တက္ကသိုလ်ဘုန်းနိုင် |
| ၇။ | အိုင်ကျူ(မြည်မျှယုံ၍ ပုံရမည်နည်း) | တက္ကသိုလ်ဘုန်းနိုင် |
| ၈။ | တမ်းတာမိခြင်း | တက္ကသိုလ်ဘုန်းနိုင် |
| ၉။ | ရှားလော့ဒေဝီ | တက္ကသိုလ်ဘုန်းနိုင် |
| ၁၀။ | ပင်ဒိုရာအိုးပွင့်ပြီး ဟားပီးဇ်တို့ပျံလာချိန် | တက္ကသိုလ်ဘုန်းနိုင် |
| ၁၁။ | အမြင့်သို့ အာရုံညွှန့်တက်ခြင်း (သို့) ကဗျာ | တက္ကသိုလ်ဘုန်းနိုင် |
| ၁၂။ | ဝသန်လေချိန်မှန်ကူး | တက္ကသိုလ်ဘုန်းနိုင် |
| ၁၃။ | မိုးညအိပ်မက်မြူ | တက္ကသိုလ်ဘုန်းနိုင် |
| ၁၄။ | စောလမွန်သီချင်းများ | နိုင်ဇော် |
| ၁၅။ | ပြုံးတမဲ့မဲ့ (အမှတ်-၁) | မောင်ထွန်းသူ |
| ၁၆။ | ပြုံးတမဲ့မဲ့ (အမှတ်-၂) | မောင်ထွန်းသူ |
| ၁၇။ | မာန် | မောင်ထွန်းသူ |
| ၁၈။ | ရှားလော့ဟုမ်း၏ ရှားလော့ဟုမ်း | မောင်ထွန်းသူ |
| ၁၉။ | ရှားလော့ဟုမ်း၏ စွန့်စားခန်းအသစ်များ | မောင်ထွန်းသူ |
| ၂၀။ | ကောလိပ်ဂျင် | ဇဝန |
| ၂၁။ | ဒိုးဝမ်ကီး | ဇဝန |
| ၂၂။ | ဤရှုပ | ဇဝန |
| ၂၃။ | ဦးဆောက်ပန်း | ခင်နှင်းယု |
| ၂၄။ | ရေချိုတွင်း | ခင်နှင်းယု |
| ၂၅။ | ရန်အောင်ရတနာ | သော်တာဆွေ |
| ၂၆။ | သည်မောင့်လက်သံ ဒေါင်ဒေါင်လန် | သော်တာဆွေ |
| ၂၇။ | ကမ္ဘာကျော်တို့၏မှတ်စရာ၊ သားစရာနှင့် ဖတ်စရာ ဟားစရာများ | လင်းယုန်မောင်မောင် |
| ၂၈။ | အချစ်နဲ့ ပြဒါးရွေ | နိုင်ဇော် |
| ၂၉။ | ကံ့ကော်လေးပွင့် ဝတ္ထုတိုများ | မင်းလူ၊နိုင်ဇော်၊မောင်ညိုပြာ၊ ဆောင်းဝင်းလတ် |

www.burmeseclassic.com